# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက် | ၂၀၂၀ ပြည့်နှစ်၊ မေ ၁၅ ရက်၊ သောကြာနေ့ | အတွဲ (၅၉)၊ အမှတ် (၂၂၅)


## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ အသိပေးပန်ကြားချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊

ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ ဥက္ကဋ္ဌ၊

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏

ပြည်သူသို့ အသိပေးပန်ကြားချက်

၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်

(၂၀၂၀ ပြည့်နှစ်၊ မေလ ၁၄ ရက်)

၁။ Coronavirus Disease 2019 (COVID–19) ရောဂါကို ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ (Pandemic) အဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (World Health Organization–WHO) က ၁၁–၃–၂၀၂၀ ရက်နေ့တွင် သတ်မှတ်ကြေညာပြီးနောက် မြန်မာနိုင်ငံအတွင်း Coronavirus Disease 2019 (COVID–19) ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပြည်သူများ ပူးပေါင်းဆောင်ရွက်နိုင်ရန် နိုင်ငံတော်သမ္မတရုံးက ပြည်သူသို့ ပန်ကြားချက်၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များက အမိန့်၊ ညွှန်ကြားချက်နှင့် အသိပေးချက်များ အသီးသီးထုတ်ပြန် ဆောင်ရွက်ခဲ့ပါသည်။

၂။ ထိုသို့ နိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များနှင့် ပြည်သူလူထု ပူးပေါင်းအားဖြင့် Coronavirus Disease 2019 (COVID–19) ရောဂါ ကာကွယ်၊ တားဆီး၊ ထိန်းချုပ်ရေးလုပ်ငန်းများအား တက်ညီလက်ညီ ဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် အတိုင်းအတာတစ်ရပ်အထိ ထိန်းသိမ်းနိုင်ခဲ့သည်ကို တွေ့ရှိရသည့်အတွက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များရှိ Stay at Home သတ်မှတ်ထားသော မြို့နယ်(၅) ခုအား ဖြေလျှော့ခြင်းအပါအဝင် ထုတ်ပြန်ထားသော အမိန့်နှင့် ညွှန်ကြားချက်များကို တစ်ဆင့်ချင်း ဖြေလျှော့ပေးလျက်ရှိပါသည်။

၃။ သို့ရာတွင် မြန်မာနိုင်ငံအတွင်း Coronavirus Disease 2019 (COVID–19) ရောဂါ ကူးစက်ပျံ့နှံ့မှုများအား လုံးဝထိန်းချုပ်နိုင်ပြီဟု သတ်မှတ်၍ မရနိုင်သေးသဖြင့် ပြည်သူများမှ ဖြေလျှော့မှုအပေါ် ပေါ့ဆမှုမရှိဘဲ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) ရောဂါ ကာကွယ်၊ တားဆီး၊ ထိန်းချုပ်ရေးဆိုင်ရာ သတိပေးညွှန်ကြားချက်များကို ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိဖြင့် တိကျစွာ လိုက်နာဆောင်ရွက်သွားရန် အသိပေးပန်ကြားအပ်ပါသည်။

အောင်ဆန်းစုကြည်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်

## Coronavirus Disease 2019 (COVID –19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီမှ အသိပေးကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

Coronavirus Disease 2019 (COVID –19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး

အမျိုးသားအဆင့် ဗဟိုကော်မတီမှ အသိပေးကြေညာချက်

၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်

(၂၀၂၀ ပြည့်နှစ်၊ မေလ ၁၄ ရက်)

Coronavirus Disease 2019 (COVID –19) ရောဂါပိုး ကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ Coronavirus Disease 2019 (COVID –19) ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၅ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များအား ၂၀၂၀ ပြည့်နှစ်၊ မေလ ၃၁ ရက်နေ့အထိ ရက်တိုးမြှင့် သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

## အစိုးရကိုယ်စားလှယ်များနှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်တို့၏ ကိုဗစ်-၁၉ ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



ရန်ကုန် မေ ၁၄

ကိုဗစ်–၁၉ ကာကွယ်ထိန်းချုပ်ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီသည် ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) တွင် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) နှင့် Online Video Conferencing စနစ်ဖြင့် ချိတ်ဆက်၍ ကိုဗစ်–၁၉ ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပသည်။

ယနေ့ ဆွေးနွေးပွဲသို့ အစိုးရကိုယ်စားလှယ်များအဖြစ် ကိုဗစ်–၁၉ ကာကွယ်ထိန်းချုပ်ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး (ငြိမ်း) ခင်ဇော်ဦး နှင့် ကော်မတီဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) မှ ဒုတိယဥက္ကဋ္ဌ ခွန်မြင့်ထွန်း ဦးဆောင်သည့်ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးသည်။


*စာမျက်နှာ ၄ ကော်လံ ၄* ❍


**စားသုံးသူများ နစ်နာမှုအတွက် တိုင်ကြားရန် CICC ထံ**


ဆောင်းပါး စာ – ၆


**ဂျပန်အစိုးရက နိုင်ငံတော်အရေးပေါ် အခြေအနေရုပ်သိမ်းရေးနှင့် ပတ်သက်ပြီး အကြံပေးအဖွဲ့နှင့် တိုင်ပင်**


စာ – ၁၂



KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# ရောဂါတားဆီးကာကွယ်ရေးနှင့် နေ့စဉ်ပုံမှန်ဘဝများ ပြန်ရရေး

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီက မေလ ၁၄ ရက် ရက်စွဲဖြင့် ထုတ်ပြန်လိုက်သည့် အသိပေးကြေညာချက်အရ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ထုတ်ပြန်ထားသည့် ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များအား ၂၀၂၀ ပြည့်နှစ် မေလ ၃၁ ရက်နေ့အထိ ရက်တိုးမြှင့် သတ်မှတ်လိုက်သည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက မေလ ၁၄ ရက် ရက်စွဲဖြင့် ထုတ်ပြန်လိုက်သည့် အမိန့်အမှတ် ၅၀/၂၀၂၀ အရ ရန်ကုန်တိုင်းဒေသကြီးမှ လေးမြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးမှ တစ်မြို့နယ်တို့ကို Stay at Home အစီအစဉ်တွင် အကျုံးဝင်ခြင်းမှ ပယ်ဖျက်လိုက်သည်။ သို့ဖြစ်ရာ ရန်ကုန်တိုင်းဒေသကြီးမှ ခြောက်မြို့နယ်တွင်သာ Stay at Home အစီအစဉ် ကျန်ရှိတော့မည် ဖြစ်သည်။

ကိုရိုနာဗိုင်းရပ်စ် ကာကွယ်၊ ထိန်းချုပ်၊ တားဆီးနိုင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို မိမိတို့နိုင်ငံအနေဖြင့် ဂရုတစိုက် ဆောင်ရွက်လျက်ရှိသည်ဟူ၍ နားလည်မိသည်။ တစ်ဖက်တွင် ကိုဗစ်– ၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု ကြီးထွားမလာရေးအတွက် အားစိုက်ကြိုးပမ်းနေရသလို အခြားတစ်ဖက်တွင်လည်း တားဆီးကန့်သတ် ပိတ်ဆို့ထားရသည့်နေရာဒေသများမှ ပြည်သူများ ပုံမှန်နေ့စဉ်ဘဝများအတိုင်း ပြန်လည်နေထိုင်နိုင်ရန် အခြေအနေပေးသည်နှင့်အမျှ ဖြေလျှော့ပေးခြင်းဖြင့် သတိကြီးကြီးထားကာ ချိန်ညှိဆောင်ရွက်ပေးနေခြင်းပင် ဖြစ်သည်။ အထူးသဖြင့် တားဆီးကန့်သတ်မှုများ ပြုလုပ်ရာတွင် ပြည်သူများ၏ နေ့စဉ်ပုံမှန်ဘဝများ အတတ်နိုင်ဆုံး မထိခိုက်စေရေး၊ အခြေခံလူတန်းစားပြည်သူများ၏ စားဝတ်နေရေးတို့ကိုပါ ထည့်သွင်းစဉ်းစားပေးထားသည်။

ရောဂါကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဈေးများ၊ ဆိုင်များကို ဆက်လက် ဖွင့်လှစ်ခွင့်ပြုထားပေးသလို ကုန်စည်စီးဆင်းမှုရပ်ဆိုင်းမသွားစေရန်အတွက်လည်း ယာဉ်အသွားအလာများကို ခွင့်ပြု ပေးထားသည်။ စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များတွင် ဝိုင်းထိုင်၍ စားသုံးခွင့်မရသော်လည်း ပါဆယ်ဝယ်ယူ၍ စားသုံးနိုင်ကြသည်။ အခြေခံစားကုန်များနှင့် ဆေးဝါးများ ဈေးကွက်ထဲတွင် ပြတ်လပ်သွားခြင်းမရှိဘဲ အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်ကြသည်။ ထို့အပြင် သင်္ကြန်ကာလအပြီး ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှုကာလကျရောက်ကာ ပိတ်ထားရသည့် စက်ရုံအလုပ်ရုံများ၊ ကူးစက်ရောဂါကာကွယ် တားဆီးရေး အစီအမံများနှင့် မညီညွတ်ဘဲ လည်ပတ်နေသည့် စက်ရုံအလုပ်ရုံများကို ရောဂါကာကွယ်ရေး အစီအစဉ်များနှင့်အညီ ပြန်လည်ဖွင့်လှစ်နိုင်ရန်လည်း ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ မိမိတို့နိုင်ငံထက် စောစွာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားခဲ့သည့် နိုင်ငံအချို့တွင် ကူးစက်မှု ဒုတိယလှိုင်းဟူသော ဖြစ်စဉ်ဖြစ်ပေါ်လာကြောင်း သတင်းများတွင် တွေ့ရှိရသည်။ ရောဂါကူးစက်မှု ရပ်ဆိုင်းသွားပြီ၊ ပျောက်ကင်းသွားပြီဟု ယူဆထားသည့် မြို့များ၊ ဒေသများတွင် ရောဂါကူးစက်ဖြစ်ပွားမှုများ ပြန်လည်ပေါ်ပေါက်လာခြင်း ဖြစ်သည်။ အချို့က ပြည်ပမှ ဝင်လာသူများထံမှ ရောဂါပိုးမွှားပါလာကာ ပြန်လည်ကူးစက်ခြင်းဖြစ်ပြီး အချို့က ဒေသတွင်း ပြန်လည်ကူးစက် ပေါ်ထွက်လာခြင်းဖြစ်သည်။

မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံတကာ လေကြောင်းလိုင်းများ ဆင်းသက်မှုကို ဆက်လက်တားဆီးထားသော်လည်း ပြည်ပရောက်မြန်မာနိုင်ငံသူ နိုင်ငံသားများ ပြန်လည်ခေါ်ယူရေးအတွက် ကယ်ဆယ်ရေး လေယာဉ်များ ပျံသန်းပြေးဆွဲခေါ်ဆောင်နေသလို နယ်စပ်ဂိတ်များမှ ပြန်လည်ဝင်ရောက်ခွင့်လည်း ပြုထားရာ ဆက်လက်စောင့်ကြည့်မှုများ ပြုလုပ်ရဦးမည်ဖြစ်သည်။ အသွားအလာကန့်သတ်တားဆီးမှုများ ကာလအတိုင်းအတာဖြင့် ပြုလုပ်ရခြင်း၊ ပုံမှန်လက်ဆေး၊ နှာခေါင်းစည်းတပ်ဆင်၊ ခပ်ခွာခွာနေကြရခြင်းတို့မှာ ပြည်သူတစ်ဦးချင်းစီအတွက်၊ မိသားစုများအတွက်၊ နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသူအားလုံးအတွက် ဖြစ်သည်ကို သိနားလည်ကြခြင်းဖြင့် ကိုဗစ်–၁၉ ကာကွယ်ရေးတွင် ကိုယ်စိတ်နှလုံး ရွှင်ပြုံးကြည်သာ ပါဝင်နိုင်ကြပါစေကြောင်း။ ။

## Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ၎င်းအပြင် (၁၆–၃–၂၀၂၀) ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါ ဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် –

| | | | |
|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – CF 004880 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – EDN 600010 |
| ( ခ ) | ကမ္ဘောဇဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – 034 103 034 0232 8301 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – 034 109 034 0232 8301 |
| ( ဂ ) | ရောဝတီဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – A/C 000 110 501 002 5635 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – 0093 1005 0000 1333 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက် ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

**Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ**

## မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့တွင် ရုပ်ရှင်ရုံပါဝင်သည့် ဈေးဝယ်စင်တာများ တည်ဆောက်မည်

**မြစ်ကြီးနား မေ ၁၄**




ကချင်ပြည်နယ် မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့များတွင် ရုပ်ရှင်ရုံပါဝင်သည့် ဈေးဝယ်စင်တာငယ်များ တည်ဆောက်နိုင်ရေးအတွက် ယနေ့နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် တာဝန်ရှိသူများက ပန္နက်တင်ပေးကြသည်။ **(ယာပုံ)**

မြစ်ကြီးနားမြို့ မြို့သစ်ရပ်ကွက်ရှိ မြေကွက်အမှတ်(၂၀) မြေ ဂ ဒသမ ၁၆၆ ဧကတွင် ရုပ်ရှင်ရုံပါဝင်သည့် ဈေးဝယ်စင်တာငယ်တစ်ခု တည်ဆောက်နိုင်ရေး အတွက် ရှင်းလင်းဆောင်၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှမိုးက အဆောက်အအုံများကို ဂင်လွှမ်းကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်သွားမည့် အခြေအနေကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး၊ ပြည်နယ် လူမှုရေးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် မြို့နယ် အမှုဆောင်အရာရှိ၊ ကုမ္ပဏီမှမန်နေဂျင်းဒါရိုက်တာ ဦးဒေါင်လွှမ်းတို့က ပန္နက်တင်ပေးခဲ့ကြသည်။

အလားတူ ဝိုင်းမော်မြို့ ရပ်ကွက်(၁)ရှိ ရောမော်ပန်းခြံအတွင်း အဆောက်အအုံ တည်ဆောက်မည့်နေရာ၌ ရုပ်ရှင်ရုံပါဝင်သည့် ဈေးဝယ်စင်တာငယ် ဆောက်လုပ်နိုင်ရေးအတွက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဂင်လွှမ်းကုမ္ပဏီလီမိတက် ဒါရိုက်တာဇယ်နော်တို့က ပန္နက်တင်ပေးခဲ့ကြသည်။

ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်းရှိ မြို့များ သာယာလှပခေတ်မီရေး အတွက် အဆင့်မြင့်အဆောက်အအုံများကို ဆောင်ရွက်ပေးလျက်ရှိရာ ယခုဆောက်လုပ်မည့် ဈေးဝယ်စင်တာငယ်နှင့် ရုပ်ရှင်ရုံပါဝင်သည့် အဆောက်အအုံများကို ဂင်လွှမ်းကုမ္ပဏီ၏ လျှောက်ထားမှုအပေါ် ခွင့်ပြုပေးခဲ့ခြင်းဖြစ်ပြီး မြစ်ကြီးနားမြို့တွင် တည်ဆောက်သွားမည့် အဆောက်အအုံမှာ အာရ်စီ ငါးထပ်ဖြစ်ကာ စားသောက်ဆိုင်၊ အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းများ၊ ကလေးကစားကွင်းများ ပါဝင်မည်ဖြစ်ကြောင်းနှင့် ဝိုင်းမော်မြို့တွင်လည်း အာရ်စီ သုံးထပ်အဆောက်အအုံတွင် ဈေးဆိုင်ခန်းများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

## မန္တလေးမြို့တွင် သုံးခုမြောက် အခမဲ့ ဖျားနာရောဂါကုသရေးဆေးခန်းဖွင့်လှစ်

**မန္တလေး မေ ၁၄**

မန္တလေးမြို့တွင် သုံးခုမြောက် အခမဲ့ ဖျားနာရောဂါကုသရေး ဆေးခန်းကို မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက် တံခွန်တိုင် အဝိုင်းအနီးရှိ ကမ္ဘဝါတန်းရပ်တွင် ယနေ့ပိုင်းက ဖွင့်လှစ်သည်။

အဆိုပါ အခမဲ့ဆေးခန်းကို ကိုဗစ် – ၁၉ ကူးစက်ပြန့်ပွားမှု မဖြစ်ပေါ်စေရေးအတွက် မန္တလေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး) တို့ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ပြီး ဖွင့်ပွဲသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး) မှ တာဝန်ရှိသူများ၊ မန္တလေးစက်မှုဇုန် စီမံခန့်ခွဲရေး ကော်မတီမှ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

မန္တလေးမြို့တွင် အခမဲ့ ဖျားနာရောဂါကုသရေး ဆေးခန်းများကို ချမ်းမြသာစည်မြို့နယ် ထွန်တုံးရပ်ကွက်တွင် လည်းကောင်း၊ အောင်မြေသာစံမြို့နယ် ၁၂ လမ်းရှိ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင်လည်းကောင်း ဖွင့်လှစ်ခဲ့ပြီး ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက်တွင် သုံးခုမြောက် ဆေးခန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# ပြည်သူသာလျှင် အဓိက

## ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၂၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၁၄**

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၂၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးလှကျော်နှင့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များ စုံညီစွာ တက်ရောက်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက လယ်ယာမြေအပေါ် အခြားနည်း အသုံးပြုခွင့် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ခွင့်ပြုပေးရမည်ဖြစ်သော်လည်း မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံ၏ စားနပ်ရိက္ခာဖူလုံမှုကို ထိခိုက်မှု မဖြစ်ပေါ်စေရန်နှင့် လယ်ယာကုန်ထုတ်လုပ်ငန်း လျော့ကျမှု မဖြစ်ပေါ်စေရေးတို့အတွက် မဖြစ်မနေခွင့်ပြုရမည့်ကိစ္စရပ်များတွင် အနည်းဆုံး လိုအပ်ချက်ကိုသာ စိစစ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း လယ်ယာမြေများ လျော့နည်းလာမှုကို အစားထိုးပြင်ဆင်နိုင်ရေးအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ၌ စိုက်ပျိုးမှုတည်ငြိမ်လာပါက စိုက်ပျိုးမြေအဖြစ် ပြောင်းလဲခြင်းအားဖြင့် အဆိုပါ ပျောက်ဆုံးသွားသည့် လယ်ယာမြေများကို အစားထိုးဆောင်ရွက်ပေးနိုင်သည့် သဘောရှိပါကြောင်း၊ ထို့အပြင် လယ်ယာမြေအပေါ် အခြားနည်း အသုံးပြုခွင့်မရရှိဘဲ ဆောင်ရွက်နေမှုများအား ထိရောက်စွာ ထိန်းချုပ်နိုင်ရေးအတွက် ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

လယ်ယာမြေလုပ်ကိုင်မှု အငြင်းပွားမှု လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ လယ်ယာမြေစီမံခန့်ခွဲမှုဆိုင်ရာ ဆောင်ရွက်ချက်များတွင် ကြန့်ကြာမှုကိစ္စအပေါ် ထိန်းကျောင်းကြပ်မတ် ဆောင်ရွက်သွားရန်လိုကြောင်း၊ လယ်ယာမြေဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ပြည်သူများထံ ပေးအပ်ထားသည့် အခွင့်အရေးနှင့် ရပိုင်ခွင့်များ လိုက်နာဆောင်ရွက်ဖွယ်ရာများကို ပြည်သူများ သိရှိနိုင်ရန်အတွက် သတင်းစာ၊ မီဒီယာများမှတစ်ဆင့် ပြည်သူများထံ ပွင့်လင်းမြင်သာစွာ ကြေညာပြီး လယ်ယာမြေဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ရမည့် အကြောင်းအရာများအလိုက် တင်ပြရာ အစည်းအဝေးတက်ရောက်လာကြသူများက ကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြသည်။

ယနေ့ကျင်းပသည့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၂၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်စီမံကိန်းလုပ်ငန်းများ၌ ပါဝင်သွားသည့် လယ်ယာမြေများအတွက် လျော်ကြေး နစ်နာကြေး ပေးချေနိုင်ရေးဆိုင်ရာ ကိစ္စ၊ တိုင်းဒေသကြီး ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များက စိစစ်ထောက်ခံတင်ပြလာသည့် လယ်ယာမြေအခြားနည်းအသုံးပြုခွင့် လုပ်ငန်းစာတွဲများနှင့် စပ်လျဉ်းသည့်ကိစ္စ၊ စိုက်ပျိုးမှုတည်ငြိမ်လာသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား လယ်မြေအဖြစ် ပြောင်းလဲသတ်မှတ်ပေးနိုင်ရေးကိစ္စ၊ လယ်ယာမြေဥပဒေကိုပြင်ဆင်သည့်ဥပဒေ (၂၀၂၀ ခုနှစ်)အရ ဆောင်ရွက်ရန် လုပ်ငန်းများနှင့် ထိုပြင်ဆင်သည့်ဥပဒေနှင့်အညီ ညွှန်ကြားချက် ထုတ်ပြန်ပေးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၂၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## ဒစ်ဂျစ်တယ်ပုံစံတစ်မျိုးမျိုးဖြင့်ရှိနေသည့် ငွေကြေးများအား သုံးစွဲခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်းတို့ကြောင့် ပေါ်ပေါက်လာမည့် ငွေကြေးဆုံးရှုံးမှုအန္တရာယ်ကို ကာကွယ်တားဆီးနိုင်ရန်အတွက် အမိန့်ကြော်ငြာစာ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အမိန့်ကြော်ငြာစာအမှတ်၊ ၉ /၂၀၂၀
၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်
( ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၅ ရက် )

၁။ နိုင်ငံတော်အတွင်း၌ ပြည်သူများအနေဖြင့် ဒစ်ဂျစ်တယ်ပုံစံတစ်မျိုးမျိုးဖြင့် ရှိနေသည့် ငွေကြေး (Digital Currency) များအား သုံးစွဲခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်းတို့ကြောင့် ပေါ်ပေါက်လာမည့် ငွေကြေးဆုံးရှုံးမှုအန္တရာယ်ကို ကာကွယ်တားဆီးနိုင်ရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဤအမိန့်ကြော်ငြာစာအား ထုတ်ပြန်လိုက်သည်။

၂။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ ပုဒ်မ ၄၀ (င) နှင့် ပုဒ်မ ၆၂ တို့အရ မြန်မာနိုင်ငံတော် ဗဟိုဘဏ်သည် ပြည်တွင်းသုံးငွေကို တစ်ဦးတည်းထုတ်ဝေသူနှင့် စီမံခန့်ခွဲသူဖြစ်ပါသည်။ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ (ဂ) တို့တွင် နိုင်ငံခြားငွေနှင့် နိုင်ငံခြားသုံးငွေတို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို လည်းကောင်း၊ ပုဒ်မ ၃၈ တွင် မည်သူမျှ နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်တစ်မျိုးမျိုးမရှိဘဲ နိုင်ငံခြားသုံးငွေလုပ်ငန်း လုပ်ကိုင်ခြင်း မပြုရဟု လည်းကောင်း၊ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ ပုဒ်မ ၁၅၉ တွင် မည်သူမျှ ဗဟိုဘဏ်မှထုတ်ပေးသော မှတ်ပုံတင်လက်မှတ်မရှိဘဲ ဘဏ်မဟုတ်သောငွေရေးကြေးရေးအဖွဲ့အစည်းအဖြစ် ထူထောင်လုပ်ကိုင်ခြင်း မပြုရဟု လည်းကောင်း ပြဋ္ဌာန်းထားပါသည်။

၃။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က Digital Currency များအား တရားဝင်ငွေကြေးအဖြစ် သတ်မှတ်ထားခြင်း မရှိသကဲ့သို့ ယင်းကို ရောင်းဝယ်လဲလှယ်ခြင်းများ ဆောင်ရွက်ရန် ငွေရေးကြေးရေးအဖွဲ့အစည်းများသို့ ခွင့်ပြုထားခြင်း မရှိပါ။ သို့ရာတွင် အချို့ပုဂ္ဂိုလ်များသည် Digital Currency များဖြစ်သော Cryptocurrency: Bitcoin (BTC) ၊ Litecoin (LTC)၊ Ethereum (ETH) နှင့် Perfect Money (PM) အစရှိသည်တို့အား personal Facebook account များ၊ web page များမှတစ်ဆင့် ရောင်း/ဝယ်၊ လဲလှယ်မှုများအား မိမိကိုယ်တိုင်အတွက်သော်လည်းကောင်း၊ ဝန်ဆောင်မှုပေးသည့် ပုံစံဖြင့်သော်လည်းကောင်း ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရသဖြင့် ယင်းသို့ဆောင်ရွက်ပါက သုံးစွဲဆောင်ရွက်သူ များတွင် ဆုံးရှုံးနိုင်ခြေရှိကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က (၃-၅-၂၀၁၉) ရက်နေ့ သတင်းစာများတွင် အသိပေးကြေညာချက် ထုတ်ပြန်ခဲ့ပါသည်။

၄။ ယခုထပ်မံ၍ အထက်အပိုဒ် ၃ ပါအတိုင်း ဥပဒေပြဋ္ဌာန်းချက်ပါ တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ပါက ယင်းသို့ဖောက်ဖျက်ကျူးလွန်သူအား တရားစွဲဆိုမည်ဖြစ်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၄၂ နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ ပုဒ်မ ၁၇၁ တို့အရ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဥက္ကဋ္ဌ ( ကိုယ်စား )
( ဘိုဘိုငယ်၊ ဒုတိယဥက္ကဋ္ဌ )

## အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID-19) ကြိုတင်ကာကွယ်နိုင်ရေးအတွက် အများပြည်သူ သိရှိလိုက်နာဆောင်ရွက်ရန် အမိန့်ကြေညာစာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နေပြည်တော်ကောင်စီ
အမိန့်အမှတ်(၅၁/၂၀၂၀)
၁၃၈၂ ခု၊ ကဆုန်လပြည့်ကျော် ၈ ရက်
၂၀၂၀ ပြည့်နှစ်၊ မေလ ၁၄ ရက်

**အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID–19) ကြိုတင်ကာကွယ်နိုင်ရေးအတွက် အများပြည်သူသိရှိလိုက်နာဆောင်ရွက်ရန် အမိန့်ကြေညာစာ**

၁။ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID–19) ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ ဌာနအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များနှင့် အများပြည်သူများအနေဖြင့် လူစုလူဝေးဖြင့် ကျင်းပပြုလုပ်ရမည့် အခမ်းအနားများ၊ ပွဲလမ်းသဘင်များ မပြုလုပ်ရန်၊ ရုပ်ရှင်ရုံများ၊ ဘော်ဒါဆောင်များ၊ မူကြိုကျောင်းများ ဖွင့်လှစ်ခြင်းမပြုလုပ်ရန်အတွက် နေပြည်တော်ကောင်စီ၏ (၂၆-၄-၂၀၂၀) ရက်စွဲပါ အမိန့်အမှတ် (၄၀/၂၀၂၀)ဖြင့် ထုတ်ပြန်ထားသော အမိန့်ကြေညာစာသည် ၂၀၂၀ ပြည့်နှစ်၊ မေလ (၁၅) ရက်နေ့အထိ အတည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ရာ ဤအမိန့်ကြေညာချက်အား ထုတ်ပြန်သည့်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ မေလ (၃၁) ရက်နေ့အထိ ရက်တိုးမြှင့် သတ်မှတ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

ဒေါက်တာမျိုးအောင်
ဥက္ကဋ္ဌ
နေပြည်တော်ကောင်စီ

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ အထောက်အကူပြုဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါပိုး စစ်ဆေးမှုများပြုလုပ်ရန် ကျန်းမာရေးစစ်ဆေးခြင်းနှင့် ဓာတ်ခွဲနမူနာယူခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကြည့်ရှု



**နေပြည်တော်  မေ ၁၄**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ စည်ပင်ဧည့်ရိပ်သာတွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် အထောက်အကူပြုဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါပိုး စစ်ဆေးမှုများပြုလုပ်ရန် ကျန်းမာရေး စစ်ဆေးခြင်းနှင့် ဓာတ်ခွဲနမူနာယူခြင်းလုပ်ငန်းများဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုသည်။ **(ယာပုံ)**

ထိုသို့သွားရောက်စဉ်တွင် ပြည်ထောင်စုဝန်ကြီးက တာဝန်ကျဝန်ထမ်းများကို တွေ့ဆုံ၍ ဓာတ်ခွဲနမူနာရယူခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရောဂါဖြစ်ပွားကူးစက်မှုမရှိစေရေး လိုက်နာကျင့်သုံးရန် ကျန်းမာရေးအသိပညာပေးနှိုးဆော်မှုများ ပြုလုပ်ရမည်ဖြစ်ပါကြောင်း၊ ဓာတ်ခွဲနမူနာစစ်ဆေးခံမည့်သူများအား ရောဂါလက္ခဏာတစ်စုံတစ်ရာမရှိသော်လည်း ရောဂါပိုးကူးစက်ခံရမှုရှိနေနိုင်သည်ကို အသိပညာပေး ပြောကြားရမည်ဖြစ်ပါကြောင်း၊ ရောဂါကူးစက်မှုခံရပါက ကူးစက်မှုခံရပြီး ငါးရက်မှ ခုနစ်ရက်အတွင်းတွင် ရောဂါပိုးတွေ့ရှိနိုင်ခြေအများဆုံးဖြစ်ပါကြောင်း၊ ဓာတ်ခွဲစစ်ဆေးရာတွင် ရောဂါပိုးမတွေ့ရှိရသော်လည်း ပေါ့ဆခြင်းမပြုဘဲ ရောဂါကူးစက်ခံရမှုမရှိစေရေးအတွက် ဆောင်ရန်၊ ရှောင်ရန် အချက်များကို ဆက်လက်လိုက်နာရန်မှာ အထူးအရေးကြီးသည်ကို မှာကြားစေလိုပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် မိမိကိုယ်တိုင်နှင့် မိမိ၏ မိသားစု၊ မိတ်ဆွေများထံသို့ ရောဂါကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း၊ နေပြည်တော် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများသည် ကျန်းမာရေးစစ်ဆေးခြင်းနှင့် ဓာတ်ခွဲနမူနာရယူခြင်းလုပ်ငန်းများကို စနစ်ကျစွာ စီစဉ်ဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း ပြောကြားသည်။

ကျန်းမာရေးစစ်ဆေးခြင်းနှင့် ဓာတ်ခွဲနမူနာရယူခြင်းများကို မေ ၁၃ ရက်တွင် လွှတ်တော်အထောက်အကူပြုဝန်ထမ်းများအားလည်းကောင်း၊ မေ ၁၄ ရက်နှင့် မေ ၁၅ ရက်တွင် လွှတ်တော်ကိုယ်စားလှယ်များအား လည်းကောင်း ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ကချင်ပြည်နယ် မဂွေဇ - ခေါင်လန်ဖူးလမ်း ဆောလျင်စွာပြီးရေး လမ်းဖောက်လုပ်ငန်းများ မိုးရာသီတွင်လည်း ဆက်လက်ဆောင်ရွက်မည်

**နေပြည်တော် မေ ၁၄**

ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်း နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်နေသော မဂွေဇ-ခေါင်လန်ဖူးလမ်း (၆၅/၄)မိုင် ဖောက်လုပ်ခြင်းလုပ်ငန်းများ ဆောလျင်စွာပြီးစီးနိုင်ရေးအတွက် မေခမြစ်အရှေ့ဘက်ခြမ်း လမ်းဖောက်လုပ်ရေးလုပ်ငန်းများကို ယခုနှစ်မိုးရာသီကာလအတွင်း လုပ်ငန်းရပ်နားခြင်းမပြုဘဲ နယ်စပ်ရေးရာဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ဦးစီးဌာနရုံးချုပ်မှ အင်ဂျင်နီယာမှူးကြီး ဦးခင်မောင်လတ်နှင့် ပူတာအိုခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးတို့၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဝန်ကြီးဌာနဝန်ထမ်းများ၊ တပ်မတော်သားများနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

မဂွေဇ-ခေါင်လန်ဖူးလမ်းဖောက်လုပ်ရေးလုပ်ငန်းသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် စတင်ခဲ့ရာ ၂၀၂၀ ပြည့်နှစ် မတ်လအတွင်း မဂွေဇမှ (၄၃/၃)မိုင် ကွာဝေးသည့် မေခမြစ်သို့ရောက်ရှိခဲ့ပြီး လမ်းဖောက်လုပ်ရေးလုပ်ငန်းခွင်သုံး ယန္တရားများကို မေခမြစ်အရှေ့ဘက်ကမ်းသို့ ပို့ဆောင်၍ လမ်းဖောက်လုပ်ရေးလုပ်ငန်းအား ဆက်လက်ဆောင်ရွက်လျက်ရှိသဖြင့် ယခင်ဒေသခံပြည်သူများ ခြေလျင်ခရီးဖြင့် ၁၂၊ ၁၃ ရက်ကြာခက်ခဲစွာ သွားလာခဲ့ရသော လမ်းကြောင်းကို ယခုအခါတွင် ဆိုင်ကယ်ဖြင့် ပူတာအိုမြို့မှ ခေါင်လန်ဖူးမြို့အထိ ၁၂၅ မိုင် ၄ ဖာလုံ ခရီးအား နေ့ချင်းပေါက် စီးနင်းသွားလာလျက်ရှိပြီး ခရီးသည်တင်မော်တော်ယာဉ်လိုင်းများအနေဖြင့်လည်း မေခမြစ်ကမ်းရှိဒမ်းကြိုးတံတားအထိ (၁၀၃/၃)မိုင်ကို နေ့ချင်းပေါက် ပို့ဆောင်လျက်ရှိသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစတင်၍ ဘဏ္ဍာရေးနှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ မဂွေဇ-ခေါင်လန်ဖူးလမ်း (၆၅/၄)မိုင်အနက် ယခု ဘဏ္ဍာနှစ်ကုန်တွင် မြေလမ်း (၅၁/၀)မိုင်၊ ကျောက်လမ်း (၃၄/၀)မိုင်၊ ဆိုင်ကယ်လမ်း (၁၂/၀)မိုင်နှင့် လမ်းကြောင်းတစ်လျှောက်လိုအပ်သော တံတား ကြီး/ငယ်/လတ် ၂၃ စင်း၊ Box Culvert ၁၆၅ စင်း၊ ကျောက်စီရေမြောင်း ၁၄၁၉၅ ပေ ထည့်သွင်းတည်ဆောက်ပြီးစီးမည်ဖြစ်ပြီး အဆိုပါလမ်းပိုင်းတွင် လိုအပ်သော ကဆန်ခချောင်းကူးတံတားနှင့် မေခမြစ်ကူးတံတားများကိုလည်း ဆောက်လုပ်ရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် တည်ဆောက်သွားမည်ဖြစ်ရာ ယခုဘဏ္ဍာနှစ်မှစတင်၍ အကြိုအင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ခေါင်လန်ဖူးဒေသသည် ယခင်က လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် လူမှုစီးပွားဘဝများ နိမ့်ပါးလျက်ရှိရာ ယခုလမ်းဖောက်လုပ်ပေးခြင်းကြောင့် ဒေသတွင်းလူမှုစီးပွားဘဝများ အဆင်ပြေချောမွေ့လာပြီး ကုန်စည်စီးဆင်းမှုချောမွေ့လာစေမည်ဖြစ်သဖြင့် ဒေသခံတိုင်းရင်းသားများ ဝမ်းသာကျေနပ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အစိုးရအနေဖြင့် ထောက်ပံ့ရေးနှင့်ပတ်သက်၍ ဒေသနှင့်သင့်လျော်သည့် မူချမှတ်ရေးကိစ္စရပ်အား အသိအမှတ်ပြုပြီး ဆောင်ရွက်ပေးသွားမည်

❍ *ရှေ့ဖုံးမှ*

အစည်းအဝေးတွင် ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက အဖွင့်အမှာစကား ပြောကြားပြီး NCA-S EAO (၁၀) ဖွဲ့ နှင့် ဆွေးနွေးခဲ့သည့် သဘောတူညီချက် (၇) ချက်ကို အခြေခံ၍ PNLO နှင့် ဆက်လက်ဆွေးနွေးခဲ့ကြသည်။

ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ဒုတိယဥက္ကဋ္ဌ ခွန်မြင့်ထွန်းက "ဆွေးနွေးတဲ့အချက်ကတော့ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးကို ကျွန်တော်တို့ဒေသအလိုက် ပူးပေါင်းဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ အဓိကက နည်းပညာပိုင်းဆိုင်ရာ အထောက်အပံ့တွေကို အပြန်အလှန်ညှိနှိုင်းပြီး ပူးပေါင်းဆောင်ရွက်သွားမယ်။ အချို့သော အချက်တွေက Quarantine စင်တာလိုထားရှိရေးကိစ္စတွေ၊ ကျွန်တော်တို့ဒေသထဲမှာရှိတဲ့ ကိုဗစ်-၁၉ သံသယရှိသူတွေကို ရှာဖွေဖော်ထုတ်ရာမှာ ပူးပေါင်းဆောင်ရွက်သွားကြဖို့ပါ" ဟု ပြောသည်။

ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးနှင့်ပတ်သက်၍ မေ ၁၁ ရက်က ရှမ်းပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူးနှင့် သွားရောက်တွေ့ဆုံ၍ အသေးစိတ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ယနေ့ကျင်းပသည့် အစည်းအဝေးနှင့် ပတ်သက်၍ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေက " ဒီနေ့ အစိုးရဘက်က ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး (ငြိမ်း) ခင်ဇော်ဦးတို့ တက်ရောက်တယ်။ ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးလှမော်ဦးလည်း နေပြည်တော်ကနေ တက်ရောက်ပါတယ်။ ဆွေးနွေးချက်ထဲမှာ တွေ့ရတာတော့ PNLO ဒေသရဲ့ အနေအထားအရ ကိုဗစ်-၁၉ ကာကွယ်တားဆီးရေးအတွက် စစ်ဆေးတဲ့စခန်း သီးခြားထားတာ မရှိဘူး။ ဇုန် (၃) ဇုန် ခွဲပြီး အတတ်နိုင်ဆုံး ဆောင်ရွက်နေတယ်။ နောက်တစ်ခု ယူနီဖောင်းဝတ် လက်နက်ကိုင်ပြီး ဆောင်ရွက်နေတာမရှိဘူးလို့ ကျွန်တော်တို့ သိရပါတယ်။ PNLO အနေနဲ့ ရှမ်းပြည်နယ် ကျန်းမာရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးဌာနနဲ့လည်း သွားရောက်တွေ့ဆုံပြီး အတူတူပူးပေါင်းဆောင်ရွက်နေတယ်လို့လည်း သူတို့ဆီက သိရပါတယ်။ သူတို့ရဲ့ ပူးပေါင်းပြင်ဆင်မှုက အားရစရာကောင်းပါတယ်" ဟု ပြောသည်။

ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီနှင့် ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) တို့သည် ဒေသခံတိုင်းရင်းသားများ၏ အခြေခံစားဝတ်နေရေး အခြေအနေနှင့် ကိုဗစ်-၁၉ အလွန်ကာလ ပြန်လည်ထူထောင်ရေး အစီအစဉ်များနှင့်ပတ်သက်၍လည်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဦးလှမောင်ရွှေက "ဒီနေ့ ဆွေးနွေးပွဲမှာ နှစ်ဖက်ယုံကြည်မှုတွေ ပိုရှိလာတယ်။ သူတို့ဒေသတွေမှာ ပြင်ဆင်နေတဲ့ လုပ်ငန်းတွေအနေနဲ့ အစိုးရရဲ့ ညှိနှိုင်းရေးကော်မတီဘက်ကနေ ဆောင်ရွက်ပေးနိုင်တဲ့ အရာတွေကို ဆွေးနွေးခဲ့တာရှိတဲ့အတွက် ကျွန်တော်တို့ကြားထဲမှာ ကိုဗစ်-၁၉ ပူးပေါင်းဆောင်ရွက်မှုတွေအပြင် ရှေ့လာမယ့် လုပ်ငန်းစဉ်တွေအတွက်လည်း ကောင်းမွန်တဲ့ အနေအထားတစ်ခုလို့ ပြောနိုင်ပါတယ်" ဟု ပြောသည်။

ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) သည် ပြည်ပမှပြန်လည်ရောက်ရှိလာသည့် ဒေသခံပြည်သူများတွင် ကိုဗစ်-၁၉ လူနာတွေ့ရှိခဲ့ပါက လူနာထားရှိရေးကို ရှမ်းပြည်နယ် ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

PNLO ဒုတိယဥက္ကဋ္ဌ ခွန်မြင့်ထွန်းက "ပြည်ပကနေပြန်ရောက်လာမယ့် ဒေသခံပြည်သူတွေအတွက်တော့ ကိုဗစ်-၁၉ သံသယလူနာရှိခဲ့ရင် ဒေသနဲ့ နီးတဲ့နေရာတွေပေ့ါ။ ဥပမာ-ဆီဆိုင်မြို့နယ်နဲ့နီးရင် ဆီဆိုင်၊ မောက်မယ်မြို့နယ်နဲ့နီးရင် မောက်မယ်မြို့နယ်မှာထားဖို့ ဆွေးနွေးထားပါတယ်။ နောက် ရှမ်းပြည်နယ် ကျန်းမာရေးဦးစီးဌာနနဲ့ ပူးပေါင်းဆောင်ရွက်သွားဖို့ရှိပါတယ်။ ကိုဗစ်-၁၉ လူနာထားရှိရေးကိစ္စအသေးစိတ်ကို ကျွန်တော်တို့ ညှိနှိုင်းဆောင်ရွက်မှုရှိပါတယ်။ ကိုဗစ်-၁၉ နဲ့ပတ်သက်ရင် အစိုးရအနေနဲ့ အခုလို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ဖို့ ကော်မတီဖွဲ့ပေးတာ ကျွန်တော်တို့အနေနဲ့ ကျေးဇူးတင်ပါတယ်။ ဒီလိုပူးပေါင်းဆောင်ရွက်မှုတွေကနေပြီးတော့မှ ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပိုပြီးအထောက်အကူတွေ ရလာအောင်၊ နှစ်ဖက်နားလည်မှုတွေ၊ ယုံကြည်မှုတွေ ရလာအောင် ကျွန်တော်တို့အားလုံးက ကြိုးစားရမှာ ဖြစ်ပါတယ်" ဟု ပြောကြားသည်။

မေ ၁၅ ရက်တွင် ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီနှင့် ချင်းအမျိုးသားတပ်ဦး (CNF) တို့၏ ကိုဗစ်-၁၉ ဆိုင်ရာလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်**

# တစ်စိတ်တည်း တစ်ဝမ်းတည်းဖြစ်မှ တကယ့်သွေးရင်းတွေဖြစ်နိုင်

ကျွန်မတို့သွေးချင်းလို့ဆိုတဲ့အခါမှာ တူညီတဲ့သွေး၊ တူညီတဲ့သွေးဆိုတာ တကယ်တော့ ကျွန်မတို့ သွေးကြောတွေထဲမှာ စီးဆင်းနေတဲ့ သွေးတွေကိုပြောတာ မဟုတ်ပါဘူး။ ကျွန်မတို့စိတ်ထဲကနေ စီးဆင်းနေတဲ့သွေးကို ပြောတာပါ။ ဆိုလိုချင်တာဟာ စိတ်ထဲက သဘောချင်းဟာ တူညီမှ၊ ကျွန်မတို့ဟာ တစ်စိတ်တည်းတစ်ဝမ်းတည်းဖြစ်မှ တကယ့်သွေးရင်းတွေဖြစ်နိုင်မှာပါ။ အကြောထဲမှာ စီးဆင်းနေတဲ့ သွေးက ဘယ်လိုပဲတူတူ တစ်စိတ်တည်းတစ်ဝမ်းတည်းမဟုတ်ဘူးဆိုရင် ကျွန်မတို့ကို ကျွန်မတို့ သွေးချင်းလို့ခေါ်နိုင်မှာ မဟုတ်ပါဘူး။

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၁-၂-၂၀၂၀ ရက်နေ့တွင် ကျင်းပသော သွေးချင်းတို့ရဲ့ပွဲတော်ဆီ ၂၀၂၀ ဖွင့်ပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**



# အလုပ်သမားနှင့် အလုပ်အကိုင်အပေါ် COVID-19 ရောဂါ သက်ရောက်မှုများကို တုံ့ပြန်ရန် အာဆီယံအလုပ်သမားဝန်ကြီးများအဆင့် အထူးအစည်းအဝေးကို Video Conferencing ဖြင့် ကျင်းပ

နေပြည်တော် မေ ၁၄

**အလုပ်သမားနှင့် အလုပ်အကိုင်အပေါ် Coronavirus Disease 2019 (COVID–19) ရောဂါ သက်ရောက်မှုများကို တုံ့ပြန်ရန် အာဆီယံအလုပ်သမားဝန်ကြီးများအဆင့် အထူးအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် မလေးရှားနိုင်ငံ လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာနမှ video conferencing ဖြင့် ကျင်းပသည်။**

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်နှင့် တာဝန်ရှိသူများ အာဆီယံအဖွဲ့ဝင် ဘရူနိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ လာအိုနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ အလုပ်သမားဝန်ကြီးများ၊ အဆင့်မြင့်အလုပ်သမားအရာရှိကြီးများနှင့်အတူ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အတွင်းရေးမှူးချုပ် Dato Lim Jock Hoi တို့ ပါဝင်တက်ရောက်ပြီး ILO ညွှန်ကြားရေးမှူးချုပ် Mr. Guy Ryder ကလည်း ညနေပိုင်းအစီအစဉ်တွင် ပါဝင်တက်ရောက်ခဲ့သည်။

## ပြန်လည်ထူမတ်ရေးအစီအစဉ်

အစည်းအဝေးတွင် အာဆီယံအတွင်းရေးမှူးချုပ်က ကိုဗစ် - ၁၉ ကပ်ရောဂါသက်ရောက်မှုကို အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အများပြည်သူကျန်းမာရေး၊ စီးပွားရေး၊ အထူးသဖြင့် ကုန်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများ၊ ကမ္ဘာလှည့်ခရီးသွားကဏ္ဍများ၌ ဆိုးရွားစွာ ခံစားကြရကြောင်း၊ လူအများ ကျန်းမာရေးနှင့်အသက်မွေးနေထိုင်မှုကို ထိန်းထားနိုင်ရန်နှင့် စီးပွားရေးပြန်လည် နာလန်ထူရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်အဖွဲ့ဝင်နိုင်ငံများမှလက်တွဲ တုံ့ပြန်ခဲ့ကြကြောင်း၊ ကိုဗစ်-၁၉ ကို တိုက်ထုတ်ရာတွင် အဖွဲ့ဝင်နိုင်ငံများအကြား ကောင်းမွန်သော ကျင့်သုံးမှုများ၊ အတွေ့အကြုံများနှင့် ရရှိသော သင်ခန်းစာများအပေါ် အခြေခံဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း ILO မှ COVID–19 Pandemic ကို တုံ့ပြန်ရေး အကဲဖြတ်ဆန်းစစ်ချက်ကိုကူပြီး ဆောင်ရွက်ပေးခြင်းအတွက် မိမိတို့ အာဆီယံနိုင်ငံများတွင် များစွာအထောက်အကူ ရှိပါကြောင်း၊ မိမိတို့ အာဆီယံအနေနှင့် ILO မှ ကူညီဆောင်ရွက်ပေးမည့် "Post Pendamic recovery Plan" ကပ်ရောဂါ ကာလလွန်မြောက်ပြီးနောက် ပြန်လည်ထူမတ်ရေး အစီအစဉ်ကိုရရှိနိုင်ရန် စောင့်မျှော်လျက်ရှိကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ က အလုပ်သမားများ အပေါ် ကိုဗစ်-၁၉ သက်ရောက်မှုများကို တုံ့ပြန်မည့် သက်ဆိုင်ရာမူဝါဒများ၊ အစီအစဉ်များ၊ လူမှုအထောက်အပံ့များ အထူးသဖြင့် လုပ်ခလစာ/ဝင်ငွေ၊ အလုပ်အကိုင်၊ လုံခြုံရေး၊ ကျန်းမာရေးနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပွားနေသော ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အလုပ်သမားများ အထူးသဖြင့် ဝင်ငွေနည်းပါးပြီး ပုံမှန်မဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် ထိခိုက်လွယ်သောကဏ္ဍများတွင် လုပ်ကိုင်နေသည့် အလုပ်သမားများ၏အခွင့်အရေး၊ ကျန်းမာရေးနှင့်ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့ကူညီဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ကပ်ရောဂါ၏ ရိုက်ခတ်မှုကြောင့် အလုပ်ရပ်စဲခံနေရသည့် အလုပ်သမားများကို အလုပ်ရှင်မှ ထောက်ပံ့ကူညီပေးခြင်းနှင့် လူမှုဖူလုံရေး အထောက်အပံ့နှင့် အလုပ်လက်မဲ့ခံစားခွင့်များ ထောက်ပံ့ ကူညီပေးနေသည့် အခြေအနေများ၊ နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူများအား အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အများပြည်သူသွားလာသည့်နေရာများတွင် ပိုးသတ်ဆေးဖျန်းခြင်း၊ ပြည်ပနိုင်ငံများမှ ပြန်လာသော ပြည်သူများအား quarantine centers အဖြစ် မြန်မာနိုင်ငံ တစ်ဝန်းရှိ ဆေးရုံများ၊ အားကစားရုံများ၊ သင်တန်းကျောင်းများနှင့် စာသင်ကျောင်းများ၊ အဖွဲ့အစည်းစင်တာများနှင့် တရားစခန်းများတွင် ဖွင့်လှစ်ထားရှိစေခြင်းတို့အပြင် ဧပြီလအတွင်း ပြည်သူများ၏ အိမ်သုံးလျှပ်စစ်





ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ VIDEO CONFERENCE စနစ်ဖြင့် ကျင်းပပြုလုပ်သည့် အာဆီယံအလုပ်သမားဝန်ကြီးများအဆင့် အထူးအစည်းအဝေးသို့ ပါဝင်တက်ရောက် ဆွေးနွေးစဉ်။

ဓာတ်အားခနှုန်းထားကို လျှော့ချပေးခြင်းနှင့် ပုံမှန်ဝင်ငွေမရှိသော ပြည်သူများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးခြင်းများကို ဆောင်ရွက်လျက်ရှိပြီး အခြားသော ဖြေလျှော့ပေးထားမှု အခြေအနေများနှင့်ပတ်သက်ပြီး တင်ပြဆွေးနွေးသည်။

## စုပေါင်းအဖြေရှာမှုအားရ

ယင်းနောက်တက်ရောက်လာကြသည့် အာဆီယံအလုပ်သမားဝန်ကြီးများက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အလုပ်သမားများနှင့် အလုပ်အကိုင်များအပေါ် သက်ရောက်မှုများနှင့်ပတ်သက်၍ နိုင်ငံအလိုက်အခြေအနေများကို ဆွေးနွေးခဲ့ကြပြီး ILO ညွှန်ကြားရေးမှူးချုပ် Mr. Guy Ryder က အာဆီယံအလုပ်သမားဝန်ကြီးများ၏ အထူးအစည်းအဝေးကိုကျင်းပ၍ ကမ္ဘာ့ ကပ်ရောဂါ ကိုဗစ်-၁၉ ကြောင့် အလုပ်သမားနှင့် အလုပ်အကိုင်တို့အပေါ် ထိခိုက်မှုကို စုပေါင်းအဖြေရှာမှုအတွက်အားရပါကြောင်း၊ ILO အနေဖြင့် ကပ်ရောဂါစတင်ဖြစ်ပွားချိန်မှစ၍ အရေးကြီးသော သုတေသနနှင့် လေ့လာမှုများပြုလုပ်၍ အလုပ်အကိုင်လောကအတွက် အရေးကြီးသောလမ်းညွှန်ချက်များကို အာဆီယံအပါအဝင် အဖွဲ့ဝင်နိုင်ငံများ အားလုံးကို မျှဝေပေးခဲ့ကြောင်း၊ ကပ်ရောဂါကြောင့် ပုံမှန်လူနေမှုဘဝပျောက်ဆုံးနေပြီး အဆိုပါအခြေအနေ၌ပင် ပုံမှန်လူနေမှုဘဝတစ်ခုကိုကြုံတွေ့နိုင်ကာ အဆိုပါအခြေအနေအရ ပိုမိုကောင်းမွန်သောအခြေအနေကို လူသားဗဟိုပြုပြန်လည်နာလန်ထူရေး အစီအစဉ်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း အဓိကထား ဆောင်ရွက်ရမည့် လုပ်ငန်း (၄) ရပ်မှာ - (၁) စီးပွားရေးပြန်လည်အသက်ဝင်ရန်နှင့် အလုပ်အကိုင်များကို ကာကွယ်ပေးရန် တုံ့ပြန်မှုရှိသောငွေကြေးမူဝါဒချမှတ်ဆောင်ရွက်ရန်၊ (၂) အလုပ်အကိုင်ဌာနများ၊ အလုပ်အကိုင်ရရှိရေးနှင့် ပုံမှန်ဝင်ငွေပြန်လည်ရရှိရေး ထောက်ပံ့ပေးရန်၊ (၃) လုပ်ငန်းခွင်အတွင်းရှိ အလုပ်သမားများကို ကပ်ရောဂါပြန့်ပွားကူးစက်မှုမှ ကာကွယ်ပေးရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် မဖြစ်မနေပေးရမည့် ဝန်ဆောင်မှုအစီအမံများ ဆောင်ရွက်ပေးရန်၊ (၄) ကပ်ရောဂါ တားဆီးကာကွယ်ရေး အဖြေရှာရာတွင် ထိရောက်သောမူဝါဒအစီအမံများ ချမှတ်နိုင်ရန်အတွက် သုံးပွင့်ဆိုင် အပြန်အလှန်ညှိနှိုင်းဆွေးနွေးမှုမှတစ်ဆင့် ဆောင်ရွက်ရန်၊ ဆက်လက်၍ ILO အနေဖြင့် ကပ်ရောဂါကာလအတွင်းနှင့် ကပ်ရောဂါ ကာလအလွန်တွင်လည်း လိုအပ်သလို ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

## နည်းပညာရပ်အကူအညီမျှဝေရန်

အစည်းအဝေးတွင် အန္တရာယ်ရှိသည့် ကဏ္ဍတွင်လုပ်ကိုင်နေသူများ အပါအဝင် အလုပ်သမားအားလုံး၏ စားဝတ်နေရေး၊ ကျန်းမာရေးနှင့်ရပိုင်ခွင့်များ ရရှိရေး၊ ရောဂါကူးစက်ခံရသော အလုပ်သမားများအား ခွဲခြားမှုမရှိဘဲ ကျန်းမာရေးစောင့်ရှောက်မှုပေးရေး၊ ရွှေ့ပြောင်းအလုပ်သမားများအား ၎င်းတို့ရောက်ရှိနေသော နိုင်ငံများက ကျန်းမာရေး စောင့်ရှောက်မှုပေးရေး၊ နေရပ်ပြန် အကူအညီပေးရေး အပါအဝင် အလုပ်သမားများအပေါ် ကပ်ရောဂါကြောင့် ထိခိုက်မှုကို အကာအကွယ်ပေးရေး၊ ထိရောက်ပြီး တုံ့ပြန်မှုရှိသော နိုင်ငံအဆင့်နှင့် ဒေသဆိုင်ရာ လုပ်သားဈေးကွက် မူဝါဒချမှတ်ရေး အလုပ်သမား၊ အလုပ်ရှင်၊ အစိုးရလူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများအပါအဝင် သက်ဆိုင်သူအားလုံးနှင့် ကပ်ရောဂါတုံ့ပြန်ရေးနှင့် ကပ်ရောဂါကာလအလွန် ပြန်လည်ထူမတ်ရေး အစီအစဉ်အတွက် အသိပညာ သုတေသနရလဒ်နှင့် နည်းပညာ အကူအညီများ မျှဝေရန် သဘောတူညီခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

❀ *ကျောဖုံးမှ*

ဆားတစ်ပိဿာခွဲ၊ နှာခေါင်းစည်း၊ ဓာတ်ဆား၊ ဆပ်ပြာ၊ အဝတ်အထည်နှင့် အခြားပစ္စည်းများကို ပါတွန်ကျေးရွာတွင် အိမ်ထောင်စု ၃၇ စုနှင့် ပါရိုးကျေးရွာတွင် အိမ်ထောင်စု ၃၁ စုတို့အတွက် အိမ်အရောက် လှူဒါန်းခဲ့ကြောင်း၊ ယင်းကျေးရွာများသည် ရွှေ့ပြောင်းတောင်ယာစိုက်သည့် အလုပ်ကိုစွန့်ပြီး ဝဥများ စိုက်ပျိုးရာ စိုက်ပျိုးမှုမအောင်မြင်သဖြင့် စားနပ်ရိက္ခာ အခက်အခဲဖြစ်နေသည့်အတွက် သွားရောက်လှူဒါန်းရခြင်း ဖြစ်ပါကြောင်း ခရိုင်လူငယ်ရေးရာကော်မတီမှ ဦးတေဇာထွန်းက ပြောသည်။

လမ်းခရီးခက်ခဲမှုကြောင့် အဆိုပါလှူဒါန်းမှုကို မေ ၁၂ ရက်မှ ၁၃ ရက်အထိ လှူဒါန်းခဲ့ကြောင်း သိရသည်။

**မွေးကြူဇင်**

# စားသုံးသူများ နစ်နာမှုအတွက် တိုင်ကြားရန် CICC ထံ

နိုင်ဦး (DOCA)

**လက်ရှိ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများစွာတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါပိုးကြောင့် အခက်အခဲများစွာ ကြုံတွေ့နေရသည်။ အထူးသဖြင့် အတ္တနှလယ်သော စီးပွားရေးသမားအချို့သည် ဘယ်သူသေသေ ငတေမာလျှင်ပြီးရောဟူသော ထုံးကို နှလုံးမူကာ ဆေးဝါးများ၊ ကျန်းမာရေးသုံးပစ္စည်းများ၊ လူသုံးအိမ်သုံးပစ္စည်းများကို အမြတ်တင်ကာ ရောင်းချလျက်ရှိနေကြသဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်ကာ အပြုသဘော ဆန်စွာတားမြစ်၍ သိုလှောင်ခြင်း၊ အမြတ်တင်ရောင်းချခြင်းများမပြုလုပ်ရန် တားမြစ်ခဲ့ပါသည်။**

**တစ်ဦးချင်းစီက ပြောင်းလဲမှသာ**

ကမ္ဘာကြီးကို ပြုပြင်ပြောင်းလဲရန် ကြိုးစားနေကြသော ယနေ့လူသားများသည် မိမိကိုယ်တိုင်ပြောင်းလဲရမည့် အရာများစွာကိုမူ မေ့လျော့နေကြသည်။ ပြောင်းလဲဖို့ လက်တွန့်နေသည်။ တိုင်ကြားဖို့ မဝံ့မရဲဖြစ်နေကြသည်။ နိုင်ငံသားတစ်ဦးချင်းစီ ပြောင်းလဲမှသာ မိမိနေထိုင်သော မြို့၊ ရွာ၊ နိုင်ငံသည်လည်း လိုက်ပါပြောင်းလဲမှုဖြစ်ရန် အထူးလိုအပ်လှပါသည်။ အဆိုပါ ကောင်းသောပြောင်းလဲမှုများကို ပြောင်းလဲရန်အတွက် နိုင်ငံသားတစ်ဦးစီ၊ တစ်ဦးစီနှင့် သက်ဆိုင်ရာဌာနတစ်ခုစီ၊ တစ်ခုစီတွင် တာဝန်ယူ၍ နိုင်ငံတော်အတွက် ပြောင်းလဲပေးရန် အရေးကြီးပါသည်။ သို့မှသာ ရှေ့ကာလမှ ယနေ့အထိ လူသားမျိုးနွယ်တစ်ရပ်လုံးတည်တံ့ရေး၊ သက်သက်သာသာဖြင့် ကျန်းမာဝပြောသည့် လူ့ပတ်ဝန်းကျင်တွင် နေထိုင်အသက်ရှည်စွာရပ်တည်နိုင်ရေး ရှေ့ဘိုးဘွားတို့၏ ဆောင်ရွက်ချက်များကို အလေးဂရုပြုရာ ရောက်ပေမည်။ ပိုမိုကောင်းမွန်သော လူနေမှုစနစ်ကို ပြောင်းလဲတည်ဆောက်မှ လူ့တာဝန်ကို ကျေပွန်စွာဆောင်ရွက်မှသာ ဖြစ်နိုင်ပေမည်။ လူသားများအပေါ် ဘေးဥပဒ်အန္တရာယ်မကျရောက်စေရေး၊ နစ်နာမှုများကို ကုစား၊ ဖြေရှင်းပေးနိုင်ရေးအတွက် ဆောင်ရွက်နေမှုများကို လူတစ်ဦးချင်းစီမှ လိုက်နာ၍ ဆောင်ရွက်မှသာ ဖြစ်နိုင်ပေမည်။

ယနေ့ခေတ်တွင် တိုးတက်ဖွံ့ဖြိုးမှုများစွာ ဖြစ်ပေါ်နေသည်။ နည်းပညာသတင်းအချက်အလက်များ၊ သွားလာသယ်ယူပို့ဆောင်ရေးစနစ်များ၊ ကုန်သွယ်ရောင်းဝယ်မှုစနစ်များ၊ တည်ဆောက်မှုစနစ်များစသည်ဖြင့် တစ်နေ့နှင့်တစ်နေ့မတူညီ နေ့စဉ်နှင့်အမျှ ပြောင်းလဲနေသည်။ ထိုပြောင်းလဲတိုးတက်လာမှုများနှင့်အတူ ဆိုးကျိုးများစွာ ပါဝင်နေသည်ကိုလည်း သတိပြုရန် အထူးလိုအပ်လှပါသည်။ အဆိုပါ ဆိုးကျိုးများကို ဖယ်ရှားရှင်းလင်းနိုင်ရေးအတွက် နိုင်ငံတိုင်းတွင် အသိပညာပေး ခြင်း၊ ဟောပြောဆွေးနွေးခြင်းနှင့် စစ်ဆေးအရေးယူရန် ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ မူဝါဒများ ချမှတ်ကာ ဆောင်ရွက်လျက်ရှိပါသည်။

အလားတူ မြန်မာနိုင်ငံတွင်လည်း လူသုံး၊ အိမ်သုံးပစ္စည်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် ပတ်သက်၍ စားသုံးသူများ၏ အခွင့်အရေးများအပြည့်အဝရရှိရေး၊ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေး၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေး၊ နစ်နာဆုံးရှုံးမှုများကို ကုစားဖြေရှင်းပေးနိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူကာကွယ်ရေး ဥပဒေ (၂၀၁၉) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြန်မာနိုင်ငံရှိ ပြည်သူများ ကျန်းမာဝပြောသည့် လူ့ပတ်ဝန်းကျင်တွင် ရှင်သန်နေထိုင်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် တစ်နိုင်ငံလုံးလွှမ်းခြုံ၍ ဆောင်ရွက်နိုင်ရေးအတွက် ဥပဒေမှ သတ်မှတ်ပြဋ္ဌာန်းထားသည့် အချက်များနှင့် အညီ စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီကိုဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိသလို တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်များတွင်လည်း စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ကို ဖွဲ့စည်းထားပြီး ထိုအဖွဲ့အောက်တွင် တိုင်ကြားမှုလက်ခံဆောင်ရွက်စေရေး လုပ်ငန်းကော်မတီနှင့် ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်းကော်မတီနှစ်ရပ်ကို ဖွဲ့စည်း၍ စားသုံးသူပြည်သူများအား ပညာပေးဟောပြောဆွေးနွေးခြင်း၊ ပညာပေးစာရွက်စာတမ်းများ ဖြန့်ဝေခြင်း၊ လူစည်ကားရာနေရာများတွင် ပညာပေးဆိုင်းဘုတ်များ စိုက်ထူခြင်း၊ မီဒီယာ နည်းလမ်းပေါင်းစုံကိုအသုံးပြု၍ အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ လုပ်ငန်းများဆောင်ရွက်နိုင်ခဲ့သဖြင့် စားသုံးသူပြည်သူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိသော လူသုံး၊ အိမ်သုံးပစ္စည်းများ၊ ဝန်ဆောင်မှုများကို စိစစ်ရွေးချယ်ဝယ်သုံးစွဲရယူသည့် အလေ့အကျင့်ကောင်းများရရှိလာကြပါသည်။ နစ်နာဆုံးရှုံးမှုများ ကြုံတွေ့လာပါကလည်း လွတ်လပ်စွာ၊ ပွင့်လင်းမြင်သာစွာ တိုင်ကြား၍ ကုစားဖြေရှင်းပေးမှုများကို အလေးထားလိုက်နာဆောင်ရွက်လာကြသည်ကို အားရဖွယ်တွေ့ရှိလာရပါသည်။

**နစ်နာမှုများ ဖြေရှင်းပေးဖို့ CICC ရုံးများဖွင့်ခဲ့**

စားသုံးသူများနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ နစ်နာမှုများကို အချိန်တိုအတွင်း ကုစားဖြေရှင်းပေးနိုင်ရေးအတွက် လည်းကောင်း၊ စားသုံးသူများမိမိတို့၏ နစ်နာဆုံးရှုံးမှုများကို အလွယ်တကူတိုင်ကြားနိုင်ရေးအတွက်လည်းကောင်း၊ စားသုံးသူများ ယုံကြည်အားကိုးမှုများ မြင့်မားလာစေရေးအတွက်လည်းကောင်း စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ Consumer Informtion and Complaint Center (CICC) ရုံးများကို စားသုံးသူအခွင့်အရေးနှင့် အကျိုးစီးပွားကာကွယ်စောင့်ရှောက်ရန်၊ ထုတ်ကုန်များ လုံခြုံစိတ်ချမှုရှိစေရန်၊ ကုန်စည်ဝန်ဆောင်မှုများနှင့် ပတ်သက်၍ အရည်အသွေးစံနှုန်းသတ်မှတ်ချက်များ ကိုက်ညီရန်နှင့် စားသုံးသူများလုံခြုံစိတ်ချရမှုရှိစေရန် ဖွင့်လှစ်ခဲ့ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်ရုံးများ ဖွင့်လှစ်၍ လုပ်ငန်းများဆောင်ရွက်လျက် စားသုံးသူပြည်သူများ၏ နစ်နာဆုံးရှုံးမှုများကို ကုစားဖြေရှင်းပေးလျက်ရှိပါသည်။ မြန်မာတစ်နိုင်ငံလုံးလွှမ်းခြုံဆောင်ရွက်နိုင်ရေးအတွက် တိုးချဲ့ဖွင့်လှစ်ရန်အတွက်လည်း ဆောင်ရွက်လျက်ရှိပါသည်။

**CICC စင်တာများ၏တာဝန်များ**

သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များရှိ စားသုံးသူပြည်သူများ နစ်နာဆုံးရှုံးမှုများနှင့် ပတ်သက်၍ အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပါသည်

(က) တိုင်ကြားမှုများကို လက်ခံရန် တာဝန်ချထားခြင်း။

(ခ) တိုင်ကြားလာမှုများကိုလက်ခံခြင်း။

(ဂ) သက်ဆိုင်ရာစားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သို့ တင်ပြခြင်း။

(ဃ) သက်ဆိုင်ရာဆက်စပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

(င) တိုင်ကြားမှုနှင့် ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ပေးခြင်း။

**တိုင်ကြားလာမှုများနှင့် ပတ်သက်၍ CICC က ဆောင်ရွက်မှု**

စားသုံးသူများက ၎င်းတို့၏ နစ်နာဆုံးရှုံးမှုများနှင့် ပတ်သက်၍ တိုင်ကြားလာမှုများကို CICC ရုံးများက အောက်ပါအတိုင်းအဆင့်ဆင့် ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါသည်-

(က) တိုင်ကြားမှုများကို လက်ခံခြင်း။

(ခ) တိုင်ကြားမှုမှန်/မမှန် သုံးသပ်ခြင်း။

(ဂ) မှန်ကန်ပါက တိုင်ကြားမှုလက်ခံရရှိကြောင်း တိုင်ကြားသူသို့(၄၈) နာရီအတွင်းပြန်ကြားခြင်း။

(ဃ) တိုင်ကြားသူနှင့် တိုင်ကြားခံရသူတို့ (၂) ဦး တွေ့ဆုံညှိနှိုင်းဖြေရှင်းပေးခြင်း။

(င) မပြေလည်ပါက သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများဖြင့် ဖွဲ့စည်းထားသော ဖြေရှင်းရေးအဖွဲ့သို့ ဆက်လက်တင်ပြပေးခြင်း။

(စ) တိုင်ကြားမှုနှင့်ပတ်သက်၍ ကျွမ်းကျင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့သို့ ဆက်လက်တင်ပြပေးခြင်း။

(ဆ) စီမံခန့်ခွဲမှုနည်းလမ်းများအရ အရေးယူဖြေရှင်းပေးခြင်း။

(ဇ) တိုင်ကြားသူက မကျေနပ်ပါက သက်ဆိုင်ရာ တရားရုံးများတွင် တရားစွဲဆိုနိုင်ရန် ညွှန်ကြားခြင်း။

**CICC တိုင်ကြားစာပုံစံ**

CICC စင်တာများကို တိုင်ကြားမှုပုံစံဖြင့်ဖြစ်စေ ဖုန်း၊ ဖက်စ်၊ အခြားနည်းလမ်းပေါင်းစုံ အသုံးပြု၍ဖြစ်စေ တိုင်ကြားနိုင်ပေသည်။

**CICC က ဒီလိုစနစ်တွေနဲ့ ညှိနှိုင်းဖြေရှင်းပေး**

CICC စင်တာများမှ စားသုံးသူများ နစ်နာဆုံးရှုံးမှုများနှင့် ပတ်သက်၍ နည်းလမ်းနှစ်မျိုးနှင့် ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါသည်-


(က) တိုင်ကြားမှုများကို စားသုံးသူရေးရာဦးစီးဌာနနှင့် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များက ညှိနှိုင်းဖြေရှင်း ပေးခြင်း။

( ခ ) စားသုံးသူအကာအကွယ်ပေးရေးနှင့် တိုက်ရိုက်မသက်ဆိုင်သော တိုင်ကြားမှုများကို သက်ဆိုင်ရာဌာနများသို့ ဥပဒေနှင့်အညီ လွှဲပြောင်းပေးအပ်ဆောင်ရွက်စေခြင်း။

**CICC စင်တာတွေက ဖြေရှင်းပေးခဲ့သည့်ကိစ္စရပ်အချို့**

CICC စင်တာများဖွင့်လှစ်ပြီးနောက် စားသုံးသူများသည် ၎င်းတို့၏နစ်နာဆုံးရှုံးမှုများနှင့် ပတ်သက်၍ စားသုံးသူကိုယ်တိုင်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ အခြားလူမှု မီဒီယာများမှဖြစ်စေ တိုင်ကြားလာမှုများနှင့် ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ပေးခဲ့မှုအချို့ကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

*စာမျက်နှာ ၈ သို့*



ကန့်သတ်

နံပတ်ဆိပ်

ပုံစံ- (က)

စာဖြင့်တိုင်ကြားသည့်စားသုံးသူတိုင်ကြားလွှာ

တိုင်ကြားသူ၏အချက်အလက်များ

အမည် (အပြည့်အစုံ) ..........

နေရပ်လိပ်စာ (လမ်းအမည်) .......... (အိမ်အမှတ်) ..........

(ရပ်ကွက်) .......... (မြို့နယ်) ..........

(တိုင်းဒေသကြီး/ပြည်နယ်) ..........

ဆက်သွယ်ရန်ဖုန်းနံပါတ် ..........

အီးမေးလ်လိပ်စာ ..........

နိုင်ငံသား/အမျိုးသား မှတ်ပုံတင်အမှတ် ..........

မွေးသက္ကရာဇ် (လ).......... (ရက်).......... (နှစ်)..........

စီးပွားရေးလုပ်ငန်းရှင်၏ အချက်အလက်များ

ကုမ္ပဏီ / ဆိုင် အမည် ..........

ကုမ္ပဏီ / ဆိုင် လိပ်စာ ..........


..........

ဆက်သွယ်ရန်ဖုန်းနံပါတ် .......... (အီးမေးလ်လိပ်စာ) ..........

ကုမ္ပဏီ ဝက်ဆိုဒ် (ရှိလျှင်) ..........

ရောင်းချသူအမည် (သို့) ဝန်ဆောင်မှုပေးသူအမည် ..........

ကန့်သတ်



ကန့်သတ်

၂

အငြင်းပွားသည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု

အငြင်းပွားသည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု ..........

လိပ်စာ ..........

..........

ဝယ်ယူသည့် (သို့) ရောင်းချသည့် ရက်စွဲ (လ) .......... (ရက်) .......... (နှစ်) ..........

ပေးချေခဲ့သည့် ငွေပမာဏ ..........

ငွေပေးချေသည့်ပုံစံ (✓သို့မဟုတ် × ခြစ်ရန်) ☐ငွေသားဖြင့် ☐ အကြွေးဖြင့် ☐ အကြွေးကဒ်ဖြင့် ☐ချက်လက်မှတ်ဖြင့် ☐ အခြားနည်းဖြင့်

တိုင်ကြားလိုသည့်အကြောင်းအရာ

သင်၏တိုင်ကြားလိုသည့်အချက်များအား ပြည့်စုံစွာ ရှင်းလင်းရေးသားပါ။

..........

..........

..........

..........

..........

..........


..........

..........

သင်၏တိုင်ကြားမှုကို မည်သည့်နည်းလမ်းဖြင့် ဖြေရှင်းစေလိုသနည်း။
(အောက်ပါဖြေရှင်းစေလိုသည့်အကွက်တစ်ခုခုတွင် ✓ သို့မဟုတ် × ခြစ်ပေးရန်)

☐ငွေပြန်လည်အမ်းခြင်း ☐ပြင်ဆင်ခြင်း ☐ကုန်စည်ပေးပို့ခြင်း ☐ဝန်ဆောင်မှုပေးအပ်ခြင်း ☐အစားထိုးခြင်း ☐အခြား

ကန့်သတ်



ကန့်သတ်

၃

ဤတိုင်ကြားမှုနှင့်ပတ်သက်၍ အခြားတရားရုံး/ဌာန/အဖွဲ့အစည်းတွင် အမှုဖွင့်ခြင်းပြုလုပ်ခဲ့ပါသလား။

☐မပြုလုပ်ခဲ့ပါ။ ☐ပြုလုပ်ခဲ့ပါသည်။

အမှုဖွင့်ခြင်းပြုလုပ်ခဲ့သော တရားရုံး/ဌာန/အဖွဲ့အစည်းအမည် ..........

လိပ်စာအပြည့်အစုံ ..........

တိုင်ကြားသူ၏လက်မှတ် .......... နေ့စွဲ ..........

ကန့်သတ်

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ တစ်ကိုယ်ရေရောဂါကာကွယ်ရေးဝတ်စုံများ လှူဒါန်း

**ရန်ကုန် မေ ၁၄**

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ် တိုက်ဖျက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ တစ်ကိုယ်ရေရောဂါကာကွယ်ရေးဝတ်စုံများ ပေးအပ်လှူဒါန်းသည့် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် ဗိုလ်ကလမ်းရှိ ဆေးသုတေသနဦးစီးဌာန အစည်းအဝေးခန်းမ(၂) ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီဆွန်းဟွာက ဂုဏ်ပြုအမှာစကားပြောကြားပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကိုယ်စား ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာ ဇော်သန်းထွန်းက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးက Hyundai Motor နှင့် Shwe Daehan Motors မှ လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၄၄၀၀၀ တန်ဖိုးရှိ ကိုရီးယားနိုင်ငံထုတ် တစ်ကိုယ်ရေရောဂါကာကွယ်ရေးဝတ်စုံ အစုံ ၂၀၀၀ ကို ပေးအပ်လှူဒါန်းရာ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာ ဇော်သန်းထွန်းက လက်ခံရယူပြီး (ယာပုံ) ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

**သတင်းနှင့်ဓာတ်ပုံ - ဇော်ကြီး**




■ *ကျော်ဖုံးမှ*

(ဂ) Stay at Home အစီအစဉ် ဆောင်ရွက်စဉ်ကာလအတွင်း ကျန်းမာရေးအသိပညာမြှင့်တင်ခြင်း လုပ်ငန်းများအား သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပြည်သူများက အလေးထားဆောင်ရွက်ခဲ့ခြင်း၊

(ဃ) ဓာတ်ခွဲအတည်ပြုလူနာနှင့် ထိတွေ့ဆက်စပ်ခဲ့သူအားလုံးကို ရှာဖွေဖော်ထုတ်၍ ဓာတ်ခွဲနမူနာရယူပြီး ဓာတ်ခွဲစစ်ဆေးရာတွင်လည်း လွန်ခဲ့သော အနည်းဆုံး ၂၁ ရက်အတွင်း ထပ်မံတွေ့ရှိရမှု မရှိခြင်း၊

(င) မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ နီးနွယ်သည့်ဌာန၊ အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပြည်သူလူထုက ရောဂါကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့ခြင်း၊

၃။ လက်ရှိအခြေအနေတွင် ရောဂါကူးစက်ပြန့်ပွားမှုနှင့် ကပ်ရောဂါဗေဒဆိုင်ရာအချက်အလက်များကို သုံးသပ်ကြည့်ရာ ရန်ကုန်တိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အောက်ပါမြို့နယ်များသည် အပိုဒ် ၂ ပါ အချက်များနှင့် ကိုက်ညီကြောင်း တွေ့ရှိရသဖြင့် ၁၅-၅-၂၀၂၀ ရက်နေ့ ဝ၄:၀၀ နာရီအချိန်မှစတင်၍ ယင်းမြို့နယ်တွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင် နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ခြင်းမှ ပယ်ဖျက်လိုက်သည် -

(က) ရွှေပြည်သာမြို့နယ်၊
(ခ) လှိုင်သာယာမြို့နယ်၊
(ဂ) မင်္ဂလာဒုံမြို့နယ်၊
(ဃ) ဗိုလ်တထောင်မြို့နယ်၊
(င) ကလေးမြို့နယ်။

(ဒေါက်တာမြင့်ထွေး)
ပြည်ထောင်စုဝန်ကြီး

## လှိုင်းအသင့်အတင့် ရှိမည်

**နေပြည်တော် မေ ၁၄**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## ၁၄-၅-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၄၃၂၀၈၆ | ၃၁၀၃၈၃ | ၈၅၂၆၈ |
| ၂။ | စပိန် | ၂၇၂၆၄၆ | ၁၈၆၄၈၀ | ၂၇၃၂၁ |
| ၃။ | ရုရှား | ၂၅၂၂၄၅၃ | ၅၃၅၃၀ | ၂၃၀၅ |
| ၄။ | ဗြိတိန် | ၂၃၃၁၅၁ | စိစစ်ဆဲ | ၃၃၆၁၄ |
| ၅။ | အီတလီ | ၂၂၂၁၀၄ | ၁၁၂၅၄၁ | ၃၁၁၀၆ |
| ၆။ | ဘရာဇီး | ၁၉၂၀၈၁ | ၇၈၄၂၄ | ၁၃၂၇၆ |
| ၇။ | ပြင်သစ် | ၁၇၈၀၆၀ | ၅၈၆၇၃ | ၂၇၀၇၄ |
| ၈။ | ဂျာမနီ | ၁၇၄၀၉၈ | ၁၅၀၃၀၀ | ၇၈၆၁ |
| ၉။ | တူရကီ | ၁၄၃၁၁၄ | ၁၀၁၇၁၅ | ၃၉၅၂ |
| ၁၀။ | အီရန် | ၁၁၄၅၃၃ | ၉၀၅၃၉ | ၆၈၅၄ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၄ - ၅ - ၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| စင်ကာပူ | ၂၆၀၉၈ | ၄၈၀၉ | ၂၁ |
| အင်ဒိုနီးရှား | ၁၆၀၀၆ | ၃၅၁၈ | ၁၀၄၃ |
| ဖိလစ်ပိုင် | ၁၁၈၇၆ | ၂၃၃၇ | ၇၉၀ |
| မလေးရှား | ၆၈၁၉ | ၅၃၅၁ | ၁၁၂ |
| ထိုင်း | ၃၀၁၈ | ၂၈၅၀ | ၅၆ |
| ဗီယက်နမ် | ၂၈၈ | ၂၆၀ | ၀ |
| မြန်မာ | ၁၈၁ | ၈၄ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၄ | ၁ |
| ကမ္ဘောဒီးယား | ၁၂၂ | ၁၂၀ | ၀ |
| လာအို | ၁၉ | ၁၄ | ၀ |

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၂၆၃၃ | ၁၈၁ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၈၄ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၄၁၄၇

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၇၁ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၄၆ | ၅ |
| ၂ | ပဲခူး | ၇ | ၁ |
| ၃ | စစ်ကိုင်း | ၇ | |
| ၄ | ချင်း | ၆ | |
| ၅ | ရှမ်း(ရှေ့) | ၃ | |
| ၆ | မန္တလေး | ၃ | |
| ၇ | ရှမ်း(တောင်) | ၂ | |
| ၈ | ရှမ်း(မြောက်) | ၂ | |
| ၉ | နေပြည်တော် | ၂ | |
| ၁၀ | မွန် | ၁ | |
| ၁၁ | မကွေး | ၁ | |
| ၁၂ | ကချင် | ၁ | |
| စုစုပေါင်း | | ၁၈၁ | ၆ |

❖ အောက်ပါ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

| ပြည်နယ် | တိုင်းဒေသကြီး |
|---|---|
| ကယားပြည်နယ် | တနင်္သာရီတိုင်းဒေသကြီး |
| ကရင်ပြည်နယ် | ဧရာဝတီတိုင်းဒေသကြီး |
| ရခိုင်ပြည်နယ် | |

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁၄-၅-၂၀၂၀ ရက်၊ ည (၈)နာရီ

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မေ ၁၄**

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၆ ဒီဂရီစင်တီဂရိတ်၊ ညောင်ဦးမြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ တောင်တွင်းကြီးမြို့နှင့် ဂန့်ဂေါမြို့တို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်စီနှင့် မုံရွာမြို့၊ ကြေးမုံ(စိုက်ပျိုးရေးမိုးလေဝသ)၊ မြင်းမူမြို့၊ မြင်းခြံမြို့၊ အောင်လံမြို့၊ ပေါက်မြို့၊ ဆင်ဖြူကျွန်းမြို့နှင့် တောင်ငူမြို့တို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မိုး/ဇလ

# တိုင်းဒေသကြီး၊ ပြည်နယ်အချို့တို့တွင် လေပြင်းများတိုက်ခတ်၊ ထောက်ပံ့ကူညီမှုများဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၄**

မြန်မာနိုင်ငံအနေဖြင့် မိုးကြိုကာလများဖြစ်သော မတ်လ၊ ဧပြီလနှင့် မေလများအတွင်း လေပြင်းတိုက်ခတ်ခြင်း၊ မိုးတိမ်တောင်များဖြစ်ပေါ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေခြင်းများ ဖြစ်ပေါ်လေ့ရှိပြီး ယခုနှစ်တွင်လည်း လေပြင်းတိုက်ခတ်မှုများ ဖြစ်ပွားလျက်ရှိရာ ပျက်စီးမှုများဖြစ်ပွားခဲ့သည့် အဆောက်အဦများအတွက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။ **(ယာပုံ)**

မေ ၁၃ ရက်တွင် ကချင်ပြည်နယ် မံစီမြို့နယ်၌ နေအိမ် ခုနစ်လုံးနှင့် ဘာသာရေးအဆောက်အဦ တစ်လုံး အမိုးအကာလန်ပျက်စီးခြင်း၊ လူတစ်ဦးသေဆုံး၍ တစ်ဦး ဒဏ်ရာရရှိခြင်း၊ ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်၌ နေအိမ် နှစ်လုံး အမိုးအကာလန်ပျက်စီးခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်၌ နေအိမ်လေးလုံး အမိုးအကာလန် ပျက်စီးခြင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်၌ နေအိမ် ခြောက်လုံး အမိုးအကာလန်ပျက်စီးခြင်း၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးနှင့် ဒိုက်ဦးမြို့နယ်တို့၌ နေအိမ်တစ်လုံး ပြိုကျပျက်စီးပြီး နေအိမ် ငါးလုံး အမိုးအကာလန်ပျက်စီးခြင်း၊ မကွေးတိုင်းဒေသကြီး ကံမ၊ ထီးလင်းနှင့် ပေါက်မြို့နယ်တို့၌ နေအိမ်တစ်လုံး ပြိုကျပျက်စီးပြီး နေအိမ် ၂၇ လုံးနှင့် ဘာသာရေး အဆောက်အဦ ငါးလုံး အမိုးအကာလန်ပျက်စီးခြင်း၊ လူ တစ်ဦး ဒဏ်ရာရရှိခြင်း၊ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်၊ စဉ့်ကိုင်၊ မတ္တရာနှင့် မလှိုင်မြို့နယ်တို့၌ နေအိမ် ၁၀ လုံး ပြိုကျပျက်စီးပြီး နေအိမ် ၅၃ လုံး အမိုးအကာလန်ပျက်စီးခြင်း၊ လူတစ်ဦး သေဆုံးပြီး လူတစ်ဦး ဒဏ်ရာရရှိခြင်း၊ မွန်ပြည်နယ် ပေါင်မြို့နယ်၌ နေအိမ် ကိုးလုံး ပြိုကျပျက်စီးပြီး နေအိမ် ၂၀ လုံး အမိုးအကာလန်ပျက်စီးခြင်း၊ ရှမ်းပြည်နယ် သီပေါ၊ နမ့်ခမ်းနှင့် ကျေးသီးမြို့နယ်တို့၌ နေအိမ် တစ်လုံး ပြိုကျပျက်စီးပြီး နေအိမ် အလုံး ၂၀ နှင့် ဘာသာရေး အဆောက်အဦတစ်လုံး အမိုးအကာလန်ပျက်စီးခြင်းတို့ ဖြစ်ပွားခဲ့သဖြင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်ရုံးများမှ ထောက်ပံ့မှုများ အမြန်ဆုံး သွားရောက်ဆောင်ရွက်ခဲ့သည်။

ဧပြီ ၉ ရက်မှ မေ ၁၄ ရက်အထိ မြန်မာနိုင်ငံတစ်ဝန်း၌ လေပြင်းတိုက်ခတ်မှုများကြောင့် နေအိမ် ၇၆၇ လုံးနှင့် ဘာသာရေးအဆောက်အဦ ၁၅ လုံး ပြိုကျပျက်စီးခြင်း၊ နေအိမ် ၁၀၃၃၁ လုံးနှင့် ဘာသာရေးအဆောက်အဦ ၁၉၇ လုံး အမိုးအကာလန်ပျက်စီးခြင်းနှင့် လူ ခုနစ်ဦး သေဆုံးပြီး လူ ၂၄ ဦး ဒဏ်ရာရရှိခဲ့သည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုး၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် သေဆုံး၊ ဒဏ်ရာရသူ ထောက်ပံ့ခြင်းများအတွက် စုစုပေါင်း ငွေကျပ် ၅၉၆ ဒသမ ၆ သန်းကျော် ထောက်ပံ့ခဲ့ပြီးဖြစ်သည်။

ပြည်သူလူထုအနေဖြင့်လည်း ယခုကာလ၌ ဖြစ်ပွားတတ်သည့် လေပြင်းတိုက်ခတ်ခြင်း၊ အချိန်အခါမဟုတ် မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးသီးကြွေခြင်း၊ မိုးကြိုးပစ်ခြင်းတို့နှင့်ပတ်သက်၍ အထူးဂရုပြုနေထိုင်ကြပါရန်နှင့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ် အကူအညီ တောင်းခံနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**





# ကလိန်အောင်မြို့၌ မိုးသည်းထန်စွာရွာပြီး လေပြင်းတိုက်မှုကြောင့် စာသင်ကျောင်းဆောင်နှင့် နေအိမ်အချို့ အမိုးလန်ပျက်စီး

**ကလိန်အောင် မေ ၁၄**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ကလိန်အောင်မြို့၌ မေ ၁၃ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က မိုးသည်းထန်စွာရွာပြီး လေပြင်းတိုက်မှုကြောင့် စာသင်ကျောင်းဆောင်နှင့် နေအိမ်အချို့ အမိုးလန်ပျက်စီးခဲ့ကာ ထိခိုက်ဒဏ်ရာနှင့် သေဆုံးမှုမရှိကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။

အဆိုပါ မိုးသည်းထန်စွာရွာပြီး လေပြင်းတိုက်မှုကြောင့် အမှတ်(၃) ရပ်ကွက် အထက-ကလိန်အောင်ရှိ စာသင်ဆောင် နှစ်ဆောင် ၊ အမှတ်(၂) ရပ်ကွက်ရှိ နေအိမ်သုံးလုံးနှင့် အမှတ်(၃)ရပ်ကွက်ရှိ နေအိမ်သုံးလုံး အမိုးလန် ပျက်စီးခဲ့သည်။ ပျက်စီးမှုများအား မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များက ကူညီဖယ်ရှား ရှင်းလင်းပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၁၄**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာစစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် တို့တွင် မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

*စာမျက်နှာ ၆ မှ*

(က) ဆက်သွယ်ရေးဝန်ဆောင်မှုနှင့် ပတ်သက်၍ ကြေညာထားသည့်အတိုင်း မပေးခဲ့သဖြင့် တိုင်ကြားလာမှုအပေါ် အဆိုပါဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းအား ရှင်းလင်းပြတ်သားသည့် ဖြေရှင်းပြတ်သားသည့် ဖြေရှင်းမှုမပြီးမချင်း ရပ်ဆိုင်းထားရန်၊ နစ်နာသည့် တိုင်ကြားသူတောင်းဆိုသည့် ကိုယ်စားနာမည် တစ်ခုတပ်၍ ပညာရေးကဏ္ဍတွင် ကူညီဆောင်ရွက်ရန် ဖြေရှင်းဆောင်ရွက်ပေးခဲ့ပါသည်။

(ခ) ဟမ်းဘာဂါပေါင်မုန့်တွင် မှိုပါဝင်နေမှုနှင့် ပတ်သက်၍ Viber ဖြင့် တိုင်ကြားလာမှု အပေါ် အဖွဲ့ဖြင့် အဆိုပါဆိုင်သို့ သွားရောက်စစ်ဆေး၍ ဆိုင်ပိုင်ရှင်လိုက်နာဆောင်ရွက်ရမည့် အချက်များကို ဝန်ခံကတိလက်မှတ်ရေးထိုးခဲ့စေပြီး တိုင်ကြားသူထံ ဖြေရှင်းဆောင်ရွက်ခဲ့မှုများအား ဖုန်းဖြင့် အသိပေးရာ တိုင်ကြားသူက ကျေနပ်ကြောင်း ပြောကြားခဲ့ပါသည်။

(ဂ) ဘတ်တာကိတ်မုန့်တွင် မှိုတက်နေခြင်း၊ သက်တမ်းကုန်ရက်စွဲ ပြောင်းကပ်ထားကြောင်း Facebook တွင် တိုင်ကြားလာမှု အပေါ် အဖွဲ့ဖြင့်အဆိုပါဆိုင်သို့ သွားရောက်စစ်ဆေး၍ ဆက်လက်ရောင်းချပါက ဥပဒေအရ ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း ဝန်ခံကတိ လက်မှတ်ရေးထိုးခဲ့ပါသည်။

(ဃ) ဖုန်းဝယ်ယူပြီး သက်တမ်းမကုန်မီ ပျက်စီးသွား၍ လက်ခမဲ့ပြင်ပေးရန် ပြောကြားရာ ဆိုင်ရှင်က လက်မခံသဖြင့် တိုင်ကြားလာမှုအပေါ် ဝယ်သူ၊ ရောင်းသူ(၂) ဦး တွေ့ဆုံညှိနှိုင်းစေခဲ့ရာ ဆိုင်ရှင်က Service Center သို့ ပေးပို့ပြင်ဆင်ပေးမည်ဖြစ်ကြောင်း၊ ပြင်ဆင်ခပေးစရာမလိုကြောင်း ဝယ်ယူစိတ်တိုင်းကျဆောင်ရွက်ပေးခဲ့သည်။

(င) ဘဏ်တစ်ခု၏ ATM စက်မှ Visa ကတ်ဖြင့် ကျပ် (၂) သိန်းထုတ်ယူရာ ကျပ်(၁) သိန်း (၆) သောင်းကျော်သာထွက်ရှိ၍ တိုင်ကြားလာမှု အပေါ် အဆိုပါဘဏ်သို့ အကြောင်းကြားခဲ့ရာ ဘဏ်မှ စစ်ဆေး၍ တွေ့ရှိချက်များနှင့်အတူ တိုင်ကြားသူ လက်ခံနိုင်သည်အထိ ဖြေရှင်း ရှင်းလင်းပြန်ကြားခဲ့ပါသည်။

(စ) စားသောက်ဆိုင်တစ်ခုမှ ဘဲသားဟင်းအနံ့ မကောင်းခြင်း၊ ပိုးကောင်တွေ့ခြင်း၊ တံဆိပ်ခေါင်းမပါဘဲ အခွန်အခပေးရခြင်းနှင့် ပတ်သက်၍ တိုင်ကြားလာမှုအပေါ် အဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေး၍ဝန်ခံကတိရေးထိုးစေကာ လိုက်နာရမည့်အချက်များအား မှာကြားခဲ့ပါသည်။ ထိုသို့ဖြေရှင်းခဲ့မှုအပေါ် တိုင်ကြားသူထံဖုန်းဖြင့်ပြောကြားခဲ့ရာ ကျေနပ်ကြောင်း ပြန်ကြားခဲ့ပါသည်။

(ဆ) ကိုဗစ်- ၁၉ ကူးစက်မြန်ရောဂါကာကွယ်၊ ထိန်းချုပ်ရေးကာလအတွင်း ဆေးဝါးများ၊ ကျန်းမာရေးသုံးပစ္စည်းများ၊ လူသုံးအိမ်သုံးပစ္စည်းများ ဈေးမြှင့်တင်ရောင်းချခြင်း ပြဿနာများအား ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

**“ မြန်မာနိုင်ငံတွင်လည်း လူသုံး၊ အိမ်သုံးပစ္စည်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် ပတ်သက်၍ စားသုံးသူများ၏ အခွင့်အရေးများအပြည့်အဝရရှိရေး၊ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေး၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေး၊ နစ်နာဆုံးရှုံးမှုများကို ကုစားဖြေရှင်းပေးနိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူကာကွယ်ရေး ဥပဒေ (၂၀၁၉)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြန်မာနိုင်ငံရှိ ပြည်သူများ ကျန်းမာဝပြောသည့် လူ့ပတ်ဝန်းကျင်တွင် ရှင်သန်နေထိုင်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိ”**

**တိုင်းဒေသကြီး၊ ပြည်နယ်အလိုက်တိုင်ကြားရန် နေရာများ**

တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဖွင့်လှစ်ထားသည့် စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ ( CICC) များနှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးတွင် ဖုန်းနံပါတ် ၀၁-၂၅၀၂၇၀၊ ၀၁- ၂၅၄၀၁၉၊ ဖက်စ်နံပါတ်- ၀၁-၂၅၄၀၂၃ သို့ဖြစ်စေ၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ဖုန်းနံပါတ် ၀၅၃-၂၈၀၃၂၊ ၀၅၃-၂၈၀၂၀၊ ဖက်စ်နံပါတ်-၀၅၃-၂၈၂၂၀ သို့ဖြစ်စေ၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း) ဖုန်းနံပါတ် ၀၅၂-၂၂၂၁၈၄၄၊ ၀၅၂-၂၂၂၁၁၀၈၊ ၀၅၂-၂၂၂၁၀၃၆ သို့ဖြစ်စေ၊ ဧရာဝတီတိုင်းဒေသကြီးတွင် ဖုန်းနံပါတ် ၀၄၂-၂၄၅၂၀၊ ၀၄၂-၂၄၅၂၂၊ ဖက်စ်နံပါတ် ၀၄၂-၂၁၈၁၁ သို့ဖြစ်စေ၊ မန္တလေးတိုင်းဒေသကြီးတွင် ဖုန်းနံပါတ် ၀၂-၃၆၃၄၂၊ ၀၂-၃၆၃၃၉၊ ဖက်စ်နံပါတ် ၀၂-၃၆၃၄၀ သို့ဖြစ်စေ။

ရခိုင်ပြည်နယ်တွင် ဖုန်းနံပါတ် ၀၄၃-၂၃၄၂၆၊ ဖက်စ်နံပါတ် ၀၄၃-၂၃၄၂၆ သို့ဖြစ်စေ၊ မကွေးတိုင်းဒေသကြီးတွင် ဖုန်းနံပါတ် ၀၆၃-၂၃၀၉၆၊ ၀၆၃-၂၃၀၉၇၊ ဖက်စ်နံပါတ် ၀၆၃-၂၃၀၉၉ သို့ဖြစ်စေ၊ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ဖုန်းနံပါတ် ၀၈၁-၂၁၂၆၁၅၊ ဖက်စ်နံပါတ် ၀၈၁-၂၁၂၆၂၇ သို့ဖြစ်စေ၊ ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် ဖုန်းနံပါတ် ၀၈၄-၂၁၀၃၄၊ ဖက်စ်နံပါတ် ၀၈၄-၂၁၀၃၄ သို့ဖြစ်စေ၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ဖုန်းနံပါတ် ၀၈၂-၂၃၀၃၉၊ ဖက်စ်နံပါတ် ၀၈၂-၂၃၄၉၃ သို့ဖြစ်စေ။

ကရင်ပြည်နယ်တွင် ဖုန်းနံပါတ် ၀၅၈-၂၁၀၄၁၊ ဖက်စ်နံပါတ် ၀၅၈-၂၁၆၆၆ သို့ဖြစ်စေ၊ တနင်္သာရီတိုင်းဒေသကြီးတွင် ဖုန်းနံပါတ် ၀၅၉-၄၁၀၁၁၊ ဖက်စ်နံပါတ် ၀၅၉-၄၁၀၁၂ သို့ဖြစ်စေ၊ ကချင်ပြည်နယ်တွင် ဖုန်းနံပါတ် ၀၇၄-၂၂၄၅၉၊ ဖက်စ်နံပါတ် ၀၇၄-၂၂၄၅၉ သို့ဖြစ်စေ၊ ကယားပြည်နယ်တွင် ဖုန်းနံပါတ် ၀၈၃-၂၂၁၀၀၅၊ ဖက်စ်နံပါတ် ၀၈၃-၂၂၁၀၀၅ သို့ဖြစ်စေ။

မွန်ပြည်နယ်တွင် ဖုန်းနံပါတ် ၀၅၇-၂၀၂၄၃၁၈၊ ဖက်စ်နံပါတ် ၀၅၇-၂၀၂၄၈၀၉ သို့ဖြစ်စေ၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဖုန်းနံပါတ် ၀၇၁-၂၃၆၃၀၊၀၇၁-၂၂၉၂၄၊ ဖက်စ်နံပါတ် ၀၇၁-၂၃၆၃၀ သို့ဖြစ်စေ၊ နေပြည်တော် ကောင်စီနယ်မြေတွင် CICC စင်တာများဖွင့်လှစ်ရန် လျာထားဆဲဖြစ်သော်လည်း ဖုန်းနံပါတ် ၀၆၇-၄၃၀၄၆၈၊ ၀၉-၇၉၄၆၁၄၁၁၇၊ ဖက်စ်နံပါတ် ၀၆၇-၄၃၀၄၆၇ သို့ဖြစ်စေ၊ ချင်းပြည်နယ်တွင် ဖုန်းနံပါတ် ၀၇၀-၂၁၈၇၃၊ ဖက်စ်နံပါတ် ၀၇၀-၂၁၈၇၃ သို့ဖြစ်စေ တိုင်ကြားနိုင်ပါသည်။

သို့ပါ၍ မြန်မာနိုင်ငံအတွင်းရှိ ၅၁ သန်းကျော်သော ပြည်သူများ စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိရေး၊ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော လူသုံး၊ အိမ်သုံးပစ္စည်းများ ဝန်ဆောင်မှုလုပ်ငန်းများအား ရယူသုံးစွဲနိုင်ရေး၊ နိုင်ငံတကာစံနှုန်းသတ်မှတ်ချက်များနှင့်အညီ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိသော ပစ္စည်းများထုတ်လုပ်နိုင်ရေးအတွက် စားသုံးသူရေးရာဦးစီးဌာနမှ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိသကဲ့သို့ စားသုံးသူများ ထိခိုက်နစ်နာဆုံးရှုံးမှုများဖြစ်ပါက ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်များတွင် ဖွင့်လှစ်ထားသည့် စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ (Consumer Information and Complaint Center- CICC) များတွင် တိုင်ကြားနိုင်ပါကြောင်း တင်ပြလိုက်ရပေသည်။ ။

# ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ ဧပြီလအထိ) (ယာယီ)တွင် မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု အမေရိကန်ဒေါ်လာ (၂၂၆၀၆) သန်း ဆောင်ရွက်နိုင်၊ ယခင်ဘဏ္ဍာနှစ်ကာလတူထက် အမေရိကန်ဒေါ်လာ (၂၅၄၂)သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (ဧပြီလအထိ) (ယာယီ) တွင် မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန် တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၇၀၀ သန်းနှင့် ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၁၉၀၆ သန်း ရှိသဖြင့် ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၂၆၀၆ သန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ ယခင်နှစ် ကာလတူ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (ဧပြီလအထိ)တွင် ပြည်ပပို့ကုန် တန်ဖိုး အမေရိကန်ဒေါ်လာ ၉၇၅၀ သန်း၊ ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀၃၁၄ သန်း ဖြစ်၍ ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၀၀၆၄ သန်း ဖြစ်သဖြင့် ယခင်နှစ် ကာလတူထက် ပို့ကုန်တွင် ၉၅၀ ဒေါ်လာသန်း၊ သွင်းကုန်တွင် ၁၅၉၂ ဒေါ်လာသန်းနှင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၅၄၂ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ပါသည်။

ပြည်ပပို့ကုန်ပစ္စည်းများ အုပ်စုလိုက်တင်ပို့မှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်း ဖြစ်ပါသည်-

တန်ဖိုး-ကန်ဒေါ်လာသန်းပေါင်း

| စဉ် | အကြောင်းအရာ | ၂၀၁၉-၂၀၂၀ (ဧပြီလအထိ)(ယာယီ) | ၂၀၁၈-၂၀၁၉ (ဧပြီလအထိ) | နှိုင်းယှဉ်ချက် (တိုး (+) / လျော့ (-) ) |
|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၂၃၈၈.၄၄၅ | ၂၀၁၇.၂၅၃ | ၃၇၁.၁၉၂ |
| ၂ | တိရစ္ဆာန်ထွက်ပစ္စည်းများ | ၆၀.၁၄၉ | ၂၈၁.၉၀၇ | (-) ၂၂၁.၇၈၅ |
| ၃ | ရေထွက်ပစ္စည်းများ | ၅၆၉.၆၄၈ | ၄၉၆.၀၄၈ | ၇၃.၆၀၀ |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၁၁၆၀.၀၀၉ | ၈၇၈.၀၂၇ | ၂၈၁.၉၈၂ |
| ၅ | သစ်တောထွက်ပစ္စည်း | ၉၅.၅၀၀ | ၁၀၃.၅၆၆ | (-) ၈.၀၆၆ |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၅၆၄၉.၀၀၅ | ၅၄၀၉.၅၉၃ | ၂၃၉.၄၁၂ |
| ၇ | အခြားပစ္စည်းများ | ၇၇၇.၉၄၂ | ၅၆၃.၉၃၆ | ၂၁၄.၀၀၆ |
| | စုစုပေါင်း | ၁၀၇၀၀.၆၉၈ | ၉၇၅၀.၃၃၀ | ၉၅၀.၃၆၈ |

ပြည်ပသွင်းကုန်ပစ္စည်းများ အုပ်စုအလိုက်တင်သွင်းမှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်း ဖြစ်ပါသည်-

တန်ဖိုး-ကန်ဒေါ်လာသန်းပေါင်း

| စဉ် | အကြောင်းအရာ | ၂၀၁၉-၂၀၂၀ (ဧပြီလအထိ)(ယာယီ) | ၂၀၁၈-၂၀၁၉ (ဧပြီလအထိ) | နှိုင်းယှဉ်ချက် (တိုး (+) / လျော့(-) ) |
|---|---|---|---|---|
| ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | ၄၆၈၃.၅၀၂ | ၃၂၀၃.၁၀၁ | ၁၄၈၀.၄၀၁ |
| ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | ၄၃၄၅.၂၁၃ | ၄၃၄၃.၉၂၉ | ၁.၂၈၄ |
| ၃ | လူသုံးကုန်ပစ္စည်း | ၂၈၇၇.၂၄၉ | ၂၇၆၇.၂၃၀ | ၁၁၀.၀၁၉ |
| | စုစုပေါင်း | ၁၁၉၀၅.၉၆၄ | ၁၀၃၁၄.၂၆၀ | ၁၅၉၁.၇၀၄ |

## ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပိုင် မော်တော်ယာဉ် ပစ်ခတ်တိုက်ခိုက်ခံခဲ့ရခြင်းနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရေးကော်မတီက စတင်စစ်ဆေး

နေပြည်တော် မေ ၁၄

ရခိုင်ပြည်နယ် မင်းပြားမြို့နယ် ရာမောင်တံတားအနီး၌ ဧပြီ ၂၀ ရက် ညနေပိုင်းတွင် WHO အဖွဲ့ပိုင် မော်တော်ယာဉ် တစ်စီးကို AA အကြမ်းဖက် သောင်းကျန်းသူများက အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အရပ်ဘက် ဝန်ထမ်း တစ်ဦး ဒဏ်ရာရရှိခဲ့ပြီး တစ်ဦး သေဆုံးခဲ့ကြောင်းကို ဧပြီ ၂၁ ရက်တွင် သတင်းထုတ်ပြန်ခဲ့ပြီး ယင်းဖြစ်စဉ်နှင့်စပ်လျဉ်း၍ လိုအပ်သည်များ စစ်ဆေးရန်အတွက် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်၊ ၆၄/၂၀၂၀ ဖြင့် စုံစမ်းစစ်ဆေးရေးကော်မတီကိုဖွဲ့စည်းခဲ့ပြီး ဖြစ်သည်။

ယနေ့တွင် စုံစမ်းစစ်ဆေးရေးကော်မတီဥက္ကဋ္ဌ ဦးစောဦး ဦးဆောင်သော ကော်မတီဝင်များ၊ ရုံးအဖွဲ့များက စစ်တွေမြို့မှ မင်းပြားမြို့သို့ တပ်မတော် ရဟတ်ယာဉ်ဖြင့် သွားရောက်ခဲ့ပြီး ဖြစ်စဉ်ဖြစ်ပွားခဲ့သည့်နေရာ အနီးတစ်ဝိုက်နှင့် ရာမောင်တံတား လုံခြုံရေးစခန်းတို့တွင် တာဝန်ရှိသူများ၊ မျက်မြင်သက်သေများကို လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြောင်း။

ထို့နောက် စုံစမ်းစစ်ဆေးရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မင်းပြားမြို့မရဲစခန်း၌ သိမ်းဆည်းထားသော ဖြစ်စဉ်တွင် ပစ်ခတ်တိုက်ခိုက်ခြင်းခံရသော မော်တော်ယာဉ်နှင့် သေဆုံးသူ ခန္ဓာကိုယ်အတွင်းမှ တွေ့ရှိရသည့် ကျည်ဆန်ထိပ်ဖူးတို့ကို စစ်ဆေးမှုများပြုလုပ်ခဲ့ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ကျန်းမာရေးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ သိရှိလိုသည်များကို စစ်ဆေးမေးမြန်းဆောင်ရွက်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

## အိန္ဒိယနိုင်ငံ၏ ဝယ်လိုအားကြောင့် မြေထောက်ပဲများ မန္တလေးဈေးကွက်တွင် အရောင်းအဝယ်များ ပြန်လည်သွက်လက်မြန်ဆန်လာ

မန္တလေး မေ ၁၄

ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် အရောင်းအဝယ်များ အေးစက်နေသည့် မန္တလေးပဲဈေးကွက်တွင် ယခုရက်ပိုင်းအတွင်း၌ အိန္ဒိယနိုင်ငံ၏ ဝယ်လိုအားကြောင့် မြေထောက်ပဲသီးနှံများ အရောင်းအဝယ် ပြန်လည်မြန်ဆန်လာကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

"ဒီနှစ်အစမှာ ထွက်ရှိတဲ့ မြေထောက်ပဲသီးနှံတွေကို တရုတ်နိုင်ငံက အဖွင့်ဈေး သုံးတင်းဝင်တစ်အိတ်ကို ငွေကျပ် ၉၅၀၀၀ ပေါက်ဈေးနဲ့ စတင်ဝယ်ယူခဲ့ပေမယ့် ကိုဗစ်-၁၉ ရောဂါကြောင့် အဝယ်ရပ်နားသွားခဲ့တယ်။ ဒါပေမယ့် ဒီရက်ပိုင်းမှာ အိန္ဒိယနိုင်ငံက ပြန်လည်ဝယ်ယူလာတဲ့အတွက် အရောင်းအဝယ်တွေ ပြန်ပြီးသွက်လက်လာတယ်။ လက်ရှိဈေးကွက်မှာ သုံးတင်းဝင်တစ်အိတ်ကို ငွေကျပ် ၉၅၀၀၀ နှုန်းနဲ့ အရင်ပေါက်ဈေးအတိုင်းပဲ အရောင်းအဝယ်တွေ ပြန်ပြီးဖြစ်နေတယ်။ အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံမှ ထွက်ရှိတဲ့ မြေထောက်ပဲကိုဝယ်ယူပြီး ထုပ်ပိုးမှုစနစ်နဲ့ တစ်ဆင့်ပြန်လည်ရောင်းချနေတယ်လို့ ကြားသိရတယ်။ ကိုဗစ်-၁၉ ရောဂါကြောင့် ကုန်စည်ဒိုင်ပိတ်ထားတဲ့ကာလမှာ တောင်သူနဲ့ ကုန်သည်တွေ အဆင်ပြေအောင် အွန်လိုင်းစနစ်နဲ့ အရောင်းအဝယ်တွေ လုပ်နေကြတယ်ဆိုပေမယ့် နမူနာပဲမျိုးစုံ ခင်းကျင်းထားတဲ့ကုန်စည်ဒိုင်မှာ ရောင်းသူနဲ့ ဝယ်သူ မျက်နှာချင်းဆိုင်တွေ့ဆုံပြီး အရောင်းအဝယ်လုပ်ရတာလောက်တော့ အားရကျေနပ်မှုမရှိဘူး။ ဒါကြောင့် မန္တလေးကုန်စည်ဒိုင် အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ဖို့ မျှော်လင့်နေကြပါတယ်" ဟု မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။



မြန်မာထွက်ကုန်သီးနှံမြေထောက်ပဲကို အဓိကအားဖြင့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အိန္ဒိယနှင့် တရုတ်နိုင်ငံတို့မှ နှစ်စဉ်ဝယ်ယူမှုများရှိနေပြီး အရှေ့အလယ်ပိုင်းဒေသရှိ နိုင်ငံများမှာလည်း ယခင်နှစ်များက ဝယ်ယူမှုရှိခဲ့ကြောင်း သိရသည်။

မြေထောက်ပဲကို ဧရာဝတီမြစ်ဝှမ်းဒေသများဖြစ်သည့် ဇန်းမော်၊ ကသာ၊ ထီးချိုင့်နှင့် ရွှေကူမြို့နယ်များတွင် မြစ်ရေကျချိန် မြေနုကျွန်းများပေါ်၌ အောက်တိုဘာလအတွင်း စတင်စိုက်ပျိုးကြပြီး ဆောင်းသီးနှံအဖြစ် ဇန်နဝါရီလတွင် ထွက်ရှိကြောင်းနှင့် ချင်းတွင်းမြစ်ဝှမ်းဒေသ ကလေး၊ ကလေးဝမြို့နယ်များမှ စိုက်ပျိုးထွက်ရှိသည့် မြေထောက်ပဲများမှာလည်း ဖေဖော်ဝါရီလအတွင်း၌ စတင်ထွက်ရှိကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

## ဘုန်းမြင့်ကျော်(ခ)အားတီ မြန်မာနိုင်ငံအလံ တပ်ဆင်ထားသည့် ဂျာစီအင်္ကျီဖြင့် ယနေ့ ယှဉ်ပြိုင်မည်

ရန်ကုန် မေ ၁၄

မြန်မာ့လက်ရွေးစင် ပူးလ်ကစားသမား ဘုန်းမြင့်ကျော်(ခ)အားတီသည် မေ ၁၅ ရက် (ယနေ့) ညတွင် ကစားမည့် 2020 8 Battle Chinese Pool Super Match(Chinese 8 Ball) ပြိုင်ပွဲ၌ ၎င်း၏ ပဉ္စမမြောက်ပွဲစဉ်ကို မြန်မာနိုင်ငံအလံ တပ်ဆင်ထားသည့် ဂျာစီအင်္ကျီဖြင့် ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

ယခုပြိုင်ပွဲကြီး၏ အဓိက စပွန်ဆာဖြစ်သည့် ခန်းရှီးစိန့်ရှစ်ကုမ္ပဏီသည် အားတီကို အားပေးခဲ့ကြသော ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်တို့ အပါအဝင် မြန်မာပရိသတ်များ၏ အားတီအပေါ် လှိုက်လှိုက်လှဲလှဲ အားပေးမှုများကို လေးစားဂုဏ်ပြုသောအားဖြင့် အားတီ၏ ပြိုင်ပွဲဝင် ဂျာစီအင်္ကျီ၌ မြန်မာနိုင်ငံအလံတံဆိပ် တပ်ဆင်ပေးရန် မေလအစောပိုင်းက စီမံဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး ယမန်နေ့ မွန်းလွဲပိုင်းတွင် အဆိုပါဂျာစီကို ကုမ္ပဏီပိုင်ရှင် စွန်းယုန်ချောင်းကိုယ်တိုင် အားတီ အား ပေးအပ်ခဲ့သည်။

အာကာစိုး

## ပဲခူးတိုင်းဒေသကြီးအတွင်း သတင်းစာလပေး မှာယူဖတ်ရှုလိုသူများ ဆက်သွယ်ဝယ်ယူနိုင်

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ သတင်းစာဖတ် ပြည်သူများအတွက် မြန်မာ့အလင်း၊ ကြေးမုံသတင်းစာများအား လပေး မှာယူ ဖတ်ရှုလိုပါက အောက်ပါကိုယ်စားလှယ်ဖုန်းနံပါတ်များသို့ ဆက်သွယ်မှာယူနိုင်ကြောင်း အသိပေးအပ်ပါသည်-

| စဉ် | ကိုယ်စားလှယ်အမည် | မြို့နယ် | ဆက်သွယ်ရန်ဖုန်း |
|---|---|---|---|
| ၁။ | ဒေါ်ခင်သန်းမြင့် | ပဲခူး | ၀၉-၄၂၈၁၆၃၆၇၈ |
| ၂။ | ဦးတင်ဝင်း | ဘုရားကြီး | ၀၉-၄၀၀၄၄၈၇၉၇ |
| ၃။ | ဦးအောင်သန်းထွဋ် | သနပ္ပင် | ၀၉-၅၁၆၄၃၅၄ |
| ၄။ | ဒေါ်ချစ်နှင်းသုန် | ကဝ | ၀၉-၇၉၉၁၃၉၈၁၃ |
| ၅။ | ဦးကျော်သန်းလွင် | ဝေါ | ၀၉-၇၈၃၄၅၀၃၉၇ |
| ၆။ | ဒေါ်စောမြတ်ငွေ | ညောင်လေးပင် | ၀၉-၄၂၁၁၇၁၆၄၇ |
| ၇။ | ဦးဇော်ဝင်းလှိုင် | ဖောင်တော်သီ | ၀၉-၃၁၀၇၅၆၃၉ |
| ၈။ | ဒေါ်သိန်းခင် | ပဲနွယ်ကုန်း | ၀၉-၄၉၄၄၀၀၇၃ |
| ၉။ | ဒေါ်ညိုညိုလွင် | ဒိုက်ဦး | ၀၉-၈၉၄၈၁၄၁၅၂ |
| ၁၀။ | ဦးစိုးရည် | ရွှေကျင် | ၀၉-၆၉၄၀၈၆၂၄၄ |
| ၁၁။ | ဒေါ်ဦး | ကျောက်တံခါး | ၀၉-၂၅၂၂၀၆၂၆၅ |
| ၁၂။ | ဦးသိန်းနိုင် | ပြွန်တန်ဆာ | ၀၉-၇၉၁၂၂၀၄၄၅ |
| ၁၃။ | ဦးမြရွှေ | ပြည် | ၀၉-၄၀၁၅၄၅၀၉၄ |
| ၁၄။ | ဒေါ်အေးမြစိန် | ပေါက်ခေါင်း | ၀၉-၃၁၁၃၀၅၆၀ |
| ၁၅။ | ဒေါ်လှဲ့ဝါမြင့် | နတ္တလင်း | ၀၉-၄၂၃၆၆၇၇၆၃ |
| ၁၆။ | ဒေါ်မြင့်မြင့်သန်း | ပေါင်းတည် | ၀၉-၄၂၃၀၂၅၇၅၁ |
| ၁၇။ | ဦးမျိုးဦး | ပေါင်းတလည် | ၀၉-၂၅၁၁၀၂၆၇၁ |
| ၁၈။ | ဒေါ်သင်းသင်းအေး | ပန်းတောင်း | ၀၉-၂၅၇၂၆၈၆၇၇ |
| ၁၉။ | ဦးခင်မောင်ဦး | စစ်ကွင်း | ၀၉-၂၅၀၇၁၈၅၀၀ |
| ၂၀။ | ဦးဝင်းမော် | ကြို့ပင်ကောက် | ၀၉-၄၅၅၃၅၀၉၁၉ |
| ၂၁။ | ဦးသိန်းစိုး | သာယာဝတီ | ၀၉-၇၉၅၄၂၃၅၆၃ |
| ၂၂။ | ဦးကျော်မိုးအောင် | လက်ပံတန်း | ၀၉-၅၃၇၂၂၅၂ |

# မွေးမြူရေးကဏ္ဍတွင် ဖြစ်ပေါ်နေသည့် ပဋိဇီဝဆေးယဉ်ပါးမှုကို လျှော့ချနိုင်ရေးအတွက် ပဋိဇီဝဆေးများသုံးစွဲနေခြင်းကို ထိန်းချုပ်ကန့်သတ်သည့် ညွှန်ကြားချက်ထုတ်ပြန်

**နေပြည်တော် မေ ၁၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေ ပုဒ်မ ၃၃၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ မွေးမြူရေးကဏ္ဍတွင် ဖြစ်ပေါ်နေသည့် ပဋိဇီဝဆေးယဉ်ပါးမှုကို လျှော့ချနိုင်ရေးအတွက် ပဋိဇီဝဆေးများကို တိရစ္ဆာန်အစာများတွင် ကြီးထွားဆေး (Growth Promoter) အဖြစ် သုံးစွဲနေခြင်းကို ထိန်းချုပ်ကန့်သတ်နိုင်ရန် မေ ၁၁ ရက်က ညွှန်ကြားချက်အမှတ် (၄/၂၀၂၀) ကို ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါ ညွှန်ကြားချက်၌ –

ပြည်သူ့ကျန်းမာရေးအတွက် အသုံးပြုရန် သီးသန့်ထားရှိရမည့် ဆေးအုပ်စု (Watch Reserve Group) တွင် ပါဝင်နေသည့် အောက်ဖော်ပြပါပဋိဇီဝဆေးဝါးများနှင့် ခန္ဓာကိုယ်ကြီးထွားစေရန်အလို့ငှာ ဟော်မုန်းများကို တိရစ္ဆာန်အစာများ ဖော်စပ်ထုတ်လုပ်ရောင်းချရာ၌ ထည့်သွင်းအသုံးပြုခြင်းမပြုရ –

**တိရစ္ဆာန်အစာများတွင် ခန္ဓာကိုယ်ကြီးထွားစေရန်အလို့ငှာ သုံးစွဲရန် တားမြစ်ပိတ်ပင်မည့် မွေးမြူရေးလုပ်ငန်းသုံးဆေးဝါးများစာရင်း**

| စဉ် | အမည် | အကြောင်းအရာ | သုံးစွဲမှု | မှတ်ချက် |
|---|---|---|---|---|
| (က) | Colistin | ဆေးမျိုးစုံယဉ်ပါးသည့်အခါ နောက်ဆုံးအဆင့် အသုံးပြုရမည့်ဆေးဝါး (Last–resort for Multi–drug resistance ) | Bactericidal | Reserve group |
| (ခ) | 3rd & 4th gen: Cephalosporin | လူသားရောဂါအများစုကို ကုသရန် (To treat multiple human conditions) | Bactericidal | Watch group |
| (ဂ) | Fluroquinolone class | ဆဲလ်မိုနဲလားရောဂါနှင့် ဒေါင့်သန်းရောဂါကို ကုသရာတွင် အရေးကြီးသည့်ဆေးဝါး (Important for t/m of life threatening infections of Salmonella and Anthrax) | Bactericidal | Watch group |
| (ဃ) | Hormones | | Estrogen, progesterone, testosterone and their synthetic version | |

အထက်ဖော်ပြပါဆေးဝါးများမှအပ အခြားပဋိဇီဝဆေးဝါးများကို တိရစ္ဆာန်အစာများတွင် ထည့်သွင်းအသုံးပြုလိုပါက အောက်ပါ အဆင့်သတ်မှတ်ချက်များအတိုင်း အသုံးပြုရမည်–

| စဉ် | တိရစ္ဆာန်အမျိုးအစား | ပဋိဇီဝဆေးထည့်သွင်း အသုံးပြုခွင့်ပေးသည့်အဆင့် | ပဋိဇီဝဆေးထည့်သွင်းအသုံးပြုခြင်းအား တားမြစ်သည့်အဆင့် |
|---|---|---|---|
| (က) | ဥစားကြက်/ဘဲ/ ငုံး/ ကြက်ဆင် (Poultry–Layer) | ကြက်/ဘဲ/ ငုံး/ ကြက်ဆင်ငယ်အစာ၊ ကြက်/ဘဲ/ ငုံး/ ကြက်ဆင်မတမ်းအစာ | ဥကြက်မအစာ (18th week onward) ဥစားငုံးမအစာ (5th week onward) ဥစားဘဲမအစာ (22nd week onward) |
| (ခ) | အသားစားကြက်/ဘဲ/ ကြက်ဆင် (Poultry–Broiler) | ကြက်/ဘဲ/ကြက်ဆင်ငယ်အစာ၊ ကြက်/ဘဲ/ကြက်ဆင်လတ်အစာ | အသားတိုးကြက်/ ဘဲ / ကြက်ဆင်ကြီး/ Semi–broiler ကြက်ကြီးအစာ (7days before market) |
| (ဂ) | အသားတိုးဝက် (Swine) | ဝက်ငယ်အစာ (Pre–starter & Starter)၊ ဝက်လတ်အစာ (Grower) | ဝက်ကြီးအစာ (Finisher) |
| (ဃ) | နို့စားနွား (Dairy Cattle) | နွားငယ်အစာ (Calf Ration)၊ မတမ်းအစာ (Heifer Ration) | နို့ပေးနွားမအစာ (Lactating Cow Ration) နို့ခန်းနွားမစာ (Dry Cow Ration) |
| (င) | အသားစားနွား (Beef Cattle) | နွားငယ်အစာ (Calf Ration)၊ နွားလတ်အစာ (grower ration) | နွားကြီးအစာ (Fattening Ration) |

တိရစ္ဆာန်အစာအိတ်များတွင် အညွှန်းဖော်ပြရာ၌ Conventional Feed နှင့် Medicated Feed (၂) မျိုး ခွဲခြား၍ ဖော်ပြရမည့်အပြင် အောက်ပါအချက်များပါ ထည့်သွင်းဖော်ပြရမည်–

| No. | Conventional Feed | Medicated Feed |
|---|---|---|
| 1. | Brand name | Brand name |
| 2. | Feed type (crumbles, pellets, mash, etc.) | Feed type (crumbles pellets, mash, etc.) |
| 3. | Feeding program (eg. Feed code & age, Pre–starter/ starter/grower/ finisher) | Feeding program (eg. Feed code & age, Pre–starter/ starter/ grower/ finisher) |
| 4. | Net wt. | Net wt. |
| 5. | Mfg.date/Batch no. | Mfg.date/Batch no. |
| 6. | Exp. Date | Exp. date |
| 7. | Storage condition | Storage condition |
| 8. | Composition (CP, Moisture, Ash, Fat, Crude fiber, ME, etc.) | Composition (CP, Moisture, Ash, Fat, Crude fiber, ME, etc.) |
| 9. | Ingredients (Fish meal, Vitamins, minerals, etc.) | Ingredients (Fish meal, Vitamins, minerals, etc.) |
| 10. | Growth promoter | Active principle for treatment |
| 11. | Precaution | Precaution |
| 12. | Address | Address |

**မှတ်ချက်။** ။ နံပါတ် (3, 4, 5, 6, 7, 11, 12) တို့ကို မြန်မာဘာသာဖြင့် ထည့်သွင်းဖော်ပြရမည်ဖြစ်ပြီး ကျန်နံပါတ်များကို အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြရမည်။

ဤညွှန်ကြားချက်သည် ထုတ်ပြန်သည့်ရက်မှစ၍ ခြောက်လနောက်ပိုင်း ထုတ်လုပ်ရောင်းချသော တိရစ္ဆာန်အစာများအတွက် အကျိုးသက်ရောက်မှုရှိသည်။

ဤညွှန်ကြားချက်ကို လိုက်နာမှုရှိ/မရှိ ဈေးကွက်အတွင်း စစ်ဆေးခြင်း (Post Market Surveillance) ဆောင်ရွက်သွားမည်ဖြစ်ပြီး လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေအရ အရေးယူခြင်း ခံရမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

**သတင်းစဉ်**

# လေဖိအားနည်းရပ်ဝန်းနှင့် ပတ်သက်၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

**နေပြည်တော် မေ ၁၄**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ၁၄–၅–၂၀၂၀ ရက် ညနေ (၄)နာရီအချိန် ထုတ်ပြန်ချက်အရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေပြီး ပိုမိုအားကောင်းလာကာ နောက် ၂၄ နာရီအတွင်း ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတွင် မုန်တိုင်းငယ်(Depression)အဆင့်သို့ လည်းကောင်း၊ နောက် ၄၈ နာရီအတွင်း ဆိုင်ကလုန်းမုန်တိုင်း(Cyclonic Storm) အဆင့်သို့ လည်းကောင်း ရောက်ရှိနိုင်ကြောင်း၊ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် မုန်တိုင်းငယ်အဆင့်သို့ရောက်ရှိပြီးနောက်၊ ကနဦးတွင် အနောက်မြောက်ဘက်သို့ရွေ့လျားပြီး ၁၇–၅–၂၀၂၀ ရက်နေ့ နောက်ပိုင်းတွင် မြောက်–အရှေ့မြောက်ဘက်သို့ ကွေ့ကာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းသို့ ရွေ့လျားနိုင်သည်ဟု ခန့်မှန်းထားကြောင်း သိရှိရပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရှိ အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာနအနေဖြင့်လည်း ယခုကဲ့သို့ ကာလတွင် မုန်တိုင်းဖြစ်ပေါ်မှုဆိုင်ရာ၊ မိုးရွာသွန်းမှုဆိုင်ရာ သတင်းအချက်အလက်များကို မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ တရားဝင် ထုတ်ပြန်ချက်များနှင့် နိုင်ငံတကာမိုးလေဝသဆိုင်ရာ Website များတွင် အချိန်နှင့်တစ်ပြေးညီ လေ့လာဆန်းစစ်၍ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်နိုင်မှု အခြေအနေများနှင့် ထိခိုက်နိုင်ခြေများကို လေ့လာသုံးသပ်ဆောင်ရွက်လျက်ရှိပါသည်။

၁၇–၅–၂၀၂၀ ရက်နေ့ နောက်ပိုင်းတွင် မြောက်–အရှေ့မြောက်ဘက်သို့ ကွေ့လာပါက မုန်တိုင်းဦးတည်ရာလမ်းကြောင်းမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းအလယ်ပိုင်းနှင့် မြောက်ပိုင်းဒေသများဆီသို့ ဦးတည်လာနိုင်သည့် အလားအလာများကို မုန်တိုင်းလမ်းကြောင်း ခန့်မှန်းသည့် နိုင်ငံတကာ မိုးလေဝသအေဂျင်စီများ၏ အင်တာနက်စာမျက်နှာများတွင် လေ့လာတွေ့ရှိရပါသည်။

လတ်တလော လေ့လာဆန်းစစ်တွေ့ရှိချက်များအရ မုန်တိုင်းမှာ ခန့်မှန်းသည့်အတိုင်း မြောက်၊ အရှေ့မြောက်ဘက်သို့ ၁၇–၅–၂၀၂၀ ရက်နေ့နောက်ပိုင်းတွင် ဆက်လက်ရွေ့လျားခဲ့မည်ဆိုပါက ခန့်မှန်း ၁၉–၅–၂၀၂၀ ရက်နေ့တွင် မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်း အလယ်ပိုင်း၊ မြောက်ပိုင်းနှင့် ချင်းပြည်နယ်တောင်ပိုင်းဒေသများအနီးသို့ ရောက်ရှိလာနိုင်ကာ မုန်တိုင်း၏ အမြင့်ဆုံးလေတိုက်နှုန်းမှာ ခန့်မှန်း တစ်နာရီလျှင် မိုင် ၁၀၀ နှုန်းခန့်၊ မိုးရေချိန်မှာ အမြင့်ဆုံး ၃ လက်မမှ ၇ လက်မခန့်အထိ ရှိနိုင်ပြီး လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်း၊ မြေပြိုခြင်းအန္တရာယ်များနှင့် ကမ်းရိုးတန်းအချို့ နေရာများသည် မုန်တိုင်းကြောင့် မုန်တိုင်း ဒီရေတက်ခြင်းကို ကြုံတွေ့ရနိုင်ပါသည်။

ယခု ဖြစ်ပေါ်လျက်ရှိသော မုန်တိုင်းလမ်းကြောင်းခန့်မှန်းချက်သည် မိုးလေဝသဖြစ်စဉ် သဘောသဘာဝများကြောင့် အချိန်နှင့်အမျှပြောင်းလဲဖြစ်ပေါ်နိုင်သည်လည်းဖြစ်၍ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိသည့် ထုတ်ပြန်ချက်များကို စဉ်ဆက်မပြတ် ဂရုပြုနားထောင်ရန်လိုအပ်ပါသည်။

မြန်မာနိုင်ငံဘက်သို့ မုန်တိုင်းဝင်ရောက်မည်ဆိုပါက ကမ်းရိုးတန်းဒေသများသာမက ကုန်းတွင်းပိုင်းဒေသများသည်လည်း မုန်တိုင်းနှင့်ပတ်သက်၍ အထူးသတိပြုရန်လိုအပ်ပြီး အောက်ဖော်ပြပါ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အကြံပြုအပ်ပါသည်–

(၁) မုန်တိုင်းဖြစ်ပေါ်လာပါက လုံခြုံမှုရှိစေရေး ဘေးလွတ်ကင်းရာနေရာတွင် ခိုလှုံနေထိုင်ရန် လိုအပ်ပါသည်။ သို့ရာတွင် ယခုကာလသည် COVID–19 ကူးစက်ရောဂါဖြစ်ပွားနေချိန်ဖြစ်သဖြင့် တတ်နိုင်ပါက မိမိအိမ်၌သာ ခိုလှုံနေထိုင်နိုင်ရေးအတွက် နေအိမ်အဆောက်အဦ များအား လေဒဏ်၊ မိုးဒဏ်ခံနိုင်စေရန် ပြင်ဆင်ထားပါ။

(၂) လိုအပ်လာပါက အရေးပေါ်ပြောင်းရွှေ့နိုင်ရန်စီစဉ်ထားပြီး အရေးပေါ်သုံး ပစ္စည်းများ၊ စားရေရိက္ခာနှင့် အရေးကြီးစာရွက်စာတမ်းများကို မိမိနှင့်အတူ ထားရှိပါ။ COVID–19 ကူးစက်ရောဂါကာကွယ်နိုင်ရန် အတွက် ဆပ်ပြာ၊ လက်သန့်ဆေးရည်၊ ပါးစပ်နှင့် နှာခေါင်းစည်းများ ကြိုတင်စုဆောင်းယူဆောင်သွားပါ။

(၃) လက်နှိပ်ဓာတ်မီး၊ ဖယောင်းတိုင်၊ မီးခြစ်များ အရန်သင့်ဆောင်ထားပါ။ လက်ကိုင်ဖုန်းများကို အားသွင်းထားပါ။

(၄) မိသားစုဝင်များ ကွဲကွာသွားခဲ့ပါက ပြန်လည်ဆုံတွေ့နိုင်မည့် ဆုံရပ် သတ်မှတ်ထားပါ။ ဆက်သွယ်ရန် ဖုန်းနံပါတ်၊ အမည်၊ ရပ်ကွက်/ ကျေးရွာ၊ မြို့၊ ဆက်သွယ်ရမည့်သူ စသည်တို့အား ရေးသားပြီး မိသားစုဝင်တိုင်း ယူဆောင်ထားပါ။

(၅) ကမ်းခြေများအနီး နေထိုင်သူများ၊ အလုပ်လုပ်ကိုင်နေသူများ၊ ပင်လယ်ပြင်တွင် ငါးဖမ်းလုပ်ငန်းလုပ်ကိုင်နေသူများ မုန်တိုင်း သတင်းကို စဉ်ဆက်မပြတ် နားထောင်၊ လေ့လာ၍ အထူးသတိပြု နေထိုင်ပါ။ မုန်တိုင်းဒီရေတက်ရောက်နိုင်သည်ကိုလည်း သတိပြုပါ။

(၆) ကုန်းတွင်းပိုင်းဒေသများအနေဖြင့် မုန်တိုင်းဒဏ်ကို တိုက်ရိုက် မခံစားရသော်လည်း လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်းများ၊ မိုးကြိုးပစ်ခြင်းများလည်း ဖြစ်ပေါ်နိုင်သည့် အတွက် အထူးသတိပြုနေထိုင်ပါ။

(၇) တောင်ကျချောင်းများတွင် ရုတ်တရက်ရေကြီးမှုများ ဖြစ်လာနိုင်သဖြင့် တောင်ကျချောင်းများအနီး နေထိုင်သူများ အထူးသတိထားနေထိုင်ပါ။ လိုအပ်ပါက လုံခြုံသည့်နေရာသို့ ကြိုတင်ရွှေ့ပြောင်းပါ။

(၈) မြစ်၊ ချောင်းများအနီးနှင့် မြေပြိုမှုများဖြစ်ပေါ်နိုင်သည့်နေရာများမှ ခေတ္တရှောင်ရှားနေထိုင်ပါ။

(၉) မိမိတို့ရပ်ရွာအတွင်း မုန်တိုင်းဒဏ်ခံနိုင်သည့် နီးစပ်ရာအိမ်များ၊ အဆောက်အဦများသို့ ရွှေ့ပြောင်းနေထိုင်သည်ဖြစ်စေ၊ သတ်မှတ်ထားသည့် ဘေးလွတ်ကင်းရာ နေရာများသို့ ရွှေ့ပြောင်းသည်ဖြစ်စေ COVID–19 ကူးစက်ရောဂါဆိုင်ရာ လိုက်နာရမည့် ညွှန်ကြားချက်များကို တိကျစွာလိုက်နာပါ။

ပြည်သူများအနေဖြင့် မုန်တိုင်းဖြစ်ပေါ်မှုအခြေအနေနှင့်ပတ်သက်၍ စဉ်ဆက်မပြတ်လေ့လာကာ အရေးပေါ်အချိန်တွင် သက်ဆိုင်ရာတာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုများအတိုင်း လိုက်နာဆောင်ရွက်ခြင်းဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄)နာရီဖွင့်လှစ်ထားရှိသော Hot–line ဖုန်းများဖြစ်သည့် ၀၆၇–၃၄၀၄၆၆၆ နှင့် ၀၆၇–၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ် သတင်းရယူ၊ အကူအညီ တောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်အတွင်း တရုတ်နိုင်ငံသား တစ်ဦးကို ဓားဖြင့်ထိုးသတ်သူများအား ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၄**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်အတွင်း တရုတ်နိုင်ငံသား တစ်ဦးကို ဓားဖြင့် ထိုးသတ်သူများအား ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် အလယ်ကျေးရွာ ဦးထွန်းညို လမ်းမဘေးတွင် ရပ်ထားသော YGN 5C/---- တိုယိုတာ Platinum ယာဉ်ပေါ်တွင် မေ ၁၁ ရက် ညနေ ၃ နာရီခွဲခန့်က တရုတ်နိုင်ငံသား Mr. Yan Bang Chao (၆၃နှစ်) အား ဓားဒဏ်ရာများနှင့် သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် သောင်ကြီးနယ်မြေရဲစခန်း (ပ)၁၁၂၆/၂၀၂၀၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်ခဲ့ကြောင်း။

အမှုအား ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ဝင်များက ပူးပေါင်းစစ်ဆေးခဲ့ပြီး မှုခင်းဖြစ်ပွားရာ အနီးတစ်ဝိုက်ရှိ CCTV မှတ်တမ်းများ၊ ပတ်ဝန်းကျင်ရှိသက်သေများကို စုံစမ်းစစ်ဆေးခြင်း၊ ပြစ်မှုကျူးလွန်သူ မသင်္ကာဖွယ် တရားခံတို့၏ ပုံသဏ္ဌာန်များကို ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ရှိ ရဲစခန်းများသို့ ပေးပို့ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း။



ရဲကိုကိုနှင့် ဟန်ဝင်းထွန်း (ခ) ငပွေး တို့ နှစ်ဦးအား သက်သေခံ ပစ္စည်းများနှင့် အတူ တွေ့ရစဉ်။

စုံစမ်းစစ်ဆေးချက်နှင့် သတင်းပေးချက်အရ မှုခင်း ဖြစ်ပွားရာ နေရာများတွင် ယာဉ်တိုက်ခံရသည်ဟု ဟန်ဆောင်ကာ ခြိမ်းခြောက်ငွေတောင်းတတ်သူများ ဖြစ်နိုင်ကြောင်း သုံးသပ်၍ စစ်ဆေးပေါ်ပေါက်ချက်အရ မသင်္ကာဖွယ် လူနှစ်ဦးအား ဖမ်းဆီးရမိရေးဆောင်ရွက် ခဲ့ရာ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် ညောင်ရွာနေ ရဲကိုကို (၃၀နှစ်)အား မေ ၁၃ ရက် ညနေ ၃ နာရီခွဲခန့်တွင် ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးရာ ပြစ်မှုကျူးလွန်သူ ရဲကိုကိုက ဝန်ခံထွက်ဆိုပြီး ၎င်းထံမှ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သော ဓားနှင့် အဝတ်အစားများ၊ သေဆုံးသူထံမှ လုယူခဲ့သော အမေရိကန် ဒေါ်လာ ၁၀၀ တန် ခြောက်ရွက်နှင့် မြန်မာငွေကျပ် ၂၃၀၀၀၀ တို့ကို သိမ်းဆည်းရမိကြောင်း။

စစ်ဆေးချက်အရ ၎င်းနှင့်အတူ ပြစ်မှုကျူးလွန် ခဲ့သူ သာယာဝတီမြို့နယ် ကွင်းကြီးကျေးရွာနေ ဟန်ဝင်းထွန်း(ခ) ငပွေး(၂၆နှစ်) အား မေ ၁၃ ရက် ည ၁၀ နာရီ ၁၅ မိနစ်ခန့်တွင် တိုက်ကြီးမြို့နယ် ကျိုက်စကိုင်းကျေးရွာ၌ ဖမ်းဆီးရမိခဲ့ပြီး ၎င်းထံမှ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဆိုင်ကယ် တစ်စီး၊ အဝတ်အစားများ၊ သေဆုံးသူထံမှ လုယူသွားသော တရုတ်ယွမ်ငွေတချို့နှင့် မြန်မာငွေကျပ် ၈၇၀၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း။

ပြစ်မှုကျူးလွန်ရန်အတွက် ရွေးချယ်ရာတွင် မော်တော်ယာဉ်ကို တစ်ဦးတည်း မောင်းနှင်ပြီး ငွေကြေးတတ်နိုင်သည့် အနေအထားရှိသူများအား ရွေးချယ်ပြီး ကားနှင့်ဆိုင်ကယ်တိုက်သည့် အနေအထားဖြစ်စဉ်ကို ဖန်တီး၍ လျော်ကြေးငွေကို ခြိမ်းခြောက်တောင်းခံခြင်း၊ ယာဉ်ပိုင်ရှင်မှ ရှေ့တွင် အာရုံစိုက်နေစဉ် မော်တော်ယာဉ် အတွင်းမှ အဖိုးတန်ပစ္စည်း၊ ပိုက်ဆံအိတ်တို့ကို ခိုးယူခြင်း ဖြစ်စဉ်များ ဖော်ထုတ်ရရှိခဲ့ကြောင်းနှင့် ပြစ်မှုကျူးလွန်သူတို့၏ ယခင်က ပြစ်မှုကျူးလွန်ခဲ့မှုကို ဆက်လက်ဖော်ထုတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ရဲပြန်ကြား**

## ကြို့ပင်ကောက်တွင် ညမထွက်ရအမိန့် ဖောက်ဖျက်ကျူးလွန်သူ ၂၇ ဦးအား အရေးယူထား

**ကြို့ပင်ကောက် မေ ၁၄**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်တွင် ယမန်နေ့ ညပိုင်းက ညမထွက်ရအမိန့် လိုက်နာမှု မရှိသူ ၂၇ ဦးအား ဖမ်းဆီးအရေးယူထားကြောင်း မြို့မရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ကြို့ပင်ကောက်မြို့နယ်အတွင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟဇော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းမြင့်နှင့် တပ်ဖွဲ့ဝင်များက လှည့်လည်စစ်ဆေးခဲ့ပြီး ရန်ကုန်-ပြည်အဝေးပြေးကားလမ်း မြို့လယ်နာရီစင်လမ်းဆုံတွင် အရေးပေါ် ကျန်းမာရေးလုပ်ငန်းကားများမှလွဲ၍ မည်သည့်ယာဉ်အမျိုး အစားမဆို ည ၁၀ နာရီကျော်လျှင် ဖြတ်သန်းသွားလာခွင့်မပြုဘဲ နံနက် ၄ နာရီအထိ ညအိပ်ရပ်နားထားစေခဲ့ရာ ယင်းနေ့ညအထိ ဒေသန္တရအမိန့်ဖြင့် ညမထွက်ရ အမိန့် လိုက်နာမှုမရှိသူ ၂၇ ဦး အား စစ်ဆေးတွေ့ရှိ၍ အရေးယူဆောင်ရွက်ထားကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးက ပြောသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

## ကော့သောင်းမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၄**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ မွန်းတည့်က ကော့သောင်းမြို့ အောင်သုခ ရပ်ကွက် ၄ဝါလမ်း အိမ်အမှတ် (၅၃၇)နေ ဖြိုးလွင်ဦး၏ နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ ဇော်ဝင်းခက်(ခ)ရွှေအိုးစည်ကို တွေ့ရှိရပြီး နေအိမ်အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၅၅၀၊ လက်ကိုင်ဖုန်း တစ်လုံးတို့ကို သိမ်းဆည်း ရမိခဲ့ကာ ကွင်းဆက်အရ ကော့သောင်းမြို့ သီရိမြိုင်ရပ်ကွက် ဆင်ဖြူရှင်လမ်း နေ မယဉ်နွယ်သိန်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းအား လက်ကိုင်ဖုန်း တစ်လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## မြန်မာမိန်းကလေးများအား တရုတ်နိုင်ငံရှိ အငှားကိုယ်ဝန်ဆောင်လုပ်ငန်းသို့ ပို့ဆောင်ရောင်းစားခဲ့သူကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ် နှစ်ရှည်ချမှတ်

**နေပြည်တော် မေ ၁၄**

မြန်မာမိန်းကလေးများအား တရုတ်နိုင်ငံရှိ အငှားကိုယ်ဝန်ဆောင်လုပ်ငန်းသို့ ပို့ဆောင်ရောင်းစားခဲ့သူကို လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေအရ ထောင်ဒဏ်နှစ်(၄၀) ချမှတ်ခဲ့ကြောင်း လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ သိရသည်။

ကချင်ပြည်နယ် မြစ်ကြီးနား မြို့နယ်နေ မစုစုနိုင်(ခ) အကျဲ(ခ) အားဟွေ့နှင့် ဒေါ်ဂျုံးရွှယ် (ခ) ဂျုံးညွှယ်တို့သည် ဝိုင်းမော်မြို့နယ် နောင်မွန်ကျေးရွာနေ မ---- (၁၉ နှစ်) အား တရုတ်နိုင်ငံရှိ ဖိနပ် စက်ရုံတွင်လုပ်ကိုင်ပါက တစ်လလျှင် ငွေကျပ် နှစ်သိန်းငါးသောင်းရမည်ဟု လိမ်လည်စည်းရုံး၍ တရုတ်နိုင်ငံ တုံဖျင့်မြို့ရှိ အငှားကိုယ်ဝန်ဆောင် လုပ်ငန်းသို့ ပို့ဆောင်ရောင်းစားခဲ့ သဖြင့် ဝိုင်းမော်မြို့မရဲစခန်း၌ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄/၃၂ ဖြင့်လည်းကောင်း။

အဆိုပါ တရားခံများကပင် နောင်ချိန်းကျေးရွာနေ၊ မ --- (၁၈နှစ်) အား အငှားကိုယ်ဝန်ဆောင် လုပ်ငန်းသို့ ပို့ဆောင်ရောင်းစားခဲ့ သဖြင့် ဝိုင်းမော်မြို့မရဲစခန်း၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄/၃၂ ဖြင့် လည်းကောင်း၊ မစုစုနိုင်(ခ)အကျဲ(ခ)အားဟွေ့သည် မြစ်ကြီးနားမြို့နယ်နှင့် မိုးညှင်းမြို့နယ်နေ မ --- (၂၁နှစ်) ပါ ခြောက်ဦးအား အငှားကိုယ်ဝန်ဆောင် လုပ်ငန်းသို့ ပို့ဆောင်ရောင်းစားခဲ့ သဖြင့် မြစ်ကြီးနားမြို့မရဲစခန်း၌ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ ဖြင့် လည်းကောင်း။

ဝိုင်းမော်မြို့နယ် နောင်မွန်း ကျေးရွာနေ မ --- (၁၉ နှစ်) အား အငှားကိုယ်ဝန်ဆောင် လုပ်ငန်းသို့ ပို့ဆောင်ရောင်းစားခဲ့သဖြင့် ဝိုင်းမော်မြို့မရဲစခန်း၌ လူကုန်ကူးမှုတားဆီး ကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ ဖြင့် လည်းကောင်း အမှုဖွင့်ခဲ့ပြီး မြစ်ကြီးနားခရိုင် တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့ရာ တရားခံ မစုစုနိုင် (ခ) အကျဲ(ခ) အားဟွေ့အား တစ်မှုလျှင် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီဖြင့် လေးမှုအတွက် အလုပ်နှင့်ထောင်ဒဏ် နှစ် ၄၀ ကို သီးခြားကျခံစေရန်၊ တရားခံ ဒေါ်ဂျုံးရွှယ်(ခ) ဂျုံးညွှယ်အား တစ်မှု အတွက် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ကျောက်ကြီးမြို့နယ်စောင့်ကြည့်စခန်းတွင် မူးယစ်ရမ်းကားသူအား အလုပ်နှင့် ထောင်ဒဏ် သုံးလ အမိန့်ချ

**ကျောက်ကြီး မေ ၁၄**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီး မြို့နယ်တရားရုံးမှ စောင့်ကြည့်စခန်း တွင် မူးယစ်ရမ်းကားသူ အမျိုးသား တစ်ဦးအား ယမန်နေ့က အလုပ်နှင့် ထောင်ဒဏ် သုံးလ အမိန့်ချမှတ်ခဲ့ ကြောင်း သိရသည်။

ထိုင်းနိုင်ငံမှ မေ ၆ ရက်တွင် ပြန်လာသော တုံးကြီးကျေးရွာနေသူ အသက် (၃၈ နှစ်)ရှိ အဆိုပါ အမျိုးသား အား ကျောက်ကြီးမြို့ သိန်တန်း ရပ်ကွက်ရှိ အခြေခံပညာအထက်တန်း ကျောင်းရှိ စောင့်ကြည့်စခန်းတွင် ၂၁ ရက် စောင့်ကြည့်ထားရှိခဲ့ရာ ယင်းနေ့ ညနေပိုင်းတွင် မည်သူမျှမသိအောင် ပြန်သွားခဲ့ပြီး သောက်စားမူးယစ်ကာ ပြန်လည်ရောက်ရှိလာကြောင်း၊ မေ ၇ ရက် ညနေပိုင်းတွင် စောင့်ကြည့်ရေး စခန်း၌ ဒုတိယအကြိမ်မူးယစ် သောက်စားခြင်းများပြုလုပ်၍ တာဝန် ရှိသူများအား ခြိမ်းခြောက်ခြင်းများ ပြုလုပ်ခဲ့သဖြင့် ယမန်နေ့တွင် မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနက လက်ထောက် ကျန်းမာရေးမှူးက ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၁၈ အရ အရေးယူပေး ပါရန် မြို့နယ်တရားရုံးသို့ ဦးတိုက် လျှောက်ထားခဲ့ခြင်း ဖြစ်ကြောင်း ရဲမှတ်တမ်းအရ သိရသည်။

သို့ဖြစ်၍ ကျောက်ကြီးမြို့နယ် တရားရုံးက ရာဇကြီးမှုအမှတ် ၅၉/၂၀၂၀ ကူးစက်ပုဒ်မ ၁၈ အရ လက်ခံစစ်ဆေးပြီး ၎င်းအား အလုပ် နှင့် ထောင်ဒဏ် သုံးလတိတိကျခံစေ ရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**ကိုသားကြီး( ကျောက်ကြီး)**

## ဟုမ္မလင်း၊ ဝက်လက်နှင့် စလင်းမြို့နယ်တို့တွင် မီးလောင်မှုများဖြစ်ပွား

**ဝက်လက်**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ရွှေကျင် (အနောက်) ကျေးရွာတွင် ယမန်နေ့ညက မီးလောင်မှုဖြစ်ရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးမောင်းနိုန် ဦးဆောင်၍ မီးငြိမ်းသတ်ယာဉ် တစ်စီး၊ လှတောနယ်မြေ မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် တစ်စီး၊ သန္နေမီးသတ် တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူများက ဝိုင်းဝန်း ငြိမ်းသတ်ခဲ့သည်။

မီးလောင်မှုဖြစ်ပွားရခြင်းမှာ အိမ်ရှင် ဦးဝင်းဇော်ဦး (၄၆နှစ်) ၏နေအိမ် မီးကြွင်းမီးကျန်မှုတစ်ဆင့် မီးဖို ဆောင်နံရံသို့ မီးကူးစက်ကာ မီးလောင်မှုစတင်ဖြစ်ပွားခဲ့ သည်။ မီးလောင်မှုကြောင့် ဦးဝင်းဇော်ဦး၏ နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့သည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ ဦးဝင်းဇော်ဦးကို ရွှေပန်းကုံးနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **မိုးသောက်(ရွှေဘို)**

**စလင်း**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဥဿျစ်ကုန်းကျေးရွာ၌ ယနေ့ နံနက် ၈ နာရီကျော်က အိမ်ရှင်ဦးသိန်းမောင် (၈၂နှစ်) ၏နေအိမ်တွင် လျှပ်စစ်ရေနွေးအိုးတည်ရာမှ အပူလွန်ကဲပြီး လူနေအိမ်မီးလောင်မှုဖြစ်ရာ မြို့နယ်မီးသတ် ဦးစီးမှူး ဦးဝင်းဗိုလ် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ၊ တညောင်နယ်မြေ မီးသတ်စခန်းနှင့် ကျေးရွာနေပြည်သူ များက ဝိုင်းဝန်းငြိမ်းသတ်ခဲ့သည်။

မီးလောင်မှုကြောင့် အိမ်ရှင် ဦးသိန်းမောင်၏ နေအိမ် တစ်လုံး မီးလောင်ဆုံးရှုံးခဲ့၍ မီးဘေးသင့်ပြည်သူ သုံးဦးအား နီးစပ်ရာဆွေမျိုးများ နေအိမ်တွင် နေထိုင်လျက်ရှိကာ လူနှင့်တိရစ္ဆာန်ထိခိုက်မှုမရှိကြောင်း၊ မီးပေါ့ဆစွာ သုံးစွဲ သော အိမ်ရှင်အား တညောင်နယ်မြေရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးမိုးသူ( စလင်း)**



ရွှေစင်အောင် ကုန်တင်ရေယာဉ်မီးလောင်နေမှုကို ဝိုင်းဝန်းငြိမ်းသတ်ကြစဉ်။

**ဟုမ္မလင်း**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့ ခိုပဲဝရပ်ကွက် ချင်းတွင်းမြစ် ဆိပ်ကမ်းတွင် ယမန်နေ့ ညနေက "ရွှေစင်အောင်"ကုန်တင်အမြန်ရေယာဉ်တစ်စင်း မီးလောင် မှုဖြစ်ရာ ဟုမ္မလင်းမြို့နယ် မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဝင်းမင်းထွန်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်ငြိမ်းသတ်ခဲ့သည်။

အဆိုပါမီးလောင်မှုမှာ ဟွန်ဒါဆီစုပ်စက်ဖြင့် မော်တော် ပေါ်ရှိ ဆီပီပါအတွင်းမှ ဆီများကို ကမ်းပေါ်ရှိ ဆီပီပါသို့ ဆီလှယ်နေစဉ် မီးလောင်ခဲ့ရာ ရေယာဉ်ပေါ်ရှိ ဆီပီပါ ၁၃ လုံးနှင့်ပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့သည်။

အဆိုပါမီးလောင်မှုနှင့် ပတ်သက်၍ ရေယာဉ်မောင်း ဦးကျော်မျိုးဝင်းအား အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **လင်းလင်း(ပြန်/ဆက်)**

# ဂျပန်အစိုးရက နိုင်ငံတော်အရေးပေါ်အခြေအနေရုပ်သိမ်းရေးနှင့် ပတ်သက်ပြီး အကြံပေးအဖွဲ့နှင့်တိုင်ပင်

တိုကျို မေ ၁၄

**ဂျပန်အစိုးရသည် မြို့ပေါင်း ၃၉ မြို့တွင် အရေးပေါ်အခြေအနေထုတ်ပြန်ချက်ကို ဖယ်ရှားပေးမည့်အစီအစဉ်နှင့် ပတ်သက်ပြီး အကြံပေးအဖွဲ့နှင့် တိုင်ပင်သွားမည်ဖြစ်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။**

ကူးစက်ရောဂါကျွမ်းကျင်သူများပါဝင်သော အကြံပေးအဖွဲ့သည် မေ ၁၄ ရက် နံနက်ပိုင်းတွင် အစည်းအဝေးကျင်းပခဲ့သည်။

စီးပွားရေးပြန်လည်ထူထောင်ရေးဝန်ကြီး နီရှီမူရာ ယာဆူတိုရှိက ၃၄ မြို့တွင် နိုင်ငံတော်အရေးပေါ်အခြေအနေရုပ်သိမ်းပေးရန် အကြံပေးအဖွဲ့၏ အမြင်ကိုရယူခဲ့သည့်အပြင် အခြား ငါးမြို့တွင် အထူးသတိပေးချက်ဆက်လက်ထားရှိခဲ့သည်။

နီရှီမူရာက အဆိုပါမြို့များတွင် ကိုဗစ်-၁၉ ဖြစ်ပွားမှုအရေအတွက် ကျဆင်းလာကြောင်း ပြောကြားသည်။ ထို့အပြင် အစိုးရအနေဖြင့် အဆိုပါ မြို့များတွင် ဆေးဘက်ဆိုင်ရာ ဂရုစိုက်စောင့်ရှောက်မှု လုံလောက်သည့်အနေအထားရှိသောကြောင့် အရေးပေါ်ကြေညာချက် ရုပ်သိမ်းရန် အဆင်ပြေကြောင်းလည်း ပြောကြားလိုက်သည်။

သို့သော်လည်း တိုကျို၊ အိုဆာကာနှင့် အခြားခြောက်မြို့တွင် အရေးပေါ်အခြေအနေရုပ်သိမ်းရေးကိစ္စကို မဆွေးနွေးခဲ့ကြောင်း သိရသည်။

နီရှီမူရာက ကိုဗစ်- ၁၉ လူနာအစုလိုက်တွေ့ရှိခဲ့သော အီမီမြို့ကိစ္စကို မည်သို့ပြုလုပ်သင့်သည်နှင့်ပတ်သက်ပြီးဆွေးနွေးရန် အကြံပေးအဖွဲ့ကို ပြောကြားသည်။

အကယ်၍ ကိုဗစ်-၁၉ ကူးစက်မှုအသစ် ထပ်မံဖြစ်ပွားပါက အရေးပေါ်အခြေအနေ ဒုတိယအဆင့်ကို ကြေညာရန် အကြံပေးအဖွဲ့၏ အမြင်ကိုလည်း ၎င်းက တောင်းခံခဲ့သည်။

ထို့အပြင် နိုင်ငံတော်အရေးပေါ်အခြေအနေကြေညာချက် ရုပ်သိမ်းလိုက်သော မြို့များတွင်လည်း မည်သည့်ဆောင်ရွက်မှုမျိုး ထပ်မံလုပ်ဆောင်သင့်ကြောင်းလည်း နီရှီမူရာက ဆွေးနွေးခဲ့သည်။

အစိုးရသည် လွှတ်တော်နှစ်ရပ်ရှိ လုပ်ငန်းစဉ်ချမှတ်လမ်းညွှန်ပေးသောအဖွဲ့သို့ အစီအစဉ်များကို တင်ပြမည်ဖြစ်ပြီး တင်ပြသောနေ့ နောက်ပိုင်းတွင် မေးခွန်းများ မေးမြန်းမည်ဖြစ်သည်။

အစိုးရ၏ ကိုဗစ်-၁၉ လုပ်ငန်းအဖွဲ့ကအဆိုပါအစီအစဉ်နှင့် ပတ်သက်ပြီး နောက်ဆုံးဆုံးဖြတ်ချက်ကို တင်ပြသောနေ့ ညနေပိုင်းတွင် ပေးမည်ဖြစ်သည်။



ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး။

**အင်န်အိတ်ချ်ကေ**

# အိန္ဒိယအစိုးရက နိုင်ငံတွင်း ကိုဗစ်-၁၉ အသွားအလာကန့်သတ်ပိတ်ဆို့မှု ထပ်မံမပြဋ္ဌာန်းမီ ခရီးသည်ရထားလက်မှတ်များအားလုံးကို ဇွန် ၃၀ ရက်အထိ ဖျက်သိမ်း

**နယူးဒေလီ မေ ၁၄**

အိန္ဒိယနိုင်ငံအစိုးရက နိုင်ငံတွင်း ကိုဗစ်-၁၉ အသွားအလာကန့်သတ်ပိတ်ဆို့မှုထပ်မံ မပြဋ္ဌာန်းမီ ခရီးသည်ရထားလက်မှတ်များ အားလုံးကို ဇွန် ၃၀ ရက်အထိ ဖျက်သိမ်းကြောင်း အမိန့်ထုတ်ပြန်လိုက်သည်။

သို့သော်လည်း ရွှေ့ပြောင်းလုပ်သားများအား မွေးရပ်မြေသို့ ပြန်လည်ပို့ဆောင်ပေးသော ရှာရာမစ်ခ် အထူးရထားကို ဖျက်သိမ်းမည်မဟုတ်သလို ယခုသီတင်းပတ်အတွင်း ဒေလီနှင့် အဓိကဘူတာရုံ ၁၅ ခုသို့ ပြေးဆွဲနေသော ခရီးသည်ရထားလိုင်းများကို ပုံမှန်ခရီးစဉ်အတိုင်း ဆက်လက်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

စာပို့ရထား၊ အမြန်ရထား အပါအဝင် ပုံမှန်ခရီးသည်ဝန်ဆောင်မှုပေးနေသော ရထားလိုင်းဝန်ဆောင်မှုအားလုံးကို နောက်ထပ် အမိန့်တစ်စုံတစ်ရာ ထုတ်ပြန်ကြေညာခြင်း မရှိသရွေ့ ဖျက်သိမ်းသွားမည်ဖြစ်ကြောင်း၊ ဇွန် ၃၀ ရက်အထိ ရထားလက်မှတ်များကိုလည်း ဖျက်သိမ်းသွားမည်ဖြစ်ကြောင်း ရထားအရာရှိတစ်ဦးက ပြောကြားလိုက်သည်။

ဖျက်သိမ်းခြင်း ခံလိုက်ရသည့် လက်မှတ်ခများကို ခရီးသည်များအား အပြည့်အဝ ပြန်လည်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတွင်း အသွားအလာကန့်သတ်ပိတ်ဆို့ခြင်းမပြုမီ သုံးရက်အလိုဖြစ်သော မတ် ၂၂ ရက်အထိ ခရီးသည်ရထားများ အားလုံးကို ရပ်ဆိုင်းထားကြောင်း၊ ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို တားဆီးရန်အတွက် အသွားအလာကန့်သတ်ပိတ်ဆို့မှုများ ပြုလုပ်ရခြင်းဖြစ်ကြောင်း သိရသည်။

ယခုလအစောပိုင်းက အစိုးရသည် သောင်တင်နေသော ရွှေ့ပြောင်းလုပ်သားများအတွက် အထူးရထားလိုင်းများကို ပြေးဆွဲပေးခဲ့သည်။ အိန္ဒိယရထားလိုင်းက ခရီးသည်ရထားလိုင်းများကို အဆင့်လိုက်စီမံချက်များအတိုင်း ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း တနင်္ဂနွေနေ့ကပြောကြားလိုက်သည်။

ရှာရာမစ်ခ်အထူးရထား ၆၄၂ စင်းကို ၂၀၂၀ ပြည့်နှစ် မေ ၁၃ ရက်မှစပြီး နိုင်ငံတစ်ဝန်းရှိ ပြည်နယ်များသို့ ပြေးဆွဲပေးလျက်ရှိရာ ခရီးသည် ၇၉၀၀၀၀ ခန့်မှာ ၎င်းတို့၏ ဇာတိဒေသများသို့ ပြန်လည်ရောက်ရှိသွားပြီဖြစ်ကြောင်း အိန္ဒိယမီးရထားကြေညာချက်တွင် ထုတ်ပြန်ဖော်ပြထားသည်။

မေ ၁၇ ရက်မှစကာ တတိယအဆင့် ကိုဗစ်- ၁၉ အသွားအလာကန့်သတ်ပိတ်ဆို့မှု ပြီးဆုံးမည်ဖြစ်ရာ စတုတ္ထအဆင့် ကိုဗစ်- ၁၉ အသွားအလာကန့်သတ်ပိတ်ဆို့မှုကို မကြာမီပြဋ္ဌာန်းသွားတော့မည်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံရထားကွန်ရက်ကြီးသည် ကမ္ဘာ့တတိယအကြီးဆုံး ကွန်ရက်ကြီးဖြစ်ပြီး တစ်နေ့လျှင် လူပေါင်း ၂၃ သန်းခန့်အသုံးပြုသည်။ အသွားအလာ ကန့်သတ်ပိတ်ဆို့မှု ထပ်မံမပြုလုပ်မီ ရထားအစင်းပေါင်း ၁၂၀၀၀ ခန့် နေ့စဉ်ပြေးဆွဲလျက်ရှိကြောင်း အိန္ဒိယမီးရထား ကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။



မွမ်ဘိုင်းမြို့ ဘူတာကြီးမှ နယူးဒေလီသို့ထွက်ခွာမည့် အထူးရထားပေါ်သို့ တက်ရန်ပြင်ဆင်နေသည့် ခရီးသည်များအားတွေ့ရစဉ်။

**ဆင်ဟွာ**

## ကိုဗစ်-၁၉ အန်တီဂျန်စမ်းသပ်မှု နည်းလမ်းတစ်ခု ဂျပန်ကျန်းမာရေးဝန်ကြီးဌာန အတည်ပြု

**တိုကျို မေ ၁၄**

ကိုဗစ်-၁၉ အန်တီဂျန် (ခန္ဓာကိုယ်တွင်းရောဂါဘယဖြစ်စေသည့် ပဋိပစ္စည်း) များကို လွယ်လွယ်ကူကူလျင်လျင်မြန်မြန် စစ်ဆေးပေးနိုင်သည့် နည်းလမ်းတစ်ခုကို ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုလိုက်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

**နာရီဝက်ဖြင့် အဖြေထွက်လာမည်**

ယမန်နေ့က အတည်ပြုလိုက်သည့် ရောဂါကူးစက်မှု ရှိ မရှိ စမ်းသပ်သည့် ကိရိယာကိုသုံးစွဲသော နည်းလမ်းသည် ပီစီအာရ်စမ်းသပ်မှုကဲ့သို့ ကျွမ်းကျင်အရည်အသွေးများ မလိုအပ်ဘဲ နာရီဝက်ဖြင့် အဖြေထွက်လာမည်ဖြစ်ကြောင်း သိရသည်။

**ကူးစက်ခံရမည့် အန္တရာယ်များရှိ**

အဆိုပါ စမ်းသပ်မှုဆောင်ရွက်ချိန်တွင် ကျန်းမာရေးစောင့်ရှောက်ရေးဝန်ထမ်းများ ကူးစက်ခံရမည့် အန္တရာယ်ရှိကြောင်း သိရသည်။

ထို့ကြောင့် အဆိုပါစမ်းသပ်မှုများကို ကာကွယ်တားဆီးရေးလုပ်ငန်းစဉ်များကို စေ့စေ့စပ်စပ်လုပ်ဆောင်နေသော ဆေးကုသရေးဌာနများတွင်သာ ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အချိန်အတိုင်းအတာတစ်ခုအထိ အဆိုပါစမ်းသပ်ရေးကိရိယာသစ်ကို တိုကျို၊ အိုဆာကာနှင့် အခြားကူးစက်မှုအရေအတွက် မြင့်မားသည့်ဒေသများတွင် အဓိကသုံးစွဲမည်ဖြစ်သည်။

**ပီစီအာရ်နည်းဖြင့် ထပ်မံစမ်းသပ်သွားမည်**

အန်တီဂျန်စမ်းသပ်မှုသည် တိကျမှုနည်းပြီး ဗိုင်းရပ်စ်ပိုးကူးစက်ခံထားရသော်လည်း မဖော်ထုတ်နိုင်သည့်အခြေအနေများလည်း ရှိသောကြောင့် ကူးစက်မှုမရှိဘူးဟု အဖြေထွက်သူများကိုလည်း ပီစီအာရ်နည်းဖြင့် ထပ်မံစမ်းသပ်သွားမည်ဖြစ်သည်။

အန်တီဂျန်စမ်းသပ်မှု ခံယူသင့်သည့်သူများနှင့် ပတ်သက်သည့် လမ်းညွှန်ချက်များကိုလည်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# တောင်အာဖရိကသမ္မတ အသွားအလာကန့်သတ်မှုများကို ဖြေလျှော့ပေးရန် စီစဉ်

**ကိပ်တောင်း မေ ၁၄**

တောင်အာဖရိကနိုင်ငံသည် ယခုလနှောင်းပိုင်း၌ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ချမှတ်ထားသော အသွားအလာကန့်သတ်မှုများကို ဖြေလျှော့ပေးရန် စီစဉ်လျက်ရှိကြောင်း သမ္မတ ဆိုင်ရယ် ရာမာဖူဆာက မေ ၁၃ ရက်တွင် ပြောကြားလိုက်သည်။

မိမိတို့သည် အသွားအလာကန့်သတ်ပိတ်ဆို့မှုများကို နောက်ထပ်ဖြေလျှော့ပေးရန် ပြင်ဆင်နေကြောင်းနှင့် စီးပွားရေးများကိုလည်း တဖြည်းဖြည်း ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ရာမာဖူဆာက နိုင်ငံသို့ ပြောကြားသော မိန့်ခွန်းတွင် ပြောကြားလိုက်သည်။ မေလအကုန်တွင် သတိပေးအဆင့်သတ်မှတ်ချက်ငါးခုအနက် အဆင့်သုံးအထိ ထားရှိရန် အဆိုပြုချက်ကို သက်ဆိုင်ရာကျွမ်းကျင်သူများနှင့် တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သမ္မတက ပြောကြားလိုက်သည်။

သို့သော်လည်း ဗိုင်းရပ်စ်ဖြစ်ပွားခဲ့သည့် ဗဟိုချက်မနေရာများတွင် သတိပေးအဆင့်သတ်မှတ်ချက်လေးအဖြစ် ဇွန်လအထိ ဆက်လက်ထားရှိသွားမည်ဖြစ်ကြောင်း သိရသည်။

တင်းကျပ်သည့်ကန့်သတ်ချက်များကို အဆိုပါဒေသများတွင် ဆက်လက်ထားရှိရန် အရေးကြီးကြောင်းနှင့် ကိုဗစ်-၁၉ ကူးစက်မှုနည်းပါးအောင် လုပ်ဆောင်သည့်အနေဖြင့် အဆိုပါဒေသမှလူများ အခြားဒေသများသို့ သွားလာခြင်းမပြုနိုင်အောင် ခရီးသွားလာမှုများကို ကန့်သတ်ထားရှိရန်လည်း လိုအပ်ကြောင်း သမ္မတက ဆက်လက်ပြောကြားသည်။

တောင်အာဖရိကနိုင်ငံတွင် ကိုဗစ်-၁၉ အတည်ပြုလူနာ ၁၂၀၇၄ ဦးရှိပြီး ယနေ့အထိ ၂၁၉ ဦး သေဆုံးသွားပြီဖြစ်သည်။ အဆိုပါနှုန်းသည် အာဖရိကတိုက်တွင် အမြင့်ဆုံးပမာဏ ဖြစ်သည်။

**ဆင်ဟွာ**



တောင်အာဖရိကသမ္မတ ဆိုင်ရယ် ရာမာဖူဆာ။

# ကိုဗစ်-၁၉ ရောဂါသည် အပြီးထွက်ခွာသွားလိမ့်မည် မဟုတ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတိပေး

**ဂျီနီဗာ မေ ၁၄**

ကမ္ဘာ့ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ပျောက်ကွယ်သွားမည့် အချိန်ကို ခန့်မှန်းတွက်ချက်ရန် မကြိုးစားသင့်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရေးပေါ်အခြေအနေဆိုင်ရာ ညွှန်ကြားရေးမှူး ဒေါက်တာ မိုက်ရန်က မေ ၁၃ ရက်က မိန့်ခွန်းတွင် ပြောကြားခဲ့ကြောင်း သိရသည်။

အကယ်၍ ဗိုင်းရပ်စ်ကာကွယ်ဆေးကို ရှာတွေ့ခဲ့သည့်တိုင် ဗိုင်းရပ်စ်ထိန်းချုပ်ရေးကို အကြီးအကျယ် အင်တိုက်အားတိုက် လုပ်ဆောင်ကြရဦးမည်သာဖြစ်ကြောင်း ၎င်းက ပြောသည်။

လက်ရှိတွင် ကမ္ဘာတစ်ဝန်းရှိ ပြည်သူ ၃၀၀၀၀၀ နီးပါးအထိ ကိုဗစ်-၁၉ ကြောင့် အသက်ဆုံးရှုံးခဲ့ရပြီဖြစ်ကာ ကမ္ဘာအနှံ့ ရောဂါကူးစက်ခံရသူ အရေအတွက်မှာ ၄ ဒသမ ၃ သန်းကျော်ခဲ့ပြီဖြစ်ကြောင်း ဖော်ပြထားသည်။

ထို့ပြင် ကိုဗစ်-၁၉ ကြောင့် အထူးသဖြင့် စိတ်ကျန်းမာရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ လိုအပ်နေသည့် နိုင်ငံအများအပြားတွင် စိတ်ဓာတ်ကျဆင်းမှုများနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်လာစေခဲ့ကြောင်း ကုလသမဂ္ဂအဖွဲ့ကြီးက သတိပေးခဲ့သည်။

သို့ဖြစ်ရာ ကိုဗစ်-၁၉ သည် ကျွန်ုပ်တို့၏ လူမှုအဖွဲ့အစည်းအတွင်း၌ နောက်ထပ်အစုလိုက်အပြုံလိုက် ကူးစက်ဖြစ်ပွားမည့် ဗိုင်းရပ်စ်ဖြစ်လာနိုင်သည်ဆိုသော အချက်နှင့် ယင်းဗိုင်းရပ်စ်သည် ဘယ်သောအခါမှ ထွက်ခွာသွားမည်မဟုတ် ဆိုသည့်အချက်နှစ်ရပ်ကို ထည့်သွင်းစဉ်းစားထားရန် အရေးကြီးကြောင်း ဒေါက်တာရန်က ဂျီနီဗာ၌ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ကမ္ဘာ့နိုင်ငံအများအပြား၌ ကပ်ရောဂါဆိုင်ရာ အဝင်အထွက် ကန့်သတ်ပိတ်ဆို့မှုများကို ဖြေလျှော့လာပြီး ခေါင်းဆောင်များက စီးပွားရေးမည်သို့မည်ပုံ ပြန်လည်ဖွင့်လှစ်ရန် စတင်စဉ်းစားနေချိန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ယခုလိုသတိပေးလာခြင်းဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**



ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရေးပေါ်အခြေအနေဆိုင်ရာ ညွှန်ကြားရေးမှူး ဒေါက်တာ မိုက်ရန်။


ဖိလစ်ပိုင်၌ မုန်တိုင်းကြောင့် လေပြင်းတိုက်ခတ်မှုကို တွေ့ရစဉ်။

## ဖိလစ်ပိုင်၌ တိုင်ဖွန်းမုန်တိုင်းဝင်ရောက်မှုကြောင့် လူထောင်ချီကယ်ဆယ်ရွှေ့ပြောင်း

**မနီလာ မေ ၁၄**

ဖိလစ်ပိုင်အလယ်ပိုင်း၌ မေ ၁၄ ရက်က အင်အားပြင်း တိုင်ဖွန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ရာ ထောင်နှင့်ချီသည့် ပြည်သူများအား ကယ်ဆယ်ရွှေ့ပြောင်းမှုများ ပြုလုပ်ခဲ့ရကြောင်း သိရသည်။

ဗွန်ဖောင်အမည်ရှိ အင်အားပြင်းတိုင်ဖွန်းမုန်တိုင်းကြောင့် လေပြင်းတိုက်ခတ်မှုများ၊ မိုးသက်မုန်တိုင်းကျရောက်မှုများနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုများ ဖြစ်ပေါ်ခဲ့ရာ တိုင်ဖွန်းမုန်တိုင်းဖြစ်ပွားရာအနီး ကမ်းခြေဒေသများတွင် ပြည်သူ ၂၀၀၀၀၀ ထက်မနည်းနေထိုင်ကြသည်။ လူနေထူထပ်သည့် မြို့တော်မနီလာအနီးသို့ ဝင်ရောက်လာဖွယ်ရှိသည်ဟု ခန့်မှန်းထားသည့် တိုင်ဖွန်းမုန်တိုင်းလာရာ လမ်းကြောင်းတစ်လျှောက်တွင် သန်းနှင့်ချီသည့် ပြည်သူများ နေထိုင်လျက်ရှိသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေစဉ်အတွင်း မုန်တိုင်းဝင်ရောက်လာခြင်းဖြစ်ရာ ဖိလစ်ပိုင်အလယ်ပိုင်းရှိ ကယ်ဆယ်ရွှေ့ပြောင်းရေးစခန်းများတွင် ကယ်ဆယ်ရွှေ့ပြောင်းရန်လိုအပ်သည့် အရေအတွက်၏ ထက်ဝက်ခန့်သာ လက်ခံနိုင်မည်ဖြစ်ကြောင်း သိရသည်။ မုန်တိုင်းရှောင်ပြည်သူအမြောက်အမြားကို လက်ခံရန် နေရာမလုံလောက်မှုကြောင့် အာဏာပိုင်များက အဆိုပါဒေသရှိ ဘာသာရေးကျောင်းများတွင် နေရာချထားရန် တောင်းဆိုခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ၌ ပြီးခဲ့သည့် ဒီဇင်ဘာလကလည်း တိုင်ဖွန်းမုန်တိုင်း ကူမာရီ ဝင်ရောက်မှုကြောင့် နေအိမ်ပေါင်း ၄၈၄၀၀၀ ပျက်စီးခဲ့ပြီး လူတစ်သန်းကျော် နေအိမ်စွန့်ခွာထွက်ပြေးခဲ့ရသည်။

**အေအက်ဖ်ပီ**

## ကိုဗစ်-၁၉ကြောင့် ဖြစ်ပေါ်လာသည့် စိတ်ကျန်းမာရေးဆိုင်ရာ ပြဿနာများကို အထူးသတိပြုကြရန် ကုလသမဂ္ဂအကြီးအကဲ တိုက်တွန်း

**ဂျီနီဗာ မေ ၁၄**

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာသည့် နောက်ဆက်တွဲ စိတ်ကျန်းမာရေး ပြဿနာများကို အထူးသတိပြုကြရန် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က မေ ၁၃ ရက်တွင် သတိပေးလိုက်ကြောင်း သိရသည်။

ကိုဗစ်-၁၉ သည် ကမ္ဘာ့ပြည်သူများ၏ ရုပ်ပိုင်းဆိုင်ရာကိုသာမက စိတ်ကျန်းမာရေးကိုပါ တိုက်ခိုက်လာလျက်ရှိပြီး စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ ပိုမိုခံစားရလာစေခဲ့ကြောင်း ၎င်းကပြောသည်။

မိမိချစ်ခင်မြတ်နိုးရသူများကို ဆုံးရှုံးလိုက်သည့်အတွက် ပူဆွေးဝမ်းနည်းမှု၊ အလုပ်လက်မဲ့ဖြစ်သွားသည့် အခြေအနေကြောင့် စိုးရိမ်တုန်လှုပ်မှု၊ သီးခြားဆန်စွာနေထိုင်ရသည့် အထီးကျန်ဆန်ဝမ်းနည်းမှု၊ သွားလာလှုပ်ရှားမှုများကို ကန့်သတ်လိုက်မှု၊ မိသားစုဆိုင်ရာ အခက်အခဲများနှင့် အနာဂတ်ရေးရာ မသေချာမရေရာမှုများနှင့် ပူပန်ကြောင့်ကြရမှုစသည့် အကြောင်းများစွာတို့သည် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားရမှုများ ဖြစ်စေသည့် အခြေအနေများဖြစ်ကြောင်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ပြောကြားခဲ့သည်။

စိတ်ဖိစီးမှုနှင့် စိတ်ဓာတ်ကျဆင်းမှုများအပါအဝင် စိတ်ကျန်းမာရေးဆိုင်ရာ ပြဿနာများသည် ကျွန်ုပ်တို့ကမ္ဘာတွင် ကြေကွဲဝမ်းနည်းမှုများကြီးစိုးလာစေသည့်အတွက် စိတ်ပိုင်းဆိုင်ရာထိခိုက်နစ်နာသူများကို အကူအညီပေးကာ ၎င်းတို့ဘက်မှ ရပ်တည်ပေးရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

**ဆင်ဟွာ**



ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်။


SLAMER ဒုံးကျည်များတင်ဆောင်ထားသည့် အက်ဖ်အေ-၁၈ လေယာဉ်တစ်စင်းကို တွေ့ရစဉ်။

## ဘိုးရင်းကုမ္ပဏီက သင်္ဘောပစ်ဒုံးကျည်အစင်း ၁၀၀၀ ကျော်ကို ဆော်ဒီသို့ ပေးပို့ရန်စာချုပ်ချုပ်ဆို

**ဝါရှင်တန် မေ ၁၄**

အမေရိကန်လေယာဉ်ကုမ္ပဏီကြီးတစ်ခုဖြစ်သည့် ဘိုးရင်းကုမ္ပဏီသည် ဝေဟင်မှမြေပြင် သင်္ဘောပစ်ဒုံးကျည် အစင်းပေါင်း ၁၀၀၀ ကျော်ကို ဆော်ဒီအာရေဗျနိုင်ငံသို့ ပို့ဆောင်မည့် အမေရိကန်ဒေါ်လာ ၂ ဘီလီယံတန်ဖိုးရှိ ကန်ထရိုက်စာချုပ်နှစ်ခုကို ချုပ်ဆိုလိုက်ကြောင်း ပင်တဂွန်စစ်ဌာနချုပ်က ယမန်နေ့တွင် ပြောကြားခဲ့သည်။

အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၇ သန်း တန်ကြေးရှိသည့် ပထမစာချုပ်မှာ ဆော်ဒီအစိုးရကို အအထာက်အကူပြုသည့်အနေဖြင့် SLAMER ခရုဇ်ဒုံးကျည်များကို ခေတ်မီဆန်းသစ်ရန်သာမက ဒုံးကျည်သစ်အစင်းပေါင်း ၅၀ ကို ပို့ဆောင်ရန် ချုပ်ဆိုခြင်းဖြစ်သည်ဟု ပင်တဂွန်က ဖော်ပြသည်။

အကွာအဝေးအားဖြင့် မိုင်ပေါင်း ၁၈၀ (၂၉၀ ကီလို မီတာ) နှင့်အထက် ရောက်ရှိနိုင်သည့် ဂျီပီအက်စ်လမ်းပြမြေပြင်မှ ဝေဟင်ပစ်ဆလမ်မာဒုံးကျည်များ ပို့ဆောင်ရေး သဘောတူစာချုပ်သည် ၂၀၂၈ ခုနှစ် ဒီဇင်ဘာလတွင် ပြီးဆုံးရမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် Harpoon Block သင်္ဘောပစ်ဒုံးကျည်သစ် ၄၆၇ စင်းကို ဆော်ဒီအာရေဗျသို့ ပို့ဆောင်သွားမည့် အမေရိကန်ဒေါ်လာသန်းပေါင်း ၆၅၀ ကျော်တန်ကြေးရှိသည့် သဘောတူစာချုပ်ကိုလည်း ပင်တဂွန်စစ်ဌာနက ကြေညာခဲ့သည်။ ဘိုးရင်းကုမ္ပဏီသည် ဆလမ်မာဒုံးကျည်များကို ၂၀၀၈ ခုနှစ်က နောက်ဆုံးပို့ဆောင်ခဲ့ပြီး ကန်ထရိုက်စာချုပ် ချုပ်ဆိုမှုစုစုပေါင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၁ ဘီလီယံ ခန့်ရှိလာခဲ့ကြောင်း ကုမ္ပဏီ၏ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# ကိုဗစ်-၁၉ ပိတ်ဆို့မှုမှ နိုးထသက်ဝင်လှုပ်ရှားလာသည့် ကမ္ဘာ့နိုင်ငံများ

*ထွန်းသစ်စ*

**ဥရောပဟာ ကိုဗစ်-၁၉ အသွားအလာကန့်သတ်ပိတ်ဆို့မှုမှ နိုးထပြီး စီးပွားရေးလုပ်ငန်းတွေ ပြန်လည်ဖွင့်လှစ်ဖို့ လုပ်ဆောင်နေမှုနဲ့အတူ နွေရာသီခရီးသွားလုပ်ငန်းတွေ ပြန်ဖွင့်ဖို့လည်း အစီအစဉ်တွေ ရေးဆွဲနေပါတယ်။ သို့သော်လည်း ကူးစက်ရောဂါဟာ ကမ္ဘာကြီးရဲ့ တခြားနေရာတွေကို အရှိန်အဟုန်နဲ့ ကူးစက်နေဆဲဖြစ်ပါတယ်။**



လန်ဒန်ရှိ ဘာကင်ဟမ်နန်းတော်၌ နှာခေါင်းစည်းဝတ်ဆင်ထားသည့် ခရီးသွားများ လာရောက်လည်ပတ်နေကြစဉ်။

### အသွားအလာကန့်သတ်မှုတွေလျှော့ချ

ပြင်သစ်၊ အီတလီနဲ့ စပိန်နိုင်ငံတို့ရဲ့ အသွားအလာကန့်သတ်ပိတ်ဆို့မှု လျှော့ချတဲ့နောက်ကို ဗြိတိန်နိုင်ငံက အမီလိုက်နေသလို လူတွေကို လုပ်ငန်းခွင်ပြန်ဝင်မှုတွေ အိမ်ထဲမှ အိမ်ပြင် ထွက်ခွင့်ပြုမှုတွေလည်း ပေးနေပါတယ်။ ဩစတြီးယားက သူ့ရဲ့ဂျာမနီနဲ့ထိစပ်နေတဲ့နယ်စပ်ကို ဇွန်လအလယ်မှာ ပြန်ဖွင့်ပေးမယ်လို့ ပြောနေသလို ဘာလင်ကလည်း သူ့ရဲ့ ကုန်းတွင်းပိုင်းနယ်စပ်တွေမှာ ဗိုင်းရပ်စ်စစ်ဆေးမှုတွေကို တစ်လအတွင်း အဆုံးသတ်တော့မယ်လို့ ဆိုနေပါတယ်။

ကိုဗစ်-၁၉ ကြောင့် အထိနာခဲ့တဲ့သန်းချီသော ခရီးသွားလာမှုဆိုင်ရာလုပ်ငန်းများကိုကယ်တင်နိုင်ဖို့ ဥရောပသမဂ္ဂဟာ ယခုနွေရာသီမှာ ခရီးသွားလာမှုဆိုင်ရာလုပ်ငန်းတွေ ပြန်လည်စတင်ဖို့ အဆင့်လိုက်အစီအစဉ်တွေ ရေးဆွဲဆောင်ရွက်နေပါတယ်။ ဥရောပသမဂ္ဂနယ်စပ်ထိန်းချုပ်မှုတွေကို ဖယ်ရှားပေးပြီး အများပြည်သူသယ်ယူပို့ဆောင်ရေးတွေမှာ နှာခေါင်းစည်းတပ်ဆင်ခြင်းလိုမျိုးတွေလုပ်ပြီး ရောဂါကူးစက်နိုင်ခြေအနည်းဆုံးဖြစ်အောင် ဆောင်ရွက်နေပါတယ်။

ယနေ့လမ်းညွှန်ချက်ဟာ ခရီးသွားလုပ်ငန်းတွေအပေါ် မှီခိုနေရတဲ့ ဥရောပသားတွေအတွက် အကောင်းဆုံးအခွင့်အလမ်းတွေ ဖြစ်နိုင်သလို ယခုနွေရာသီမှာ ခရီးသွားလာမယ့်သူတွေအတွက်လည်း အကောင်းဆုံးအခွင့်အလမ်းတွေ ဖြစ်နိုင်ကြောင်း ဥရောပသမဂ္ဂ ကော်မရှင်ဒုတိယဥက္ကဋ္ဌ မာဂရက်ဗက်စ်တိတ်ဂါက ပြောကြားလိုက်ပါတယ်။

### ထပ်မံစစ်ဆေးသွားမယ်

ကိုဗစ်-၁၉ ကြောင့် သေဆုံးသူအရေအတွက်ဟာ ၂၉၂၀၀၀ ကျော်လွန်လာမှုနဲ့အတူ ဒီအရေအတွက်ဟာ တခြားကမ္ဘာ့အစိတ်အပိုင်းတွေအတွက်လည်း စိတ်မကောင်းဖွယ်ရာတွေ ဖြစ်ပေါ်လာခဲ့ပါတယ်။ ကိုဗစ်-၁၉ ဖြစ်ပွားမှုအရေအတွက်မှာ ရုရှားနိုင်ငံဟာ အခုဆိုရင် ဒုတိယအမြင့်ဆုံး ဖြစ်လာပါပြီ။ ယခုသီတင်းပတ်မှာ လူတချို့ လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်ဖို့ အသွားအလာကန့်သတ်ပိတ်ဆို့မှုတွေကို သက်ဆိုင်ရာအာဏာပိုင်တွေက ဖြေလျှော့ပေးပြီးနောက်မှာ ကိုဗစ်-၁၉ အသစ် ထပ်မံကူးစက်ခံရမှုအရေအတွက်ဟာ ၁၀၀၀၀ ကျော်လာပါတယ်။

ဘရာဇီးနိုင်ငံဟာ တစ်နေ့တည်းမှာ ၈၈၁ ဦးအထိ ကိုဗစ်-၁၉ ကြောင့်သေဆုံးမှုနှုန်းအမြင့်ဆုံး စံချိန်တင်မြင့်တက်ခဲ့ပြီးတော့ စုစုပေါင်းသေဆုံးနှုန်းဟာ ၁၂၄၀၀ ရောက်ရှိလာခဲ့မှုနဲ့အတူ ကမ္ဘာ့ ကိုဗစ်-၁၉ အသစ်ထပ်မံဖြစ်ပွားမှု ဗဟိုချက်နေရာအဖြစ် ပေါ်ပေါက်လာခဲ့ပါတယ်။

တရုတ်နိုင်ငံမှာ ကိုဗစ်-၁၉ ကူးစက်မှုအသစ်ထပ်မံတွေ့ရှိမှုနဲ့အတူ ကိုဗစ်-၁၉ ဒုတိယလှိုင်းပြန်လည်ပေါ်ပေါက်လာမယ့်အပေါ် စိုးရွံ့မှုတွေ မြင့်တက်လာခဲ့ပါတယ်။ ထို့အတူ အရှေ့မြောက်ပိုင်း ဂျီလင်မြို့မှာ တစ်စိတ်တစ်ပိုင်း အသွားအလာကန့်သတ်ပိတ်ဆို့မှုတွေ ပြုလုပ်လိုက်ရသလို ကိုဗစ်-၁၉ ကူးစက်မှု အတွဲလိုက်တွေ့ခဲ့တဲ့ လွန်ခဲ့တဲ့နှစ်က ပထမဆုံး ကိုဗစ်-၁၉ စတင်ဖြစ်ပွားရာ ဝူဟန်မှာလည်း လူတွေအကုန်လုံးကို ကိုဗစ်-၁၉ ရှိ မရှိ ထပ်မံစစ်ဆေးသွားမှာ ဖြစ်ပါတယ်။

### ဦးမော့လာဖို့ လျင်လျင်မြန်မြန်လုပ်ဆောင်

အမေရိကန်ပြည်ထောင်စုမှာလည်း ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း ၁ ဒသမ ၃၆ သန်း ကျော်ရှိကြောင်း အတည်ပြုမှုနဲ့အတူ သေဆုံးသူတွေလည်း ရုတ်တရက်မြင့်တက်လာခဲ့ပါတယ်။ မေ ၁၂ ရက်က ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၁၈၉၄ ဦးအထိရှိလာကြောင်း သတင်းဖော်ပြခဲ့ပါတယ်။

အမေရိကန်ပြည်ထောင်စုရဲ့ ထိပ်တန်းကူးစက်ရောဂါကျွမ်းကျင်ပညာရှင် အန်တိုနီဖော်စီက ပုံမှန်အခြေအနေရောက်ရှိအောင် အလျင်အမြန်လုပ်ဆောင်ခြင်းက အန္တရာယ်ရှိစေနိုင်ကြောင်း သတိပေးပြောကြားခဲ့သလို လူ့အဖွဲ့အစည်း သို့မဟုတ် ပြည်နယ် သို့မဟုတ် ဒေသတွေအနေနဲ့ သတ်မှတ်ထားတဲ့ ညွှန်ကြားချက်တွေကို လိုက်နာခြင်းမရှိဘဲ စီးပွားရေးလုပ်ငန်းတွေ၊ လူမှုဘဝအခြေအနေတွေ ပုံမှန်ဖြစ်အောင် အလျင်စလိုလုပ်ဆောင်မယ်ဆိုပါက အကျိုးဆက်က တကယ့်ကို ပြင်းထန်နိုင်ကြောင်း ပြောကြားခဲ့ပါတယ်။ အဲဒီအခါကျရင်တော့ ဗိုင်းရပ်စ်ကို ပြန်လည်ထိန်းချုပ်လို့တောင် ရတော့မှာ မဟုတ်ဘူးလို့ သူက ဆိုထားပါတယ်။

အမေရိကန်ပြည်ထောင်စုမှာ ကိုဗစ်-၁၉ ကြောင့် အမှန်တကယ် သေဆုံးခဲ့တဲ့အရေအတွက်ဟာ ၈၂၀၀၀ ကျော်ရှိတယ်ဆိုတဲ့ တရားဝင်ကိန်းဂဏန်းဖော်ပြမှုတွေထက် ပိုမိုများပြားနိုင်တယ်လို့လည်း သူကထောက်ပြပြောဆိုခဲ့ပါတယ်။

၂၀၂၀ နောက်ပိုင်းမှာ အမေရိကန်သမ္မတအဖြစ် ပြန်လည်ရွေးကောက်ခံနိုင်ဖို့ ကြိုးစားနေတဲ့ လက်ရှိအမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ဟာ ကျန်းမာရေးဆိုင်ရာကျွမ်းကျင်သူတွေ သတိပေးနေတဲ့ကြားက အမေရိကန်စီးပွားရေးကို နောက်တစ်ကြိမ်ပြန်လည်သက်ဝင်နိုးကြားဦးမော့လာဖို့ လျင်လျင်မြန်မြန်လုပ်ဆောင်နေပြီဖြစ်ပါတယ်။

### တကယ့်အရေးကြီးတဲ့လုပ်ဆောင်ချက်

ကမ္ဘာတစ်ဝန်းလုံးမှာရှိတဲ့ နိုင်ငံတွေကလည်း ကိုဗစ်-၁၉ ဖြစ်ပွားပြီးနောက်မှာ စီးပွားရေးလုပ်ငန်းတွေ ဘယ်လိုပြန်လည်ဖွင့်လှစ်မလဲဆိုပြီး အကျပ်ရိုက်နေကြပါတယ်။ ကမ္ဘာ့လူဦးရေရဲ့ထက်ဝက်လောက်ဟာ အသွားအလာကန့်သတ်မှုပုံစံ တစ်မျိုးမျိုးအောက်မှာ နေထိုင်နေရတာကြောင့် ကမ္ဘာ့စီးပွားရေးအခြေအနေဟာလည်း ပြိုလုပြိုခင် ဖြစ်လာခဲ့ပါတယ်။

၁၉၃၀ ပြည့်လွန်နှစ်များက ဖြစ်ပွားခဲ့တဲ့ ကမ္ဘာ့စီးပွားရေးပျက်ကပ်အချိန်မှစပြီး လတ်တလောကမ္ဘာ့စီးပွားရေးဟာ လူသန်းချီအလုပ်လက်မဲ့ဖြစ်နေတာကြောင့် အဆိုးဆုံးအထိ ကျဆင်းနေတယ်ဆိုတာကို မတ်လနဲ့ ဧပြီလကြား အလွန်ဆိုးရွားလှတဲ့ စီးပွားရေးဆိုင်ရာ အချက်အလက်တွေက ပြသခဲ့ပါတယ်။

မေ ၁၃ ရက်က ရရှိခဲ့တဲ့ ဗြိတိန်ရဲ့ စာရင်းတွေကလည်း ဗြိတိန်ရဲ့ စီးပွားရေးဟာ ဇန်နဝါရီလနဲ့ မတ်လကြားမှာ ၂ ရာခိုင်နှုန်းအထိ ကျုံ့လာတယ်ဆိုတာကို ပြသခဲ့ပါတယ်။ စီးပွားရေးနာလန်မထူခြင်းက ရာစုနှစ်များအတွင်း ဗြိတိန်ရဲ့စီးပွားရေးကို အဆိုးဆုံးအထိ ကျဆင်းလာစေနိုင်ကြောင်း အင်္ဂလန်ဗဟိုဘဏ်က လွန်ခဲ့တဲ့သီတင်းပတ်က ပြောခဲ့ပါတယ်။

အမေရိကန်ဗဟိုဘဏ်ဥက္ကဋ္ဌ ဂျရိုမီပေါ်ဝဲလ်က အမေရိကန်ပြည်ထောင်စုမှာ ပြုလုပ်ခဲ့တဲ့ အသွားအလာကန့်သတ်ပိတ်ဆို့မှုတွေက ပျက်စီးမှုတွေကို ကြာမြင့်စွာဖြစ်ပေါ်စေနိုင်တယ်လို့ ပြောပါတယ်။

သို့သော်လည်း ဗိုင်းရပ်စ်ကို ပြန်လည်ထိန်းချုပ်လာနိုင်ပြီဆိုတာနဲ့ စီးပွားရေးတွေလည်း ပြန်လည်နာလန်ထူလာမှာ ဖြစ်တယ်လို့ သူက ဆက်ပြောပါတယ်။ အမေရိကန်ပြည်ထောင်စုရဲ့ အကျပ်အတည်းလွတ်မြောက်မှု ဆောင်ရွက်ချက်တွေဟာ စီးပွားရေးပြန်လည်နာလန်ထူလာဖို့ တကယ့်အရေးကြီးတဲ့ လုပ်ဆောင်ချက်တွေ ဖြစ်တယ်လို့ သူကပြောပါတယ်။

### ဝမ်းသာစရာပဲဖြစ်

ကိုဗစ်-၁၉ ဟာ ကမ္ဘာတစ်ဝန်း ကူးစက်ပျံ့နှံ့နေတာကြောင့် ကျန်းမာရေးကျွမ်းကျင်သူတွေက ဖြစ်ပေါ်လာနိုင်တဲ့ ပျက်စီးဆုံးရှုံးမှု အကျိုးဆက်တွေကို သတိပေးပြောကြားခဲ့ပါတယ်။ နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်း မှာလည်း ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုဖြစ်ပွားလာတာကြောင့် သေဆုံးမှုနှုန်းမြင့်မားလာတဲ့အပေါ် စိုးရိမ်မှုတွေလည်း မြင့်တက်လာခဲ့ပါတယ်။ အစိုးရစုံစမ်းစစ်ဆေးမှုအဖွဲ့တစ်ဖွဲ့က သေဆုံးမှုရာပေါင်းများစွာဟာ ကူးစက်မှုကပ်ရောဂါနဲ့ ဆက်နွယ်နေတယ်လို့ ပြောလိုက်ပါတယ်။ ဘယ်လိုပဲ ဝမ်းနည်းပူဆွေးမှုတွေ၊ စိတ်ဓာတ်ကျမှုတွေ ရှိရှိ နောက်ဆုံးမှာတော့ မျှော်လင့်ချက်ရောင်ခြည်သန်းလာစမြဲဖြစ်ပါတယ်။

စပိန်နိုင်ငံမှာလည်း အသက် ၁၁၃နှစ်အရွယ် အဘွားအိုတစ်ဦးဖြစ်သူ မာရီယာ ဘရန်ယက်စ်ဟာ ကိုဗစ်-၁၉ ကူးစက်ခံရမှုမှ သေကံမရောက် သက်မပျောက်ဘဲ ပြန်လည် ရှင်သန်ခဲ့ပါတယ်။ ရုရှားမှာလည်း အသက် နှစ် ၁၀၀ အရွယ် ပလာဂီယာပိုရာကိုဗာဟာ ကိုဗစ်-၁၉ ကြောင့် ဆေးရုံတင်ရပြီးနောက်မှာ မော်စကိုဆေးရုံမှ ပြန်လည် ဆင်းလာနိုင်ခဲ့ပါတယ်။ ဘယ်လိုပဲ ခက်ခဲမှုတွေနဲ့ ရင်ဆိုင်နေရသော်လည်း နောက်ဆုံးမှာတော့ ဒီဒုက္ခတွေက ကင်းလွတ်လာတာကိုတော့ ကမ္ဘာလောကကြီးအတွက် ဝမ်းသာစရာပဲဖြစ်ပါတယ်။ ။

**ကိုးကား – အေအက်ဖ်ပီ**

## နိုင်ငံတကာသတင်းတိုများ

### ဝါရှင်တန်ဒီစီ၌ အပြင်မထွက်ရ အမိန့်ကို ဇွန် ၈ ရက်အထိ ထပ်မံတိုးမြှင့်

**ဝါရှင်တန် မေ ၁၄**

ဝါရှင်တန်ဒီစီ၌ နေအိမ်တွင်းနေထိုင်ရမည့် ညွှန်ကြားချက်ကို ဇွန် ၈ ရက်အထိ ထပ်မံတိုးမြှင့်သွားမည်ဖြစ်ကြောင်း မြို့တော်ဝန် မြူရီယယ်ဘိုဆာက ယမန်နေ့တွင် ပြောကြားလိုက်သည်။ မိမိတို့ စီးပွားရေးပြန်လည်ဖွင့်လှစ်ရန် အဆင်သင့်မဖြစ်သေးကြောင်း ဘိုဆာက သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားလိုက်သည်။

ဝါရှင်တန်ဒီစီတွင် ၁၄ ရက်ဆက်တိုက် ကိုဗစ်-၁၉ ကူးစက်မှုကျဆင်းလာခြင်းကို စောင့်ကြည့်လျက်ရှိကြောင်း၊ သို့သော်လည်း ယခုအချိန်အထိ လေးရက်ဆက်တိုက် ကိုဗစ်-၁၉ ကူးစက်မှု ကျဆင်းမှုသာ တွေ့ရသေးကြောင်း ၎င်းက ပြောသည်။

အဆိုပါ အိမ်တွင်း၌ နေထိုင်ရန်ညွှန်ကြားချက်သည် ယခင်က မေ ၁၅ ရက်တွင် ပြီးဆုံးရန် သတ်မှတ်ထားကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီတွင် ကိုဗစ် -၁၉ အတည်ပြုလူနာပေါင်း ၆၅၈၄ ဦးရှိပြီး သေဆုံးသူ ၃၅၀ ရှိလာကြောင်း သိရသည်။

**ဆင်ဟွာ**

### အိန္ဒိယနိုင်ငံမြောက်ပိုင်းတွင် ဘတ်စ်ကားတစ်စီး အရှိန်ဖြင့် လူအုပ်ကြားထဲဝင်တိုက်ရာ ရွှေ့ပြောင်းလုပ်သား ခြောက်ဦးသေဆုံး

**နယူးဒေလီ မေ ၁၄**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရာပရာဒေ့ရှ်ပြည်နယ်တွင် အရှိန်ပြင်းဘတ်စ်ကားတစ်စီး လူအုပ်ကြားထဲ ဝင်တိုက်မိရာ ရွှေ့ပြောင်းအလုပ်သမားအနည်းဆုံး ခြောက်ဦးသေဆုံးခဲ့ပြီး လေးဦး ဒဏ်ရာရရှိခဲ့ကြောင်း မေ ၁၄ ရက် နိုင်ငံတကာသတင်းတွင် ဖော်ပြလိုက်သည်။

အဆိုပါ မတော်တဆမှုသည် မေ ၁၃ ရက်ညက ဥတ္တရာပရာဒေ့ရှ်ပြည်နယ် မူဆာဖာနာဂါဒေသတွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

မတော်တဆမှုကြောင့် ကွယ်လွန်သွားသော ရွှေ့ပြောင်းလုပ်သားများသည် ကားတိုက်မခံရမီ အိမ်ပြန်လမ်းဖြစ်သော အရှေ့ပိုင်းပြည်နယ် ဘီဟာမှ မြောက်ပိုင်းပြည်နယ် ပန်ဂျပ်သို့ သွားရာလမ်းပေါ်တွင် လမ်းလျှောက်နေခဲ့ကြောင်း၊ ယာဉ်တိုက်မှုကြောင့် ခြောက်ဦးပွဲချင်းပြီး သေဆုံးခဲ့ပြီး လေးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ယာဉ်မတော်တဆမှုဖြစ်ပြီးနောက် ဘတ်စ်ကားမောင်းသူသည် အခင်းဖြစ်ပွားရာနေရာမှ ထွက်ပြေးလွတ်မြောက်သွားကြောင်း သိရသည်။

ဒဏ်ရာရရှိသူများကို မူဆာဖာနာဂါဆေးရုံသို့ ပို့ဆောင်လိုက်ကြောင်း ဒေသအစိုးရအာဏာပိုင်တစ်ဦးက ပြောသည်။

**ဆင်ဟွာ**

# COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၄–၅–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၁၄–၅–၂၀၂၀) ရက်နေ့ ညနေပိုင်းတွင် ဆေးသုတေသနဦးစီးဌာန (DMR) မှ စစ်ဆေး ပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၅၁) ခုတွင် –

- COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိရပါ။

၂။ သို့ဖြစ်ရာ (၁၄–၅–၂၀၂၀) ရက်နေ့ ည (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲ အတည်ပြု လူနာ (၁၈၁) ဦးရှိပြီ ဖြစ်ပါသည်။

၃။ (၁၄–၅–၂၀၂၀) ရက်နေ့အထိ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာများတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ အသစ် (၅) ဦး (Case– 44, 55, 92, 95, 127) ရှိခဲ့သဖြင့် စုစုပေါင်း (၈၄) ဦးရှိပြီး ၎င်းတို့အနက် (၇၁) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာကန့်သတ်၍ ဆက်လက်စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၁၃–၅–၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁၄–၅–၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၈၂) ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၁၄–၅–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၁၄–၅–၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၅၁) ခု |
| COVID–19 (SARS–CoV–2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

**COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၁၄–၅–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၁၈၁) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၅) ဦး | (၈၄) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

## နေပြည်တော်၌ သမဝါယမအသင်းဆိုင်မှ အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချ

**နေပြည်တော် မေ ၁၄**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဖြုတ်ခွဲကျေးရွာတွင် ကိုဗစ်–၁၉ ကူးစက်ရောဂါ ဖြစ်ပွားနေသည့် ကာလအတွင်း သမဝါယမအသင်းဆိုင်တွင် ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ခေါက်ဆွဲခြောက် စသည့် အခြေခံစားသောက်ကုန် ပစ္စည်းများနှင့် ကိုဗစ်–၁၉ ကာကွယ်ရေးသုံးပစ္စည်းများဖြစ်သည့် နှာခေါင်းစည်း၊ လက်ဆေးဆပ်ပြာရည်၊ လက်သန့်ဆေးရည်ဘူးများကို သက်သာသောဈေးနှုန်းဖြင့် စီစဉ်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချနေမှုကို နေပြည်တော် သမဝါယမဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးမှူး၊ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိနှင့် အဖွဲ့က သွားရောက်ကြည့်ရှုခဲ့ကြပြီး ပစ္စည်းများ ပြတ်လပ်မှုမရှိစေရေး ရောင်းသူနှင့် ဝယ်သူတို့အကြား ရောဂါကူးစက်မှု မရှိစေရေးတို့ကို မှာကြားခဲ့သည်။

**ဈေးနှုန်းကြီးမြင့်မှုမရှိစေရေး**

ဖြုတ်ခွဲကျေးရွာတွင် အိမ်ထောင်စုပေါင်း ၃၄၃ စုရှိပြီး၊ ကျောက်စိမ်းလယ်ယာနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းတွင် အသင်းသား ၇၃ ဦးတို့အပြင် ဒေသခံများအတွက် ယခုကဲ့သို့ ဆောင်ရွက်ပေးခြင်းမှာ အခြေခံစားသောက်ကုန်များ အလွယ်တကူဝယ်ယူနိုင်ရေးနှင့် ဈေးနှုန်းကြီးမြင့်မှုမရှိစေရေးအတွက် ညှိနှိုင်းထိန်းသိမ်းရန်ရည်ရွယ်၍ ရောင်းချပေးခြင်းဖြစ်ပြီး ယနေ့အထိ နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ မြို့နယ် ငါးမြို့နယ်တွင် သမဝါယမအသင်းဆိုင် ၁၁ ဆိုင် ဖွင့်လှစ်ရောင်းချလျက်ရှိကြောင်း သမဝါယမဦးစီးဌာနမှ သိရသည်။

**မြန်မာ့အလင်း**



ပုဗ္ဗသီရိမြို့နယ် ဖြုတ်ခွဲကျေးရွာရှိ သမဝါယမအရောင်းဆိုင် ဖွင့်လှစ်ရောင်းချပေးနေစဉ်။



ပူးပေါင်းအဖွဲ့များက အများပြည်သူများ နှာခေါင်းစည်းတပ်ဆင်သွားလာရေး အသိပညာပေးဆောင်ရွက်စဉ်။

## ထန်းတပင်မြို့နယ်၌ အများပြည်သူအား နှာခေါင်းစည်းတပ်ဆင်သွားလာစေရေး အသိပညာပေးမှုနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်း ဆောင်ရွက်

**ထန်းတပင် မေ ၁၄**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်၌ ပြည်သူများအား ကိုဗစ်–၁၉ ကူးစက်ပျံ့နှံ့မှုများမရှိစေရေး ကြိုတင်ကာကွယ်နိုင်ရန်အတွက် နှာခေါင်းစည်း တပ်ဆင်သွားလာစေရေး အသိပညာပေးနှိုးဆော်မှုများနှင့် နှာခေါင်းစည်း ၂၇၀၀ အခမဲ့ဖြန့်ဝေပေးခြင်းကို ယနေ့နံနက်ပိုင်းက ဒုတိယမြောက်နေ့အဖြစ် ဆောင်ရွက်ခဲ့သည်။

အသိပညာပေးဆောင်ရွက်ရာတွင် တိုင်းဒေသကြီး(၁) လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဘုန်းကျော်စံဦး၊ တိုင်းဒေသကြီး(၂) လွှတ်တော်ကိုယ်စားလှယ် ဦးဌွေးမော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်လင်းနှင့် မြို့နယ်တာဝန်ရှိသူများ လမ်းဆုံ/လမ်းမများတွင် ဖြတ်သန်းသွားလာနေကြသည့် အများပြည်သူများအား ကိုဗစ်–၁၉ ကြိုတင်ကာကွယ်နိုင်ရေးအတွက် နှာခေါင်းစည်းများ မဖြစ်မနေ တပ်ဆင်သွားလာကြရန် အသိပညာပေးခြင်း ဆောင်ရွက်ပြီး နှာခေါင်းစည်းမတပ်ဘဲ သွားလာကြသူများကိုလည်း နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ကြသည်။

ထိုသို့ အသိပညာပေးနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်းကို မေ ၁၃ ရက်မှစတင်၍ မေ ၁၅ ရက်အထိ ဆောင်ရွက်မည်ဖြစ်ကာ နှာခေါင်းစည်း မတပ်ဘဲ သွားလာနေသူများကို အရေးယူသွားမည်ဖြစ်သည်။ မြို့နယ်အတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုများ မရှိစေရေးအတွက် ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများကိုလည်း မြို့နယ် ကိုဗစ်–၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီမှ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

# IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများရှိ ပြည်တွင်းနေရပ်စွန့်ခွာသူများအား COVID-19 ကူးစက်ရောဂါကာကွယ်ထိန်းချုပ် တုံ့ပြန်ရေးဆိုင်ရာအသိပေးနှိုးဆော်ချက်

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား COVID – 19 ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်နိုင်ရန်အတွက် ရေးဆွဲအတည်ပြုပြီးဖြစ်သည့်စီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂။ အဆိုပါစီမံချက်အရ သက်ဆိုင်ရာစခန်းများရှိ စီမံခန့်ခွဲမှုကော်မတီအသီးသီးမှ တာဝန်ရှိသူများနှင့် စခန်းတွင်နေထိုင်သူများက အောက်ပါလုပ်ငန်းရပ်များကို ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

- စခန်းများတွင် တပ်ဆင်ပေးထားသော လက်ဆေးဘေစင်များတွင် ရေနှင့်ဆပ်ပြာကို အသုံးပြု၍ လက်ကို စနစ်တကျ မကြာခဏ ဆေးကြောပါ။
- အများသုံးအိမ်သာများနှင့် ရေချိုးရန်နေရာများကို အသုံးပြုရာတွင် တစ်ကိုယ်ရေသန့်ရှင်းရေးဂရုပြုရန်နှင့် အချင်းချင်းထိတွေ့မှု အနည်းဆုံးဖြစ်စေရေး သတိပြုဆောင်ရွက်ပါ။
- စခန်းများတွင်နေထိုင်လျက်ရှိသည့် သက်ကြီးရွယ်အိုများနှင့် နာတာရှည်ရောဂါရှိသူများအား ရောဂါကူးစက်ခံရခြင်းမှ ကာကွယ်နိုင်ရေးအတွက် အထူးသတိပြုနေထိုင်ပါ။
- စခန်းတွင်းနေထိုင်သူများ ပြင်ပသို့ သွားလာခြင်းမပြုလုပ်ရန်နှင့် မဖြစ်မနေအပြင်ထွက်ရန် လိုအပ်သူများက စာရင်းရေးသွင်းပြုစုထားပြီး အဝင်/ အထွက်ပြုလုပ်တိုင်း ပုံမှန်အပူချိန်တိုင်းတာမှတ်သားခြင်း ပြုလုပ်ပါ။
- အဝတ်ဖြင့်ချုပ်ထားသည့် ပါးစပ်နှင့် နှာခေါင်းစည်းကို အမြဲတပ်ဆင်ပါ။ တပ်ဆင်ရာတွင် အတွင်း၊ အပြင် အရောင်ခွဲခြားသတ်မှတ်၍ တပ်ဆင်ပါ။ ပါးစပ်နှင့်နှာခေါင်း (၂)ခုစလုံးကို လုံခြုံအောင် ဖုံးအုပ်ပါ။ တပ်ဆင်ထားစဉ် လက်ဖြင့် လုံး၀ (လုံး၀) မကိုင်ရပါ။ ဖယ်ရှားမည်ဆိုပါက အနောက်ဘက်ရှိ ကြိုးကိုသာ ကိုင်တွယ်၍ ဖယ်ပါ။ အသုံးပြုထားသည့် အဝတ်ဖြင့်ချုပ်ထားသည့် ပါးစပ်နှင့်နှာခေါင်းစည်းကို နေ့စဉ်သေချာစွာ ဆပ်ပြာနှင့် ရေကို အသုံးပြု၍လျှော်ဖွပ်ပါ။
- စခန်းတွင်းသို့ ပြင်ပမှ ဧည့်သည်များဝင်ရောက်ခြင်းကို တားမြစ်ထားပါ။
- COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊တုံ့ပြန်ရေးနှင့် စပ်လျဉ်း၍ စခန်းအတွင်း ထူးခြားဖြစ်စဉ်များနှင့် လိုအပ်ချက်များကို တာဝန်ရှိသူအဆင့်ဆင့်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ပါ။
- COVID–19 ရောဂါနှင့်ပတ်သက်၍ သိရှိလိုက်နာဆောင်ရွက်ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့်အချက်များကို လက်ကိုင်ဖုန်းများသို့ စာတိုပို့စနစ် (SMS) ဖြင့် ပေးပို့ထားခြင်းကို သေချာစွာ ဖတ်ရှုလေ့လာ၍ လိုက်နာဆောင်ရွက်ပါ။
- COVID–19 ရောဂါလက္ခဏာများ တွေ့ရှိရပါက ညွှန်ကြားထားသည့် လူနာညွှန်းပို့ခြင်း လုပ်ငန်းစဉ်အတိုင်း လိုက်နာဆောင်ရွက်ပါ။
- စောင့်ကြည့်လူနာများနှင့် သံသယလူနာများကို သီးခြားသတ်မှတ်ထားသောနေရာများနှင့် ဆေးရုံများသို့ အချိန်မီလွှဲပို့နိုင်ရေးအတွက် သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဌာန၊ ပရဟိတ လူမှုအဖွဲ့အစည်းများနှင့် ကြိုတင်ချိတ်ဆက်ထားပါ။
- COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစိုးရဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့များ၏ လိုအပ်ချက်အရ အခါအားလျော်စွာ ထုတ်ပြန်ချက်များကို လိုက်နာဆောင်ရွက်ပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်ရှိ IDP စခန်းများနှင့် ယာယီတိုက်ပွဲရှောင်စခန်းများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား ကိုဗစ်–၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ မော်ဖောင်းခါနန် နှစ်ခြင်း၊ မော်ဖောင်းလော်ဝေါနှစ်ခြင်း၊ နန်းကွေ့စိန့်ယောဟန်၊ ပလန ကက်သလစ်လူငယ်ဗဟိုကျောင်း IDP စခန်းများနှင့် မိုးညှင်းမြို့နယ်ရှိ နန့်မွန်းနှစ်ခြင်းဘုရားကျောင်း IDP စခန်း စုစုပေါင်း IDP စခန်း ငါးခုနှင့် မြစ်ကြီးနားမြို့နယ်ရှိ နောင်နန်းတြီနတီနှင့် နောင်နန်းဂျော်မဆပ် ယာယီတိုက်ပွဲရှောင် စုရပ်နှစ်နေရာသို့ သွားရောက်၍ လက်သန့်ဆေးရည် ၁၀၅၄ ဘူး၊ ဆပ်ပြာ ၄၂၁၇ ခဲ၊ အပူချိန်တိုင်းကိရိယာ ခြောက်ခုတို့ကို ထောက်ပံ့ခဲ့သည်။

အလားတူ ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်ရှိ အေးလင်းမြတ်ရှင်နှင့် မြတ်ပန်းဝတ်မှုံ IDP စခန်း(၂)သို့ သွားရောက်၍ ဆပ်ပြာ ၅၂၈၁ ခဲနှင့် အပူချိန်တိုင်းကိရိယာ နှစ်ခုတို့ကို ထောက်ပံ့ခဲ့သည်။

ဆက်လက်၍ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ အုန်းတောရှည်၊ အုန်းတောကြီးတောင်၊ အုန်းတောကြီးမြောက်၊ ဆေးသမားကြီး၊ ဘောဒူဖ(၁)၊ ဘောဒူဖ(၂)၊ ဒါးပိုင်၊ သက္ကေပြင်၊ မော်သီညာ၊ ခေါင်းဒုက္ကာ၊ ဘာဆာရာ၊ သဲချောင်း စုစုပေါင်း IDP စခန်း ၁၂ ခုနှင့် စစ်တွေ မြို့နယ်ရှိ အမျိုးသားကျောင်း၊ ကရုချောင်း၊ လောသိတာရုံ၊ ဝိဘဇ္ဇဝါဒီ၊ ဗုဒ္ဓေါမော်၊ ဓမ္မရာမ၊ မဟာမုနိဗုဒ္ဓဝိဟာရ၊ နန်းရွှေဂူ၊ မဟာဇေယျသိဒ္ဓိ၊ မဏိရတနာ၊ ဆည်ကြီး၊ အလိုတော်ပြည့်၊ မဟာဝိဇယာရာမ၊ ဆုတောင်းပြည့်၊ ဒက္ခိုင်း၊ မဟာအောင်မြေဘုံ၊ တေဇရာမ ကမ္ဘဌာန်း၊ သာသနာ့ဗိမာန်နှင့် မဟာသိမဝံသကျောင်းတိုက်များရှိ ယာယီတိုက်ပွဲရှောင်စုရပ်များနှင့် ဘူးသီးတောင်မြို့နယ်ရှိ ဖုံညိုလိပ်ယာယီတိုက်ပွဲရှောင်စုရပ် စုစုပေါင်း နေရာ ၂၀ သို့ သွားရောက်၍ အဝတ်နှာခေါင်းစည်း ၂၂၉၃၂ ခု၊ Surgical Mask ၁၁၈ ခု၊ လက်သန့်ဆေးရည် ၅၉ ဘူး၊ ဗီနိုင်း ကိုးချပ်၊ အပူချိန်တိုင်းကိရိယာ တစ်ခု၊ လက်ဆေးစင် နှစ်ခု၊ ထုံးအိတ် ၃၂၀ တို့အား ထောက်ပံ့ခဲ့သည်။ **(ယာပုံ)**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်–၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့် ပတ်သက်၍ ထောက်ပံ့မှုလုပ်ငန်းများအပြင် အသိပညာပေးလုပ်ငန်းများ၊ အသိပေးနှိုးဆော်ခြင်းလုပ်ငန်းများနှင့် စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုဆိုင်ရာလုပ်ငန်းများကို နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်အားလုံးတွင် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**သတင်းစဉ်**

# ထိုင်းနိုင်ငံတွင် ပြစ်ဒဏ်ချခံရပြီးသော မြန်မာနိုင်ငံသား ၃၈ ဦးအား မြဝတီချစ်ကြည်ရေး အမှတ်(၂)တံတားမှတစ်ဆင့် လာရောက်လွှဲပြောင်းပို့ဆောင်



**မြဝတီ မေ ၁၄**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်း လုပ်သားများအား မြန်မာနိုင်ငံတွင် မေ ၁ ရက်မှစပြီး လက်ခံခဲ့ရာ ယနေ့တွင် ထိုင်းနိုင်ငံ၌ ပြစ်ဒဏ်ချခံရပြီးသော မြန်မာနိုင်ငံသား ၃၈ ဦးအား ထိုင်းနိုင်ငံမှ တာဝန်ရှိသူများက မြဝတီ အမှတ်(၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် ဒုတိယအကြိမ်အဖြစ် လာရောက်လွှဲပြောင်းပို့ဆောင်ပေးခဲ့သည်။

ပြန်လည်ဝင်ရောက်လာသူများအား ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်လင်းဦး၊ မြဝတီခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးအောင်ခိုင်ဆွေနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဝဲပုံ)**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်း လုပ်သားများအား မေ ၁ ရက်မှ စတင်လက်ခံခဲ့ရာ ယခုကဲ့သို့ ပြစ်ဒဏ်ကျခံရသူများအား လာရောက် လွှဲပြောင်းပေးခြင်းသည် ဒုတိယ အကြိမ်ဖြစ်သည်။

ပြန်လည်ဝင်ရောက်လာသူများ အနေဖြင့် မေ ၁ ရက်တွင် ၆၀ ၊ ၂ ရက် တွင် ၅၄ ဦး၊ ၃ ရက်တွင် တစ်ဦး၊ ၄ ရက်တွင် ၄၄ ဦး၊ ၅ ရက်တွင် ၂၃ ဦး၊ ၆ ရက်နှင့် ၇ ရက်တို့တွင် ဝင်ရောက်ခြင်း မရှိဘဲ ၈ ရက်တွင် ၁၀၀ ၊ ၉ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ ၁၀ ရက်တွင် ၄၄ ဦး၊ ၁၁ ရက်တွင် ၁၃ ဦး၊ ၁၂ ရက် တွင် ၄၁ ဦး၊ ၁၃ ရက်တွင် ၁၆ ဦးနှင့် ယနေ့တွင် ၃၈ ဦး ပြန်လည်ဝင်ရောက်ခဲ့ပြီး စုစုပေါင်း ၄၃၄ ဦး ပြန်လည် ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

ယနေ့ လာရောက်လွှဲပြောင်းသူများအနေဖြင့် ကချင်ပြည်နယ်မှ တစ်ဦး၊ ကရင်ပြည်နယ်မှ ၂၃ ဦး၊ မွန်ပြည်နယ်မှ ခုနစ်ဦး၊ ပဲခူးတိုင်းဒေသကြီးမှ လေးဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ နှစ်ဦးနှင့် ဧရာဝတီတိုင်းဒေသကြီးမှ တစ်ဦး စုစုပေါင်း ၃၈ ဦးဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ် ပြန်လည်စတင်မည်

**နေပြည်တော် မေ ၁၄**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေချိန်၌ ပုံမှန်ကာကွယ်ဆေးထိုး/ဆေးတိုက် အစီအစဉ်ကို ဧပြီ ၁ ရက်မှ စတင်ရပ်ဆိုင်းခဲ့ရာ မေ ၁၃ ရက်အထိ COVID-19 ရောဂါဖြစ်ပွားမှု အခြေအနေအပေါ် မူတည်၍ ပုံမှန်ကာကွယ်ဆေးထိုး/ဆေးတိုက်အစီအစဉ်ကို ပြန်လည်စတင်မည်ဖြစ်သည်။

မေ ၁၈ ရက်တွင်စတင်၍ ဗဟိုအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်ဆေးရုံများတွင်လည်းကောင်း၊ ဇွန် ၁ ရက်မှစတင်၍ မြို့နယ်အဆင့်အောက် တိုက်နယ်/ မိခင်ကလေး/ ဒေသန္တရ/ မြို့မ/ ကျေးလက်ကျန်းမာရေးဌာနများနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ/ ရပ်ကွက်/ ကျေးရွာများတွင် ဆောင်ရွက်မည်ဖြစ်သည်။ ဧပြီလနှင့် မေလတွင် ကာကွယ်ဆေး မထိုးခဲ့ရသည့် ကလေးများကိုပါ ပြန်လည်ထိုးနှံ၊ တိုက်ကျွေးပေးမည်ဖြစ်ရာ ပုံမှန်ကာကွယ်ဆေးထိုးသည့်အခြေအနေသို့ အမြန်ဆုံးပြန်လည်ရောက်ရှိစေရန် စတင်ထိုးနှံသည့်အချိန်တွင် ပြည်သူ့ဆေးရုံများနှင့် မိခင်ကလေး/ ဒေသန္တရ/ မြို့မကျန်းမာရေးဌာနများတွင် ရက်သတ္တတစ်ပတ်လျှင် ငါးရက်ဖြင့် ရက်သတ္တနှစ်ပတ်ဆက်တိုက် ဆောင်ရွက်မည်ဖြစ်ပြီး နောက်ပိုင်းတွင် ရက်သတ္တတစ်ပတ်လျှင် အနည်းဆုံးတစ်ရက်ဖြင့် ဆက်လက်ထိုးနှံ တိုက်ကျွေးသွားမည်ဖြစ်သည်။ ကာကွယ်ဆေးထိုးစုရပ်များတွင် ကာကွယ်ဆေးထိုးနှံပေးခြင်းအပြင် မိခင်နှင့်ကလေးကျန်းမာရေး အသိပညာပေးခြင်း၊ ကလေးအာဟာရ ဖွံ့ဖြိုးရေးလုပ်ငန်းများကိုပါ တွဲဖက်ဆောင်ရွက်သွားမည်ဖြစ်သည်။

မိဘ/ အုပ်ထိန်းသူများအနေဖြင့် ကာကွယ်ဆေးလာရောက်ထိုးနှံချိန်တွင် ရည်မှန်းကလေးငယ်များအားလုံး တစ်ယောက်မကျန် မရရှိခဲ့သေးသောကာကွယ်ဆေးများ အပြည့်အဝရရှိစေရန်နှင့် လူစုလူဝေးမဖြစ်စေဘဲ ဘေးအန္တရာယ်ကင်းစွာ ကာကွယ်ဆေးထိုးနှံ/တိုက်ကျွေးပေးနိုင်ရန်အတွက် ညွှန်ကြားချက်များကို တိကျစွာလိုက်နာကြ၍ ကာကွယ်ဆေးထိုးစုရပ်များသို့ လာရောက်ကြပါရန် တိုက်တွန်းနှိုးဆော်ထားကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

## ကာကွယ်ဆေးထိုးစုရပ်သို့ လာရောက်သော ကလေးမိဘအုပ်ထိန်းသူများသည် အောက်ပါညွှန်ကြားချက်များကို ခြွင်းချက်မရှိ လိုက်နာရပါမည်

- ရပ်ကွက်/ ကျေးရွာအုပ်ချုပ်သူ/ စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးရမည့်နေ့ရက်၊ အချိန်နှင့် နေရာကို ရပ်ကွက်/ လမ်း/ ကျေးရွာ/ လူအုပ်စုအလိုက် လက်ကိုင်စပီကာ/ အသံချဲ့စက်ဖြင့် ကြေညာပါမည်။ မသိရှိပါက အနီးဆုံးဆေးရုံ/ ကျေးလက်ကျန်းမာရေးဌာနခွဲသို့ ဖုန်း/ လူကိုယ်တိုင်ဖြင့် ဆက်သွယ်၍ ရက်ချိန်းယူရပါမည်။
- တစ်ရက်တွင် ကလေး (၅၀)ခန့်သာ အများဆုံးထိုးနိုင်မည်ဖြစ်၍ ကာကွယ်ဆေးထိုးရန်လာသူ ကလေး(၅၀)ဦးထက်ပိုပါက ရက်ချိန်းယူသွားပါ။ မိမိကိုချိန်းဆိုသည့်ရက်မှသာ လာပါ။
- ကာကွယ်ဆေးထိုးစုရပ်ကိုလာစဉ် နေအိမ်မှ ထွက်ခွာစဉ်ကတည်းက မိဘ/ အုပ်ထိန်းသူတို့သည် ပါးစပ်နှင့် နှာခေါင်းစည်း တပ်ဆင်ရပါမည်။ ကလေးများကို အသက်ရှူမကျပ်စေရန် ဂရုပြု၍ ကလေးမျက်နှာကာ(သို့မဟုတ်) ပုဝါ/အနီးအုပ်လာရပါမည်။ ပါးစပ်နှင့် နှာခေါင်းစည်း တပ်ဆင်မထားသော မိဘ/ အုပ်ထိန်းသူ၊ ကလေးမျက်နှာကာ (သို့မဟုတ်) ပုဝါ/ အနီးအုပ်မလာသောကလေး မည်သူ့ကိုမဆို ကျန်းမာရေးဌာန/ ဆေးခန်း/ဆေးရုံသို့ ဝင်ရောက်ရန် ခွင့်ပြုမည်မဟုတ်ပါ။
- ကာကွယ်ဆေးထိုးစုရပ်/ဆေးခန်းသို့ ကလေးနှင့်အတူ မိဘ/ အုပ်ထိန်းသူတစ်ဦးတည်းသာ ဝင်ခွင့်ပြုပါမည်။
- ကာကွယ်ဆေးထိုးစုရပ်/ဆေးခန်းသို့မဝင်ရောက်မီ ရေနှင့်ဆပ်ပြာ (သို့မဟုတ်) လက်သန့်ဆေးရည်ဖြင့် လက်ဆေးရပါမည်။
- ကာကွယ်ဆေးထိုးစုရပ်/ဆေးခန်းများတွင် ချိတ်ဆွဲထားသောလမ်းညွှန်များ၊ ညွှန်ကြားချက်များကို ရှာဖွေကြည့်ရှု၍ တိကျစွာလိုက်နာရပါမည်။
- ကလေး(သို့မဟုတ်) ကလေးနှင့်အတူ နေအိမ်သားတစ်ဦးဦးသည် ဖျားနေသည်ဖြစ်စေ/ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများရှိနေသည်ဖြစ်စေ ချိန်းဆိုထားသည့် ကာကွယ်ဆေးထိုးရန်ရက်တွင် မလာရောက်ဘဲ ပြန်လည်နေကောင်းလာသည့်အချိန်မှသာ ကျန်းမာရေးဌာနသို့ ဆက်သွယ်မေးမြန်း၍ ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးရန် ရက်ချိန်းယူရပါမည်။
- အကယ်၍ ကလေး(သို့မဟုတ်)ကလေးနှင့် အတူနေအိမ်သားတစ်ဦးဦးသည် COVID-19 ဓာတ်ခွဲအတည်ပြုလူနာနှင့် ထိတွေ့ခဲ့သည်ဖြစ်စေ၊ home quarantine ပြုလုပ်ရန် လိုအပ်သောနေအိမ်မှဖြစ်စေ quarantine သတ်မှတ်ရက်ပြည့်ပြီးမှသာလျှင် ကျန်းမာရေးဌာနသို့ ဆက်သွယ်မေးမြန်း၍ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရန် ရက်ချိန်းယူရပါမည်။
- မိမိကိုယ်တိုင်ကို လည်းကောင်း၊ မိမိကလေးကို လည်းကောင်း၊ မိမိမိသားစုကို လည်းကောင်း COVID-19 ရောဂါကူးစက်ခြင်းမရှိစေရန်နှင့် မိမိကလေးငယ်ကို မရရှိခဲ့သေးသော ကာကွယ်ဆေးများအားလုံး အပြည့်အဝရရှိရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အကြံပြုချက်များကို လိုက်နာ၍ ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးပါရန် အသိပေး တိုက်တွန်းအပ်ပါသည်။



## ဟိုပုံးမြို့ ယာယီဈေး၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

**ဟိုပုံး မေ ၁၄**

ရှမ်းပြည်နယ် တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ယာယီဈေး၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် နှာခေါင်းစည်း အခု ၅၀၀ ကို ယနေ့နံနက်ပိုင်းက အခမဲ့ဖြန့်ဝေပေးသည်။ (ဓါတ်ပုံ)

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနန်းတင့်၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမောင်မောင်သိန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှိုင်ထွေးနှင့် မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးမောင်မောင်မြင့်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ဈေးသို့ လာရောက်ရာတွင် လက်ဆေးခြင်း၊ ကိုယ်အပူချိန်တိုင်းခြင်း၊ နှာခေါင်းစည်းများ စနစ်တကျ တပ်ဆင်ကြရန်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စည်းကမ်းချက်များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာစေရေးအတွက် အသံချဲ့စက်ဖြင့် လိုက်လံကြေညာခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် နှာခေါင်းစည်း အခု ၅၀၀ အခမဲ့ဖြန့်ဝေပေးကြောင်း သိရသည်။

**နေမင်းထွန်း(ဟိုပုံး)**

## နေပြည်တော် ဇေယျာသီရိမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်နိုင်ရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် မေ ၁၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမဖြစ်ပေါ်စေရေးအတွက် ရောဂါထိန်းချုပ်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာတို့တွင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်နိုင်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်အတွင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး ဒေါ်ခင်ညိုစမ်း ဦးဆောင်၍ တာဝန်ရှိသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်းကာ လမ်းသွားလမ်းလာ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်သော အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်သော နှာခေါင်းစည်းများ စနစ်တကျ တပ်ဆင်အသုံးပြုနိုင်ရေး၊ နေအိမ်ပြင်ပသို့ ထွက်ခွာပါက မဖြစ်မနေ နှာခေါင်းစည်း တပ်ဆင်သွားလာအသုံးပြုကြရန် အသိပညာပေးခြင်းတို့ဆောင်ရွက်ခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများ၊ တစ်ဦးချင်း လိုက်နာရမည့်အချက်များ၊ အသွားအလာ ကန့်သတ်ခြင်း ဆောင်ရွက်ရမည့် အခြေအနေ၊ လက်ရှိမြန်မာနိုင်ငံတွင် ကူးစက်မှုအခြေအနေနှင့် သေဆုံးမှုအခြေအနေတို့ကို အသံချဲ့စက်ဖြင့် အသိပညာပေး နှိုးဆော်ပေးခဲ့သည်။ (အောက်ပုံ)



ဇေယျာသီရိမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ သတ်မှတ်ထားသည့် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်စေရေး ဌာနဆိုင်ရာ တာဝန်ရှိသူများက တိုက်တွန်းနှိုးဆော်ပေးလျက်ရှိကြောင်း သိရသည်။

**ထွန်းလင်း(ပြန်/ဆက်)**




ကွမ်းခြံကုန်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မေ ၁၂ ရက်တွင် ဈေးပိုင်းရပ်ကွက် အထက-၂ ကျောင်းရှေ့၌ ခရီးသွားလာနေကြသော ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ရေးအတွက် နှာခေါင်းစည်းများ တပ်ဆင်၍ သွားလာကြရန်နှင့် နှာခေါင်းစည်း မတပ်ခြင်းတို့၏ အကျိုးအပြစ်များကို အသိပညာပေးဟောပြောကာ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးစဉ်။ ရဲပြန်ကြား

## သီပေါမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

**သီပေါ မေ ၁၄**

ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိစေရေးအတွက် အဝင်အထွက် စစ်ဆေးရေးဂိတ်ထားရှိပြီး စစ်ဆေးဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက စစ်ဆေးရေးအတွက် ဂိတ်တွင် ခရီးသွားများအား သွားရောက်မည့်ခရီးစဉ်များ မေးမြန်းခြင်း၊ ကိုယ်အပူတိုင်းတာခြင်းနှင့် နှာခေါင်းစည်းများ စနစ်တကျတပ်ဆင်ရေး အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

မြို့အဝင်/အထွက် စစ်ဆေးရေးဂိတ်တွင်ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ စစ်ဆေးရေးလုပ်ငန်းအဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ နေ့စဉ်ပူးပေါင်း၍ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# အများပြည်သူသို့ တိုက်တွန်းနှိုးဆော်ချက်

၁။ Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရောဂါကူးစက်ခံရနိုင်မှု အခြေအနေကို ခြေရာခံဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ICT နည်းပညာအထောက်အကူပြုလုပ်ငန်းအဖွဲ့အနေဖြင့် **"စောစောရှာ"** Mobile Application ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၂။ "စောစောရှာ" Mobile Application အား ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ အပါအဝင်၊ ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေခြင်းဖြင့် ICT နည်းပညာ အထောက်အကူဖြင့် ကူးစက်ခံရနိုင်ခြေရှိသူများကိုလည်း ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး၊ ရောဂါကူးစက်ခံရနိုင်မှု အခြေအနေ ထိန်းချုပ်နိုင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၃။ ပြည်သူများအနေဖြင့်**"စောစောရှာ"** Mobile Application ကို မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ပါသည်-

(က) ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့နိုင်မှု အခြေအနေကို နေရာ၊ အချိန်တို့နှင့် ဆက်စပ်၍ သိရှိနိုင်ခြင်း၊

(ခ) ရောဂါကူးစက်ခံထားရသူများ သွားလာခဲ့သည့် နေရာများစာရင်းကို ဤ "စောစောရှာ" Mobile Application အသုံးပြုသူများအနက်မှ အဆိုပါနေရာများသို့ သွားလာခဲ့သူများကို သတိပေးချက် ဆောလျင်စွာပေးပို့နိုင်ခြင်းကြောင့် မိမိအနေဖြင့် ရောဂါ ကူးစက်ခံထားရသူနှင့်အတူ ရှိနေခဲ့ခြင်းနှင့် ထိတွေ့ခဲ့မှု ရှိ/မရှိ တို့ကို ဆောလျင်စွာ သိရှိနိုင်ခြင်း ၊

(ဂ) ပုံမှန်နေထိုင်စဉ် အခြေအနေတွင် ဖြစ်စေ Quarantine ပြုလုပ်နေစဉ် ကာလအတွင်းဖြစ်စေ မိမိ၏ ကျန်းမာရေးအခြေအနေအား သတင်းပေးပို့နိုင်သဖြင့် လိုအပ်ပါက ကုသမှုအကူအညီကို ဆောလျင်စွာ ရရှိနိုင်ခြင်း၊

၄။ အဆိုပါ **"စောစောရှာ"** Mobile Application ကို သုံးစွဲရန်အတွက် တယ်လီဖုန်းများအတွင်းသို့ Download ပြုလုပ်ခြင်းအပါအဝင် Application သုံးစွဲခြင်းအတွက် အင်တာနက်သုံးစွဲခကို ပြည်သူများအနေဖြင့် ကုန်ကျစရိတ်မရှိစေရန် တယ်လီကွန်း အော်ပရေတာများက အခမဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ၎င်းအပြင် အပိုဆောင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ဤ Application အား ရယူသုံးစွဲသူများကို တစ်လ သက်တမ်းရှိသော 1GB အင်တာနက်အခမဲ့ အသုံးပြုခွင့်ကိုလည်း ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူများနေအနေဖြင့် COVID–19 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေရေးအတွက် **"စောစောရှာ"** Mobile Application အား ဖော်ပြပါ ဝက်ဘ်ဆိုက် www.sawsawshar.gov.mm နှင့် Operator များက ခွင့်ပြုသတ်မှတ်ထားသည့် နည်းလမ်းများဖြင့် အခမဲ့ရယူ၍ မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ ၎င်း Mobile Application မှ ကောက်ခံရရှိသော အချက်အလက်များကို ရယူဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်သွားမည် မဟုတ်ဘဲ၊ COVID–19 အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရောဂါကူးစက်ဖြစ်ပွားနေသည့် သတ်မှတ်ကာလအတွင်းတွင်သာ အသုံးပြုရန် ရယူခြင်းဖြစ်ပြီး အခြား မသက်ဆိုင်သည့်နေရာများတွင် လုံးဝ (လုံးဝ) အသုံးပြုမည် မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

## SMS Promotion Message

သင်နှင့် သင့် မိသားစု လုံခြုံစိတ်ချစေရေးအတွက် သင်သွားရောက်ခဲ့သည့် ပတ်ဝန်းကျင်တွင် COVID–19 ကူးစက်နိုင်မှု အခြေအနေကို သိရှိနိုင်ရန် **"စောစောရှာ"** Application အား ဖော်ပြပါ www.sawsawshar.gov.mm တွင် အခမဲ့ Download ရယူသုံးစွဲ၍ တစ်လသက်တမ်းရှိ 1GB အင်တာနက် အသုံးပြုခွင့်ကို အခမဲ့ရယူလိုက်ပါ။

## တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် နေရပ်ပြန်များအား သက်ဆိုင်ရာဒေသများသို့ လွှဲပြောင်းပို့ဆောင်

**ချင်းရွှေဟော် မေ ၁၄**

ချင်းရွှေဟော်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်မှ ဝင်ရောက်လာသော တရုတ်နိုင်ငံမှ ပြန်လာသည့် နေရပ်ပြန် ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီအဖွဲ့က သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် တာဝန်ရှိသူများနှင့် ချိတ်ဆက်ပြီး နေရပ်အသီးသီးသို့ စနစ်တကျလွှဲပြောင်း ပို့ဆောင်ပေးလျက်ရှိရာ ယနေ့နံနက် ၁၁ နာရီက နေရပ်ပြန်ပြည်သူ ၃၀၆ ဦးကို လွှဲပြောင်းပို့ဆောင်ပေးခဲ့သည်။ **(အောက်ပုံ)**

ချင်းရွှေဟော်မှ လွှဲပြောင်းပို့ဆောင်ခဲ့သည့် နေရပ်ပြန်ပြည်သူ ၃၀၆ ဦးတွင် အမျိုးသား ၁၇၀၊ အမျိုးသမီး ၁၃၆ ဦး ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးမှ နှစ်ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၃၇ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၆၈ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၄၆ ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ၂၆ ဦး၊ ကချင်ပြည်နယ်မှ ၂၄ ဦး၊ ရခိုင်ပြည်နယ်မှ ၄၇ ဦးနှင့် နေပြည်တော်မှ ၅၆ ဦးတို့ဖြစ်ကြောင်း သိရသည်။

ထိုသို့ ချင်းရွှေဟော်မြို့မှ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များသို့ နေရပ်ပြန်ပြည်သူများကို ဧပြီ ၃၀ ရက် မှစတင်ပြီး စနစ်တကျ လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ယနေ့အထိ အမျိုးသား ၂၂၁၈ ဦးနှင့် အမျိုးသမီး ၁၅၉၁ ဦး တို့ဖြစ်ပြီး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၃၈၀၉ ဦးတို့ ဖြစ်ကြောင်း သိရသည်။

**ဇင်ဇင်(ပြန်/ဆက်)**



## ကိုဗစ် - ၁၉ Call Center ဖွင့်လှစ်ထားရှိ

**နေပြည်တော် မေ ၁၄**

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေး အော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Centerအား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်းစဉ်**





မိမိနှင့် မိမိ မိသားစု လုံခြုံစေချင်ပါသလား။ တတ်နိုင်သမျှ အိမ်တွင်နေပါ။ မဖြစ်မနေ အပြင်ထွက်တိုင်း ပါးစပ်နှင့်နှာခေါင်းစည်း ကို စနစ်တကျအသုံးပြုပါ။ အသုံးပြုပြီး ပါးစပ်နှင့်နှာခေါင်းစည်းကို အမှိုက်ပုံးထဲသို့ စနစ်တကျစွန့်ပစ်ပါ။ ပြီးလျှင် လက်ကို စနစ်တကျပြန်ဆေးပါ။

## မြိတ်မြို့မှ ကဏန်းမည်း တင်ပို့ရောင်းချမှုဈေးကွက် ကိုဗစ် - ၁၉ မဖြစ်ခင်ကာလကထက် ဈေးနှုန်းထက်ဝက်ခန့်ကျဆင်း

မြိတ် မေ ၁၄

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့မှ ကဏန်းမည်းတင်ပို့ရောင်းချမှု ဈေးကွက်သည် ကိုဗစ် – ၁၉ မဖြစ်ခင်ကာလကထက် ဈေးနှုန်းများ ထက်ဝက်ခန့်ကျဆင်းလျက်ရှိကြောင်း ကဏန်းမည်းတင်ပို့ရောင်းချသူများထံမှ သိရသည်။

" တရုတ်ပြည်မှာ ကိုဗစ် – ၁၉ စဖြစ်တာနဲ့ အဝယ်ရပ်လိုက်တာ။ ဒီဘက်မှာ ဈေးကချက်ချင်းပြုတ်ကျသွားတယ်။ ပြီးတော့ ထိုင်းမှာ ဝယ်တာအကန့်အသတ်ဖြစ်သွားတယ်။ အရင်တစ်ပိဿာပျှမ်းမျှငွေကျပ် ၁၀၀၀၀ ကျော်ရှိတာ။ အခု ငွေကျပ် ၆၀၀၀ ကျော်ဆိုတော့ ထက်ဝက်ပြုတ်ကျသွားတယ်။ အကြီးဆုံး ၃၀၀ ဂရမ် ဆိုရင် ငွေကျပ် ၂၅၀၀၀ လောက်ဖြစ်ခဲ့ပြီး အခု ကျွန်တော်တို့ဝယ်ဈေးက ၉၀၀၀ ရှိပါတယ်" ဟု ကဏန်းမည်းအဝယ်ဒိုင် ဦးလှဌေးက ပြောသည်။

ကဏန်းမည်းဈေးကွက်တွင် အရွယ်အစားလေးမျိုးရှိပြီး လက်ရှိအချိန်တွင် ၃၀၀ ဂရမ်အထက်ကို ယခင်က ငွေကျပ် ၂၅၀၀၀၊ ယခုငွေကျပ် ၉၀၀၀၊ ၂၀၀ဂရမ်အထက်ကို ယခင်က ငွေကျပ် ၂၀၀၀၀၊ ယခု ငွေကျပ် ၈၀၀၀၊ ၂၀၀ ဂရမ် အောက်ကို ယခင်က ငွေကျပ် ၁၅၀၀၀၊ ယခု ငွေကျပ် ၇၀၀၀ ဝန်းကျင်ခန့်၊ ၁၀၀ ဂရမ်အောက်ကို ငွေကျပ် ၆၅၀၀ ဝန်းကျင်ခန့်ရှိသည်။

မြိတ်မြို့မှ ကဏန်းမည်း တင်ပို့ရောင်းချမှုဈေးကွက်အနေဖြင့် တရုတ်ဈေးကွက်နှင့် ထိုင်းဈေးကွက်ကို တင်ပို့ရောင်းချလျက်ရှိပြီး တရုတ်ဈေးကွက်ကို ရန်ကုန်မှ တစ်ဆင့်တင်ပို့လျက်ရှိကာ ထိုင်းဈေးကွက်ကို မောတောင်–ပရာကျွတ်နယ်စပ်ပိတ်ထားသဖြင့် ကော့သောင်းမှတစ်ဆင့် ရနောင်းသို့ ပို့ဆောင်လျက်ရှိကြသည်။ ကဏန်းမည်းကို ရန်ကုန်သို့ပို့ဆောင်ရာတွင် ကဏန်းအရှင်ကို ကုန်တင်ယာဉ်ဖြင့် ပို့ဆောင်ရာ ပြည်ထောင်စုလမ်းမကြီး၌ ညပိုင်းတွင် သွားလာခွင့်ပြုသဖြင့် အဆင်ပြေမှုရှိသော်လည်း ကော့သောင်းလမ်းတွင် ည ၁၀ နာရီ နောက်ပိုင်းသွားလာခွင့်မပြုသဖြင့် ကဏန်းမည်းတင်ပို့ရောင်းချသူများ အခက်အခဲများဖြစ်နေကြောင်း သိရသည်။

" တစ်ဖက်နိုင်ငံက ပြန်ဝယ်နေလို့ နည်းနည်းပြန်ဝယ်တာပါ။ သူတို့မှာလည်း သွားလာရတာ ပြန်အဆင်ပြေပြီဆိုတော့ အစကသူတို့ အသွားအလာကန့်သတ်မှုရှိတယ်လို့ပြောတယ်။ အခုမှနည်းနည်းပြန်အဆင်ပြေတယ်။ စားသောက်ဆိုင်တွေလည်း တစ်ဆိုင်မှာ စားပွဲခုံတစ်လုံးမှာ နှစ်ယောက်ပေးထိုင်တယ်။ အခုလက်ရှိသွားရတဲ့ခရီးပဲ ပင်ပန်းနေတယ်။ ရနောင်းကမ်းကို ၁၂ နာရီထိုးရင် ကူးလို့မရတော့ဘူး။ တစ်နေ့မှာ တစ်စင်းပဲကူးလို့ရတယ်။ ဈေးကွက်အနေအထားက ထိုင်းဈေးကွက်ကိုပဲ အဓိကပို့ပေးတယ်" ဟု ကဏန်းမည်းအဝယ်ဒိုင် ဦးအေးလွင်က ပြောသည်။



မြိတ်မြို့မှ ကဏန်းအဝယ်ဒိုင်တစ်ခုကို တွေ့ရစဉ်။

လက်ရှိအချိန်၌ ကဏန်းမည်းအဝယ်ဒိုင်များသို့ လာရောက်ရောင်းချသူများက စားဝတ်နေရေးအခြေအနေကြောင့် ဈေးနှုန်းများကျဆင်းနေသော်လည်း ရသည့်ဈေးနှင့်လာရောက် ရောင်းချလျက်ရှိကြကြောင်း၊ ဈေးကွက်တွင် ကဏန်းမည်းတစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀ ခန့် ဈေးကျချိန်၌ လာရောက်ရောင်းချကြပြီး ဈေးထပ်ကျချိန် လာရောက်ရောင်းချကြခြင်းမရှိဘဲ ဈေးတက်မှပြန်ရောင်းကြမည်ဟုဆိုကြပြီး ဈေးထပ်မံကျချိန်လာရောက်ရောင်းချသူများက စားဝတ်နေရေးအခြေအနေကြောင့် ရသည့်ဈေးနှင့်လာရောက်ရောင်းချလျက်ရှိကြောင်း ကဏန်းမည်းတင်ပို့ရောင်းချသူများထံမှ သိရသည်။

မြိတ်မြို့တွင် ကဏန်းမည်းအဝယ်ဒိုင်ကြီးလေးဒိုင်နှင့် ဒိုင်ငယ် ၁၀ ကျော်ရှိပြီး ကဏန်းမည်းများကို မြိတ်၊ ကျွန်းစု၊ ပုလော၊ ပင်လယ်ပိုင်းနှင့် ကြိမ်နီတောင်၊ ကြိမ်မဲတောင်မှ မြိတ်မြို့တွင် လာရောက်ရောင်းချလျက်ရှိကြပြီး တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချရာတွင် ဈေးကောင်းရချိန်၌ ဘုတ်ပြင်း၊ ကော့သောင်းဘက်မှလည်း လာရောက်ရောင်းချလျက်ရှိကြောင်း သိရသည်။

ခိုင်ထူး (ပြန်/ဆက်)

## ချင်းတွင်းမြစ်ကြောင်းအတွင်း ပြေးဆွဲလျက်ရှိသော ခရီးသည်တင်အမြန်ရေယာဉ်များ ပြန်လည်ပြေးဆွဲ

ကလေးဝ မေ ၁၄

ကိုဗစ် – ၁၉ ကြောင့် မုံရွာမြို့ကိုအခြေပြု၍ ချင်းတွင်းမြစ် အထက်ပိုင်းမြို့များဖြစ်သည့် ကနီ၊ မင်းကင်း၊ ကလေးဝ၊ မော်လိုက်၊ ဖောင်းပြင်၊ ဟုမ္မလင်းနှင့် ခန္တီးမြို့များသို့ ပြေးဆွဲလျက်ရှိသော အမြန်ရေယာဉ်များကို မတ် ၃၁ ရက်က စတင်ရပ်နားခဲ့ရာ ယခုအခါ ပြန်လည်ပြေးဆွဲလျက်ရှိသည်။

"ခရီးသည်တင် အမြန်ရေယာဉ်တွေစတင်ပြေးဆွဲတာက ငါးရက်လောက်ရှိပြီ။ တစ်နေ့ကို အမြန်ရေယာဉ်နှစ်စင်း အလှည့်ကျပြေးဆွဲတယ်ဆိုပေမယ့်လည်း ပုံမှန်မရှိဘူး။ တစ်နေ့တစ်စင်းလည်း ဆွဲဖြစ်တယ်။ ကလေးဝမြို့ကလိုက်တဲ့ ခရီးသည်ကို ကျွန်မတို့က ကျန်းမာရေးထောက်ခံချက်ပါမှ လက်မှတ်ဖြတ်ပေးတယ်။ ဈေးနှုန်းက ပုံမှန်စီးနင်းခပဲ ကောက်ခံတာပါ။ အမြန်ရေယာဉ်ကလည်း ၅၀ ရာခိုင်နှုန်း။ ထိုင်ခုံနှစ်ခုံကို တစ်ယောက်နှုန်းပဲ တင်တာပါ" ဟု ကလေးဝမြို့ အမြန်ရေယာဉ် MGRG ဂိတ်မှူး မငုဝါက ပြောသည်။

သက်ဟန်(ကလေးဝ)



မုံရွာမြို့ဆိပ်ကမ်းဆိုက် လူစီးအမြန်ရေယာဉ်တစ်စင်းကို တွေ့ရစဉ်။



ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ် ကုသရေးလုပ်ငန်းစဉ်များတွင် အသုံးပြုနိုင်ရန်အတွက် ကြည့်မြင်တိုင်မြို့နယ်နေ သီဟသုဓမ္မဇောတိကဓဇ ဦးအောင်သန်းစိန် (အောင်ရတနာသက်န်းတိုက်) မိသားစုက ငွေကျပ်သိန်း ၁၀၀ ကို ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနသို့ မေ ၁၃ ရက်က သွားရောက်လှူဒါန်းရာ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့် လက်ခံယူစဉ်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၄– ၅ – ၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၀၃၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၃၁၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၀၂၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၃၂၇၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၂၀/၄၈၅ | ကျပ် | ၄၆၀/၄၈၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၄၃၀/၄၉၅ | ကျပ် | ၄၇၅/၄၉၅ | ကျပ် |
| အောက်တိန်း ၉၂ | ၃၂၀/၃၆၀ | ကျပ် | ၃၉၀/၄၁၀ | ကျပ် |
| အောက်တိန်း ၉၅ | ၄၆၅/၅၀၀ | ကျပ် | ၅၂၅/၅၅၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၁၅ . ၉ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၃၅ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၉၉ . ၁၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၃၈ . ၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၂၂ . ၈ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၁၈ . ၄၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၉ . ၆၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၇၆၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၅ . ၆၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၇ . ၁၁ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၁၇၁ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၅၀၀ | ၁၀၅၀၀ | ၃၉၆၃ | ၄၁၆၁၁၅၀၀ |
| MTSH | ၃၆၅၀ | ၃၆၅၀ | ၇၅၄၀ | ၂၇၃၆၉၅၅၀ |
| MCB | ၈၃၀၀ | ၈၂၀၀ | ၃ | ၂၄၈၀၀ |
| FPB | ၂၃၀၀၀ | ၂၄၀၀၀ | ၁၆၆ | ၃၉၀၂၅၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၁၈၆ | ၅၁၃၃၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ–စုစည်းသည်။


မြန်မာ့အလင်း

စာတည်းမှူးချုပ် – အောင်နိုင်ဦး
ခေတ္တစာတည်းမှူး – ဝင်းကျော်
သတင်းထောက်ချုပ် – မြင့်ဆွေ
စာတည်းများ – ကြည်ဝင်း၊ ခင်ရတနာ
ဘာသာပြန် စာတည်း – ချိုးစန္ဒီမွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ – ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
အငယ်တန်း သတင်းထောက်များ – နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး
ဓာတ်ပုံ သတင်းထောက် – တင်စိုး
သုတေသန – အိအိခင်နှင့် အဖွဲ့
စာပြင် – ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း – သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် – (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် – (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်–စာတည်းမှူး ၀၆၇–၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၄၅၊ ဖက်စ် ၀၆၇–၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့ ၀၁–၅၄၄၃၀၉၊ မန်နေဂျာ ၀၁–၅၄၄၃၁၄၊ စီမံ ၀၁–၅၄၄၃၁၅၊ ငွေစာရင်း ၀၁–၅၄၄၃၁၆၊ ကြော်ငြာ ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ Fax ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ Fax ၀၁–၈၆၀၄၅၄၆။



MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# နယူးကာဆယ်နဲ့ ဂါရတ်ဘေးလ်ကို ချိန်ထိုးကြည့်ခြင်း

အောင်က

အင်္ဂလန်မီဒီယာတွေပေါ်မှာ ရီးရဲမက်ဒရစ်တောင်ပံကစားသမား ဂါရတ်ဘေးလ်နဲ့ပတ်သက်ပြီး နောက်ဆုံး စိတ်ဝင်စားတဲ့ ပရီမီယာလိဂ်အသင်းကတော့ နယူးကာဆယ်အသင်းဖြစ် ပါတယ်။ နယူးကာဆယ်အသင်းကို ဆော်ဒီသူဌေး မိုဟာမက်ဝယ်ယူခဲ့ပြီးနောက် ဘဏ္ဍာရေးအင်အားက တောင့်တင်းသွားခဲ့ပြီး ထိပ်တန်းပြိုင်ဘက်အသင်းကြီးတွေကို ယှဉ်နိုင်တဲ့ အခြေအနေမှာလည်း ရှိနေပါတယ်။ လက်ရှိပရီမီယာလိဂ်အသင်းတွေထဲမှာဆိုရင်လည်း နယူးကာဆယ်သူဌေးက အကြွယ်ဝဆုံးနဲ့ အချမ်းသာဆုံးလည်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း နယူးကာဆယ်အသင်းဟာ သူဌေးသစ်ရဲ့ အားကိုးနဲ့ ဂါရတ်ဘေးလ်ကို ဝယ်ယူဖို့ ကြိုးစားနေတာလည်း ဖြစ်ပါတယ်။ ဒ့ါအပြင် နယူးကာဆယ်အသင်းဟာ နည်းပြသစ်အဖြစ် စပါးအသင်းနည်းပြဟောင်း ပိုချက်တီနိုကို ခန့်အပ်ဖို့လည်း ပြင်ဆင်နေပါတယ်။ ပိုချက်တီနိုကလည်း ဂါရတ်ဘေးလ်ကို ယခင်ကတည်းက နှစ်သက်မှုရှိနေခဲ့တာလည်း ဖြစ်ပါတယ်။

## ဘေးလ်နဲ့စပါးရဲ့ဆက်နွယ်မှု

၂၀၁၃ ခုနှစ်က ရီးရဲမက်ဒရစ်အသင်းဟာ ဂါရတ်ဘေးလ်ကို ပထမဦးဆုံး ခေါ်ယူဖို့ ကမ်းလှမ်းခဲ့စဉ်က စပါးအသင်းက ငြင်းဆိုမှုမရှိခဲ့ပါဘူး။ ဒါကြောင့်လည်း ရီးရဲမက်ဒရစ်အသင်းအနေနဲ့ ဂါရတ်ဘေးလ်ကို ပရီမီယာလိဂ်အသင်းတွေထံ ပြန်ရောင်းမယ်ဆိုရင် စပါးအသင်းကို ဦးစားပေးစဉ်းစားဖို့ ၇၂ နာရီအချိန်ပေးရမယ်လို့ သဘောတူညီမှု ရှိခဲ့ပါတယ်။ ဒါပေမယ့် အဲဒီသဘောတူညီချက်က ၂၀၁၉ ခုနှစ်၊ ဇွန်လကတည်းက ပြီးဆုံးသွားခဲ့ပြီ ဖြစ်ပါတယ်။ ဒါကြောင့်လည်း နယူးကာဆယ်အသင်းအနေနဲ့ လာမယ့်အပြောင်းအရွှေ့ဈေးကွက်မှာသာ ဂါရတ်ဘေးလ်ကို အရခေါ်ခဲ့မယ်ဆိုရင် စပါးအသင်းအနေနဲ့ ဟန့်တားနိုင်မယ့်အခြေအနေမှာမရှိပါဘူး။

## နယူးကာဆယ်အခြေအနေ

ဂါရတ်ဘေးလ်အနေနဲ့ ရီးရဲမက်ဒရစ်အသင်းကနေ ထွက်ခွာမယ်ဆိုရင် နယူးကာဆယ်အသင်းဟာ သူ့အတွက် အကောင်းဆုံးနေရာတစ်ခုလည်းဖြစ်နိုင်ပါတယ်။ ဂါရတ်ဘေးလ်အနေနဲ့ ရီးရဲမက်ဒရစ်အသင်းမှာ ပုံမှန်ကစားခွင့်ရဖို့အတွက် ရုန်းကန်နေခဲ့ရပေမယ့် ပြီးခဲ့တဲ့ ၃ နှစ်လောက်ကတည်းက အသင်းမှာသာ ဆက်လက်ရှိနေမယ်လို့ ဆက်တိုက်ဆိုသလို ထုတ်ဖော်ပြောဆိုခဲ့သူလည်း ဖြစ်ပါတယ်။ ဂါရတ်ဘေးလ်အနေနဲ့ လက်ရှိစာချုပ်သက်တမ်း ၂၀၂၂ ခုနှစ်ပြီးမှသာ အသင်းကနေ ထွက်ခွာဖို့ ရည်ရွယ်ထားတယ်လို့လည်းဆိုပါတယ်။ ပြီးခဲ့တဲ့နှစ် နွေရာသီတုန်းကဆိုရင် တရုတ်စူပါလိဂ် ကလပ်အသင်းတစ်သင်းက တစ်နှစ်လုပ်ခယူရို ၂၅ သန်းနဲ့ ကမ်းလှမ်းထားပေမယ့် သူဟာအသင်းမှာပဲ ဆက်လက်ရှိနေဖို့ စဉ်းစားခဲ့တာဖြစ်ပါတယ်။ အထူးသဖြင့် ဂါရတ်ဘေးလ်လိုကစားသမားမျိုးကိုခေါ်ယူဖို့ဆိုတာဟာ လုပ်ခနဲ့ ပတ်သက်ပြီး အဓိကထည့်စဉ်းစားရတဲ့အရာလည်း ဖြစ်ပါတယ်။ ဒါပေမယ့် တစ်နှစ်ပေါင် ၁၇ သန်းလုပ်ခဟာ နယူးကာဆယ်အသင်းအတွက်ကတော့ လက်ရှိအခြေအနေမှာ ပေးနိုင်တဲ့အခြေအနေမှာရှိနေတယ်လို့လည်း ဆိုရမှာပါ။

## နည်းပြ

နယူးကာဆယ်အသင်းသာ စပါးအသင်းနည်းပြဟောင်းဖြစ်တဲ့ ပိုချက်တီနိုကိုသာခေါ်ယူနိုင်ခဲ့မယ်ဆိုရင် ထိပ်တန်းကစားသမားတွေကို ပိုမိုခေါ်ယူနိုင်မယ့်အခြေအနေမှာရှိနေတယ်လို့ ပြောရမှာဖြစ်ပါတယ်။ ပိုချက်တီနိုဟာ စပါးအသင်းကို ကိုင်တွယ်ခဲ့စဉ်ကတည်းက ဂါရတ်ဘေးလ်ကို ပြန်ခေါ် နိုင်ခဲ့မယ်ဆိုရင်




ခေါ်ယူချင်တယ်လို့လည်း ထုတ်ဖော်ပြောဆိုခဲ့တဲ့နည်းပြတစ်ဦး ဖြစ်ပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး ပိုချက်တီနို "အနာဂတ်မှာကျွန်တော့်အနေနဲ့ သူ့ကို ဘာကြောင့် ပြန်မခေါ်ယူချင်ရမှာလဲ။ သူဟာထိပ်တန်းကစားသမားတစ်ဦး ဖြစ်ပြီးအသင်းကို တိုးတက်မှုတွေရရှိအောင်လုပ်ပေးနိုင်တဲ့သူလည်း ဖြစ်ပါတယ်" လို့ ပြောဆိုခဲ့ပါတယ်။

## ရီးရဲမက်ဒရစ်အခြေအနေ

ရီးရဲမက်ဒရစ်အသင်းဟာ မြင့်မားတဲ့ လုပ်ခတွေပေးနေရပြီးအသင်းမှာ ပုံမှန်အသုံးပြုခြင်းမရှိတဲ့ ဂါရတ်ဘေးလ်အသင်းကနေ ထွက်ခွာမယ်ဆိုရင် တားမြစ်သွားစရာ အကြောင်းမရှိပါဘူး။ ပြီးခဲ့တဲ့နှစ် နွေရာသီတုန်းက ဂါရတ်ဘေးလ်ကို တရုတ်စူပါလိဂ်အသင်းဖြစ်တဲ့ ဂျင်ဆုဆန်းနန်းအသင်းကို ရောင်းထုတ်ချင်ခဲ့တာကလည်း အလွတ်နဲ့ ထွက်ခွာမှာစိုးတာကြောင့် ဖြစ်ပါတယ်။ ဒါကြောင့်လည်း စာချုပ်သက်တမ်းမကုန်ခင် ဂါရတ်ဘေးလ်ကို နယူးကာဆယ်အသင်းကသာခေါ်ယူမယ်ဆိုရင် ရီးရဲကလည်းရောင်းထုတ်ဖို့အသင့်လို့ဆိုရမှာပါ။ ဂါရတ်ဘေးလ်အနေနဲ့ကလည်း သူကစားခဲ့ဖူးတဲ့ ပရီမီယာလိဂ်ဖြစ်တာကြောင့် သူ့အတွက် ဒေသစိမ်းမဟုတ်တာကြောင့် အသားကျဖို့ကပိုလွယ်နိုင်တယ်လို့ ဆို ရမှာပါ။

## ဂါရတ်ဘေးလ်နဲ့ မေဂျာလိဂ်

ဂါရတ်ဘေးလ်ဟာ သူ့အနေနဲ့ ရီးရဲမက်ဒရစ်အသင်းကထွက်ခွာတဲ့အခါ အမေရိကန်မေဂျာလိဂ်ကိုပြောင်းရွှေ့ကစားဖို့ ရှိလာနိုင်တယ်လို့ အရိပ်အမြွက်ထုတ်ဖော်ပြောဆိုခဲ့ဖူးပါတယ်။ ဒါပေမယ့် ဘက်ဟမ်းပိုင်ဆိုင်တဲ့ အင်တာမီယာမီအပါအဝင် မေဂျာလိဂ်အသင်းတွေအနေနဲ့ ဂါရတ်ဘေးလ်ရဲ့ မြင့်မားတဲ့ လုပ်ခကိုပေးပြီးခေါ်နိုင်ဖို့ ဆိုတာကတော့ မဖြစ်နိုင်ဘူးလို့ဆိုရမှာပါ။ ဒါကြောင့်လည်း လာမယ့်အပြောင်းအရွှေ့မှာသာ နယူးကာဆယ်အသင်းကနေ ခေါ်ယူခဲ့မယ်ဆိုရင် သူ့ရဲ့ ဦးတည်ရာဟာ ပရီမီယာလိဂ်ကို ပြန်ဖြစ်လာနိုင်ပါတယ်။

ဒ့ါအပြင် ငွေကြေးအင်အား တောင့်တင်းလွန်းတဲ့ နယူးကာဆယ်အသင်းရဲ့လက်ရှိအခြေအနေတွေကြောင့် ဂါရတ်ဘေးလ်ရဲ့ ဦးတည်ရာဟာ နယူးကာဆယ်အသင်းကို မဖြစ်နိုင်ဘူးလို့ ဘယ်သူကမှ ယတိပြတ်မပြောနိုင်ဘူး လို့သာဆိုလိုက်ချင်ပါတယ်။ ။

# တိုက်စစ်မှူး အိုင်ကာဒီအား အပြီးသတ်ခေါ်ယူရန် ပီအက်စ်ဂျီအသင်းလိုလား

ပြင်သစ်ကလပ် ပီအက်စ်ဂျီ အသင်းသည် လာမည့် နွေရာသီဈေးကွက်ကာလအတွင်းတွင် အာဂျင်တီးနားတိုက်စစ်မှူး အိုင်ကာဒီအား အပြီးသတ် စာချုပ်ချုပ်ဆိုကာ ခေါ်ယူရန် ဆန္ဒရှိနေကြောင်း သတင်းများ ထွက်ပေါ်လာသည်။

အသက် ၂၇ နှစ်အရွယ်ရှိ တိုက်စစ်မှူး အိုင်ကာဒီသည် ၂၀၁၉ ခုနှစ် စက်တင်ဘာလအတွင်းတွင် အင်တာမီလန်အသင်းမှ ပီအက်စ်ဂျီအသင်းသို့ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားနေသူဖြစ်ပြီး ပီအက်စ်ဂျီအသင်းအနေဖြင့် တိုက်စစ်မှူး အိုင်ကာဒီအား ပေါင် ၆၁ ဒသမ ၄ သန်းဖြင့် အပြီးသတ်ခေါ်ယူနိုင်သည်ဆိုသည့်အချက်အား အငှားစာချုပ်တွင် ထည့်သွင်းချုပ်ဆိုထားသည်။ ယခုနှစ် ဘောလုံးရာသီတွင် ပီအက်စ်ဂျီအသင်းအတွက် စုစုပေါင်း ၃၁ ပွဲ ပါဝင်ကစားထားကာ ဂိုး ၂၀ သွင်းယူထားသူ အိုင်ကာဒီသည် ပီအက်စ်ဂျီအသင်းတာဝန်ရှိသူများ၏ နှစ်သက်မှု ရရှိနေသူဖြစ်ပြီး တိုက်စစ်မှူး ကာဗာနီ၏နေရာတွင် အစားထိုးရန် ရည်ရွယ်ခြင်းခံထားရသူဖြစ်သည်။

သို့သော်လည်း ကိုရိုနာဗိုင်းရပ်စ် ပျံ့နှံ့ကူးစက်မှုများကြောင့် ယခုနှစ် ပြင်သစ်ပထမတန်းပြိုင်ပွဲအား ရာသီမကုန်ဆုံးမီ ရပ်တန့်ခဲ့ရသည့်အတွက် ပီအက်စ်ဂျီအသင်းအနေဖြင့် ငွေကြေးဆုံးရှုံးမှု အများအပြားရှိခဲ့ခြင်းကြောင့် တိုက်စစ်မှူး အိုင်ကာဒီအား ခေါ်ယူရေးအတွက် ငွေကြေးသုံးစွဲနိုင်မှုမရှိကြောင်း၊ ထို့ကြောင့် ပီအက်စ်ဂျီအသင်းအနေဖြင့် အသင်းမှ တောင်ပံတိုက်စစ်ကစားသမား ဂျူလီယန်ဒရက်လာအား အလိုက်ပေးပြီး ပြောင်းရွှေ့ကြေးအနည်းငယ်သာ ပေးချေရရေးအတွက် အင်တာမီလန်အသင်းနှင့် ဆွေးနွေးသွားဖွယ်ရှိနေသည်။ အင်တာမီလန်အသင်းသည် ပြီးခဲ့သည့် ဇန်နဝါရီဈေးကွက်ကာလအတွင်းတွင် ဂျာမနီကစားသမား ဒရက်လာ (၂၆ နှစ်)အား ခေါ်ယူရန် ကြိုးပမ်းခဲ့ဖူးသူဖြစ်သည်။

ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်းသည်လည်း တိုက်စစ်မှူး အူဘာမီယန်၏နေရာတွင် အစားထိုးရန်အတွက် တိုက်စစ်မှူး အိုင်ကာဒီအား ခေါ်ယူရန် စိတ်ဝင်စားနေသည်ဟု ဆိုသည်။ အင်တာမီလန်အသင်းနှင့် တိုက်စစ်မှူး အိုင်ကာဒီတို့ ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ ၂၀၂၁ ခုနှစ် အတွင်းတွင် ကုန်ဆုံးမည်ဖြစ်ပြီး အင်တာမီလန်အသင်း ဒါရိုက်တာ ဂျာဗီယားဇနက်တီက အိုင်ကာဒီသည် အင်တာမီလန်အသင်း၏ အနာဂတ်တွင် ပါဝင်ခြင်းမရှိတော့သည့် ကစားသမားဖြစ်ကြောင်း ဖွင့်ဟပြောဆိုထားသည်။

ထက်အောင်

# ဘာစီလိုနာအသင်းထံသို့ ဂွါဒီယိုလာအား ပြန်လည်ခေါ်ယူရန် ဥက္ကဋ္ဌဟောင်း လာပေါ်တီ ဆန္ဒရှိနေ

ဘာစီလိုနာအသင်းဥက္ကဋ္ဌဟောင်းဖြစ်သူ ဂျွန်လာပေါ်တီသည် လာမည့် ၂၀၂၁ ခုနှစ်အတွင်း ကျင်းပမည့် ဘာစီလိုနာအသင်းဥက္ကဋ္ဌသစ်ရွေးကောက်ပွဲတွင် ပြန်လည်အနိုင်ရရှိခဲ့ပါက မန်စီးတီးအသင်းမန်နေဂျာအဖြစ် တာဝန်ယူနေသူ ဂွါဒီယိုလာအား ဘာစီလိုနာအသင်းနည်းပြအဖြစ် ပြန်လည်ခေါ်ယူလိုကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။

စပိန်နိုင်ငံသား လာပေါ်တီ (၅၇နှစ်)သည် ၂၀၀၃ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အတွင်း ဘာစီလိုနာအသင်းဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သူဖြစ်သည်။ ဘာစီလိုနာအသင်းဥက္ကဋ္ဌအဖြစ် လာပေါ်တီ တာဝန်ယူနေစဉ်ကာလအတွင်း စပိန်လူမျိုး နည်းပြ ဂွါဒီယိုလာ (၄၉ နှစ်) သည် ဘာစီလိုနာ B အသင်းနည်းပြအဖြစ်မှ ဘာစီလိုနာပထမအသင်းနည်းပြအဖြစ် တိုးမြှင့်ခံထားခြင်းခံခဲ့ရသည်။ မန်စီးတီးအသင်းနှင့် မန်နေဂျာ ဂွါဒီယိုလာတို့ ချုပ်ဆိုထားသည့် လက်ရှိစာချုပ်သက်တမ်းမှာ ၂၀၂၁ ခုနှစ် နွေရာသီတွင် ကုန်ဆုံးမည်ဖြစ်သည်။ မန်စီးတီးအသင်းတာဝန်ရှိသူများကမူ မန်နေဂျာ ဂွါဒီယိုလာအနေဖြင့် အသင်းနှင့်စာချုပ်သက်တမ်းတိုးမြှင့်လိမ့်မည်ဟု ယုံကြည်လျက်ရှိသည်ဟု ဆိုသည်။

ဥက္ကဋ္ဌဟောင်း လာပေါ်တီက "ကျွန်တော်ဟာ ဘာစီလိုနာအသင်းဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့ဖူးပါတယ်။ ဒီရာထူးကို နောက်ထပ်ပြန်လည်ရယူဖို့ အတွက်လည်း စိတ်လှုပ်ရှားနေမိတယ်။ တကယ်လို့ ကျွန်တော့်အနေနဲ့ ဘာစီလိုနာအသင်း ဥက္ကဋ္ဌအဖြစ် တာဝန်ယူဖြစ်ခဲ့ရင် ဂွါဒီယိုလာကို ဘာစီလိုနာအသင်းဆီ ပြန်လည်ခေါ်ယူချင်ပါတယ်။ လက်ရှိအချိန်မှာတော့ ဂွါဒီယိုလာဟာ မန်စီးတီးအသင်းမန်နေဂျာအဖြစ် တာဝန်ယူနေတယ်။ အနာဂတ်အတွက် ဂွါဒီယိုလာကိုယ်တိုင်ဆုံးဖြတ်ချက်ချရမှာပါ။ သူဟာ ဘာစီလိုနာအသင်းအတွက် စံမှတ်ကျောက်တစ်ခုဖြစ်ပြီး ဘာစီလိုနာအသင်းပရိသတ်များစွာကလည်း ဂွါဒီယိုလာကို ဘာစီလိုနာအသင်းနည်းပြအဖြစ် တစ်ကျော့ပြန် မြင်တွေ့ချင်ကြပါလိမ့်မယ်"ဟု ပြောဆိုခဲ့သည်။

ဘာစီလိုနာနှင့် ဘိုင်ယန်မြူးနစ်အသင်းနည်းပြဟောင်းဖြစ်သူ ဂွါဒီယိုလာကမူ ၎င်းအနေဖြင့် ဘာစီလိုနာ သို့မဟုတ် ဂျာမနီသို့ ပြန်လည်သွားရောက်မည်မဟုတ်ဟု ပြောဆိုထားသည်။ နည်းပြ ဂွါဒီယိုလာသည် ဘာစီလိုနာအသင်းနည်းပြအဖြစ် တာဝန်ယူခဲ့စဉ်အတွင်း စပိန်လာလီဂါချန်ပီယံဆုဖလားသုံးကြိမ်၊ ချန်ပီယံလိဂ်ဆုဖလား နှစ်ကြိမ် အပါအဝင် ဆုဖလားပေါင်း ၁၄ လုံး ရယူပေးနိုင်ခဲ့သူဖြစ်သည်။

ထက်အောင်

# တိုက်စစ်မှူး ရက်ချ်ဖို့ဒ်အား မန်ယူကပ္ပတိန် မက်ဂွါယား ချီးကျူးစကားဆို




မန်ယူအသင်းကပ္ပတိန် ဟယ်ရီ မက်ဂွါယားက မန်ယူအသင်းဖော် လူငယ်တိုက်စစ်မှူး မားကပ်စ်ရက်ချ်ဖို့ဒ်သည် မိမိနှင့် လက်တွဲကစားခဲ့ဖူးသူများအနက် ပင်ကိုအရည်အချင်းအရှိဆုံးကစားသမားဖြစ်ကြောင်း ချီးကျူးပြောဆိုလိုက်သည်။

အင်္ဂလန်ဗဟိုခံစစ်မှူး မက်ဂွါယား (၂၇ နှစ်)သည် ၂၀၁၉ ခုနှစ် နွေရာသီဈေးကွက်ကာလအတွင်းတွင် လက်စတာစီးတီးမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ကြေး ပေါင်သန်း ၈၀ ဖြင့် ပြောင်းရွှေ့လာသူဖြစ်ပြီး ကမ္ဘာ့ပြောင်းရွှေ့ကြေးအမြင့်ဆုံးခံစစ်မှူးအဖြစ် စံချိန်တင်ထားသူဖြစ်သည်။ ဗဟိုခံစစ်မှူး မက်ဂွါယားသည် မန်ယူအသင်းတွင် ရက်ချ်ဖို့ဒ်အပြင် ပေါ့ဂ်ဘာ၊ ဘရူနိုဖာနန်ဒက်စ်စသည့် ကစားသမားများနှင့် တွဲဖက်ကစားခွင့်ရရှိနေသူဖြစ်ပြီး အင်္ဂလန်လက်ရွေးစင်အသင်းတွင်လည်း ဟယ်ရီကိန်း၊ ရာဟီးစတာလင်တို့အပြင် လူငယ်ခြေတက်ကစားသမားအချို့နှင့်လည်း တွဲဖက်ကစားခွင့် ရရှိနေသူဖြစ်သည်။ အင်္ဂလန်တိုက်စစ်မှူး ရက်ချ်ဖို့ဒ် (၂၂ နှစ်) သည် ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲတွင် မန်ယူအသင်းအတွက် ၂၂ ပွဲ ပါဝင်ကစားထားကာ ၁၄ ဂိုး သွင်းယူပေးထားသူဖြစ်သည်။

ဗဟိုခံစစ်မှူး မက်ဂွါယားက "ကွင်းထဲမှာ ရက်ချ်ဖို့ဒ်ရဲ့ စွမ်းဆောင်နိုင်မှုတွေက ကျွန်တော့်ကို အံ့အားသင့်စေပါတယ်။ သူဟာ ကျွန်တော်နဲ့ လက်တွဲကစားခဲ့ဖူးသူတွေထဲမှာ ပင်ကိုအရည်အချင်းအရှိဆုံး ကစားသမားဖြစ်ပါတယ်။ အင်္ဂလန်လက်ရွေးစင်အသင်းမှာ ကျွန်တော်တို့ အတူရှိနေချိန်မှာလည်း ရက်ချ်ဖို့ဒ်ရဲ့ ကောင်းမွန်မှုတွေနဲ့ပတ်သက်ပြီး ကျွန်တော်အမြဲပြောလေ့ရှိပါတယ်။ ကျွန်တော့်အနေနဲ့ ရက်ချ်ဖို့ဒ်အပေါ်မှာ ဖိအားပေးလိုစိတ် မရှိပါဘူး။ ဒါပေမယ့် သူဟာ မန်ယူအသင်းအတွက် အံ့အားသင့်ဖွယ်ကောင်းတဲ့ ကစားသမားတစ်ဦးဖြစ်လာနေပါပြီ"ဟု ပြောဆိုခဲ့သည်။

မန်ယူအသင်းခံစစ်မှူးဟောင်းတစ်ဦးဖြစ်ပြီး လက်ရှိအချိန်တွင် အီတလီကလပ် ပါးမားအသင်းတွင် ပါဝင်ကစားနေသူ အီတလီခံစစ်မှူး ဒါမီယန်ကလည်း ရက်ချ်ဖို့ဒ်သည် ပြင်သစ်နှင့် ပီအက်စ်ဂျီတိုက်စစ်မှူး အမ်ဘာပေ၏ အဆင့်အတန်းမျိုး ရောက်ရှိလာနိုင်သူဖြစ်ကာ အနာဂတ်တွင် Ballon d'Or ဆုရရှိနိုင်သူဖြစ်သည်ဟု ပြီးခဲ့သည့် သီတင်းပတ်များအတွင်း ချီးကျူးပြောကြားခဲ့သည်။

ထက်အောင်

# တရုတ်ပြည်ရောက် မြန်မာအပ်တစ်ချောင်း (သို့မဟုတ်) အားတီ

ဖေဒီ



ဘုန်းမြင့်ကျော်(ခ) အားတီ၏ ပြိုင်ပွဲဝင်ယှဉ်ပြိုင်မှု။

(၁)

မြန်မာ့လက်ရွေးစင်ပူးလ်ကစားသမား အားတီ၏ မြန်မာနာမည်ရင်းမှာ ဘုန်းမြင့်ကျော် (ခ) မောင်မောင်ဖြစ်သည်။ သို့သော် သူ့ကို အားတီဟုပဲ ချစ်စနိုးနာမည်အတိုင်း ခေါ်ကြသည်က များသည်။ အားတီသည် လက်ရှိကျင်းပလျက်ရှိသော 2020 8 Battle Chinese pool Super Match (Chinese 8 Ball)ပြိုင်ပွဲကြီး၌ ဒုတိယအဆင့်သို့ တက်ရောက်ရန် အခြေအနေကောင်းများ ပိုင်ဆိုင်လျက်ရှိနေသည်။

ယင်းပြိုင်ပွဲကြီးမှာ ပထမအဆင့်ပြိုင်ပွဲနှင့် ဒုတိယအဆင့်ပြိုင်ပွဲအဖြစ် အဆင့်နှစ်ဆင့် ယှဉ်ပြိုင်ရသော ပြိုင်ပွဲကြီးဖြစ်သည်။ ပထမအဆင့် ပတ်လည်ခုနစ်ပွဲစီ ကစားအပြီး၌ အဆင့် ၁ မှ ၃ အတွင်း ရပ်တည်နိုင်သော ကစားသမား သုံးဦးမှာ ဒုတိယအဆင့်သို့ တိုက်ရိုက်တက်ကစားခွင့်ရမည်ဖြစ်ပြီး အဆင့်(၄)နှင့် အဆင့်(၅) ရရှိသည့် ကစားသမားနှစ်ဦးမှာ အခြားကစားသမားအသစ် နှစ်ဦးနှင့် လေးယောက်ပတ်လည် Playoff ကစားပြီး အမှတ်အများဆုံး တစ်ယောက်သာ ဒုတိယအဆင့်သို့ တက်ခွင့်ရမည်ဖြစ်သည်။

ယင်းသို့ အဆင့်နှစ်ဆင့် ပြိုင်ရသည့်အတွက် ပြိုင်ပွဲကာလမှာ ဧပြီ ၁၈ ရက်မှ ဩဂုတ် ၁၈ ရက်အထိ လေးလကြာမြင့်မည်ဖြစ်သည်။ ပြိုင်ပွဲကာလရှည်ကြာသော်လည်း ပြိုင်ပွဲဝင်ကစားသမားအရေအတွက်မှာမူ ရှစ်ဦးတည်းသာ ပါဝင်သည်။ သို့အတွက် စူ့ထက်စူ လူစွမ်းကောင်းများသာ ပါဝင်ယှဉ်ပြိုင်ရသော အဆင့်မြင့်ပြိုင်ပွဲကြီးဖြစ်သည်ကို အထူးပြောစရာ လိုမည်မထင်တော့ချေ။

အားတီအပါအဝင် ပြိုင်ပွဲဝင် ကစားသမားရှစ်ဦးစလုံး Chinese 8 Ball ချန်ပီယံများချည်း ဖြစ်သည်။ Chinese 8 Ball ကမ္ဘာ့ချန်ပီယံရှစ် လက်ရှိချန်ပီယံနှင့် ချန်ပီယံဟောင်းများ၊ ကမ္ဘာ့မာစတာပြိုင်ပွဲ လက်ရှိချန်ပီယံနှင့် ချန်ပီယံဟောင်းများနှင့်အတူ အိုးပင်းပြိုင်ပွဲချန်ပီယံများ ဖြစ်ကြသည်။

ယင်းတွင် အားတီလည်း ပါဝင်သည်။ အားတီသည် မြန်မာ့လက်ရွေးစင်ပူးလ်ကစားသမားအဖြစ် ၂၀၁၉ ခုနှစ် ဖိလစ်ပိုင်ဆီးဂိမ်းပြိုင်ပွဲ၌ ရွှေတံဆိပ်နှစ်ခု ရယူပေးခဲ့သည်လောက်သာ မြန်မာပရိသတ်များက အသိများကြသည်။ ၂၀၁၃ နေပြည်တော် ဆီးဂိမ်းပြိုင်ပွဲသို့ စနူကာကစားသမားအဖြစ် ရောက်ရှိပြီးမှ 9 Ball Pool ကစားနည်းကို ပြောင်းလဲကစားခဲ့ရသော အားတီမှာ နေပြည်တော်ဆီးဂိမ်းအတွက် ပူးလ်ကစားနည်း သင်ပြပေးခဲ့သည့် နိုင်ငံခြားနည်းပြ၏ အကြံပေးလမ်းညွှန်မှုကြောင့် ၂၀၁၄ ခုနှစ် ကတည်းက တရုတ်ပြည်သို့ စတင်သွားရောက်ကာ တရုတ်ပူးလ်လောကနှင့် ထိတွေ့ပွန်းတီးခဲ့သူဖြစ်သည်။

တချို့သော မြန်မာပရိသတ်များမှာ အားတီသည် ယခုပြိုင်ပွဲကျမှ တရုတ်ပြည်သို့ သွားရောက်ပြီး ယှဉ်ပြိုင်နေခြင်းဖြစ်သည်ဟု အထင်ရောက်နေကြသည်။ အမှန်ကား မဟုတ်ပေ။ ၂၀၁၅ စင်ကာပူ ဆီးဂိမ်းပြိုင်ပွဲအတွက် ပြန်လာပြီးနောက် တရုတ်ပြည်သို့ ပြန်လည်သွားရောက်ကာ တရုတ်ပူးလ်ပြိုင်ပွဲများကို စိုက်လိုက်မတ်တတ် လေ့ကျင့် ယှဉ်ပြိုင်နေခဲ့သည်မှာ ယနေ့အထိ ဖြစ်သည်။

လေ့ကျင့်လိုက် ယှဉ်ပြိုင်လိုက်၊ အောင်မြင်လိုက် ရှုံးနိမ့်လိုက်နှင့် ကျားကုတ်ကျားခဲ ဖွဲ့မာန်ကြီးသော အားတီမှာ ၂၀၁၉ နှစ်အတွင်း တရုတ်နိုင်ငံ၌ ကျင်းပခဲ့သော ပြိုင်ပွဲများအနက် Chinese Pool World Championships ပြိုင်ပွဲ၌ ၁၆ ယောက်အဆင့်သို့ ရောက်ရှိခဲ့ပြီး Shanghai open Chinese Pool 2019 ပြိုင်ပွဲ၊ 2019 Anhui Dangshan Chinese Pool Joy masters open ပြိုင်ပွဲနှင့် 2019 CBSA Hongzhe International Open 9 ball ပြိုင်ပွဲများ၌ ချန်ပီယံဆုများ ဆွတ်ခူးနိုင်ခဲ့သူ ဖြစ်သည်။

အားတီ၏ တစ်နေ့တခြား တောက်ပြောင်မြင့်မားလာသော အရည်အသွေးများကြောင့် ယခုကဲ့သို့ အဆင့်မြင့် ဟဲဗီးဝိတ်မဟာပြိုင်ပွဲကြီး၌ ပါဝင်ကစားခွင့် တော်ဝင်ခဲ့ရခြင်းဖြစ်သည်။

(၂)

အားတီသည် ကစားပြီးခဲ့သည့် လေးပွဲစလုံး အနိုင်ရထားပြီး သူအနိုင်ရခဲ့သည့် ပြိုင်ဘက်လေးဦးအနက် သုံးဦးမှာ ကမ္ဘာ့ချန်ပီယံများဖြစ်သည်။ စတုတ္ထမြောက်ပွဲအဖြစ် ကစားခဲ့သော မေ ၅ ရက်ညက ပြိုင်ဘက်ဖြစ်သူ Zheng Yu Bo ဆိုလျှင် Chinese 8 Ball ကမ္ဘာ့ချန်ပီယံရှစ် ပြိုင်ပွဲ၏ လက်ရှိချန်ပီယံ ကစားသမားဖြစ်သည်။ Chinese 8 Ball ကမ္ဘာ့ချန်ပီယံရှစ်ပြိုင်ပွဲတွင် နှစ်ကြိမ်ဆက်တိုက် ချန်ပီယံဆုရှင် မပေါ်ခဲ့ဖူးသည့် သမိုင်းကို ၂၀၁၈ နှင့် ၂၀၁၉ ခုနှစ် နှစ်နှစ်ဆက်ချန်ပီယံအဖြစ် သမိုင်းမှတ်တမ်း ရေးထိုးထားသူဖြစ်သည်။ 'ပေါ်ချက်နတ်ဘုရား' ဟု နာမည်တွင်သူ ဂရိတ်ပလေယာဖြစ်သည်။

အားတီသည် တရုတ်ပြည်မှာသာမက ကမ္ဘာ့အကောင်းဆုံးနံပါတ်တစ် ကစားသမား ပေါ်ချက်နတ်ဘုရား Zheng Yu Bo ကို ၂၁ ပွဲ-၁၆ ပွဲဖြင့် ငါးပွဲထိဖြတ်ကာ ပြတ်ပြတ်သားသား အနိုင်ယူနိုင်ခဲ့သည်။ ပထမဆုံးပွဲဦးထွက်မှစပြီး တစ်ပွဲပြီးတစ်ပွဲ လက်ရည်ကောင်းသည်ထက်ကောင်းလာသော အားတီအတွက် Zheng Yu Bo ကို အနိုင်ရခဲ့သည့်ပွဲမှာ အကောင်းဆုံးပွဲလည်း ဖြစ်ခဲ့သည်။ ယင်းပွဲအပြီးတွင် Zheng Yu Bo ကိုယ်တိုင် အပါအဝင် ပြိုင်ဘက်ကစားသမားများနှင့် ပရိသတ်များက အားတီကို လေးစားဂုဏ်ပြုကြောင်း ချီးကျူးခဲ့ကြသည်ဟု ဆိုသည်။

အားတီသည် ပထမပိုင်းပွဲငယ် ၂၀ တွင် ၁၃ ပွဲ- ၇ ပွဲဖြင့် Zheng Yu Bo ကို ခြောက်ပွဲအထိ ဖြတ်ထားနိုင်ခဲ့သည်။ Zheng Yu Bo စဘောခွဲပြီး မဝင်သည်ကို အားတီက တစ်ခါတည်းနှင့် ပွဲပြီးထိုးခဲ့သည့် ပွဲငယ်လေးပွဲပါခဲ့ပြီး ကိုယ်တိုင်စဘောခွဲပြီး တစ်ခါတည်းနှင့် ပွဲပြီးထိုးနိုင်ခဲ့သည့် ပွဲငယ်က ကိုးပွဲအထိ ရှိခဲ့သည်။ Zheng Yu Bo မှာမူ သူခွဲပြီး တစ်ခါတည်း အပြီးထိုးနိုင်ခဲ့သည်မှာ ငါးပွဲသာ ရှိခဲ့သည်။ အံ့ဩစရာမှာ Zheng Yu Bo သည် အားတီကို ဦးဆောင်နိုင်ရန်မပြောနှင့် သရေတိုက်ပွဲမျှပင် မထိုးနိုင်ဘဲ ပွဲအစအဆုံး အရှုံးဖြင့်သာ နောက်ကလိုက်နေခဲ့ရခြင်းပင်ဖြစ်သည်။

ပထမပိုင်း၌ စခွဲဘောများ ကောင်းမွန်ခဲ့သော Zheng Yu Bo သည် ဒုတိယပိုင်း၌ ငါးပွဲဆက်တိုက် စခွဲဘောများ မဝင်သည်အထိ အခြေအနေဆိုးခဲ့သည်။ ဤသို့ဆိုသည့်အတွက် Zheng Yu Bo ၏ ကမ္ဘာ့လက်ရှိချန်ပီယံ လက်ရည်အပေါ် သံသယရှိကောင်း ရှိကြပေလိမ့်မည်။ Zheng Yu Bo ၏လက်ရည်မှာ အလွန်လေးစားဖွယ်လက်ရည်ဖြစ်သည်။ အထူးသဖြင့် ကွန်ထရိုးလ်ပိုင်း၌ ရင်သပ်ရှုမောဖွယ် ဆရာကြီးတစ်ဆူဖြစ်သည်။

ပထမဆုံးပွဲငယ်ဆိုလျှင် စခွဲဘောကို အားတီ စခွဲရသော်လည်း မဝင်သည့်အတွက် Zheng Yu Bo ထိုးရသည်။ သို့သော် ဘောကွက်မှာ နှစ်ယောက်စလုံးအတွက် အခက်တွေ့စရာဖြစ်နေခဲ့ပြီး ကိုယ်ဝင်အောင်ထိုးဖို့ထက် သူမဝင် သူထိုးမရအောင် အပြန်အလှန် ကာကစားခဲ့ရသည်။ သူပြီး ငါ့အလှည့် အပြန်အလှန် နှစ်ယောက်ထိုးခဲ့ကြရသည်မှာ ၁၇ ခါမြောက်မှ အားတီ ဂိမ်းဘော (8 Ball) ထိုးနိုင်ပြီး ၁-၀ ဖြင့် စတင်ဦးဆောင်နိုင်ခြင်း ဖြစ်သည်။ အလားတူ ပွဲငယ် ရှစ်ပွဲမြောက်နှင့် နောက်ဆုံးပွဲ ပွဲငယ် ၃၇ ပွဲမြောက်တို့တွင် သူတစ်ပြန်ကိုယ်တစ်ပြန် ၁၁ ခါ ထိုးပြီးမှသာ ယင်းပွဲငယ်များ ပြီးခဲ့ခြင်းဖြစ်သည်။ ပွဲငယ်ပေါင်း ၃၇ ပွဲမှာ နှစ်ယောက်ပေါင်း တစ်ကြိမ်တည်းနှင့် အပြီးထိုးနိုင်ခဲ့သည့်ပွဲမှာ ၁၄ ပွဲသာ ပါခဲ့ပြီး ကျန် ၂၃ ပွဲမှာ တစ်ယောက်တစ်လှည့် အပြန်အလှန်ထိုးပြီးမှ ပွဲပြီးဆုံးသော ပွဲငယ်များဖြစ်သည်ကို တွေ့ရသည်။

အမှန်အားဖြင့် ယင်းပွဲသည် Zheng Yu Bo ဘက်၌ ကံပါမှု အားနည်းခဲ့သလောက် အားတီကမူ ကံရောလက်ရည်ပါ အကောင်းဆုံးရရှိခဲ့သော ကံစီးလက်စီး ဘောစီးပွဲဖြစ်ခဲ့သည်။ ဘောခေါ်၊ ဘောထား၊ ဘောကာ အားလုံးအတွက် အားတီ၏ ဆုံးဖြတ်ချက်မှန်သမျှ ရာနှုန်းပြည့်နီးပါး မှန်ကန်ကောင်းမွန်ခဲ့ရာ Zheng Yu Bo ၏ လက်ရည်ထက် အားတီ၏ လက်ရည်က မော်အောင်သည့်အလား ပြီးပြည့်စုံစွာ ကောင်းမွန်ခဲ့မှုကြောင့် ထိုက်ထိုက်တန်တန် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ယင်းပွဲမှ လက်ရည်မျိုးသာ ဆက်လက်ရရှိပါက အားတီသည် ယခုပြိုင်ပွဲ၏ ပထမဆုံး ချန်ပီယံဆုရှင်လောင်း၌ စာရင်းတို့ မှတ်သားခံရဖို့ များနေသည်ဟု ဆိုသော် လွန်အံ့မထင်။

(၃)

အားတီသည် လက်ကျန်ပွဲသုံးပွဲ ကစားရဦးမည်ဖြစ်သည်။ ယင်းသုံးပွဲအနက် မေ ၁၅ ရက်**(ယနေ့)**ညတွင် Yang Fan နှင့် ကစားရမည်ဖြစ်သည်။ Yang Fan သည် လေးပွဲကစားပြီး နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံးထားသူဖြစ်သည်။ Yu Hai Tao နှင့် Li Bo ကို အနိုင်ရထားပြီး Zheng Yu Bo နှင့် Chu Bing Jie တို့ကို ရှုံးထားခြင်းဖြစ်သည်။ အားတီသည် Yang Fan နှင့် သုံးပွဲကစားဖူးပြီး တစ်ပွဲနိုင်၊ နှစ်ပွဲရှုံးထားသည်။

မေ ၁၆ ရက် ညတွင် ယခုပြိုင်ပွဲ၌ နှစ်ပွဲကစားပြီး နှစ်ပွဲစလုံး ရှုံးနိမ့်ထားသူဖြစ်သည့် Wu Zheng Yu နှင့် ဆက်လက်ကစားရမည်ဖြစ်သည်။ Wu Zheng Yu သည် အားတီအနိုင်ရထားသည့် Yu Hai Tao နှင့် Chu Bing Jie တို့ကို ရှုံးထားခြင်းဖြစ်သည်။ အားတီသည် Wu Zheng Yu ကို တစ်ပွဲနိုင်၊ တစ်ပွဲရှုံးထားသည်။

မေ ၃၁ ရက်တွင် ပထမအဆင့်ပြိုင်ပွဲ၏ နောက်ဆုံးပွဲအဖြစ် Chu Bing Jie နှင့် ကစားရမည်ဖြစ်သည်။ Chu Bing Jie သည်လည်း လေးပွဲကစားထားပြီး သုံးပွဲနိုင်၊ တစ်ပွဲရှုံးထားသူဖြစ်သည်။ Wu Zheng Yu၊ Yang Fan နှင့် Li Bo တို့ကို အနိုင်ရထားပြီး အားတီ အနိုင်ရထားသည့် Yu Hai Tao ကို ရှုံးထားသည်။ အားတီသည် Chu Bing Jie အား 9 Ball ၌ နှစ်ပွဲနိုင်ထားပြီး 8 Ball ပွဲမှာမူ ရှုံးနိမ့်ထားသည်။

အားတီသည် လက်ကျန်သုံးပွဲတွင် အနည်းဆုံး တစ်ပွဲနိုင်လျှင် ဒုတိယအဆင့်သို့ တက်ရောက်နိုင်ရန် သေချာသလောက်ရှိနေသော်လည်း အနည်းဆုံး နှစ်ပွဲလောက် အနိုင်ရမှသာ ပိုမိုစိတ်ချရမည်ဟု တွက်ဆပြင်ဆင်ထားသည်။ သို့အတွက် တစ်ပွဲချင်းအလိုက် အာရုံစူးစိုက် ချဉ်းကပ်သွားမည့်ပုံရှိသည်။ "မေ ၁၅ ရက် ညမှာတွေ့ရမယ့် ယန်ဖန်းနဲ့ပွဲက ကျွန်တော့်အတွက် သိပ်ကို အရေးပါတဲ့ပွဲပါ"ဟု အားတီက သုံးသပ်ထားသည်။

ယန်ဖန်းသည် ယခုကစားနည်း၏ ဆရာကြီးတစ်ဆူဖြစ်ပြီး ကစားရာတွင် အလွန်ပရိယာယ်ကြွယ်သည့်အတွက် ဦးနှောက်နှင့် ယှဉ်ပြိုင်ရမည့်ပွဲဖြစ်သည်ဟု အားတီက ဆိုထားသည်။

မှန်ပါသည်။ ယန်ဖန်းကိုသာ အနိုင်ကစားနိုင်မည်ဆိုပါက နောက်နှစ်ပွဲတွင် အခြေအနေကြည့်ပြီး အေးရာအေးကြောင်း သက်သောင့်သက်သာ ကစားခွင့်ရသည့် အခွင့်ကောင်းကိုပါ တစ်ပါတည်း ရရှိစေနိုင်မည်ဖြစ်သည်။ ထို့ကြောင့် အားတီသည် ယန်ဖန်းနှင့်ပွဲတွင် အနိုင်ရရှိရေးအတွက် အထူးပြင်ဆင်နေသည်နှင့်အမျှ ယုံကြည်မှုပါ မြင့်မားလျက်ရှိနေသည်။

အားတီ၏ အားသာချက်မှာ မည်သည့်ပြိုင်ဘက်ကိုမျှ လျှော့မတွက်ဘဲ အလေးအနက်ထားတတ်သည့် အချက်ပင်။ အထူးသဖြင့် ပြိုင်ဘက်ခုနစ်ယောက်စလုံး တရုတ်နိုင်ငံသားများဖြစ်နေပြီး မိမိတစ်ဦးတည်းသာ ပြည်ပနိုင်ငံသား ကစားသမားဖြစ်သည်ဆိုသော ကျားကန်စိတ်က ပြိုင်ပွဲအပေါ်တွင် အာရုံနစ်သည်ထက်နစ်နေအောင် နှိုးဆော်နေသကဲ့သို့ ဖြစ်နေခြင်းမှာ လက်ရည်တက်ခြင်း၏ မမြင်နိုင်သော အားသာချက် ဖြစ်ကောင်းဖြစ်နေနိုင်သည်။

ယန်ဖန်းနှင့်ပွဲတွင် အားတီအတွက် မပြိုင်ခင်က နိုင်နေသည့်အလား တင်းပြည့်ကျပ်ပြည့် အခွင့်သာမှုတစ်ရပ်မှာ မြန်မာနိုင်ငံ အလံတံဆိပ် တပ်ဆင်ထားသော အင်္ကျီဝတ်ပြီး ထိုးရမည့်အချက်ပင်။ စပွန်ဆာကုမ္ပဏီက ဦးစီးကျင်းပသော ဖိတ်ခေါ်ပြိုင်ပွဲတစ်ခု၏ ပြိုင်ပွဲဝင်ဂျာစီအင်္ကျီ၌ နိုင်ငံတော်အလံတံဆိပ် တပ်ဆင်ထိုးခွင့်ရခြင်းမှာ အလွန်အမင်း ရတောင့်ရခဲ ဒုလ္လဘ အခွင့်ထူးဖြစ်သည်။ တစ်ဖန် ယင်းအခွင့်ထူးမှာ မိမိက တောင်းဆို၍ရခဲ့သော အခွင့်ထူးမဟုတ်ဘဲ သူတို့ကပေးလာသော အခွင့်ထူးဖြစ်ရာ အားတီအတွက် အတိတ်နိမိတ်ထူးပင် ဖြစ်နေပေတော့သည်။

(၄)

စလေဦးပုည ရေးခဲ့သော မေတ္တာစာတစ်ခုရှိသည်။ ဆရာဘုန်းကြီးက သုံးပင်ဆိုင်ရွာ ဦးဝိုက်ဇနီးမောင်နှံတို့ကို ပေးသောမေတ္တာစာ၌ ဦးဝိုက်တို့ဆင်ခြင်သတိရှိရန် သေသေချာချာ အကိုးအကားများစွာဖြင့် သတိပေးဆုံးမလိုသော်ငြားလည်း သုံးပင်ဆိုင်ရွာတွင် စာပေကျမ်းဂန်တတ်သူ ပညာရှိများ ပေါ်များလှသဖြင့် စာပေကျမ်းဂန် အကိုးအကားများစွာဖြင့် ပြောခဲ့သော် မသင့်လျော်ကြောင်းကို "ဂန္ဓာရတိုင်းပြေ၊ တရုတ်မြေမှာ၊ ရွှေနှင့်ကပ်၍ အပ်ကိုရောင်းသော်လည်း၊ အကြောင်းမလျော်သကဲ့သို့ ရှိမည်ကြောင့်၊ နားလည်ရုံသာ ပြောလိုက်မည်"ဟု ယင်းမေတ္တာစာ၌ ဦးပုညက ဆိုခဲ့ခြင်းဖြစ်သည်။

စာတတ်ပေတတ် ပေါများလှသောရွာမှ လူများကို ဘုရားဟောစာပေကျမ်းဂန် အထောက်အထားများစွာပြုပြီး ဆိုဆုံးမပြောဆိုခြင်းသည် တရုတ်ပြည်၌ အပ်သွားရောင်းသကဲ့သို့ပင် မသင့်လျော်ကြောင်း (အပ်ပေါများလှသော တရုတ်ပြည်၌ ရွှေနှင့် ကပ်ထားသော အပ်ကိုပင် သွားမရောင်းသင့်)ဟု ဦးပုညက ဆိုလိုခြင်းဖြစ်သည်။

ဦးပုည၏စကားအတိုင်းဆိုလျှင် အားတီမှာ တရုတ်ပြည်သို့ အပ်သွားရောင်းနေသည့်သူလို ဖြစ်နေသည်။ အပ်တောင်မှ ရွှေရည်စိမ်မထားသော ရိုးရိုးအပ်။ သို့သော် စပွန်ဆာကုမ္ပဏီက ဦးစီးကျင်းပသော ဖိတ်ခေါ်ပြိုင်ပွဲတစ်ခု၏ ပြိုင်ပွဲဝင်ဂျာစီအင်္ကျီ၌ နိုင်ငံတော်အလံတံဆိပ် တပ်ဆင်ထိုးခွင့် ပေးလိုက်ရခြင်းသည် အားတီဆိုသည့် မြန်မာ အပ်တစ်ချောင်း တရုတ်ပြည် အပ်တောကြီးထဲ၌ ထူးထူးကဲကဲ ထိုးထိုးထောင်ထောင် ထင်ထင်ပေါ်ပေါ် ဈေးကွက်ဝင်နေခြင်း၏ ငြင်းမရသော အခိုင်အမာ သက်သေပင် ဖြစ်သည်။ "ဂန္ဓာရတိုင်းပြေ တရုတ်မြေမှာ၊ ရွှေနှင့် မကပ်သည့် အပ်ကို ရောင်းရန်၊ အကြောင်းနှင့် အခွင့်အခါသင့်ခဲ့ပါလေပြီကော"ဟု ဦးပုည၏စာသားကို ပြောင်းပြန်လှန်၍ ဆိုပြလိုက်သူက ဘုန်းမြင့်ကျော် (ခ) အားတီပေတည်း။

တရုတ်ပြည်ရောက် ဈေးကွက်ဝင် မြန်မာ အပ်တစ်ချောင်းအဖြစ်မှ ဂန္ဓာလရာဇ်ပြတိုက်၌ မှတ်တမ်းတင်သိမ်းဆည်း ပြသခံရသော သမိုင်းဝင် မြန်မာအပ်တစ်ချောင်းဖြစ်သည်အထိ အောင်မြင်မှုများ မြောက်မြားကြီးမားစွာ ဆက်လက်တည်ဆောက် ရယူနိုင်ပါစေ အားတီ။ ။

## မင်းဘူး(စကု)မြို့နယ်တွင် နှမ်းကို လျာထားချက်ထက်စိုက်ဧက ၁၀၀၀ ကျော် တိုးမြှင့်စိုက်ပျိုး

**မင်းဘူး(စကု) မေ ၁၄**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် နွေသီးနှံအဖြစ် စိုက်ပျိုးသောနွေနှမ်းကို တောင်သူများ တွက်ခြေကိုက်ဈေးကောင်းရသဖြင့် လျာထားချက်ထက် ၁၁၈၁ ဧကကျော် တိုးမြှင့်စိုက်ပျိုးလိုက်နိုင်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးသိန်းနိုင်ဝင်းက ပြောသည်။

ယခင်နှစ်က နွေရာသီကာလနွေနှမ်း ၂၅၆၈၅ ဧကကို လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ်တွင် နွေနှမ်းကို စိုက်ဧက ၂၇၀၃၀ ဧက စိုက်ပျိုးရန် လျာထားခဲ့သော်လည်း ယခုစိုက်ပျိုးပြီးချိန်တွင် ၂၈၂၁၁ ဧက စိုက်ပျိုးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



အောင်မြင်ဖြစ်ထွန်းလျက်ရှိသော နွေနှမ်းစိုက်ခင်းများ။

နွေနှမ်းများကို ဆည်ရေ၊ လျှပ်စစ်မြစ်ရေတင်၊ မြေအောက်ရေတို့အား အဓိကထားစိုက်ပျိုးကြပြီး နွေရာသီကာလတွင် အပူချိန်မြင့်မားသည့်အတွက် တောင်သူအများစုမှာ ရေလိုအပ်ချက်နည်းပြီး အထွက်နှုန်းကောင်းသည့် နွေနှမ်းသီးနှံ ပိုမိုစိုက်ပျိုးလာကြခြင်းဖြစ်သည်။ ယခင်က နွေရာသီကာလတွင် နွေစပါးကို အဓိကထားစိုက်ပျိုးခဲ့ကြသော်လည်း နွေစပါးတစ်ဧကစိုက်သည့် ရေလိုအပ်ချက်နှင့် နွေနှမ်းသုံးဧကစိုက်သည့်ရေလိုအပ်ချက် တူညီသည့်အတွက် ရေလိုအပ်ချက်နည်းပါးပြီး စိုက်ပျိုးစရိတ်သက်သာသည့် စီးပွားရေးအရ တွက်ခြေကိုက်သော နွေနှမ်းသီးနှံကို တောင်သူများက ယခုနှစ်တွင် တိုးမြှင့်စိုက်ပျိုးလာကြခြင်း ဖြစ်ကြောင်း သိရသည်။

နှမ်းတစ်ဧကစိုက်ပျိုးပါက နှမ်းသုံးပြည်ခန့် ကြဲပက်စိုက်ပျိုးရပြီး နွေနှမ်းတစ်ဧကကို စိုက်ပျိုးစရိတ်နှစ်သိန်းခန့် ကုန်ကျကြောင်းနှင့် နှမ်းတစ်ဧကကို ၁၅ တင်းမှ တင်း ၂၀ အကြား ထွက်ရှိကြောင်း၊ ယခုလက်ရှိစမုန်နက်နှမ်းတစ်တင်းကို ငွေကျပ် ၈၀၀၀၀ ခန့်ရှိသောကြောင့် တောင်သူများ တွက်ခြေကိုက်သဖြင့် ပိုမိုစိုက်ပျိုးခြင်းဖြစ်ကြောင်း နှမ်းစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

မင်းဘူး(စကု)မြို့နယ်တွင် အိုင်းမနှင့် မဲဇလီဆည်ရေသောက်ဧရိယာများ ဖြစ်သည့် ပန်းလွှားရွာ၊ ကဘဲရွာ၊ မြောင်းဦးကျောက်စံ၊ ခွန်သာ၊ ကြီးကန်၊ ဖြူကုန်း၊ ရွှေချောင်း၊ မင်းရွာ၊ ဥယျာဉ်ဇင်၊ ထနောင်တော၊ ကဒီး၊ ကံသာ၊ ကုလားပါး စသောဒေသများတွင် စမုန်နက်နှမ်း ၂၄၉၁၅ ဧက၊ ဆင်းရတနာ-၃ ၂၃၇၅ ဧကနှင့် နှမ်းဖြူ ၉၃၉ ဧက စိုက်ပျိုးထားကြောင်း သိရသည်။

**မေသူလွင်(မကွေး)**

## ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ပူးပေါင်းဆောင်ရွက်နေသော စေတနာ့ဝန်ထမ်းများအား တူညီဝတ်စုံများထောက်ပံ့

**ရွှာင် မေ ၁၄**

ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွှာင်မြို့နယ်တွင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ မြို့နယ် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ၌ မိမိတို့ဆန္ဒအလျောက် ကာကွယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နေကြသော စေတ့နာ့ဝန်ထမ်းများအား တူညီဝတ်စုံများ ပေးအပ်ခြင်းကို မေ ၁၂ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

မြို့နယ် ကိုဗစ်-၁၉ ကော်မတီနာယက၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ အလုပ်အမှုဆောင်အဖွဲ့ဝင် (၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းစိုး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမင်းဇော်ဟိန်းတို့က တူညီဝတ်စုံများ ပေးအပ်ရာ စေတနာ့ဝန်ထမ်းအဖွဲ့ ခေါင်းဆောင်များက လက်ခံယူကြသည်။ ရွှာင်မြို့နယ်တွင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ၌ ပူးပေါင်းပါဝင်ဆောင်ရွက်နေကြသော စေတနာ့ဝန်ထမ်း ၁၀၅ ဦးရှိပြီး ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် ပတ်သက်၍ ကျန်းမာရေး အသိပေးခြင်းဆိုင်ရာများကိုလည်း အဆိုပါစေတနာ့ဝန်ထမ်းများအား မြို့နယ်ဆရာဝန်ကြီး ဒေါက်တာခွန်ဝင်းလတ်က သင်တန်းများ ပို့ချဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဘုတလင်၌ သရက်စိုက်တောင်သူများ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ လက်မှတ် စတင်ရရှိ

**ဘုတလင် မေ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် ညောင်ကန်ရွာသာနှင့် အုတ်အိုင်ကျေးရွာတို့မှ သရက်စိုက်တောင်သူခြောက်ဦးက စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) လက်မှတ်စတင်ရရှိခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။ (ဓါတ်ပုံ)



အဆိုပါ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ လက်မှတ်ကို စိန်တလုံးသရက် ၃၇ ဧက စိုက်ပျိုးထားသည့် တောင်သူ ခြောက်ဦးတို့က ရရှိခဲ့ခြင်းဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်အတွင်း နွေပဲတီစိမ်း ငါးဧက၊ နွေစပါး ၃၅ ဧက၊ သရက် ဧက ၇၀ နှင့် မိုးစပါး၊ မိုးမြေပဲကိုလည်း စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ လက်မှတ်များရရှိရေးအတွက် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက ဆောင်ရွက်လျက် ရှိသည်။

ဘုတလင်မြို့နယ်တွင် ၂၀၁၉ခုနှစ်ကလည်း တောင်သူ ၂၄ ဦး၏ ဆောင်းနှမ်း ၂၆၈ ဧကကို စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများလက်မှတ် ရရှိထားပြီး တောင်သူများစိုက်ပျိုးထားသည့် သီးနှံများကို စိုက်ပျိုးရေးဦးစီးဌာနအဆင့်ဆင့်က ကွင်းဆင်းစစ်ဆေးကာ စံသတ်မှတ်ချက် ၁၆ ချက်နှင့် ကိုက်ညီမှသာ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ လက်မှတ်ထုတ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**ဖိုးခါး(ပြန်/ဆက်)**

## ပုသိမ်မြို့နယ် ကျေးရွာများသို့ သောက်သုံးရေ ရေဂါလန် ၃၂၀၀ လှူဒါန်း

**ပုသိမ် မေ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်အတွင်းရှိ သောက်သုံးရေရှားပါးလျက်ရှိသော ဒေသများသို့ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် မြို့မရေသန့်အဖွဲ့မှ တာဝန်ရှိသူများ စုပေါင်း၍ ယနေ့နံနက်ပိုင်းက သောက်သုံးရေဂါလန် ၃၂၀၀ လှူဒါန်းသည်။

အဆိုပါ သောက်သုံးရေများ လှူဒါန်းရာတွင် ပုသိမ်မြို့နယ် မင်းကုန်းကြီးကျေးရွာ အိမ်ခြေ ၁၆၆ အိမ်၊ လျှောပြာကျေးရွာအုပ်စုကလေဘ်ခုံကျေးရွာအိမ်ခြေ ၁၃၀၊ ကံကြီးကျေးရွာအုပ်စု ခြောက်ကောင်ကျေးရွာ အိမ်ခြေ ၁၅၄ အိမ်နှင့် ဆိတ်ကြီးကျေးရွာအိမ်ခြေ ၁၀၁ အိမ်များသို့ သောက်သုံးရေအခက်အခဲ ဖြစ်ပေါ်နေသဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့မရေသန့်အဖွဲ့မှ တာဝန်ရှိသူများ စုပေါင်း၍ အိမ်အတွက် မော်တော်ယာဉ်များဖြင့် ရေဂါလန် ၃၂၀၀ ကို အိမ်ခြေ ၅၅၁ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။



ကျေးရွာအရောက် သောက်သုံးရေများ လှူဒါန်းပေးကြစဉ်။

**ဆန်းတင့် (ရေကြည် )**

## မြဝတီမြို့ရှိ ဘုန်းကြီးကျောင်းနှင့် သီလရှင်ကျောင်းများအတွက် ဆွမ်းဆန်အိတ် ၁၀၅၀ လှူဒါန်း

**မြဝတီ မေ ၁၄**

ကိုဗစ်-၁၉ ဖြစ်ပွားနေသည့်ကာလအတွင်း ဆရာတော်၊ သံဃာတော်များ ဆွမ်းကွမ်းအခက်အခဲမရှိစေရေးအတွက် မြဝတီမြို့တွင်ရှိသည့် ဘုန်းကြီးကျောင်းများနှင့် သီလရှင်ကျောင်းများအတွက် ဆွမ်းဆန်အိတ် ၁၀၅၀ ကို ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ ဆွမ်းဆန်များ ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို မြဝတီမြို့ တောင်တန်းသာသနာပြုကျောင်းတိုက်၌ ယမန်နေ့က ကျင်းပသည်။

အဆိုပါ ဆွမ်းဆန်များကို မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသသာသနာ့ နုဂ္ဂဟအသင်း(ဗဟို) ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဒေါက်တာဦးခင်ရွှေ (ဇေကမ္ဘာ မိသားစု)တို့က မတည်ပြီး ကရင်ပြည်နယ်သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးစော မုတ်သုန်၊ ဇနီးသီရိသုဓမ္မသီဂီ ဒေါ်နော်ဖောဖောမိသားစုနှင့် စစ်ဘက်နယ်ဘက်ဆိုင်ရာတာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် မြဝတီမြို့ဒေသခံပြည်သူများ၊ စေတနာရှင်များ စုပေါင်း၍ လှူဒါန်းခြင်းဖြစ်သည်။

ဆွမ်းဆန်များကို မြဝတီမြို့နယ်အတွင်းရှိ ဘုန်းကြီးကျောင်း ၃၄၂ ကျောင်းနှင့် သီလရှင်ကျောင်း ခုနစ်ကျောင်းတို့အား ဆက်ကပ်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## စိန်တလုံးသရက်များ ဈေးနှုန်းတက်လာသဖြင့် သရက်ချဉ်လုပ်ငန်းရှင်များ အနည်းငယ်သာဝယ်လှောင်

**ကျောက်ပန်းတောင်း မေ ၁၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ပတ်ဝန်းကျင်ဒေသထွက်စိန်တလုံးသရက်သီးများ ပြည်တွင်းစားသုံးမှုဝယ်လိုအားမြင့်တက်လာခြင်းကြောင့် စိန်တလုံးသရက်သီးဈေးနှုန်း ပြန်လည်မြင့်တက်လာကြောင်း စိန်တလုံးသရက်သီးပွဲစား မသဇင်ဖြိုးကိုကိုက ပြောသည်။

ကျောက်ပန်းတောင်းမြို့ ပတ်ဝန်းကျင်သရက်ခြံများနှင့် ပုပ္ပားတောင်ပတ်ဝန်းကျင် ကျေးရွာများတွင် စိန်တလုံးသရက်ခြံအမြောက်အမြား စိုက်ပျိုးကြပြီး ပေါ်ဦးပေါ်ဖျားတွင် စိန်တလုံးသရက်သီးဈေးနှုန်းများ ကျဆင်းနေခဲ့ရာမှ သရက်သီးများ လှိုင်လှိုင်ပေါ်ချိန် ဈေးနှုန်းတက်လာပြီး သရက်သီးပွဲစားများလည်း ခြံများအထိ လာရောက်ဝယ်ယူကြကြောင်း နဂါးလည်ကျေးရွာစိန်တလုံးသရက်စိုက်တောင်သူ ဒေါ်စမ်းစမ်းမြင့်က ပြောသည်။

စိန်တလုံးသရက်များ စတင်ပေါ်ချိန်က အိတ်မစွပ်သည့် သရက်သီး ၁၀ လုံးဈေး ငွေကျပ် ၁၅၀၀၊ အိတ်စွပ်စိန်တလုံး ၁၀ လုံးဈေး ငွေကျပ် ၂၀၀၀ သာ ရှိခဲ့ရာမှ ယခုအခါ စိန်တလုံးအိတ်စွပ် ၁၀ ဈေး ငွေကျပ် ၃၅၀၀ နှင့် အိတ် မစွပ်သည့် စိန်တလုံးသရက်သီး ၁၀ လုံးဈေးငွေကျပ် ၂၀၀၀ အထိ ပေးဝယ်ရကြောင်း သိရသည်။

စိန်တလုံးသရက် ဈေးနှုန်းကောင်းနေသည့်နည်းတူ ပေါက်စိတ်လှောင်လက်သရက်သီးဈေးနှုန်းမှာ အနိမ့်ဆုံးဈေးနှုန်းဖြစ်နေသဖြင့် ယခုနှစ်လှောင်လက် သရက်ချဉ်ပွဲစားများ အများအပြားမလှောင်ကြကြောင်း သရက်ချဉ်လုပ်ငန်းလုပ်ကိုင်သည့် ဦးမျိုးမင်းကိုက ပြောသည်။

**မောင်မောင်ထိန် (ကျောက်ပန်းတောင်း)**

## ပြည်ကြီးတံခွန်မြို့နယ်၌ အခမဲ့ဖျားနာရောဂါ ကုသရေးဆေးခန်း ဖွင့်လှစ်

**မန္တလေး မေ ၁၄**

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး)တို့ ပူးပေါင်း၍ အခမဲ့ဖျားနာရောဂါကုသရေးဆေးခန်း (၃)ကို ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်အဝိုင်းပတ်အနီး၌ ယနေ့နံနက်က ဖွင့်လှစ်သည်။

“ရောဂါစောစောစီးစီးသိရင် အပျက်အစီးနည်းတယ်၊ အဲဒါကြောင့် ကိုဗစ်-၁၉ ကူးစက်မှု ကာကွယ်ရေးအတွက် အပြင်းအထန်လုပ်နေချိန် ကျွန်တော်တို့ကလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့လုပ်ငန်းတွေမှာ တတ်နိုင်သလောက်ပါဝင်ပြီး လုပ်ဆောင်ချင်တဲ့ရည်ရွယ်ချက်နဲ့ လုပ်တာပါ။ ရှေ့တစ်ပတ်လောက်မှာ မဟာအောင်မြေမြို့နယ်မှာ ထပ်ဖွင့်ဖို့ စီစဉ်ထားပါတယ်” ဟု မြန်မာနိုင်ငံဆရာဝန်များအသင်း(မန္တလေးတိုင်းဒေသကြီး)၏ MMA COVID-19 Response Team အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာခင်မောင်ကျော်က ပြောသည်။

အခမဲ့ဖျားနာရောဂါကုသရေးဆေးခန်းများကို ပထမအနေဖြင့် ချမ်းမြသာစည်မြို့နယ်တွင် ဖွင့်လှစ်ခဲ့ပြီး ဒုတိယ ဆေးခန်းကို အောင်မြေသာစံမြို့နယ်တွင် ဖွင့်လှစ်ခဲ့ကြောင်း၊ တစ်နေ့လျှင် စေတနာ့ဝန်ထမ်း ဆရာဝန်နှစ်ဦးက အလှည့်ကျတာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း၊ အခမဲ့ဖျားနာရောဂါကုသရေးဆေးခန်းများ ဆက်လက်ဖွင့်လှစ်နိုင်ရန် ပူးပေါင်းပါဝင်လှူဒါန်းကြမည့် အလှူရှင်များလည်း လိုအပ်နေကြောင်း သိရသည်။

**ထိပ်ထားနိုင်**

## ချင်းပြည်နယ် စားနပ်ရိက္ခာ ဖူလုံမှုရှိစေရေး ပြည်နယ်အစိုးရအဖွဲ့သို့ အလှူငွေများ လှူဒါန်း

**ဟားခါး မေ ၁၄**

ချင်းပြည်နယ် ကိုဗစ် - ၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကာလအတွင်း ပြည်သူများ စားနပ်ရိက္ခာဖူလုံမှုရှိစေရေးနှင့် အခြားသောဝန်ဆောင်မှုလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် CB ဘဏ် (ဟားခါး) နှင့် ရှန်းမိသားစုကုမ္ပဏီလီမိတက်မှ အလှူငွေများပေးအပ်ခြင်းကို ယနေ့မွန်းလွဲက ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ချင်းပြည်နယ် ကိုဗစ် - ၁၉ ရောဂါထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အလှူရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

CB ဘဏ် (ဟားခါး) မှ ဒုတိယ မန်နေဂျာ ဦးကျော်စွာမင်းရှိန်က အလှူငွေများ လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး CB ဘဏ် (ဟားခါး) မှ အလှူငွေကျပ်သိန်း ၅၀ နှင့် ရှန်းမိသားစု ကုမ္ပဏီလီမိတက်မှ အလှူငွေကျပ် ၅ သိန်းတို့ကို ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ပြည်နယ်ဝန်ကြီးချုပ်က ကိုဗစ် - ၁၉ ရောဂါ ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကာလအတွင်း သတ်မှတ်ထားသော နေရာတွင် အသွားအလာကန့်သတ်ခြင်း ဝင်ရောက်နေကြသူများအပါအဝင်ဒေသတွင်း ပြည်သူများ၏ စားနပ်ရိက္ခာဖူလုံမှုရှိစေရေးအတွက် လှူဒါန်းပေးသဖြင့် ကျေးဇူးတင်ဂုဏ်ပြုပါကြောင်း ပြောကြားသည်။

**မြင့်နိုင်စိုး(ပြန်/ဆက်)**



ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ် အလှူငွေများလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။

## ဈေးကွက်မရအရှုံးပေါ်နေသော ဂေါ်ဖီထုပ်၊ မုန်ညင်းစိုက်တောင်သူများအား သဘာဝမြေဩဇာနှင့် မျိုးစေ့များ ထောက်ပံ့

**တောင်ကြီး မေ ၁၄**

ရှမ်းပြည်နယ်တောင်ပိုင်း ဟဲဟိုးမြို့နှင့် ကလောမြို့နယ် မြင်းမထိကျေးရွာတွင် တောင်သူများ စိုက်ပျိုးထားသော ဂေါ်ဖီထုပ်၊ မုန်ညင်း၊ ဂန္ဓမာပန်းများသည် အရောင်းအဝယ်မဖြစ်သောကြောင့် အရှုံးနှင့်ရင်ဆိုင်နေရသဖြင့် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်က မေ ၁၃ ရက်တွင် ဟဲဟိုးမြို့ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း အာလူး၊ ဂေါ်ဖီအစုအဖွဲ့၊ ကလောဇုန်အစည်းအဝေးခန်းမ၌ တောင်သူများနှင့် တွေ့ဆုံသည်။



ပြည်နယ်ဝန်ကြီး ဦးစိုင်းလုံကျော် တောင်သူတစ်ဦးအား မြေဆီထောက်ပံ့ပေးစဉ်။

ပြည်နယ်ဝန်ကြီးက ယခုကြုံတွေ့နေရသော သီးနှံဆုံးရှုံးမှုများသည် စားသောက်ဆိုင်များအနေဖြင့် ဝယ်လိုအားမရှိသဖြင့် ထုတ်ကုန်ဆုံးရှုံးမှုများ ဖြစ်ရကြောင်း၊ တောင်သူများ ရင်ဆိုင်နေရသည့် အခက်အခဲများကို ဖြေရှင်းနိုင်ရန်အတွက် မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကို တောင်သူများ၏ တင်ပြချက်များကို နားထောင်ပြီး ထိခိုက်နစ်နာသည့် တောင်သူများကို သဘာဝဓာတ်မြေဩဇာနှင့် အစားထိုးသီးနှံဖြစ်သည့် ဂေါ်ဖီ၊ မုန်ညင်း၊ ပန်းမုန်လာမျိုးစေ့တို့ကို ပံ့ပိုးပေးသွားမည်ဖြစ်ပြီး ယခုဖြစ်ပေါ်နေသည့် ပြဿနာများကို ပြည်နယ်ဝန်ကြီးချုပ်ထံ တင်ပြပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

"မုန်ညင်းကို ပထမအကြိမ်မှာ စစိုက်ပျိုးတာ ငွေကျပ်သုံးသိန်းကုန်ကျပြီး အရှုံးပေါ်ခဲ့ပါတယ်။ ဒုတိယအကြိမ်မှာ ငွေကျပ် ၆ သိန်းကုန်ကျပြီး ပြန်ရောင်းတဲ့အခါ ငွေကျပ်ခြောက်သောင်းတောင် မရပါဘူး၊ အခု ဂန္ဓမာပန်းတွေ စိုက်ထားတာ ဈေးကောင်းမရလို့ ပြည်နယ်အစိုးရအဖွဲ့ကို တင်ပြထားပါတယ်။ ကျွန်မတို့ စိုက်ပျိုးထားတဲ့ သီးနှံတွေ ဈေးကွက်ရရှိစေဖို့ ဆောင်ရွက်ပေးစေလိုတယ်" ဟု ဟဲဟိုးမြို့ ရွာတော်ရွာနေ တောင်သူ ဒေါ်မြသန်းက ပြောသည်။

ပြည်နယ် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဟဲဟိုးမြို့နှင့် မြင်းမထိကျေးရွာရှိ တောင်သူများအား အရည်အသွေးမြင့် သဘာဝအော်ဂဲနစ်ကြက်ချေးမြေဩဇာအိတ် ၉၀၊ ဂေါ်ဖီထုပ်မျိုးစေ့ ၇၀၊ ပန်းမုန်လာအထုပ် ၁၀၀ တို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

## ကချင်ပြည်နယ် ဆွမ်ပရာဘွမ်မြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**ဆွမ်ပရာဘွမ် မေ ၁၄**

ကချင်ပြည်နယ် ဆွမ်ပရာဘွမ်မြို့နယ်၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းစီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၀၀ ဖြင့် အင်ကောမကျေးရွာ မူလတန်းကျောင်းအတက်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့နံနက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ စီမံကိန်းဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ကျေးရွာလေးရွာအား တစ်ရွာလျှင် ငွေကျပ်သိန်း ၁၀၀ နှုန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အင်ဆိုင်းယန်ကျေးရွာ၊ ဆူယန်ကျေးရွာ၊ ကရန်ယန်ကျေးရွာသုံးရွာတွင် ကျေးရွာခန်းမ တည်ဆောက်ခြင်းနှင့် အင်ကောမကျေးရွာတွင် စာသင်ကျောင်းအတက်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီများမှ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန့်ဇင်ဦးက ပြောသည်။

ယင်းစီမံကိန်းဖြင့် အင်ကောမကျေးရွာ မူလတန်းကျောင်းအတက်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ၁၀၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **ကုဋေ (ဆွမ်ပရာဘွမ်)**

## ငဖဲမြို့နယ် စပ်စီကျေးရွာသံကူကွန်ကရစ်တံတား တည်ဆောက်မှု ရာနှုန်းပြည့်ပြီးစီး

**ငဖဲ မေ ၁၄**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် စပ်စီကျေးရွာအနီး မင်းဘူး-အမ်း-စစ်တွေလမ်းပေါ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားအထူးအဖွဲ့-၅မှ တာဝန်ယူဆောက်လုပ်သော စပ်စီကွန်ကရစ်တံတားသည် မေ ၁၄ ရက်က ရာနှုန်းပြည့် တည်ဆောက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားမှာ အလျားပေ ၉၀၊ ယာဉ်သွားလမ်းအကျယ် ၂၉ ပေရှိ သံကူကွန်ကရစ်တံတားဖြစ်ပြီး အောက်တိုဘာ၂ ရက်က စတင်ဆောက်လုပ်ခဲ့ရာ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ်သန်း ၂၇၀ ဖြင့် တံတားဆောက်လုပ်မှု ရာနှုန်းပြည့် တည်ဆောက်ပြီးစီးခဲ့ပြီး တံတားခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်သည်။

စပ်စီကျေးရွာရှိ ရှားပေါက်ချောင်းသည် မိုးရာသီကာလ တောင်ကျရေများ တစ်ဟုန်ထိုးစီးဆင်းမှုကြောင့် ကမ်းပြိုခြင်း၊ လမ်းပျက်စီးခြင်းများ ဖြစ်ပွား၍ ရခိုင်ပြည်နယ်ဘက်သို့ လမ်းပန်းဆက်သွယ်ရေး သွားလာရခက်ခဲသောကြောင့် ယခု ၂၀၂၀ ပြည့်နှစ်တွင် စပ်စီသံကူ ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **မယု(ငဖဲ)**



မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် တောင်ခင်ရန်းရွာ - သာလင်းရွာ - မြင်သားကျေးရွာများ ကျေးရွာချင်းဆက်လမ်းတွင် တံတားဦးစီးဌာနက ပေ ၈၁၀ ရှိ မြစ်သာမြစ်ကူးတံတားကို တိုင်းဒေသကြီး အစိုးရအဖွဲ့ ခွင့်ပြုချက်အရ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ခွင့်ပြုငွေကျပ်သန်း ၉၀၀ နှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုငွေကျပ်သန်း ၄၀၀ တို့ဖြင့် တံတားအထူးအဖွဲ့ (၃) က တာဝန်ယူဆောင်ရွက်လျက်ရှိရာ တည်ဆောက်ရေးလုပ်ငန်းခွင်ကို မေ ၁၄ ရက်က တွေ့ရစဉ်။ ၁၄၄

## မိုင်းဖြတ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**မိုင်းဖြတ် မေ ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ခွင့်ရရှိခဲ့သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို မေ ၁၃ ရက်က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအားကို၊ မြို့နယ်တည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်နှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



မိုင်းဖြတ်၌ ဆောင်ရွက်လျက်ရှိသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တွေ့ရစဉ်။

ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၊ မြို့နယ်တည်ဆောက်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ၆၂ ဒသမ ၈၇၄ကျပ်သန်းဖြင့် ဆောင်ရွက်သည့် နမ်ပန်ကျေးရွာအုပ်စု၊ ဘူးဖာ-ဟွေပါကူ ကျေးရွာချင်းဆက် (၃/၀မိုင်) လမ်းပေါ်တွင် တည်ရှိသည့် ၃၀x၁၄ ပေ တံတားခံနိုင်ဝန် ၁၃တန်ရှိ ဘေလီတံတား ၄၅ ရာခိုင်နှုန်း ပြီးစီးခြင်း ဆောင်ရွက်နေမှု၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်နယ်သာမန် ခွင့်ပြုရန်ပုံငွေကျပ် ၅၇ သန်းဖြင့် ဆောင်ရွက်သည့် နမ့်မယ်ဟုတ်ဆည်ဆောင်ရွက်နေမှု၊ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေ ၁၃၅ကျပ်သန်းဖြင့် ဆောင်ရွက်သည့် ဆိုင်ဆက်ရေလွှဲဆည်ဆောင်ရွက်နေမှုတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**သန်းထွန်းအေး(ပြန်/ဆက်)**

## သရက်သီးနှင့်အတူ တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်၍ ဈေးကွက်အတွင်း တွဲဖက်ရောင်းချနိုင်ရန် ကြိုးစားလုပ်ဆောင်သင့်



**မန္တလေး မေ ၁၄**

သရက်စိုက်တောင်သူများအနေဖြင့် သရက်ဈေးကွက်အတွင်း သရက်သီးနှင့်အတူ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်၍ တွဲဖက်ရောင်းချနိုင်ရန် ကြိုးစား လုပ်ဆောင်သင့်ကြောင်း မြန်မာနိုင်ငံ သရက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက ပြောသည်။

ယခုနှစ်သရက်သီးရာသီချိန်တွင် သရက်စိုက်တောင်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချရာတွင် ပို့ဆောင်မှုအခက်အခဲများ ဖြစ်ပေါ်ကာ ဈေးနှုန်းကျဆင်းမှုများနှင့် ကြုံတွေ့နေရသဖြင့် ဈေးကွက်အခြေအနေကောင်းမွန်ခြင်းမရှိကြောင်း သိရသည်။

"ဒီနှစ်သရက်ဈေးကွက်က တင်ပို့မှုအခက်အခဲတွေကြောင့် အရင်နှစ်တွေက ၁၆ ကီလိုတစ်ခြင်းကို ပုံမှန် တရုတ်ယွမ်ငွေ ၁၆၀ ကနေ ၁၇၀ လောက်ရခဲ့ပေမယ့် ဒီနှစ်မှာတော့ တစ်ခြင်းကို ယွမ်ငွေ ၁၂၀ ကနေ ၁၄၀ လောက်နဲ့ပဲ ရောင်းနေရတယ်။ ဒါ့အပြင် မူဆယ်ရောက်ရင် ကားချိန်းပြီးမှ တရုတ်ပြည်ထဲအထိ တင်ပို့ရောင်းချနေရလို့ အခက်အခဲတွေ ကြုံတွေ့နေရပြီး လက်ရှိကာလမှာ တရုတ်ငွေဈေးကလည်း ကျဆင်းနေတဲ့အတွက် ဈေးကွက်အခြေအနေ မကောင်းဘူးလို့ ပြောလို့ရပါတယ်။ ဒါကြောင့် သရက်သီးကို အနှစ်ကနေ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်တဲ့လုပ်ငန်းနဲ့ တွဲဖက်မလုပ်ဘူးဆိုရင် အရှုံးနဲ့ပဲ တောက်လျှောက်ရင်ဆိုင်နေရမှာပါ။ သရက်ဈေးကွက်မှာ ဒီလို အလားတူ အဖြစ်အပျက်တွေလည်း အများကြီး ကြုံတွေ့ခဲ့ရပြီးဖြစ်တဲ့အတွက် ဝယ်လို့ရောင်းလို့ရတဲ့ အရည်အသွေးကောင်းအသီးတွေကို ရောင်းပြီး အရည်အသွေးမပြည့်မီတဲ့ အသီးတွေကို သရက်ပြင်၊ သရက်ခြောက်နဲ့ အနှစ်တွေ ထုတ်ပြီး တန်ဖိုးမြှင့်ထုတ်လုပ်နိုင်မယ်ဆိုရင် အမြိုက်ထဲက ရွှေဖြစ်လာမှာပါ။ ဒီလိုမလုပ်ထားရင် လွှင့်ပစ်ရမယ့်အနေအထားမှာရှိပါတယ်။ ဒါကြောင့် သရက်သီးဈေးကွက်ကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်တဲ့ လုပ်ငန်းနဲ့တွဲဖက်ပြီး လုပ်ဆောင်ကြပါလို့ အကြံပြုချင်ပါတယ်" ဟု ၎င်းက ပြောသည်။

ယခုနှစ်တွင် တရုတ်နိုင်ငံသို့ တင်ပို့ရန် အခက်အခဲများကြောင့် ပြည်တွင်းဈေးကွက်၌ သရက်သီးကို ဈေးနှုန်းချိုသာစွာဖြင့် ပေါ်များစွာ စားသုံးလာနိုင်သည့်အပြင် ကိုဗစ်-၁၉ အခြေအနေကြောင့် အိမ်တိုင်ရာရောက်ပို့ဆောင်ပေးသော အွန်လိုင်းဈေးကွက်စနစ်တစ်ခု ပေါ်ထွန်းလာခဲ့သည့်အတွက်လည်း လက်ခံကြိုဆိုကြောင်း၊

လက်ရှိတွင် လေယာဉ်ခရီးစဉ်များ ပိတ်ထားခဲ့သော်လည်း ပြည်ပနိုင်ငံများဖြစ်သည့် စင်ကာပူနှင့် တရုတ်နိုင်ငံအတွင်းသို့ သရက်သီးများအား ရေကြောင်းလိုင်းဖြင့် အဆင်ပြေစွာ တင်ပို့ရောင်းချမှုများရှိကြောင်း ၎င်းက ဆက်လက်ပြောသည်။

သရက်သီးကို နိုင်ငံတကာဈေးကွက်သို့ တိုးချဲ့တင်ပို့ရောင်းချနိုင်ရန် ရည်ရွယ်၍ ယခင်နှစ်များက သရက်သီးအစုအဖွဲ့များ ပူးပေါင်းစီစဉ်ကျင်းပခဲ့သည့် သရက်သီးပွဲတော်ကိုလည်း လက်ရှိဖြစ်ပေါ်နေသည့် ကိုဗစ်-၁၉ အခြေအနေကြောင့် ယခုနှစ်တွင် ကျင်းပရန် အစီအစဉ်မရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ရေဖြူမြို့နယ်မှ သဘာဝဘေးကြောင့်ပျက်စီးသွားသော လမ်းများကို ပြန်လည်ပြုပြင်လျက်ရှိ

**ရေဖြူ မေ ၁၄**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ်အတွင်း နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး(ပြည်ထောင်စု)ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော လမ်းနှင့် တံတားလုပ်ငန်းများအနက် သဘာဝဘေးကြောင့် ပျက်စီးသွားသော လမ်းများကို ပြန်လည်ပြုပြင်လျက်ရှိကြောင်း သိရသည်။

သုဝဏ္ဏဒေဝီကုမ္ပဏီက ပြည်ထောင်စုရန်ပုံငွေကျပ် ၃၀၈ ဒသမ ၇၆ သန်းဖြင့် တင်ဒါအောင်မြင် ဆောင်ရွက်နေသော ပေါက်ပင်ကွင်း - မလွဲတောင် ကျေးရွာချင်းဆက်ကျောက်ခင်းလမ်းလေးမိုင်ပေါ်မှ သဘာဝဘေးကြောင့် ပျက်စီးသွားသော လမ်းပိုင်းကို ပြန်လည်ပြင်ဆင်နေခြင်းဖြစ်ကာ လုပ်ငန်းဆောင်ရွက်နေမှုကို နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး ကြီးကြပ်ရေးမှူး ညွှန်ကြားရေးမှူး ဦးရန်လင်းအောင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုပြီး တာဝန်ခံအင်ဂျင်နီယာများအား ပျက်စီးသွားသောလမ်းများကို သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ ပြီးစီးအောင် ပြုပြင်ဆောင်ရွက်သွားရန် မှာကြားခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**



## ကျုံပျော်မြို့နယ်၌ ငါးသယံဇာတမပြုန်းတီးရေးအတွက် ဂရန်အင်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်

**ကျုံပျော် မေ ၁၄**

ငါးသယံဇာတ မပြုန်းတီးရေးနှင့် ရေရှည်စဉ်ဆက်မပြတ် ထုတ်လုပ်စားသုံးနိုင်ရေးကို ရည်ရွယ်၍ ဂရန်အင်းများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်၌ ဆောင်ရွက်လျက်ရှိရာ မေ ၁၁ ရက်တွင် မန်းစက္ကူအင်းအတွင်း ပြုပြင်ထိန်းသိမ်းမှု ဆောင်ရွက်ခဲ့ပြီး အဆိုပါလုပ်ငန်းဆောင်ရွက်နေမှုကို မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ခင်မျိုးနိုင်နှင့် ကြေးတိုင်အင်းများ စိစစ်ရေးအဖွဲ့မှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

အင်းလုပ်ငန်းသည် နိုင်ငံတော်အတွက် အခွန်ငွေများစွာရရှိအောင် ဆောင်ရွက်ပေးနေသည့် လုပ်ငန်းတစ်ခုဖြစ်ပြီး ငါးသယံဇာတသည် ပြည်သူများ၏ စားသုံးမှု အာဟာရအတွက် အထူးအရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်ကြောင်း၊ ယခုအခါ ပလတ်စတစ်နှင့် စည်းကမ်းမဲ့ စွန့်ပစ်အမှိုက်များကြောင့် ငါးသယံဇာတ ထုတ်လုပ်မှုကို ထိခိုက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ အင်းများ၊ ချောင်းများကို ပြန်လည်တူးဖော်ပေးခြင်းဖြင့် ငါးအထွက်နှုန်း တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်းနှင့် ကျုံပျော်မြို့နယ်တွင် ၂၀၁၉ - ၂၀၂၀ ခုနှစ်အတွင်း ကြေးတိုင်အင်းငါးအင်းကို ပြုပြင်တူးဖော်မှုများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး၏ ပြောကြားချက်အရ သိရသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**

## ထီးလင်းမြို့နယ်သရခါနှင့် တောရောင်းကျေးရွာများတွင် ရေထိန်း/ရေကာနံရံများ တည်ဆောက်လျက်ရှိ

**ထီးလင်း မေ ၁၄**

ကျေးရွာများ ကမ်းပြိုရေတိုက်စားခြင်းမှ ကာကွယ်နိုင်ရန်အတွက် ထီးလင်းမြို့နယ် သရခါကျေးရွာနှင့် တောရောင်းကျေးရွာများတွင် ရေထိန်း/ရေကာနံရံများ တည်ဆောက်လျက်ရှိသည်။

သရခါကျေးရွာတွင် အရှည် ၁၅၆ ပေရှိ ရေထိန်း/ရေကာ နံရံနှင့် တောရောင်းကျေးရွာတွင် အရှည်ပေ ၂၄၀ ရှိ ရေထိန်း/ ရေကာနံရံတို့ တည်ဆောက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများကို တင်ဒါအောင်မြင်သည့် ကုမ္ပဏီက ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော် တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

**အောင်စည်(ပြန်/ဆက်)**



## အုတ်တွင်းမြို့နယ်၌ မြစိမ်းရောင် စီမံကိန်းချေးငွေထုတ်ချေး

**အုတ်တွင်း မေ ၁၄**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ဇီးဖြူခင်(အလယ်)ကျေးရွာသို့ မြစိမ်းရောင် စီမံကိန်းချေးငွေမှ စတုတ္ထအကြိမ် အရင်းပြန်လည်ထုတ်ချေးခြင်းကို မေ ၁၃ ရက်က ဆောင်ရွက်ရာကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမျိုးသိန်း၊ ခရိုင်ဦးစီးမှူး ဦးဘသိန်း၊ အုတ်တွင်းမြို့နယ်ဦးစီးမှူး ဒေါ်စုနွယ်ဝင်းနှင့်အဖွဲ့က ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ခြင်း ညွှန်ကြားချက်များနှင့်အညီ ကြီးကြပ်ဆောင်ရွက်ပေးသည်။

စီမံကိန်းချေးငွေများ ထုတ်ပေးရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်ကော်မတီအဖွဲ့နှင့် ကျေးလက်ကျန်းမာရေးအဖွဲ့တို့ကလည်း လိုအပ်သည်များကို ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြသည်။

**မြို့နယ် (ပြန်/ဆက်)**



## လှိုင်သာယာမြို့နယ်သို့ နှာခေါင်းစည်းအခု ၅၀၀၀၀ လှူဒါန်း

**လှိုင်သာယာ မေ ၁၄**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၌ ကိုဗစ်-၁၉ရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရန်နှင့် ရောဂါကာကွယ်၊ ထိန်းချုပ်နိုင်စေရန် အတွက် ရည်ရွယ်၍ မြို့နယ်ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးကော်မတီသို့ နှာခေါင်းစည်းအခု ၅၀၀၀၀ အား ယမန်နေ့က မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံရုံးမှ လှူဒါန်းသည်။

ထိုသို့ လှူဒါန်းရာတွင် လှိုင်သာယာမြို့နယ် အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမောင်၊ အမှတ်(၂)တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးမြတ်မင်းသူတို့က လှိုင်သာယာမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကော်မတီကိုယ်စား လက်ခံယူခဲ့သည်။

**မြသန္တာဝင်း(ပြန်/ဆက်)**



မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်တွင် ချောင်းဖီလာမြစိမ်းရောင်(အသားကဏ္ဍ)ကျေးရွာ၌ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ အေးမင်းဇော် ဦးဆောင်၍ ကျေးရွာအတွင်းမွေးမြူထားသော နွားများကို မေ ၁၄ ရက်က နွားပေါင်ပုပ်၊ လက်ပုပ်ကာကွယ်ဆေးထိုးနှံပေးစဉ်။ **ကျော်မိုး(ပြန်/ဆက်)**

## မီးသတ်ဦးစီးဌာနမှကျေးရွာများအတွက် အပေ့ါစားမီးသတ်စက်များ လွှဲပြောင်းပေးအပ်

**ထီးချိုင့် မေ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် ဝယ်ယူထားသော အပေ့ါစားမီးသတ်စက်များ လွှဲပြောင်းပေးအပ်ပွဲကို ယမန်နေ့က မြို့နယ်မီးသတ်ဦးစီးမှူးရုံးတွင် ပြုလုပ်သည်။

မီးသတ်ဦးစီးဌာန၏ရည်မှန်းချက်တာဝန်( ၄ )ရပ်ဖြစ်သည့် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ပြည်သူအကျိုးပြုဆောင်ရွက်ရေးဆောင်ပုဒ်အတိုင်း ကျေးရွာများတွင် မတော်တဆမီးလောင်မှုများ ဖြစ်ပွားလာပါက အရေးပေါ်မီးငြိမ်းသတ်နိုင်ရေးအတွက် အပေ့ါစားမီးသတ်စက်များနှင့်ဆက်စပ်ပစ္စည်းများကို ချိတ်သင်ကျေးရွာအုပ်စု ဟသ်ာကျေးရွာနှင့် ကွမ်းဘောင်ကျေးရွာအုပ်စု အောင်ချမ်းသာကျေးရွာတို့မှ အုပ်ချုပ်ရေးမှူးနှင့် အရန်မီးသတ်တပ်ဖွဲ့တို့အား မီးသတ်ဦးစီးဌာနမှ ဦးဖြိုးညွှန့်မောင်က လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **ရဲလင်းထွန်း (ထီးချိုင့်)**

## တရုတ်နိုင်ငံက ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများ လှူဒါန်း

**မူဆယ် မေ ၁၄**

တရုတ်နိုင်ငံ ယူနန်နယ်စပ် စစ်ဆေးရေးဌာနချုပ် ရွှေလီပြည်ဝင်/ပြည်ထွက်နယ်စပ်ကာကွယ်စစ်ဆေးရေးဌာနမှ တာဝန်ရှိသူများက ရှမ်းပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံး (တောင်ကြီးမြို့)နှင့် မူဆယ်နယ်စပ် လူဝင်မှုကြီးကြပ်ရေး ဒုတိယဌာနခွဲ(၇)သို့ ကိုဗစ်-၁၉ ထိန်းချုပ်ကာကွယ်ရေးသုံးပစ္စည်းများကို မေ ၁၄ ရက်က ထောက်ပံ့လှူဒါန်းကြောင်း သိရသည်။

တရုတ်နိုင်ငံမှအဖွဲ့က မူဆယ်မြို့ရှိ မြန်မာ-တရုတ် ချစ်ကြည်ရေးရုံးခွဲသို့ ချိတ်ဆက်ပြီး ကိုဗစ်-၁၉ ကာကွယ်ရေးသုံးပစ္စည်းများဖြစ်သည့် နှာခေါင်းစည်း အခု ၁၀၀၀၀၊ PPE ဝတ်စုံ ၁၀၀၊ ပိုးသတ်ဆေးရည်ပုံး ၂၀၊ ကိုယ်အပူချိန်တိုင်းစက် အခု ၂၀ တို့ကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ရှမ်းပြည်နယ်ဦးစီးမှူးရုံး (တောင်ကြီး)သို့ လှူဒါန်းခဲ့ခြင်းဖြစ်သည်။ ထို့အပြင် လူဝင်မှု ကြီးကြပ်ရေး ဒုတိယဌာနခွဲ(၇)(မူဆယ်ဒေသ)အတွက်လည်း နှာခေါင်းစည်း အခု ၃၀၀၀၊ ကိုယ်အပူချိန်တိုင်းစက် ငါးခုတို့ကို လှူဒါန်းခဲ့သည်။

နှစ်နိုင်ငံ ချစ်ကြည်ရေးကို ရှေးရှု၍ အဆိုပါ ရောဂါကာကွယ်ရေးသုံးပစ္စည်းများကို လှူဒါန်းခြင်းဖြစ်ပြီး လှူဒါန်းသည့်ပစ္စည်းများကို မူဆယ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလင်းအောင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ရှမ်းပြည်နယ်ဦးစီးမှူးကိုယ်စား ရှမ်းပြည်နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများ၊ မူဆယ်နယ်စပ်လူဝင်မှုကြီးကြပ်ရေး ဒုတိယဌာနခွဲ(၇)မှ အဖွဲ့မှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးစောနိုင်ဦးနှင့် တာဝန်ရှိသူများက လက်ခံရယူသည်။

**သန့်ဇင်(မူဆယ်)**





ပလင်းကမ်းသာယာဆင်စခန်းမှ ဆင်များကို အစာကျွေးနေစဉ်

## ပလင်းကမ်းသာယာဆင်စခန်း ပိတ်ထားသော်လည်း ဆင်များအတွက် အစားအစာများ ပေးပို့လှူဒါန်းနေ

**ညောင်ဦး မေ ၁၄**

မြန်မာ့သစ်လုပ်ငန်း သစ်ထုတ်ရေးဌာနက ဖွင့်လှစ်ထားရှိသည့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် အနောက်ပလင်းကျေးရွာအနီးမှ ပလင်းကမ်းသာယာ ဆင်စခန်းကို ကိုဗစ်-၁၉ ကြောင့် ယာယီပိတ်ထားသော်လည်း ပိတ်ထားစဉ်ကာလအတွင်း မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်မှ ဆင်ချစ်သူများက ဆင်စခန်းရှိ ဆင်များအတွက် အစာကျွေးမွေးနိုင်ရန် အလှူငွေများ ပေးပို့လှူဒါန်းလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ဆင်စခန်းအခြေပြု ခရီးသွားလုပ်ငန်းကို စတင် အကောင်အထည်ဖော်လျက်ရှိပြီး ကိုဗစ်-၁၉ ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖွင့်လှစ်ထားရှိသည့် ဆင်စခန်း ၂၂ ခုလုံးကို မတ် ၂၅ ရက်မှစတင်ကာ ယာယီပိတ်ထားခဲ့ရသဖြင့် ဆင်များအတွက် အစားအစာများ လိုအပ်နေကြောင်း၊ တောတွင်းအမှီပြုဖွင့်လှစ်ထားသည့် ဆင်စခန်းရှိ ဆင်များအတွက် အစားအစာ ပြဿနာမရှိသော်လည်း ခရီးသွားမြို့များအနီး ဖွင့်လှစ်ထားသည့် ဆင်စခန်းရှိ ဆင်များအတွက် လွတ်ကျောင်းစရာ စားကျက်မြေမရှိခြင်းကြောင့် ဆင်ချစ်သူများ လှူဒါန်းသည့် ဆင်စာများဖြင့်သာ ကျွေးမွေးနေရကြောင်း ပလင်းကမ်းသာယာဆင်စခန်းမှ တာဝန်ရှိသူ ဒေါ်တင်လေးနွယ်၏ ပြောကြားချက်အရ သိရသည်။

ပလင်းကမ်းသာယာဆင်စခန်းကို ယာယီပိတ်ထားချိန်အတွင်း ဆင်ချစ်သူများက ဆင်စာများ လှူဒါန်းလျက်ရှိရာ မေ ၁၄ ရက်တွင် မြင်းခြံမြို့နယ်မှ ဦးဝင်းကို မိသားစုက တန်ဖိုး ကျပ်ငါးသိန်းခန့်ရှိသော ကားတစ်စီးတိုက် ကြံများကို လာရောက်လှူဒါန်းခဲ့ကြောင်း၊ မေ ၁၀ရက်ကလည်း ရန်ကုန်မြို့နေ ကိုပြည့်ဖြိုး ဇနီးမောင်နှံက ဆင်ဘူဖေးအတွက် ကျပ်ငါးသောင်း လှူဒါန်းကာ မေ ၆ ရက်တွင်လည်း ကျောက်ပန်းတောင်းမြို့ ကျော်ပညာရေးလမ်းညွှန်မိသားစုက ကျပ်သုံးသောင်း လှူဒါန်းခဲ့ကြောင်း၊ တမူးမြို့မှ ဦးမြဝင်းမိသားစုက မေ ၆ ရက်က ကျပ်သုံးသောင်း၊ ညောင်ဦးမြို့မှ ဦးစောလင်း မိသားစုက မေ ၄ ရက်တွင် ကျပ်သုံးသောင်းနှင့် မုံရွာမြို့မှ ဦးတင်ဝင်း မိသားစုက ဧပြီ ၂၆ ရက်တွင် ကျပ်ငါးသောင်းလှူဒါန်းခဲ့ကြောင်း ပလင်းကမ်းသာယာ ဆင်စခန်းတာဝန်ခံ ဦးမျိုးမင်းကို(လက်ထောက်မန်နေဂျာ)ထံမှ သိရသည်။

မြန်မာ့သစ်လုပ်ငန်းမှ ဖွင့်လှစ်ထားရှိသည့် ဆင်အခြေပြုခရီးသွားလုပ်ငန်း ၂၂ ခုလုံးကို ကိုဗစ်-၁၉ ကာလအတွင်း ယာယီပိတ်ထားရချိန်တွင် မြန်မာနိုင်ငံအရပ်ရပ်မှ ဆင်ချစ်သူများအနေဖြင့် မိမိတို့နီးစပ်ရာ ဆင်စခန်းများသို့ ဆင်အစာများနှင့် အစာဖိုး အလှူငွေများကို တတ်နိုင်သလောက် လှူဒါန်းနိုင်ကြောင်း ပလင်းကမ်းသာယာ ဆင်စခန်းတာဝန်ခံ၏ ပြောကြားချက်အရ သိရသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

## ညောင်ဦးခရိုင် လူငယ်ရေးရာကော်မတီနှင့် ဌာနဆိုင်ရာများက နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

**ကျောက်ပန်းတောင်း မေ ၁၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် လူငယ်ရေးရာကော်မတီနှင့် ကျောက်ပန်းတောင်းမြို့နယ် လူငယ်ကော်မတီဝင်များက ဌာနဆိုင်ရာများဖြစ်သော မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ အပါအဝင် အခြားအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ ဒေသခံပြည်သူများအား နှာခေါင်းစည်းများ ဝေငှပြီး နှာခေါင်းစည်းတပ်ရန် ပညာပေးနှိုးဆော်သည့် နှာခေါင်းစည်းလှုပ်ရှားမှုကို မေ ၁၃ ရက်က မြို့မစည်ပင်သာယာဈေးနှင့် တမ္ပဝတီဈေးတို့၌ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ နှာခေါင်းစည်းလှုပ်ရှားမှုကို ညောင်ဦးခရိုင် လူငယ်ရေးရာကော်မတီက ဦးဆောင်၍ ဌာနဆိုင်ရာများ၊ Woman Club၊ Youth For All အဖွဲ့နှင့် မီးအိမ်ရှင်လေးများ အဖွဲ့တို့မှ အင်အား ၂၀ ဖြင့် ပြုလုပ်ခဲ့ပြီး ပြည်သူများအား နှာခေါင်းစည်းများ စနစ်တကျ တပ်ဆင်ကြရန်၊ မလိုအပ်ဘဲ အိမ်အပြင်သို့မထွက်ကြရန်နှင့် အမှန်တကယ်လိုအပ်၍ အပြင်ထွက်လျှင်လည်း တစ်ဦးတည်းသာထွက်ကြရန်၊ အပြင်ထွက်တိုင်း နှာခေါင်းစည်းတပ်ဆင်ရန်နှင့် အပြင်မှပြန်လာတိုင်း စနစ်တကျ လက်ဆေးရန်တို့ကို အသံချဲ့စက်ဖြင့်ကြေညာ၍ ပညာပေးနှိုးဆော်ခဲ့ကာ ကိုဗစ်-၁၉ ကူးစက်ရောဂါကာကွယ်ရေးအတွက် ခရိုင် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး ကော်မတီမှ ထောက်ပံ့ထားသည့် နှာခေါင်းစည်းများနှင့် ပြည်သူများမှ လှူဒါန်းထားသည့် နှာခေါင်းစည်းများကိုလည်း ဖြန့်ဝေပေးခဲ့သည်။

ညောင်ဦးခရိုင် လူငယ်ရေးရာကော်မတီအနေဖြင့် ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ကျေးရွာများ၊ အသွားအလာကန့်သတ် စောင့်ကြည့်သည့်စခန်းများ အစရှိသည့် နေရာများ၌ နှာခေါင်းစည်းများ ဖြန့်ဝေပေးလျက်ရှိရာ ယနေ့အထိ နှာခေါင်းစည်း ၇၀၀၀ ကျော် အခမဲ့ ဖြန့်ဝေပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

## ကော့သောင်းမြို့ ကမ်းနီးအဖြူရောင်ပရဟိတအဖွဲ့က ခြေနင်း လက်ဆေးဘေစင်များ တပ်ဆင်လှူဒါန်း

**ကော့သောင်း မေ ၁၄**

ကော့သောင်းမြို့ ကမ်းနီးအဖြူရောင်ပရဟိတအဖွဲ့အနေဖြင့် မြို့နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ခြေနင်း လက်ဆေးဘေစင်များနှင့်အတူ လက်ဆေးစင်အတွက် လိုအပ်သော ရေပုံး၊ ရေပုံးတင်ရန် သံဖရိန်စင်နှင့် ဆပ်ပြာရည်များကို မေ ၁၄ ရက်က ကော့သောင်းမြို့ အမှတ်(၁၃) ခုတင် ၁၀၀ တပ်မတော်ဆေးရုံ၌ လာရောက်တပ်ဆင်လှူဒါန်းကြောင်း သိရသည်။





ခြေနင်းလက်ဆေးစင် တပ်ဆင်လှူဒါန်းနေစဉ်

ကော့သောင်းမြို့ အမှတ်(၁၃) ခုတင် ၁၀၀ တပ်မတော်ဆေးရုံမှာ အများပြည်သူ ဝင်ထွက် သွားလာရာ နေရာတစ်ခုဖြစ်သည့်အတွက် ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှု မဖြစ်ပွားစေရန် ရည်ရွယ်၍ ကူညီဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ပရဟိတအဖွဲ့ခေါင်းဆောင် ကိုမိုးတိမ်က ပြောကြားသည်။

ကမ်းနီးအဖြူရောင် ပရဟိတအဖွဲ့အနေဖြင့် ကော့သောင်းမြို့ရှိ ကမ်းနီး ကမ်းဝေး ငါးဖမ်းလုပ်ငန်းကုမ္ပဏီများ၊ မိုဘိုင်းဖုန်းအရောင်းဆိုင်လုပ်ငန်းရှင်များ၊ မြို့မိမြို့ဖအလှူရှင်များ၏ ဝိုင်းဝန်းပူးပေါင်းလှူဒါန်းကူညီမှုဖြင့် ယခုကဲ့သို့ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ လိုက်လံကူညီဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ အလားတူ ခြေနင်းလက်ဆေးစင်နှင့် လိုအပ်သော ပစ္စည်းများကို အများပြည်သူသွားလာမှုများပြားရာ နေရာများဖြစ်သော ပိတောက်ရွှေဝါရပ်ကွက် အဝိုင်းပတ် အများပြည်သူနားနေဆောင်၊ ကော့သောင်းခရိုင် ပြည်သူ့ဆေးရုံကြီးနှင့် ကော့သောင်းလေဆိပ်တို့တွင်လည်း လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း၊ ထို့အပြင် ရောဂါကာကွယ်တားဆီးရေး အသိပညာပေးသည့် ဗီနိုင်းပိုစတာများ လိုက်လံချိတ်ဆွဲခြင်းကိုလည်း ဆောင်ရွက်ပေးနေကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## သုံးခွမြို့နယ်မှ ကျေးရွာကုန်ထုတ်လမ်း လုပ်ငန်းများ မကြာမီပြီးစီးမည်

**သုံးခွ မေ ၁၄**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ကံမြင့်ကျေးရွာ၌ တောင်သူများ၏ လယ်ယာထွက်ကုန်ပစ္စည်းများကို ဈေးကွက်သို့ အချိန်တိုအတွင်း လွယ်ကူအဆင်ပြေစွာ သယ်ယူပို့ဆောင်နိုင်ရေးအတွက် ကျေးရွာကုန်ထုတ်လမ်းကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ခင်းပေးလျက်ရှိသည်။

အဆိုပါလမ်းသည် အရှည် ပေ ၃၃၀၀၊ အကျယ် ၁၂ ပေရှိ ဂဝံလမ်းဖြစ်ပြီး လမ်းပေါ်၌ Box culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းလည်း ပါဝင်ကြောင်း၊ လက်ရှိအချိန်တွင် ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ အဆိုပါ လမ်းလုပ်ငန်း ဆောင်ရွက်နေမှုကို ရန်ကုန်(တောင်ပိုင်းခရိုင်) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်အေးအေးကြူ၊ မြို့နယ်ဦးစီးမှူး ဦးဇော်လင်းနိုင်နှင့် တာဝန်ရှိသူများက မေ ၁၃ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလုပ်ဆောင်ရာတွင် အသိ၊ ကျန်းမာရေးသတိဖြင့် လုပ်ဆောင်ရန်၊ စံချိန်စံညွှန်းပြည့်မီပြီး သတ်မှတ်ရက်အမီ ပြီးစီးရန်နှင့် အခြားလိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။

အဆိုပါကုန်ထုတ်လမ်း ပြီးစီးသွားပါက ကံမြင့်ကျေးရွာနှင့် ပတ်ဝန်းကျင်ရှိ လယ်မြေ ဧက ၃၀၀၀ ကျော်မှ လယ်ယာထွက်ကုန်များကို မြို့ပြဈေးကွက်သို့ သယ်ယူပို့ဆောင်ရာတွင် များစွာအဆင်ပြေသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# မွန်ပြည်နယ်၌ မိုးစပါးချေးငွေထုတ်ပေးရာတွင် လူစုလူဝေးမဖြစ်စေရန် တစ်ရက်လျှင် လူဦးရေ ၁၀၀ မှ ၁၅၀ အတွင်းသာ ထုတ်ချေးမည်

**ပေါင် မေ ၁၄**

မွန်ပြည်နယ်အတွင်း ယခုနှစ် မိုးစပါးချေးငွေများ ထုတ်ချေးရာတွင် ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှုကို ကြိုတင် ကာကွယ်ရန်နှင့် လူစုလူဝေးမဖြစ်စေရန်အတွက် တစ်ရက်လျှင် လူဦးရေ ၁၀၀ မှ ၁၅၀ ကြားသာ ထုတ်ချေးပေးသွားရန် စီစဉ်ထားကြောင်း မွန်ပြည်နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ သိရသည်။

"အရင်တုန်းကဆိုရင် တစ်ရက်ကို လူဦးရေ ၂၀၀၊ ၃၀၀ နှုန်းနဲ့ ထုတ်ချေးပေးခဲ့တာပေါ့၊ ဒီနှစ်မှာတော့ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်တဲ့အနေနဲ့ မနက်ပိုင်းမှာ ၇၅ ဦး သို့မဟုတ် ၅၀ ဦးပေါ့နော်၊ အခြေအနေအပေါ် ကြည့်ပြီးတော့မှ ထုတ်ချေးပေးသွားဖို့နဲ့ ဘဏ်ခွဲတွေရဲ့ အနေအထားအပေါ်မူတည်ပြီး ဆောင်ရွက်ပေးသွားဖို့ ရှိပါတယ်"ဟု မွန်ပြည်နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မန်နေဂျာ ဦးကျော်စွာလှိုင်က ပြောကြားသည်။

"ငွေထုတ်ချေးပေးရာမှာ လူစုလူဝေးမဖြစ်ပွားရေးအတွက် ရုံးပရဝဏ်ကျဉ်းမြောင်းတဲ့ မြို့နယ်အသီးသီးက ဘဏ်ခွဲတွေမှာ နေရာအခက်အခဲ မဖြစ်စေဖို့ မြို့နယ်မှာရှိတဲ့ အားကစားခန်းမတွေ၊ မြို့တော်ခန်းမတွေ အစရှိတဲ့ နေရာကျယ်ဝန်းတဲ့နေရာတွေမှာ ပြောင်းလဲပြီး ထုတ်ချေးပေးသွားဖို့လည်း စီစဉ်ထားတယ်"ဟု ပြည်နယ်ဘဏ်ခွဲမန်နေဂျာက ဆက်လက်ပြောကြားသည်။

မွန်ပြည်နယ်အတွင်း ယခုနှစ် မိုးစပါးချေးငွေများ ထုတ်ချေးရာတွင် လယ်မြေ ဧကပေါင်း ၂၈၀၀၀၀ ကျော်အတွက် ငွေကျပ် ၄၃ ဘီလီယံကျော် ထုတ်ချေးပေးရန် စီစဉ်ထားပြီး ယခုနှစ် ထုတ်ချေးပေးမည့် ချေးငွေအတွက် အတိုးနှုန်းကိုလည်း လျှော့ချပေးမည်ဖြစ်ကြောင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ခါမျှ မပေးဖူးသည့် အတိုးနှုန်း ၅ ရာခိုင်နှုန်းအထိ လျှော့ချပေးရန် စီစဉ်ထားကြောင်း ပြည်နယ်ဘဏ်ခွဲမန်နေဂျာက ပြောသည်။

မိုးစပါး စိုက်ပျိုးရေးစရိတ်ချေးငွေများကို ယခင်နှစ်များက မေလ ပထမပတ်အတွင်း စတင်ထုတ်ပေးသော်လည်း ယခုနှစ်တွင်မူ ကိုဗစ်-၁၉ ကြောင့် မေ ၁၈ ရက်မှစ၍သာ ထုတ်ချေးပေးသွားရန် စီစဉ်ထားခြင်းဖြစ်ကြောင်းနှင့် တောင်သူများအား ချေးငွေထုတ်ရန်ရက်များကို အသိပေးထားပြီးဖြစ်ကြောင်း၊ တောင်သူလယ်သမားများအနေဖြင့် ပေးထားသော ရက်ချိန်းရောက်မှသာ ချေးငွေလာထုတ်ကြစေလိုကြောင်း ပြည်နယ်ဘဏ်ခွဲ မန်နေဂျာက တိုက်တွန်းပြောကြားသည်။



မွန်ပြည်နယ်အတွင်းမှ စပါးစိုက်ပျိုးနေသော တောင်သူလယ်သမားများ

မိုးစပါးချေးငွေများကို လယ်တစ်ဧကလျှင် ကျပ် ၁၅၀၀၀၀ နှုန်းဖြင့် တောင်သူတစ်ဦးလျှင် လယ် ၁၀ ဧကအထိ ထုတ်ချေးပေးသွားမည်ဖြစ်ပြီး မွန်ပြည်နယ်သည် နှစ်စဉ် မိုးစပါးဧကပေါင်း ၂၈၀၀၀၀ ကျော် စိုက်ပျိုးနေသည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း သိရသည်။ **ကိုဟိန်း(ပေါင်)**

# မောက်မယ်မြို့နယ်အတွင်းရှိ ယာမြေများတွင် ထုံးထည့်သွင်းမြေပြုပြင်ခြင်း ဆောင်ရွက်ရန် မြေ PH စမ်းသပ်တိုင်းတာ

**မောက်မယ် မေ ၁၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ၏ ယာမြေများတွင် ထုံးထည့်သွင်း မြေပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြေ PH စမ်းသပ်တိုင်းထွာခြင်းလုပ်ငန်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသက်နိုင်နှင့် ဝန်ထမ်းများက မေ ၁၃ ရက်မှစ၍ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**



မောက်မယ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသခံတောင်သူများ၏ ယာမြေများတွင် သီးနှံတစ်မျိုးတည်း ဆက်တိုက်စိုက်၍ မြေဆီလွှာအာဟာရဓာတ်များ ဆုံးရှုံးပျက်စီးမှုများကို ထိန်းသိမ်းပြုပြင်ရန်နှင့် ရာသီဥတုကြောင့် ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်ပြုပြင်ထိန်းသိမ်းပေးနိုင်ရန်အတွက် အဆိုပါလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှူး၏ ပြောကြားချက်အရ သိရသည်။

**စိုင်းမျိုးသန့် (မောက်မယ်)**

# ပင်းတယမြို့၌ ပြည်သူများ တစ်ပိုင်တစ်နိုင်စိုက်ပျိုးနိုင်ရန် မျိုးစေ့မျိုးစုံနှင့် ပျိုးပင်များ အခမဲ့ဖြန့်ဝေ

**ပင်းတယ မေ ၁၄**

ပင်းတယမြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ရေးကာလအတွင်း ပြည်သူများ လူဦးရေထူထပ်သည့်ဈေးများသို့ သွားရောက်ဝယ်ယူခြင်းကို လျှော့ချနိုင်ရန်၊ မိမိအိမ်ခြံဝင်းအတွင်း အာဟာရပြည့်ဝပြီး သန့်ရှင်းလတ်ဆတ်သည့် စားပင်သီးပင်များ စိုက်ပျိုး၍ ဆွတ်ခူးစားသုံးနိုင်ရန်နှင့် ပိုလျှံသည့်အသီးအနှံများကို ရောင်းချခြင်းဖြင့် မိသားစုအပိုဝင်ငွေ ရရှိစေရန်အတွက် ရပ်ကွက်/ကျေးရွာနေပြည်သူများအား မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးစေ့နှင့် ပျိုးပင်များကို မေ ၁၄ ရက်က အခမဲ့ ဖြန့်ဝေပေးခဲ့သည်။

မျိုးစေ့နှင့် ပျိုးပင်များ အခမဲ့ဖြန့်ဝေပေးခြင်းနှင့်ပတ်သက်၍ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှူး ဒေါ်မော်မော်လွင်က "စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ကိုဗစ်-၁၉ ဖြစ်ပွားနေစဉ်ကာလမှာ Home Gardening စိုက်ပျိုးနိုင်ရေး အတွက် ပြည်သူတွေကို နည်းပညာ၊ မျိုးစေ့၊ ပျိုးပင်နှင့် လက်ကမ်းစာစောင်များ အခမဲ့ ဖြန့်ဝေပေးလျက်ရှိပါတယ်။ မြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာများမှ ဒေသခံပြည်သူများကို တစ်အိမ်ထောင်လျှင် မျိုးစေ့ထုပ် သုံးမျိုးကို အခမဲ့ ဖြန့်ဝေပေးလျက်ရှိပါတယ်"ဟု ပြောကြားသည်။

**ခင်မျိုးနွယ်(ပင်းတယ)**



# မြို့သစ်မြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မိုးရာသီ သီးနှံစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးမည်

**မြို့သစ် မေ ၁၄**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၂၀ ပြည့်နှစ် မိုးစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးရန်အတွက် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ဒေသခံတောင်သူများထံသို့ မေ ၁၅ ရက်မှစ၍ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"၂၀၂၀ ပြည့်နှစ် မိုးရာသီအတွက် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးရာမှာ ပြည်သူများ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ချေးငွေ လာရောက်ထုတ်ယူတဲ့ တောင်သူများအနေနဲ့ နှာခေါင်းစည်း တပ်ဆင်မှသာ ဘဏ်ထဲကို ဝင်ရောက်ထုတ်ယူခွင့်ပြုမှာဖြစ်ပါတယ်။ လက်ဆေးဘေစင်များနဲ့ လက်ဆေးဆပ်ပြာများကိုလည်း ထားပေးထားပါတယ်။ တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာမှာနေပြီး သတ်မှတ်ပေးထားတဲ့ နေရာကသာ စာအုပ်ထပ်ခြင်း ငွေထုတ်ခြင်းများဆောင်ရွက်ရန်နဲ့ ရုံးဝင်းအတွင်းမှာလည်း ပိုးသတ်ဆေးဖျန်းခြင်းများကို ဆောင်ရွက်ထားပါတယ်"ဟု မြို့သစ်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာ ဒေါ်နှင်းယုဆွေက ပြောသည်။

မြို့သစ်မြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် မိုးရာသီအတွက် စိုက်ပျိုးစရိတ် ချေးငွေ ထုတ်ချေးမည့် ရပ်ကွက်/ကျေးရွာအုပ်စု ၄၅ အုပ်စု၊ တောင်သူဦးရေ ၁၂၅၀၀ ရှိကာ လယ်ယာမြေ ဧကပေါင်း ၇၁၂၅၀ ဧကအတွက် စိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်းပေါင်း ၉၀၀၀၀ ထုတ်ချေးပေးရန် လျာထားပြီး ရပ်ကွက်/ကျေးရွာအုပ်စုများကို သတ်မှတ်ထားသည့် ရက်များအလိုက် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သန်းဝင်းထွန်း(ပြန်/ဆက်)**

# ကြံခင်းမြို့၌ မီးဘေးကြိုတင်ကာကွယ်ရေး သတ်မှတ်ချက်များ ပြည်သူများလိုက်နာရန် နှိုးဆော်

**ကြံခင်း မေ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်အတွင်း မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ သတ်မှတ်ချက်များကို ပြည်သူများ လိုက်နာဆောင်ရွက်ပေးရန်အတွက် ကြံခင်းမြို့နယ် မီးသတ်ဦးစီးဌာနက မြို့ပေါ်ရပ်ကွက်များ၌ မေ ၁၃ ရက်က လှည့်လည် အသိပေးနှိုးဆော်ခဲ့သည်။



မီးဘေးကာကွယ်ရေးအတွက် လိုက်လံနှိုးဆော်နေစဉ်

လက်ရှိအချိန်တွင် ကြံခင်းမြို့၌ အပူချိန်မြင့်တက်နေပြီး လေပြင်းများလည်း တိုက်ခတ်လာသဖြင့် မီးလန့်မှု မီးလောင်မှုများ ဖြစ်ပွားမှုမရှိစေရန်အတွက် ပြည်သူများအနေဖြင့် မီးသတိရှိစေရန် ရည်ရွယ်ပြီး မြို့နယ်မီးသတ်အရာရှိ ဦးကိုကိုနိုင် ဦးဆောင်သော သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက လိုက်လံ အသိပေးနှိုးဆော်ခဲ့ခြင်းဖြစ်သည်။

အသိပေးနှိုးဆော်ချက်တွင် မီးကိုအသုံးပြုပုံ၊ လျှပ်စစ်မီး အသုံးပြုပုံ၊ ဆေးလိပ်သောက်ပြီးလျှင် စည်းကမ်းမဲ့စွန့်ပစ်ခြင်းမှ ရှောင်ကြဉ်ရန်၊ လောင်စာဆီ အသုံးပြုလျှင် ရှောင်ရမည့်အချက်များ၊ မိမိတို့၏ နေအိမ်နှင့် စီးပွားရေး လုပ်ငန်းများတွင် မီးဘေးအန္တရာယ်ကင်းဝေးစေရန် ကြိုတင်ပြုလုပ်ရမည့်အချက်များ၊ မီးလန့်မှု မီးလောင်မှု ဖြစ်ပွားလျှင် ကြိတ်၍ မငြိမ်းသတ်ကြရန်နှင့် မြို့နယ်မီးသတ်စခန်းများသို့ အမြန်ဆုံး ဆက်သွယ်အကြောင်းကြားရမည့် ဖုန်းနံပါတ်များကို ပြည်သူများ သိရှိစေရန် အသိပေးခဲ့ကာ သုံးဘီးဆိုင်ကယ်နှင့် မော်တော်ယာဉ်များအနေဖြင့် ဆီပီပါများ သယ်ဆောင်လျှင် ကြားခံစနစ်ဖြင့် စနစ်တကျ သယ်ဆောင်ရန် စသည့် အချက်များကိုလည်း အသိပေးနှိုးဆော်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# နမ့်ချီမော်မှ ကျောက်မျက်လုပ်ငန်းရှင်များအသင်းက ကျောက်မျက်အလုပ်သမားများအတွက် ဆန်အိတ် ၁၅၀ လှူဒါန်း

**မိုးညှင်း မေ ၁၄**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာအုပ်စုရှိ နမ့်ချီမော်တွင် အလုပ်လုပ်ကိုင်သော ဒေသခံများနှင့် နေရပ်ပြန်ရန် အခက်အခဲရှိနေသော ကျောက်မျက်အလုပ်သမားများ၏ စားဝတ်နေရေးအတွက် ဆန်အိတ် ၁၅၀ ကို နမ့်ချီကျောက်မျက်လုပ်ငန်းရှင်များအသင်းက စုပေါင်း၍ မေ ၁၄ ရက်က ထောက်ပံ့ပေးအပ်ခဲ့သည်။

"ကိုဗစ်-၁၉ ကြောင့် မိမိတို့နေရပ်ဖြစ်တဲ့ မန္တလေးနှင့် နေရပ်အသီးသီးကို ပြန်ဆင်းဖို့ အခက်အခဲတွေရှိနေတဲ့ ရေမဆေးကျောက်ရှာဖွေသူတွေနဲ့ နမ့်ချီမော် ဒေသခံပြည်သူတွေကို စားဝတ်နေရေးအခက်အခဲ ကူညီပေးနိုင်ဖို့ ဆန်အိတ် ၁၅၀ ကို လှူဒါန်းခဲ့တာပါ"ဟု နမ့်ချီကျောက်မျက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးယိမ်းဘော့မ်က ပြောကြားသည်။

ထောက်ပံ့လှူဒါန်းသည့် ဆန်အိတ်များကို မိုးညှင်းကျောက်စိမ်းရုံးတာဝန်ခံ ဦးထိန်လင်းကျော်၊ နမ့်ချီကျောက်မျက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးယိမ်းဘော့မ်နှင့် အသင်းလုပ်ငန်းကိုယ်စားလှယ် ဦးအားပေါက်တို့က ပေးအပ်ခဲ့ရာ ဒေသခံပြည်သူများနှင့် ရေမဆေးရှာဖွေသူများကိုယ်စား နမ့်ချီမော် လူမှုကူညီရေးအသင်း ဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် ဒုဥက္ကဋ္ဌ ဦးဝင်းမောင်တို့က လက်ခံရယူပြီး အတွင်းရေးမှူး ဦးလီပိုက ဒေသခံများကိုယ်စား ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

**နီတိုး**

## မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့
## စီမံကိန်းယှဉ်ပြိုင်အဆိုပြုလွှာ
## Swiss Challenge ခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့တွင် CCTV ကင်မရာများ၊ AI နည်းပညာ၊ System နှင့် Server များ ပါဝင်သည့် နည်းပညာ၊ Safe City Project နှင့် ဆောင်ရွက်ရန် Swiss Challenge ကို အောက်ပါ အစီအစဉ်အတိုင်း ခေါ်ယူမည်ဖြစ်ပါသည်–

(က) **စီမံကိန်းအဆိုပြုလွှာစတင်ရောင်းချမည့်ရက်** – ၁၅–၅–၂၀၂၀ရက်
(ခ) **စီမံကိန်းအဆိုပြုလွှာလျှောက်လွှာပိတ်မည့်ရက်** – ၂၂–၅–၂၀၂၀ရက်
(ဂ) **စီမံကိန်းအဆိုပြုလွှာစတင်ရောင်းချမည့်ရက်** – ၁၅–၆–၂၀၂၀ရက်
(ဃ) စီမံကိန်းအဆိုပြုလွှာတင်သွင်းရမည့်နေရာ – လမ်းဦးစီးဌာန
မန္တလေးတိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး
လမ်း ၃၀၊ ၇၀X ၇၁ လမ်းကြား၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့

၂။ စီမံကိန်းနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များသိရှိလိုပါက လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဖုန်း–၀၂–၄၀၃၉၁၈၆၊ ၀၉–၄၂၀၇၀၃၈၆၁ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

---

**Invitation to Bid (ITB-MM-STW-2020-01)**

CANCELLED

The Danish Refugee Council (DRC) has received funding from (Multiple Donor) for the implementation of humanitarian aid in Rakhine State.

DRC is seeking new vendors and request you to submit qualified bids for;

ITB-MM-STW-2020-01; Hygiene kit 6600 Kit for Mrauk Oo, DRC Office, Rakhine State

ITB Issuing Date: 7th May 2020, 10:00 hrs.
ITB Closing Date: 8th May 2020, 16:00 hrs.,
Closing date for clarifications 15th May 2020, 16:00 hrs,
Tender Opening Date and time: 20th May 2020,14:00 hrs,

For more information on how to obtain the full tender package, please contact to:

Maung Oo Kyaw-Ph- (+95)9421751233/(+95)9421761310, email- maung.ookyaw@drcmm.org

The Bidder can obtain the Tender form package by both e-mail or in person

Tender submission must be by two separate envelopes clearly labelled with tender number as technical and financial respectively. The 2 envelopes must be enclosed in one big envelope. Further clarifications have been provided in the bid document on page 3.

Tender submission by email is only acceptable to this email address; tender.mmr@drc.ngo submission to other address will lead to automatic disqualification of the bid.

**Note: Due to technical reasons the tender has been cancelled. A new tender advertisement notice has been issued with additional technical information from 15th May 2020**

---

**Re-Advertisement: Invitation to Bid (ITB-MM-STW-2020-01)**

The Danish Refugee Council (DRC) has received funding from (Multiple Donor) for the implementation of humanitarian aid in Rakhine State.

DRC is seeking new vendors and request you to submit qualified bids for;

ITB-MM-STW-2020-01; Hygiene kit 6600 Kit for Mrauk Oo, DRC Office, Rakhine State

ITB Issuing Date: 15th May 2020, 10:00 hrs.
ITB Closing Date: 25th May 2020, 16:00 hrs.
Closing date for clarifications 22nd May 2020, 16:00 hrs,
Tender Opening Date and time: 27th May 2020,14:00 hrs,

For more information and clarification on the tender including help to obtain the full tender package, please contact to:
Maung Oo Kyaw-Ph- (+95)9421751233/(+95)9421761310, or by email- maung.ookyaw@drc.ngo; evans.muswa@drc.ngo

The Bidder can obtain the Tender form package by both e-mail or through this site https://drc.ngo/relief-work/procurement-in-drc

Tender submission must be by two separate envelopes clearly labelled with tender number as technical and financial respectively. The 2 envelopes must be enclosed in one big envelope. Further clarifications have been provided in the bid document on page 3.

Tender submission by email is only acceptable to this email address; tender.mmr@drc.ngo submission to other address will lead to automatic disqualification of the bid.

---

## CLAIMS DAY NOTICE
## MV–MALAYSIA STAR V.EAL.2

Consignees of cargo carried by MV–MALAYSIA STAR V.EAL.2 are here by notified that the vessel will arrive on about 18–05–20 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from (08:00)AM to (11:20)AM and (12:00) NOON to (04:00)PM to claims day now declared as the third day after final discharge of cargo from the Vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များယူဆောင်လျက် လာရောက်ကြည့်ရှု စစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်–
–၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

---

ဥတု
ရာသီ
တောကိုမှီ

---

**ကန့်ကွက်နိုင်ကြောင်းကြေငြာခြင်း**

ပဲခူးမြို့ဥသျှောင်သာမြို့သစ်(၉)ရပ်ကွက်၊ကွင်းအမှတ်(၁၁၅၅)၊လာဂမ့်ကွင်း၊ ဦးပိုင်အမှတ်(၁၀၆)၊မြေအမျိုးအစား(R3)၊ဧရိယာ (၂.၂၀)ဧကရှိမြေအား ဦးညီညီသိန်းမှ ဟိုတယ်နှင့်အဆင့်မြင့်အိမ်ရာစီမံကိန်းဆောင်ရွက်ရန်အတွက် မြေပေးမိန့်လျှောက်ထားမည်ဖြစ်ပါသဖြင့်ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ(၁၅)ရက်အတွင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် အောက်ဖော်ပြကာယကံရှင်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေငြာအပ်ပါသည်။

ဦးညီညီသိန်း(ဖုန်း ၀၉ –၇၉၅၃၀၂၈၅၉)

---

## မကွေးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အောင်လံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ သံကူကွန်ကရစ် ပေ(၁၀၀ x ၄၀ x ၁၂) (၁)ထပ် ဆောက်လုပ်ခြင်းလုပ်ငန်း အား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များကို ၁၅–၅–၂၀၂၀ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်ရက်မှာ ၁၅–၆–၂၀၂၀ရက် ညနေ ၄:၃၀နာရီ ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက–ဖုန်း ၀၆၃–၂၀၂၈၆၁၆၊ ၀၆၃–၂၀၂၅၅၁၅တို့သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့် –၅၊ နည်းဥပဒေ– ၂၀)
## ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံး
## ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် – ၁၅၃

၁။ ဒေါ်ဆွေဆွေဝင်း **နှင့်** ဒေါ်စိန်မြ
၂။ ဒေါ်မြင့်မြင့်ဦး

**တရားလိုများ** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကွက်သစ်ရပ်ကွက်၊ ကွက်သစ်(၁)လမ်း၊ အမှတ် (မရှိ) နေ တရားပြိုင် ဒေါ်စိန်မြ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် မေ ၂၅ ရက် (၁၃၈၂ ခုနှစ် နယုန်လဆန်း ၄ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ် စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် မေ ၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(တင်ကြူကြူဝင်း)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

---

## ကန့်ကွက်နိုင်ပါကြောင်း

ကော့ကရိတ်မြို့၊ အမှတ်(၆)ရပ်ကွက်နေ ဦးသန်းဦးကျော်မှ ဒေါ်နိုင်နိုင်ဝင်း အမည်ဖြင့် မြေပေးမိန့် ရရှိထားသော ကော့ကရိတ်မြို့၊ အမှတ်(၆)ရပ်ကွက်၊ အနောက်ပိုင်း ကွင်းအမှတ် (၁၁စီ+၁၃၂) ကွင်းအမည် (လှိုင်တောင်ဘုန်းကြီးပျံ) ကွင်း၊ ကြက်/ဝက် မွေးမြူရေးဇုန်(၁/၂) အတွင်း အတိုင်းအတာ (၁၂၀'x ၈၀')ရှိ မြေကွက်အမှတ် (၁၈၃/၁၈၀)မြေကွက်အား ၎င်းမှ ဝယ်ယူပိုင်ဆိုင်ပြီး စီမံခန့်ခွဲစရိတ်ကိုလည်း ပေးသွင်းခဲ့ပြီဖြစ်ရာ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါ ကြောင်း။

**ဦးသန်းဦးကျော် ၃/ကကရ(နိုင်)၀၁၄၀၀၃**

---

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁နှင့် ၅)
## ဝန်းသိုမြို့နယ်တရားရုံးတော်
## ၂၀၂၀ပြည့်နှစ်၊ တရားမကြီးမှုအမှတ်–၁၀

ဦးဇော်လွင် **နှင့်** ၁။ ဦးစိုးလွင်
၂၊ ဒေါ်စန်းတင်

**တရားလို** **တရားပြိုင်များ**

ဝန်းသိုမြို့နယ်၊ကင်းမြင်သာကျေးရွာအုပ်စု၊ ကင်းမြင်သာ ကျေးရွာရပ်နေ ဦးစိုးလွင်နှင့် ဒေါ်စန်းတင်(ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဇော်လွင်က စပါးဖိုးငွေ(၂၈၃၅၀၀၀/–)ကျပ်ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ပြည့်နှစ် ဇွန် ၁၂ရက်(၁၃၈၂ခုနှစ် နယုန်လပြည့်ကျော် ၇ ရက် )မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် မေ ၁၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရွှယ်ဆိုင်းနူး)**
**မြို့နယ်တရားသူကြီး**
**ဝန်းသိုမြို့နယ်တရားရုံး**

---

## ဒီကရီကို အတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း
## ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးကိုဒ့်ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
## ပဲခူးခရိုင်တရားရုံးတော်
## ၂၀၁၉ခုနှစ်၊ တရားမကြီးမှုအမှတ် ၉၀နှင့်ဆက်သွယ်သည့်
## ၂၀၁၉ခုနှစ်၊ တရားမဇာရီမှုအမှတ်–၁၀၉

ဒေါ်သီသီခိုင် နှင့် ၁။ ဦးဇော်ဇော်
၂။ ဒေါ်ဂန္ဓာမာစိုး

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီး အနောက်ရပ်ကွက်၊ ကွမ်းရွဲတန်းလမ်း၊ ပထမထပ်၊ အမှတ်(၆၄–B)နေ(၁)ဦးဇော်ဇော်၊ (၂) ဒေါ်ဂန္ဓာမာစိုး(ယခုနေရပ်လိပ်စာမသိသူများ)သိစေရမည်။

၂၀၁၉ခုနှစ်၊ တရားမကြီးမှုအမှတ် ၉၀တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်သီသီခိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ ချေဆိုရန် သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့် ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူအခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဇွန် ၈ရက် (၁၃၈၂ခုနှစ် နယုန်လပြည့်ကျော် ၃ရက် )မွန်းမတည့် ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၂၀ပြည့်နှစ် မေ ၁၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဝင်းဝင်းနွယ်)
ဒုတိယခရိုင်တရားသူကြီး(၁)
ပဲခူးခရိုင်တရားရုံး

---

**ကန့်ကွက်နိုင်ကြောင်းကြေငြာခြင်း**

ပဲခူးမြို့ဥသျှောင်သာမြို့သစ်(၈)ရပ်ကွက်၊မြေတိုင်း(၂၃)၊ဦးပိုင်အမှတ်(၁၄၂–က၊၁၄၃၊၁၄၄၊၁၄၅၊၁၄၆)၊ မြေဧရိယာ ပေါင်း (၀.၃၈)ဧကရှိမြေအား ဦးအောင်ညီမင်းပါ(၂)ဦးမှ မြေငှားရန်ဆောင်ရွက်ရန်အတွက် မြေပေးမိန့်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ(၁၅)ရက်အတွင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး နှင့် အောက်ဖော်ပြကာယကံရှင်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းကြေငြာအပ်ပါသည်။

ဦးအောင်ညီမင်း(ဖုန်း ၀၉ –၅၁၉၅၅၅၀)

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်၊ ကသစ်လမ်း၊ အမှတ် (၁၃)၊ ၅–လွှာ(အေ)၊ ခေါင်းရင်းခန်း(တိုက်ရှေ့ မှ မျက်နှာမူလျှင် လက်ယာဘက်ခြမ်း)ရှိ ရေမီးအစုံအလင် လူနေတိုက်ခန်းမှာ ဒေါ်ဝင်းဝင်းပြုံး ၁၂/ ကမတ(နိုင်) ၀၂၆၁၆၄ က ဆက်စပ် စာချုပ်များဖြင့် တရားဝင် ဝယ်ယူလက်ရောက်ရရှိပိုင်ဆိုင်ထားသော တိုက်ခန်းဖြစ်ကြောင်း၊ လွတ်လပ်စွာ ရောင်းချပိုင်ခွင့်ရှိသူလည်း ဖြစ်ကြောင်း အဆိုပြုလျက် ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်မြတ်သူ ၁၂/ အလန(နိုင်)၀၄၀၈၈၄ က အပြီးအပိုင် ဝယ်ယူရန် စရန်ငွေအချို့တစ်ဝက် ပေးချေပြီး ဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်ထံ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်သူ မရှိပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်မြတ်သူ ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးတင်မောင်ဆွေ B.A(Law) LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၄၆၄၃)**
**အမှတ် (၈၂) ၊ ပထမထပ်၊ ၃၈ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း–၀၉–၅၀၀၉၁၆၇၊ ၀၉– ၉၆၅၀၀၉၁၆၇**

---

## အထွေထွေကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းကြောင်း
## ဦးကြည်အေးနှင့် အများသိစေရန်ကြေညာခြင်း

ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ မဲကနယ်ကျေးရွာအုပ်စုနေ ဦးအိုက်ခန်း ၃/မဝတ(နိုင်)၀၀၈၉၂၀၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏အမှုသည်ဖြစ်သူ ဦးအိုက်ခန်း ၃/မဝတ(နိုင်) ၀၀၈၉၂၀သည် ဦးကြည်အေး ၁၄/အမန(နိုင်)၀၁၅၁၄၅မြဝတီမြို့နယ်၊(၂)ရပ်ကွက်၊ မြို့ပတ်လမ်းနေသူအား (၂၄–၉–၂၀၁၉)ရက်တွင် ကရင်ပြည်နယ်၊ မြဝတီမြို့စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိရုံးတွင် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၂၁/၂၀၁၉ဖြင့် လွှဲအပ်ခဲ့သော (General Power)အား (၁၃–၅–၂၀၂၀ရက်မှစ၍ အပြီးအပိုင်ပြန် လည်ရုပ်သိမ်းကြောင်း ဦးကြည်အေးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအိုက်ခန်း၏လွှဲအပ်ချက်အရ–**

| | |
|---|---|
| **ဒေါ်ဝေဝေမြခိုင်(စဉ်–၉၄၂၃)** | **ဒေါ်မိုးမိုးမြင့်(စဉ်–၁၁၉၆၁)** |
| **LL.B,D.B.L** | **LL.B,D.B, L.D.M.L** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၃)၊ သမာဓိလမ်း၊ ဆ/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်တရားရုံးအနီး၊**
**မြောက်ဥက္ကလာပမြို့နယ်**
**ဖုန်း–၀၉–၄၂၀၄၀၁၂၆၊ ၀၉–၄၂၁၁၀၃၉၄**

---

## အမွေဆက်ခံရန်သက်သေခံလက်မှတ်လျှောက်ထားကြောင်း
## အကြောင်းကြားစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၃၇၃)
## တောင်ငူခရိုင် တရားရုံးတော်
## ၂၀၂၀ပြည့်နှစ်၊ တရားမအထွေထွေမှုအမှတ် –၈
## ကွယ်လွန်သူ(ဒေါ်ဝင်းဝင်းမာ)၌ ကျန်ရစ်သော ပစ္စည်းအကြောင်း။

ဒေါ်ကျင်ကျင်စိန်(ဘ)ဦးထင်ပေါ် (လျှောက်ထားသူ)
အမှတ်(၁)၊ ရဲစခန်း၊ မြို့လေးဝင်းအတွင်း
တောင်ငူမြို့

တောင်ငူမြို့ အမှတ်(၁)ရဲစခန်း၊ မြို့လေးဝင်းအတွင်းနေ ဒေါ်ကျင်ကျင်စိန်က ကွယ်လွန်သူ ဒေါ်ဝင်းဝင်းမာ(ဘ)ဦးထွန်းရွှေ၊ ကျွဲပွဲမြို့၊ အမှတ်(၃)(ဈေး–၂)ရပ်၏ အဒေါ်တစ်ဝမ်းကွဲဖြစ်သည်ဟူ၍ ကျွဲပွဲမြို့နေ ကွယ်လွန်သူ(ဒေါ်ဝင်းဝင်းမာ)၌ ကျန်ရစ်သော ပစ္စည်းများထဲမှ ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံခြင်း အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားသူဖြစ်၍ ကွယ်လွန်သူ (ဒေါ်ဝင်းဝင်းမာ)၌ ကျန်ရစ်သော ပစ္စည်းများအပေါ်တွင် ရရန်ရှိသူ ဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၀ပြည့်နှစ် မေ ၂၉ရက် (၁၃၈၂ခုနှစ် နယုန်လဆန်း ၈ရက် )တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဒေါ်ကျင်ကျင်စိန်၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့်မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၀ပြည့်နှစ် မေ၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(တင်တင်မော်)
ဒုတိယခရိုင်တရားသူကြီး(၁)
တောင်ငူခရိုင်တရားရုံး

## HSULETT TOE COMPANY LIMITED ၏ မတည်ငွေရင်းလျှော့ချမည်ဖြစ်ကြောင်း ကြေညာခြင်း

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇)၊ ပုဒ်မ ၁၁၆ (င)- ပုဒ်မခွဲ (၂) အရ HSULETT TOE COMPANY LIMITED ၏ မတည်ငွေရင်းလျှော့ချခြင်းကိစ္စရပ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများအား ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန မှတ်ပုံတင်အရာရှိ ထံတင်ပြ ဆောင်ရွက်ပြီးဖြစ်ပါကြောင်းနှင့် HSULETT TOE COMPANY LIMITED မတည်ငွေရင်းလျှော့ချခြင်းအတွက် အစုရှယ်ယာရှင်များ၏ အထွေထွေအစည်းအဝေး ကို ၁၈-၅-၂၀၂၀ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

U THEIN ZAW
Managing Director
HSULETT TOE COMPANY LIMITED

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## မကွေးတိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊မကွေးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့၊ အထွေထွေ ပိုလျှံရန်ပုံငွေ(GRF)ဖြင့် (၁၁/၀.၄)ကေဗွီ ဓာတ်အားခွဲရုံများနှင့် (၁၁)ကေဗွီ ဓာတ်အား လိုင်းများ တည်ဆောက်နိုင်ရန်အတွက် လိုအပ်သောပစ္စည်းများအား မြန်မာကျပ်ငွေ ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၁၈-၅-၂၀၂၀ ရက်(တနင်္လာနေ့)
(ခ) **တင်ဒါပုံစံရောင်းချမှု ပိတ်သိမ်းမည့်ရက်** - ၁၈-၆-၂၀၂၀ ရက် ၁၆:၀၀ နာရီ
(ဂ) **တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက်** - ၁၈-၆-၂၀၂၀ ရက်၊ ၁၆:၀၀ နာရီ

၂။ သတ်မှတ်အချိန်/ရက်ထက်ကျော်လွန်တင်သွင်းလာသည့် လျှောက်လွှာများ ကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်အချက်အလက်များစုံစမ်းခြင်း၊ တင်ဒါလျှောက်လွှာဝယ်ယူခြင်း များကို မကွေးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး၊အင်ဂျင်နီယာဌာန ဖုန်း- ၀၆၃-၂၀၂၅၈၀၉ သို့ ရုံးချိန်အတွင်း ဝယ်ယူဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၂၀၁၉-၂၀၂၀) ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန တည်ဆောက်ရေး(၁)၊ အဆောက်အဦ အထူးအဖွဲ့(၂)မှ တာဝန်ယူဆောင်ရွက်သော နေပြည်တော်ကောင်စီနယ်မြေရှိ တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သောပစ္စည်းများအား ဝယ်ယူရန် ၈-၄-၂၀၂၀ ရက်ထုတ်သတင်းစာတွင် အိတ်ဖွင့်တင်ဒါခေါ်ယူခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် ယာယီရွှေ့ဆိုင်းခဲ့ပါသည်။ အဆိုပါ အိတ်ဖွင့်တင်ဒါအား အောက်ဖော်ပြပါ အစီအစဉ်ဖြင့် ပြန်လည်ဖွင့်လှစ်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၅-၅-၂၀၂၀ရက် ရုံးချိန်အတွင်း
(ခ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၂၇-၅-၂၀၂၀ရက် မွန်းတည့် ၁၂:၀၀နာရီတိတိ
(ဂ) **တင်ဒါဖွင့်မည့်ရက်/အချိန်/နေရာ** - ၂၈-၅-၂၀၂၀ရက် နံနက် ၁၀:၀၀ နာရီ သမ္မတရုံးဝန်ကြီးဌာနရုံးအသစ် လုပ်ငန်းခွင်ရှင်းလင်းဆောင်၊ ပြည်ကြီးဇေယျာလမ်းနှင့် အဓိပတိလမ်းထောင့်၊ နေပြည်တော် ကောင်စီနယ်မြေ
(ဃ) **ဆက်သွယ်ရန် ဖုန်း** - ၀၉-၅၁၂၁၉၂၃၊ ၀၉-၅၀၂၂၄၈၇၊ ၀၉-၄၃၀၉၆၈၂၅

(အသေးစိတ်အချက်အလက်များကို သမ္မတရုံးဝန်ကြီးဌာနရုံးအသစ်လုပ်ငန်းခွင် ရှင်းလင်းဆောင်ပြည်ကြီးဇေယျာလမ်းနှင့် အဓိပတိလမ်းထောင့်၊ နေပြည်တော် ကောင်စီနယ်မြေတွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။)

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## အများပြည်သူသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးစိုင်းစိုင်း ၁၃/ကတန(နိုင်)၀၀၃၉၃၁ ၏ တာဝန်ပေး လွှဲအပ်ချက်အရ အများပြည်သူသိရှိစေရန် အောက်ပါအတိုင်း အသိပေးကြေညာ အပ်ပါသည်။

BM May Htan Chage Co., Ltd မှ ကုမ္ပဏီမှတ်ပုံတင်အမှတ် (102157699) ဖြင့် သွပ်အမိုးပြားနှင့် လိတ်တံခါးများအား လက်လီလက်ကားထုတ်လုပ် ဖြန့်ချိရာ တွင် ဝယ်ယူသူတို့အား သွပ်အမိုးအပြားတပ်ဆင်ရန် တိုင်းတာပေးခြင်းကို အခမဲ့ ဆောင်ရွက်ပေးလျက်ရှိပြီး၊ မည်သည့်ဆောက်လုပ်ရေးလုပ်ငန်းကိုမျှ အခကြေး ငွေဖြင့် တပ်ဆင်ခရယူ၍ ဝန်ဆောင်မှုပေးခြင်း လုံးဝ(လုံးဝ)မရှိပါ။

BM-2 အဖြစ် ကျိုင်းတုံမြို့တွင် လုပ်ငန်းခွဲဖွင့်ထားသည်မှအပ မည်သည့် ပုဂ္ဂိုလ်၊ လုပ်ငန်းကိုမျှ ကိုယ်စားလှယ်လွှဲအပ်ထားခြင်း၊ အရောင်းကိုယ်စားလှယ် ခန့်အပ်ထားခြင်းလည်း လုံးဝ(လုံးဝ)မရှိပါ။

သို့ဖြစ်ပါ၍ BM May Htan Chage Co., Ltd အမည်ကို အသုံးပြုခြင်း၊ ထုတ်ကုန်ပစ္စည်းများကို အသုံးပြု၍ ကုမ္ပဏီအမည်ဖြင့် တပ်ဆင်ခ၊ ဝန်ဆောင်ခ ရယူလုပ်ကိုင်ပေးခြင်း၊ ကုမ္ပဏီအမည်ပါ ငွေရှင်းပြေစာများကို အသုံးပြုခြင်း စသည့်ကုမ္ပဏီပိုင်ခွင့်တစ်ရပ်ရပ်အား အလွဲသုံးစားပြုလုပ်ခြင်းကို ဥပဒေကြောင်းအရ ထိရောက်စွာတရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာ အပ်ပါ သည်။

**လွှဲအပ်တာဝန်ပေးချက်အရ-**

| | |
|---|---|
| **ဦးဗညားဇော် (စဥ်-၅၁၂၅၃)** | **ဦးအောင်စိုးလင်း (စဥ်-၄၈၂၃၇)** |
| **PGDL, LL.B** | **PGDL, LL.B** |
| **DL(IP)Management** | **DL(WIPO)Switzerland** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**"အောင်သရဖူ" ဥပဒေအကြံပေးနှင့်အကျိုးဆောင်လုပ်ငန်း**
**အမှတ်(၂၀) မဥ္ဇူလမ်း၊ ဝမ်ကောင်းရပ်ကွက်၊ တာချီလိတ်မြို့။**
**Tel ; 09-262323242, 084-52603**

**အမည်ပြောင်း**

ဟင်္သာတမြို့နယ် အမက ရေကြည်ကွက်သစ်မှ စတုတ္ထတန်း ဖြေဆိုထားသော (ဘ) ဦးအောင်စိုး ၁၄/ဟသတ (နိုင်)၂၀၄၉၂၄ ၏သား မောင်ကျော်ဇေယျာဝင်းအား မောင်ဇေယျာဖြိုးဟု ပြောင်းလဲ ခေါ်ပါရန်။ **မောင်ဇေယျာဖြိုး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(စတုတ္ထအကြိမ်)
## တင်ဒါအမှတ်စဉ်(၄/၂၀၁၉-၂၀၂၀)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ချင်းပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီး ဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု/ပြည်နယ်ဖြည့်စွက် ရန်ပုံငွေ၊ ပြည်နယ် GRF ရန်ပုံငွေ၊ ပြည်ထောင်စုပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေ ဖြင့် လုပ်ငန်းတင်ဒါဆောင်ရွက်မည့် တည်ဆောက်ခြင်းလုပ်ငန်းများနှင့်ဌာနမှ ဆောင်ရွက်မည့် လမ်းတာချဲ့ခြင်းလုပ်ငန်း၊ လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်း(ဘိလပ်မြေ၊ သံချောင်း၊ ကျောက်ရှယ်စုံ၊ ဒီဇယ်ဆီ၊ ဒေသသစ်)များကို သက်ဆိုင်ရာလမ်းပိုင်းအလိုက် သတ်မှတ်နေရာအရောက် မြန်မာ(ကျပ်)ငွေ ဖြင့်ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ် အပ်ပါသည်။

(က)တင်ဒါပုံစံစတင်ရောင်းချမည့် ရက်နှင့်အချိန် - ၁၃-၅-၂၀၂၀ရက်မှ ၂၅-၅-၂၀၂၀ရက်အထိ နံနက် ၉:၃၀နာရီမှ ညနေ ၄:၃၀နာရီအထိ
(ခ) တင်ဒါပုံစံနောက်ဆုံးတင်ရမည့် ရက်နှင့်အချိန် - ၂၅-၅-၂၀၂၀ရက်အထိ ညနေ ၄:၃၀နာရီ
(ဂ) တင်ဒါဖွင့်မည့်ရက်နှင့်အချိန် - ၂၇-၅-၂၀၂၀ရက် နံနက် ၉:၃၀နာရီ
(ဃ)တင်ဒါဖွင့်မည့်နေရာ - ဟားခါးခရိုင်လမ်းဦးစီးဌာန၊ ဟားခါးမြို့

၂။ တင်ဒါလျှောက်လွှာပုံစံများကို သက်ဆိုင်ရာ လက်ထောက်ညွှန်ကြားရေးမှူး၊ (မြို့ပြ)ရုံးများတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါ သည်။

ဆက်သွယ်ရမည့်ဖုန်းနံပါတ်များ
ဟားခါးခရိုင်-ဖုန်း-၀၉-၄၀၂၅၉၇၃၇၇
ဖလမ်းခရိုင်-ဖုန်း-၀၉-၂၅၇၁၄၄၃၉၁
မင်းတပ်ခရိုင်-ဖုန်း-၀၉-၂၅၀၂၂၇၄၅၀

**တင်ဒါကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**ဒက္ခိဏခရိုင်တရားရုံးတော်**
**၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ်-၂၈**

| | | |
|---|---|---|
| ၁။ ဒေါ်ခင်လေးမူ | **နှင့်** | ၁။ ဦးမောင်မောင် |
| ၂။ ဒေါ်စိမ်းစိမ်းလွင် | | ၂။ ဦးအုန်းဖေ |
| ၃။ ဒေါ်ဝင်းရီ | | ၃။ ဒေါ်ခင်အေး |
| | | ၄။ ဦးသိန်းမြင့် |
| | | ၅။ ဒေါ်သောင်းညွန့် |
| | | ၆။ ဒေါ်ခင်ဝင်းရီ |
| | | ၇။ ဒေါ်ရွှေမြိုင် |
| **တရားလိုများ** | | **တရားပြိုင်များ** |

၁။ ပခုက္ကူမြို့၊ ငုရွှေဝါလမ်း၊ မြို့သစ်ရပ်ကွက်နေ (၁) တရားပြိုင် ဦးမောင်မောင်
၂။ ပုဗ္ဗသီရိမြို့၊ ကျည်တောင်ကန်ရွာ၊ သဲကျွန်းရပ်နေ (၂) တရားပြိုင် ဦးအုန်းဖေ
၃။ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ သံသုမာလမ်း၊ (၁၄) ရပ်ကွက်နေ (၃) တရားပြိုင် ဒေါ်ခင်အေး၊
၄။ ပခုက္ကူမြို့၊ မြို့သစ်ရပ်ကွက်၊ ငုရွှေဝါလမ်းနေ (၄) တရားပြိုင် ဦးသိန်းမြင့် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက အချင်းဖြစ်ဥပစာကို အမွေဆက်ခံပိုင်ဆိုင်ခွင့် ရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ် တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦး တစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဇွန် ၄ရက် (၁၃၈၂ ခုနှစ် နယုန်လဆန်း ၁၄ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလိုများစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်ကိုယ်တိုင်မလာမရောက်ပျက် ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလို သည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် မေ ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင့်လွင်)**
**ခရိုင်တရားသူကြီး**
**ဒက္ခိဏခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန် သမ္မန်စာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မော်လမြိုင်ခရိုင်တရားရုံးတော်၌**
**၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၂၃၉**

| | | |
|---|---|---|
| ဦးရဲအောင် | **နှင့်** | ဦးအောင်အောင်စိုး |
| **(တရားလို)** | | **(တရားပြိုင်)** |

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဈေးကြိုဆန်တန်းရပ်ကွက်၊ ကျိုက္ခမီလမ်း၊ အမှတ်(၁၁၃) နေ တရားပြိုင် ဦးအောင်အောင်စိုး (ယခုနေရပ်လိပ်စာမသိ) သိစေရ မည်။

သင့်အပေါ်၌ တရားလိုဦးရဲအောင်က "ပဋိညာဉ်အတိုင်း အရောင်းအဝယ် စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြော ဆိုနိုင်သူ သင်၏ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ အခွင့်ရရှေ့နေနှင့်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၀ ပြည့်နှစ်၊ မေ ၂၅ ရက် (၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၄ ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ပါရှိသူက တရားလို၏ အဆို လွှာအား ထုချေရှင်းလင်းရန် မော်လမြိုင်ခရိုင် တရားရုံးသို့ လာရောက်ရမည်။ ထို့အပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် ရုံးသို့ သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီ ပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် မေ ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝင်းဝင်းထိန်)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**မော်လမြိုင်ခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊နည်းဥပဒေ-၂၀)**
**သံဖြူဇရပ်မြို့နယ်တရားရုံး**
**၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ်-၁၁**

| | | |
|---|---|---|
| ကိုဇော်လင်းအောင် | **နှင့်** | ဒေါ်တင်မူ |
| **တရားလို** | | **တရားပြိုင်** |

သံဖြူဇရပ်မြို့နယ်၊ ကရုပ္ပိကျေးရွာ၊ အနောက်ပိုင်းနေ တရားပြိုင် ဒေါ်တင်မူ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုကိုဇော်လင်းအောင်က ချေးငွေကျပ် ၃၅၀၀၀၀၀/- ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် မေ ၂၁ ရက် (၁၃၈၂ ခုနှစ် ကဆုန်လကွယ်နေ့) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်း မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် မေ ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်နှင်းမြတ်)**
**မြို့နယ်တရားသူကြီး**
**သံဖြူဇရပ်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊နည်းဥပဒေ-၂၀)**
**သံဖြူဇရပ်မြို့နယ်တရားရုံး**
**၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ်-၁၀**

| | | |
|---|---|---|
| ဒေါ်သီတာ | **နှင့်** | ၁။ ဦးမင်းအောင် |
| | | ၂။ ဒေါ်တင်မူ (အတူနေလင်မယား) |
| **တရားလို** | | **တရားပြိုင်** |

သံဖြူဇရပ်မြို့နယ်၊ ကရုပ္ပိကျေးရွာ၊ အနောက်ပိုင်းနေ တရားပြိုင်(၁)ဦးမင်း အောင်၊(၂)ဒေါ်တင်မူ(အတူနေလင်မယား)(ယခုနေရပ်လိပ်စာမသိသူ) သိစေရ မည်။

သင့်အပေါ်၌ တရားလိုဒေါ်သီတာက ချေးငွေကျပ် ၅၀၀၀၀၀၀/- ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် မေ ၂၁ ရက် (၁၃၈၂ ခုနှစ် ကဆုန်လကွယ်နေ့) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် အမှု နှင့်သက်ဆိုင်သည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်း မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေ လွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် မေ ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်နှင်းမြတ်)**
**မြို့နယ်တရားသူကြီး**
**သံဖြူဇရပ်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ပေါင်မြို့နယ်တရားရုံးတော်**
**၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ်-၂၁**

| | | |
|---|---|---|
| ကိုအောင်ဇော်ထွန်း | **နှင့်** | မကြည်ကြည်ခိုင် |
| **တရားလို** | | **တရားပြိုင်** |

မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊ အလုပ်ရွာသစ်နေ မကြည်ကြည်ခိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက် ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စား လှယ်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၀ပြည့်နှစ် ဇွန် ၁၂ရက် (၁၃၈၂ ခုနှစ် နယုန်လပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ် စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည် တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် မေ ၁၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးမိသူ)**
**မြို့နယ်တရားသူကြီး**
**ပေါင်မြို့နယ်တရားရုံး**

## ကွာရှင်းပြတ်စဲခြင်း

ကျွန်မ ဒေါ်စန္ဒီမင်းလတ် ၁၂/ တမန(နိုင်)၁၁၈၇၉၄ နှင့် ဦးမြတ်စိုးမိုး ၁၂/ဗဟန(နိုင်)၁၀၁၄၅၂ တို့သည် ၁၄-၅-၂၀၂၀ ရက်တွင် ရန်ကုန်တိုင်း ဒေသကြီး တရားလွှတ်တော်ရုံး၌ ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန္ဒီမင်းလတ်**
**၁၂/ တမန(နိုင်)၁၁၈၇၉၄**

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၂၉/မြိုင်သာယာ)၊ ဦးပိုင်အမှတ် (၄၇)၊ ဧရိယာ ၀ ဒသမ ၀၇၃ ဧကရှိမြေသည် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ (၁-က) စာရင်းတွင် မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲအမှတ် V-261/1996-1997 အရ ဒေါ်တင်တင်ဝင်း အမည်ဖြင့် နှစ် (၃၀) အငှားဂရန်ပေးထားသော မြေကွက်ဖြစ်ပြီး ဂရန်သက်တမ်းသည် ၁၈-၉-၂၀၂၇ ရက်တွင် ကုန်ဆုံးမည်ဖြစ်ပါသည်။ ဒေါ်တင်တင်ဝင်းတွင် ဦးထွန်းတင်ဟူသော အစ်ကိုတစ်ဦး၊ ဦးထွန်းတင်ထံတွင် ဦးခင်မောင်လတ်သားတစ်ဦးရှိပြီး ဦးထွန်းတင်သည် ၂၈-၁၀-၂၀၁၀ ရက်တွင်လည်းကောင်း၊ ဒေါ်တင်တင်ဝင်းသည် ၁၃-၁၀-၂၀၁၉ရက်တွင်လည်းကောင်း၊ အပျိုကြီးဘဝဖြင့် ကွယ်လွန်ခဲ့ပြီး တူဖြစ်သူ ဦးခင်မောင်လတ်အား အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသဖြင့် အမွေဆက်ခံပိုင်ဆိုင်ခွင့်အား မွန်ပြည်နယ် တရားလွှတ်တော်ရုံးတွင် ကျမ်းကျိန်လွှာ အမှတ် ၂၃၉/၂၀၂၀ ဖြင့် ကျမ်းကျိန်ဆိုခဲ့ပြီး မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၅၄/၂၀၂၀ ဖြင့် မှတ်ပုံတင်ကာ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြော်ငြာစာချုပ် အမှတ် ၅၅/၂၀၂၀ ဖြင့် ပိုင်ဆိုင်ကြောင်း ကြော်ငြာစာချုပ်ချုပ်ဆို၍ နှစ်ရှည်မြေငှားဂရန်အမည်ပြောင်း လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မော်လမြိုင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ် (၈၈၃)၊ ဧရိယာ(၀ဒသမ၀၉၉)ဧကရှိ ဒေါ်နော်မူရာကြီး အမည်ပေါက် မြေငှားစာချုပ် မြေကွက်အား ဒေါ်မိုးမြင့်စန်းဦး(ဘ)ဦးခင်မောင်ဦး ၉/ပမန(နိုင်) ၁၃၆၉၂၁နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၇၉၅/၂၀၂၀) ရရှိသူ ဦးဇော်မင်းသိန်း(ဘ)ဦးသိန်းဟန် ၉/ပမန(နိုင်) ၀၉၈၅၅၁မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း (မူရင်း)များတင်ပြပြီး မြေပုံ/မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများတင်ပြပြီး ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မအနောက်ရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ ၀ဒသမ ၀၅၅ ဧကရှိ မြေကွက်အမှတ်(ပ-၃၀၇၇၀)၏ မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးသွားပါသဖြင့် မြေကွက် အမည်ပေါက် ဒေါ်မြကေသီခိုင် ၉/လဝန(နိုင်)၀၀၃၀၄၄ (ဘ)ဦးအေးကြီး မှ မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက် မူရင်း၊ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်း မိတ္တူ၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်းတင်ပြပြီး မြေချပါမစ်(စလစ်)မိတ္တူမှန် ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ပျောက်ဆုံးသွားသော မြေချပါမစ်(စလစ်)မူရင်းအား ပယ်ဖျက်၍ မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

# နိုင်ငံတကာခရီးသည်တင်လေကြောင်းခရီးစဉ်များ မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက်၏ သက်ရောက်မှုကာလ တိုးမြှင့်သတ်မှတ်ခြင်း

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက (၂၈-၃-၂၀၂၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော နိုင်ငံတကာခရီးသည်တင် လေကြောင်းခရီးစဉ်များ မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက် (Temporary Measures to Prevent Importation of COVID-19 to Myanmar through Air Travel) ၏ သက်ရောက်မှုကာလကို COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် (၁၅-၅-၂၀၂၀) ရက်နေ့၊ မြန်မာစံတော်ချိန် (၂၃:၅၉) နာရီအထိ တိုးမြှင့်သတ်မှတ်ခဲ့ပါသည်။

မြန်မာနိုင်ငံအတွင်း COVID-19 ရောဂါ ကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ရေးဆောင်ရွက်ရာတွင် နိုင်ငံတကာမှ လေကြောင်းခရီးစဉ်များဖြင့် ခရီးသည်များ ဝင်ရောက်လာမှုကို ကန့်သတ်ထိန်းချုပ်နိုင်ရေးမှာ များစွာအရေးပါသဖြင့် အထက်ပါ ညွှန်ကြားချက်၏ သက်ရောက်မှုကာလကို COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် (၃၁-၅-၂၀၂၀) ရက်နေ့၊ မြန်မာစံတော်ချိန် (၂၃:၅၉) နာရီအထိ ထပ်မံတိုးမြှင့် သတ်မှတ်လိုက်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

# ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက အမိန့်ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**အမိန့်အမှတ်၊ ၅၀ /၂၀၂၀**
**၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ မေလ ၁၄ ရက်)**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ (ခ) ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ (Coronavirus Disease 2019- COVID-19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာထိန်းချုပ်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ၁၀ မြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ တစ်မြို့နယ် စုစုပေါင်း ၁၁ မြို့နယ်တွင် နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင် နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ယင်းသို့ Stay at Home အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် အောက်ပါအခြေအနေများကို တွေ့ရှိရပါသည် -

(က) လွန်ခဲ့သော အနည်းဆုံး ၂၁ ရက်အတွင်း COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ ထပ်မံတွေ့ရှိမှု မရှိခြင်း၊
(ခ) ဓာတ်ခွဲအတည်ပြုလူနာများမှလည်း လူတစ်ဦးမှတစ်ဦးသို့ အစုလိုက်ကူးစက်ဖြစ်ပွားမှု မရှိခြင်း၊ *စာမျက်နှာ ၇ ကော်လံ ၅* ■

# လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် မေ ၁၄**

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေပြီး ပိုမိုအားကောင်းလာကာ နောက် ၂၄ နာရီအတွင်း ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် မုန်တိုင်းငယ်အဆင့်သို့ လည်းကောင်း၊ နောက် ၄၈ နာရီအတွင်း ဆိုင်ကလုန်းမုန်တိုင်းအဆင့်သို့ လည်းကောင်း ရောက်ရှိနိုင်ပါသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် မုန်တိုင်းငယ်အဆင့်သို့ ရောက်ရှိပြီးနောက် ကနဦးတွင် အနောက်မြောက်ဘက်သို့ ရွေ့လျားပြီး မေ ၁၇ ရက် နောက်ပိုင်းတွင် မြောက် - အရှေ့မြောက်ဘက်သို့ ကွေ့ကာ၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းသို့ ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရပါသည်။

မိုး/ဇလ

## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ အချုပ်ပိုလေးမျက်နှာပါရှိ

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စတုတ္ထ (၁) နှစ်တာကာလ ဆောင်ရွက်ချက်များ အချုပ်ပိုလေးမျက်နှာ ပါရှိပါသည်။

# ခန္တီးမြို့နယ်အတွင်း နာဂတောင်တန်းပေါ်ရှိ ကျေးရွာသို့ ဆန်၊ ဆီ၊ ဆားနှင့် အခြားပစ္စည်းများ လှူဒါန်း



**ခန္တီး မေ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်အတွင်း နာဂတောင်တန်းပေါ်ရှိ ပါတွန်ကျေးရွာနှင့် ပါရိုးကျေးရွာများသို့ ဆန်၊ ဆီ၊ ဆားနှင့် အခြားပစ္စည်းများကို ခရိုင်လူငယ်ရေးရာကော်မတီနှင့် မြို့နယ်လုံးဆိုင်ရာ လူမှုကွန်ရက်တို့ ပူးပေါင်းပြီး လှူဒါန်းကြောင်း သိရသည်။

အဆိုပါ ကျေးရွာများသို့ အိမ်ထောင်စုတစ်စုလျှင် ဆန် ၂၄ ပြည် အိတ်တစ်အိတ်၊ ဆီ ၅၀ ကျပ်သား၊ *စာမျက်နှာ ၅ ကော်လံ ၁* ❁

# ဒမ်ဘီလီကို ခေါ်ယူရန် မန်ယူ နီးစပ်လာ

မန်ယူအသင်းသည် လိုင်ယွန်အသင်းမှ မော်ဆာဒမ်ဘီလီကို ယခုနွေရာသီ အပြောင်းအရွှေ့ကာတွင် ပေါင်သန်း ၆၀ ဖြင့် ခေါ်ယူရန် နီးစပ်လာပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ မန်ယူအသင်းသည် အသက် ၂၃ နှစ်အရွယ် အဆိုပါ ကစားသမားကိုခေါ်ယူရန် ချယ်လ်ဆီးအသင်းကို ယှဉ်ပြိုင်သွားရမည်ဖြစ်သော်လည်း ခေါ်ယူစာချုပ်နိုင်မည်ဟု ယုံကြည်နေကြောင်း သိရသည်။

ဒမ်ဘီလီသည် ယခုနှစ်ရာသီတွင် လီဂူးဝမ်းကလပ်၌ ခြေစွမ်းပြသလျက်ရှိပြီး အသင်းအတွက် ၂၂ ဂိုးသွင်းယူပေးထားနိုင်ကြောင်း သိရသည်။ မန်ယူအသင်းသည် အဆိုပါ ကစားသမားကို ပြီးခဲ့သည့်နှစ်ကတည်းက လူကာကူ၏ နေရာကို အစားထိုးရန်အတွက် ချဉ်းကပ်ခဲ့ခြင်း ဖြစ်သည်။ နည်းပြဆိုးလ်ရှားကလည်း လွန်ခဲ့သည့် ခြောက်လအတွင်း ဒမ်ဘီလီ၏ ခြေစွမ်းကို အနည်းဆုံး သုံးကြိမ် စောင့်ကြည့်ရန် ကင်းထောက်များ စေလွှတ်စောင့်ကြည့်ခဲ့သည်။

ချယ်လ်ဆီးအသင်းကလည်း အဆိုပါ ဆဲလ်တစ်ကစားသမားဟောင်း ဒမ်ဘီလီကိုခေါ်ယူရန် စိတ်ဝင်စားနေသည်။ သို့သော်လည်း ကစားသမားကိုယ်တိုင်က ချယ်လ်ဆီးအသင်းထက် မန်ယူအသင်းသို့သာ ပြောင်းရွှေ့ကစားလိုနေကြောင်း သိရသည်။ ဒမ်ဘီလီသည် ၂၀၁၈ ခုနှစ်တွင် ဆဲလ်တစ်အသင်းမှ ထွက်ခွာကာ လိုင်ယွန်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် အသင်းအတွက် ၈၈ ပွဲ ကစားထားပြီး ၄၂ ဂိုးသွင်းယူပေးထားနိုင်ကြောင်း မှတ်တမ်းများအရ သိရသည်။

**အောင်ဇော်**



## လေဖိအားနည်းရပ်ဝန်းနှင့် ပတ်သက်၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

စာ » ၁၀

## မြန်မာမိန်းကလေးများအား တရုတ်နိုင်ငံရှိ အငှားကိုယ်ဝန်ဆောင်လုပ်ငန်းသို့ ပို့ဆောင်ရောင်းစားခဲ့သူကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ် နှစ်ရှည်ချမှတ်

စာ » ၁၁

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁)နှစ်တာ

မြန်မာ့အလင်း
သောကြာ၊ မေ ၁၅၊ ၂၀၂၀

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ လေးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ လေးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုစုပြအပ်ပါကြောင်း။

## မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စတုတ္ထ (၁) နှစ်တာကာလ ဆောင်ရွက်ချက်များ

ရှင်မင်း၊ ဓာတ်ပုံ - ကေကေ၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့




မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညို

**နေရောင်ခြည်စွမ်းအင်ကို အသုံးပြုပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ကာ မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်၍ အိမ်ထောင်စုပေါင်း ၂၀၀၀၀ ခန့်ကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်မည့် မင်းဘူးနေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံသည် မကွေးတိုင်းဒေသကြီးအတွင်း ပေါ်ပေါက်လာခဲ့ပြီဖြစ်သည်။ မင်းဘူးနေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံ ဖွင့်လှစ်နိုင်ခဲ့ခြင်းသည် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စတုတ္ထ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်နိုင်ခဲ့မှုတစ်ခုဖြစ်သည်။**

### မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်

ထိုသို့ ဆောင်ရွက်နိုင်ခဲ့မှုအပေါ် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညိုက "ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်တဲ့ နေရောင်ခြည်ကို အသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်ကာ မဟာဓာတ်အားလိုင်းနဲ့ ချိတ်ဆက်မှုကို မကွေးတိုင်းဒေသကြီးက ပထမဆုံးဆောင်ရွက်နိုင်ခဲ့ပြီး မဟာဓာတ်အားလိုင်းအတွက် မဂ္ဂါဝပ် ၄၀ ထုတ်လုပ်ပေးနေပါတယ်" ဟု ပြောသည်။

### စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၁၇၀ ရှိ

မင်းဘူး နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းသည် စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၁၇၀ ရှိပြီး အဆင့်လေးဆင့်ဖြင့် စီမံကိန်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ပထမအဆင့်မှ တတိယအဆင့်အထိ မဂ္ဂါဝပ် ၄၀ စီ၊ စတုတ္ထအဆင့်ကို မဂ္ဂါဝပ် ၅၀ ထုတ်လုပ်နိုင်ရန် တည်ဆောက်သွားမည်ဖြစ်သည်။ စီမံကိန်းတစ်ခုလုံး မဂ္ဂါဝပ် ၁၇၀ တည်ဆောက်ပြီးစီးပါက တစ်နှစ်ကို လျှပ်စစ်စွမ်းအင် ကီလိုဝပ်နာရီသန်းပေါင်း ၃၅၀ ထုတ်လုပ်ပေးနိုင်မည့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်စီမံကိန်းတစ်ခုဖြစ်သည်။

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့သည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တစ်ခုဖြစ်သည့် လေမှတစ်ဆင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးအတွက် တိုင်းဒေသကြီးအတွင်းရှိ မင်းလှ၊ မင်းတုန်းနှင့် ချောက်မြို့နယ်များတွင် ဆောင်ရွက်လျက်ရှိသည်။

"ပြည်ထောင်စုအဆင့် ညှိနှိုင်းဆောင်ရွက်မှုတွေပြီးရင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှာဖြစ်ပြီး မကွေးတိုင်းဒေသကြီးအတွင်းက မင်းလှ၊ မင်းတုန်းနဲ့ ချောက်မြို့နယ်တွေမှာ နေရောင်ခြည်သာမက လေကနေပါ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနိုင်မှာဖြစ်တဲ့အတွက် နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်မှု ပုံရိပ်ကောင်းတွေ တွေ့မြင်ရမှာဖြစ်ပါတယ်" ဟု တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညိုက ပြောသည်။

### လျှပ်စစ်မီးရရှိရေး

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့သည် ၎င်းတို့ တာဝန်ယူဆောင်ရွက်သည့် ၄ နှစ်တာကာလအတွင်း ကျေးရွာပေါင်း ၁၁၇၂ ရွာ မီးလင်းရေးဆောင်ရွက်ပေးနိုင်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအတွင်းရှိ အိမ်ခြေ၏ ၁၇ ရာခိုင်နှုန်းသာ မီးရရှိခဲ့ရာမှ ယခုနှစ်ကုန်တွင် ၅၀ ရာခိုင်နှုန်းကျော် မီးရရှိနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

"မကွေးတိုင်းဒေသကြီးအတွင်း ၂၀၁၆ ခုနှစ်တွင် အိမ်ထောင်စု စုစုပေါင်းရဲ့ ၁၇ ရာခိုင်နှုန်းသာ လျှပ်စစ်မီးရရှိခဲ့ပေမယ့် ယခုနှစ်မှာ ခရိုင် ငါးခရိုင်နဲ့ မြို့နယ် ၂၅ မြို့နယ်ရှိ အိမ်ထောင်စုပေါင်း ၉၁၉၇၇ နဲ့ အိမ်ထောင်စု ၃၁၉၁၆၁ စုခန့်ဟာ ဓာတ်အားစနစ်နဲ့ လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနေပြီဖြစ်တဲ့အတွက် ၃၄ ဒသမ ၇ ရာခိုင်နှုန်းခန့် လွှမ်းခြုံနိုင်ခဲ့ပြီဖြစ်ပါတယ်" ဟု ဒေါက်တာအောင်မိုးညိုက ရှင်းပြသည်။

### ကျေးရွာများသို့ ဓာတ်အားလွှမ်းခြုံမှု

တိုင်းဒေသကြီးအတွင်း ကျေးရွာပေါင်း ၄၇၈၈ ရွာရှိသည့်အနက် ဓာတ်အားစနစ်ဖြင့် မီးလင်းသည့် ရာခိုင်နှုန်း ၂၄ ဒသမ ၃ ရာခိုင်နှုန်းခန့်၊ အခြားစနစ်ဖြင့် မီးလင်းသည့်ရာခိုင်နှုန်း ၃၈ ဒသမ ၉၇ ရာခိုင်နှုန်းခန့် ရှိနေပြီဖြစ်သည့်အတွက် ကျေးရွာများသို့ လျှပ်စစ်ဓာတ်အားလွှမ်းခြုံမှုသည် ၆၃ ဒသမ ၃၄ ရာခိုင်နှုန်းခန့် ရရှိနေပြီဖြစ်သည်။

တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ၁၈ ဒသမ ၄ ဘီလီယံခန့်ဖြင့် ၁၁ ကေဗွီလိုင်း ၃၃၉ ဒသမ ၆၈ မိုင်၊ ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာ ၃၀၄ လုံးနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၅၈ ဒသမ ၈၄ မိုင် တိုးချဲ့တည်ဆောက်၍ ကျေးရွာပေါင်း ၂၁၈ ရွာ လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့ပြင် သရက်ခရိုင် အောင်လံမြို့တွင် ၆၆/၆ ဒသမ ၆ ကေဗွီ ၅ အမ်ဗွီအေမှ ၆၆/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံသို့ ပြောင်းလဲတည်ဆောက်ပေးခြင်း၊ မင်းလှမြို့တွင် ၃၃/၆ ဒသမ ၆ ကေဗွီ ၁ ဒသမ ၂၅ အမ်ဗွီအေမှ ၃၃/ ၁၁ ကေဗွီ ၃ ဒသမ ၂၅ အမ်ဗွီအေသို့ ပြောင်းလဲဓာတ်အားပေးခြင်းဖြင့် ဓာတ်အား ဖြန့်ဖြူးမှုစနစ် ကောင်းမွန်စေရေး ဆောင်ရွက်ပေးခဲ့သည်။

*အချပ်ပို (ခ) သို့*




မကွေးတိုင်းဒေသကြီးရှိ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။

**"မကွေးတိုင်းဒေသကြီး အစိုးရ အဖွဲ့သည် ပြန်လည် ပြည့်ဖြိုးမြဲ စွမ်းအင်တစ်ခုဖြစ်သည့် လေမှတစ်ဆင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေးအတွက် တိုင်းဒေသကြီးအတွင်းရှိ မင်းလှ၊ မင်းတုန်းနှင့် ချောက်မြို့နယ် များတွင် ဆောင်ရွက်လျက်ရှိ"**



မင်းဘူး - အမ်းလမ်း ပြုပြင်ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

## “တိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေရေးအတွက် လမ်းဦးစီးဌာနမှ လမ်းမိုင်ပေါင်း ၂၁၈၇/၅ မိုင်၊ ၅၄၄ ပေ ကို တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ၎င်းလမ်းပိုင်းများအနက် လမ်းမိုင် ၄၅၄/၃ မိုင်၊ ပေ ၄၆၀ ကို ပုဂ္ဂလိကကုမ္ပဏီ ခြောက်ခုမှ B.O.T စနစ်ဖြင့် တာဝန်ယူ ဆောင်ရွက်လျက်ရှိ”

*အချပ်ပို (က) မှ*

တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးအတွင်း ခရိုင်အလိုက် အကောင်အထည်ဖော်၍ လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုရှိစေရေး ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် လျှပ်စစ်မီးမရရှိသေးသည့် ၁၁ ကေဗွီ ဓာတ်အားလိုင်းနှင့် အလှမ်းကွာဝေးသော မကွေးမြို့နယ် သစ်ရာကောက်ကျေးရွာအနီး ပတ်ဝန်းကျင်ကျေးရွာများအတွက် ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီ အေဓာတ်အားခွဲရုံတစ်ခုကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် တည်ဆောက်ပေးခဲ့ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ၆၆ ကေဗွီလိုင်း ၁၂ မိုင် ဆက်လက်တည်ဆောက်ပေးသွားမည်ဖြစ်သည်။

ထို့အတူ ကျေးရွာပေါင်း ၂၁ ရွာမှ အိမ်ထောင်စုပေါင်း ၂၄၈၉ ကို လျှပ်စစ်မီးရရှိအောင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် မင်းဘူးခရိုင် စေတုတ္တရာမြို့တွင် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၁၅ ဒသမ ၂ မိုင် တည်ဆောက်ပေးခဲ့ပြီး သရက်ခရိုင် ကံမမြို့တွင် ၆၆/၁၁ ကေဗွီ စီဓာတ်အားခွဲရုံမှ ၁၁ ကေဗွီ ဓာတ်အားလိုင်းကို နှစ်ထပ်လိုင်းအဖြစ် နှစ်ဖီဒါခွဲ၍ ဓာတ်အားဖြန့်ဖြူးပေးခြင်းလုပ်ငန်းများ အဆင့်မြှင့်တင် ဖော်ဆောင်ပေးနိုင်ခဲ့သည်။

### လမ်းပန်းဆက်သွယ်ရေး

မကွေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ လျှပ်စစ်ဓာတ်အား တိုးတက်ရရှိရေးသာမက လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်ရေးကို တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

“၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်ကုန်ရင် မကွေးတိုင်းဒေသကြီးရှိ ကျေးလက်လမ်းတွေရဲ့ ၆၃ ရာခိုင်နှုန်းကို အဆင့်မြှင့်တင်ပေးနိုင်မှာဖြစ်ပြီး တိုင်းဒေသကြီးအတွင်း ၁၀ ပေ အကျယ် ကတ္တရာလမ်း ၆၅၇ မိုင်၊ ၂၄ ပေ အကျယ် ကတ္တရာလမ်း ၇ ဒသမ ၅ မိုင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှာ ကွန်ကရစ်လမ်း ကိုးမိုင် ကတ္တရာလမ်း ၂၂၄ မိုင်၊ ကျောက်ချောလမ်း ၆၅၇ မိုင်၊ ဂဝံမြေနီလမ်း ၂၂၃၉ မိုင်နဲ့ မြေသားလမ်း ၂၇၆၈ မိုင် ဆောင်ရွက်နိုင်ခဲ့ပါတယ်” ဟု တိုင်းဒေသကြီးအတွင်း ဖော်ဆောင်ခဲ့သည့် လမ်းပိုင်းများကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောသည်။

တိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေရေးအတွက် လမ်းဦးစီးဌာနမှ လမ်းမိုင်ပေါင်း ၂၁၈၇/၅ မိုင်၊ ၅၄၄ ပေကို တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ၎င်းလမ်းပိုင်းများအနက် လမ်းမိုင် ၄၅၄/၃ မိုင်၊ ပေ ၄၆၀ ကို ပုဂ္ဂလိကကုမ္ပဏီ ခြောက်ခုမှ B.O.T စနစ်ဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

တိုင်းဒေသကြီးအတွင်း ခရိုင်ငါးခုရှိ လမ်း၊ တံတားအထူးအဖွဲ့ သုံးဖွဲ့ဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု ငွေလုံးငွေရင်း/ပြင်ထိန်းရန်ပုံငွေကျပ် ၃၉၇၅၉ ဒသမ ၈၇၄၂၅ သန်းနှင့် တိုင်းဒေသကြီး ငွေလုံးငွေရင်း/ ပြင်ထိန်းရန်ပုံ ငွေကျပ် ၂၄၆၉၂၆ ဒသမ ၉၄၆၄၀ သန်း စုစုပေါင်း ၂၈၆၆၈၆ ဒသမ ၈၂၀၆၅ သန်းဖြင့် ကတ္တရာ လမ်းသစ်ခင်းခြင်း၊ တိုးချဲ့ခြင်း၊ ထပ်ပိုးလွှာခင်းခြင်း၊ ရေပိတ်လွှာလောင်းခြင်း၊ ကျောက်ခင်းခြင်း၊ တံတားများ တည်ဆောက်ခြင်း၊ တံတား/ရေပြွန်များချဲ့ခြင်း၊ ကွန်ကရစ်ရေပြွန်များ တည်ဆောက်ခြင်း၊ မြေကာနံရံတည်ဆောက်ခြင်းနှင့် ကျောက်စီရေမြောင်းပြုလုပ်ခြင်း စုစုပေါင်း လုပ်ငန်းအရေအတွက် ၃၂၂ ခုကို ဆောင်ရွက်နိုင်ခဲ့သည်။

အလားတူ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကွန်ကရစ်လမ်း ကိုးမိုင်၊ ကတ္တရာလမ်း ၂၂၄ မိုင်၊ ကျောက်ချောလမ်း ၆၅၇ မိုင်၊ ဂဝံမြေနီလမ်း ၂၂၃၉ မိုင်နှင့် မြေသားလမ်း ၂၇၆၈ မိုင် ဆောင်ရွက်နိုင်ခဲ့သည်။

စတုတ္ထ (၁) နှစ်တာကာလအတွင်း ကျေးလက်ကုန်ထုတ်လမ်း ၆၇ မိုင်၊ ကွန်ကရစ်တံတား သုံးစင်း၊ Box Culvert ၆၆ စင်း၊ ရေကျော် ပေ ၆၉၀ နှင့် ရေပြွန်အစင်း ၁၀၀ ကို စုစုပေါင်း ငွေကျပ် ၂၀၈၅ ဒသမ ၇၂၅ သန်း၊ ကျေးလက်ရေရရှိရေးလုပ်ငန်းပေါင်း ၁၇၈ ခုကို ခွင့်ပြု ငွေကျပ် ၂၉၅၄ ဒသမ ၆၃၂ သန်းဖြင့် ကျေးရွာပေါင်း ၁၇၈ ရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

ထို့ပြင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးအတွင်းရှိ ကျေးရွာ ၃၂၆ ရွာကို တစ်ရွာလျှင် ငွေကျပ် သိန်း ၁၀၀ နှုန်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ရန် မြို့နယ်အဆင့် ကွင်းဆင်းအတည်ပြုသည့် လုပ်ငန်းများကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကူအညီဖြင့် ကျေးရွာသူ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ တိုင်းဒေသကြီးအတွင်း မြို့ပြနှင့် ကျေးလက်နေပြည်သူများအတွက် လမ်း၊ တံတားများကို အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ဒေသတွင်းပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက်ပါ အကျိုးကျေးဇူးခံစားရရှိစေခဲ့သည်။

### ဆည်တာတမံများ

မကွေးတိုင်းဒေသကြီးအတွင်း တည်ရှိသည့် ရောဝတီမြစ်၊ မုန်းချောင်း၊ မန်းချောင်း၊ စလင်းချောင်း၊ ယောချောင်း၊ ပင်းချောင်းနှင့် မြစ်သာမြစ်တို့မှ ရေကိုအသုံးပြုနိုင်ရန် ဘက်စုံရေလှောင်တမံကြီးများ တည်ဆောက်ကာ ဒေသတွင်း စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသုံးပြုလျက်ရှိသည်။

စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တောင်သူများ သီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ပိုမိုလုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ငွေလုံးငွေရင်းငွေကျပ်သန်း ၅၀၀ ဖြင့် မုန်းချောင်းရေလှောင်တမံ ပင်မရေပိုလွှဲ အကြီးစားပြုပြင်ခြင်းနှင့် အကူရေပိုလွှဲတည်ဆောက်ခြင်း မြေကြီးလုပ်ငန်း ရေကျအမှတ် (၂) U/S Apron Portion နှင့် Crest Portion ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ရာ ၇၅ ရာခိုင်နှုန်းပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။



ရေစကြိုမြို့နယ်တွင် ကျေးလက်ရေရရှိရေးဆောင်ရွက်နေမှု တွေ့ရစဉ်။

ထို့အတူ ကြီးအုံကြီး၀ ရေလှောင်တမံ ပြုပြင်ခြင်းလုပ်ငန်းသည် ၂၅ ရာခိုင်နှုန်း၊ မန်းချောင်းရေလှောင်တမံ အကူရေပိုလွှဲ အမှတ် (၂) တည်ဆောက်ခြင်းလုပ်ငန်းသည် ၂၂ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည်။

မကွေးတိုင်းဒေသကြီးအတွင်း ၂၀၁၈ ခုနှစ် မီနီဘတ်ဂျက်တွင် ရရှိသည့် ရန်ပုံငွေကျပ် ၄၂၁၇ ဒသမ ၄၈၉ သန်းဖြင့် ဌာနဆည်၊ ကန်၊ တမံ၊ ရေသောက်စနစ်ပြုပြင်ခြင်းလုပ်ငန်း ၁၂၀ ခုနှင့် ဒေသဆည်၊ ကန်၊ တမံများ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်း ၆၃ ခု စုစုပေါင်း လုပ်ငန်း ၁၈၄ ခုကို အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့ကြောင်း တိုင်းဒေသကြီး အစိုးရအဖွဲ့မှ သိရသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် မူလရန်ပုံငွေကျပ် ၅၄၅၉ ဒသမ ၃၂ သန်းဖြင့် ဌာနဆည်၊ ကန်၊ တမံ၊ ရေသောက်စနစ် ပြုပြင်ခြင်းလုပ်ငန်း ၁၂၈ ခုနှင့် ဒေသဆည်၊ ကန်၊ တမံများ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်း ၆၄ ခု၊ အခွန်ဝေစုရ ငွေကျပ် ၇၃၁ ဒသမ ၉၅ သန်းဖြင့် လုပ်ငန်း ၄၃ ခု၊ ဘေးအန္တရာယ်ဆိုင်ရာ ရန်ပုံငွေကျပ်သန်း ၃၆ ဒသမ ၉၀ ဖြင့် လုပ်ငန်း နှစ်ခု၊ ဖြည့်စွက်ရန်ပုံငွေကျပ် ၇၈၇ ဒသမ ၉၈ သန်းဖြင့် လုပ်ငန်း ၄၀ နှင့် အထွေထွေပိုလျှံရန်ပုံငွေကျပ် ၄၃၃ ဒသမ ၃၄၅ သန်းဖြင့် လုပ်ငန်း ၂၄ ခုကို ဆောင်ရွက်ခဲ့သည်။

ထို့အတူ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် မူလရန်ပုံငွေကျပ် ၈၁၉၉ ဒသမ ၄၇၁ သန်းဖြင့် ဌာနဆည်၊ ကန်၊ တမံနှင့် ရေသောက်စနစ် ပြုပြင်ခြင်းလုပ်ငန်း ၉၈ ခုနှင့် ဒေသဆည်၊ ကန်၊ တမံများ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်း ၁၂၇ ခု စုစုပေါင်း လုပ်ငန်း ၂၂၅ ခုကို ဆောင်ရွက်လျက်ရှိရာ လုပ်ငန်း ၁၂၃ ခု ဆောင်ရွက်ပြီးဖြစ်သည်။

တိုင်းဒေသကြီး ဒေသဖွံ့ဖြိုးရေး သာမန်ရန်ပုံငွေကျပ် ၄၂၀ ဒသမ ၃၈၅ သန်းဖြင့် ဆောင်ရွက်သော လုပ်ငန်း ၁၇ ခုအနက် လုပ်ငန်းနှစ်ခု ဆောင်ရွက်ပြီးဖြစ်ပြီး တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၂၁၈ သန်းဖြင့် ဆောင်ရွက်သော လုပ်ငန်း ငါးခုမှာ ဆောင်ရွက်နေဆဲဖြစ်သည်။

တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသည် ပြင်သစ်ဖွံ့ဖြိုးရေးအေဂျင်စီ (AFD) အဖွဲ့အစည်းနှင့် ပူးပေါင်း၍ နတ်မောက်ဆည်ရေသောက်စနစ် ပြုပြင်ခြင်းလုပ်ငန်း၊ Western States Agribusiness Project , WSAP နှင့် ပူးပေါင်း၍ Kyauk Sauk Dam Rehabilitation of Concrete Lining and Direct Outlet နှင့် နဂါးပွက်ရေသောက်စနစ် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရန် လျာထားကြောင်း သိရသည်။

ထို့ပြင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) သည် ပြင်သစ်ဖွံ့ဖြိုးရေးအေဂျင်စီ (AFD) နှင့် ပူးပေါင်း၍ မကွေးမြို့နယ် မြင်ကွင်းရေတင်နှင့် မင်းဘူးမြို့နယ် ကမ်းနီရေတင်ရှိ ရေပေးမြောင်းများနှင့် ရေတင်ပန့်၊ မော်တာများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်၍ တောင်သူများ သီးနှံစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်အောင် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

### စိုက်ပျိုးရေးကဏ္ဍ

တောင်သူများ၏ စိုက်ပျိုးသီးနှံများ ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးရေးစနစ်များကိုလည်း တိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

တောင်သူများ သီးနှံစိုက်ပျိုးထုတ်လုပ်မှု ပိုမိုတိုးတက် ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ မြေဆီလွှာဓာတ်ခွဲစမ်းသပ်ခြင်းများ ပြုလုပ်ဆောင်ရွက်ပေးနိုင်ရန်အတွက် ၂၀၁၈ ခုနှစ်တွင် တိုင်းဒေသကြီးဦးစီးမှူးရုံး၌ မြေဆီလွှာဓာတ်ခွဲခန်း ဖွင့်လှစ်နိုင်ခဲ့သည်။ မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်ရုံး၌ ယခုနှစ် ဇန်နဝါရီ ၁၇ ရက်တွင် မြေဆီလွှာဓာတ်ခွဲခန်း အသစ်တစ်ခု ထပ်မံတိုးချဲ့ဖွင့်လှစ်၍

*အချပ်ပို (ဂ) သို့*

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ

*အချပ်ပို(ခ)မှ*

တောင်သူများ သီးနှံစိုက်ပျိုးထုတ်လုပ်မှု ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည်။

တိုင်းဒေသကြီးအတွင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် သီးနှံများနှစ်အလိုက် GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်မှုမှာ မိုးနှမ်း၊ မိုးမြေပဲ၊ မိုးပဲတီစိမ်း၊ မိုးစပါး၊ ကော်ဖီ၊ သရက်နှင့် သခွားမွှေး စုစုပေါင်း စိုက်ဧက ၁၆၁၄၅ ဒသမ ၁၂ ဧကရှိခဲ့ပြီး တင်ပို့ရောင်းချနိုင်မှု တန်ချိန်အနေဖြင့် မိုးနှမ်း ၈၈ တန် တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။ ထို့အတူ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် စုစုပေါင်း စိုက်ဧက ၇၀၅၂၀ ဒသမ ၈၀ စိုက်ပျိုးနိုင်ခဲ့ပြီး မိုးနှမ်းသီးနှံ တင်ပို့ရောင်းချနိုင်မှု တန်ချိန် ၆၆၉ တန် တင်ပို့ရောင်းချနိုင်ခဲ့သည်။ မကွေးတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်ဖြစ်သည့် ရေကြီးနစ်မြုပ်မှုကြောင့် နှစ်အလိုက်၊ သီးနှံအလိုက် ပျက်စီးကေများပေါ်တွင် နိုင်ငံတော်မှ ထောက်ပံ့မှုများ ပြုလုပ်ခဲ့သည်။

၂၀၁၈-၂၀၁၉ ခုနှစ်တွင် ပံ့ပိုးမှုတန်ဖိုး ငွေကျပ် ၂၇၈၆၇၁၅၀၀၀ ထောက်ပံ့ပေးနိုင်ခဲ့သည်။ ထို့ပြင် ကမ္ဘာ့ဘဏ်၏ အရေးပေါ်တုံ့ပြန်မှုဆိုင်ရာ နည်းလမ်း (Immediate Response Mechanism – IRM) ချေးငွေ အစီအစဉ်ဖြင့် ထောက်ပံ့ပေးမှုအနေဖြင့် တိုင်းဒေသကြီးရုံးနှင့် မြို့နယ် ၂၅ မြို့နယ်အတွက် မော်တော်ဆိုင်ကယ်အစီး ၃၀၀၊ အစိုဓာတ်တိုင်းကိရိယာ အခု ၃၀၊ မြို့နယ် ၂၄ မြို့နယ်အတွက် ကွန်ပေါင်းဓာတ်မြေသြဇာ ၄၀၁၃၉ အိတ် ထောက်ပံ့ပေးနိုင်ခဲ့သည်။

တောင်သူများ သီးနှံမျိုးစေ့ ထောက်ပံ့ပေးနိုင်မှုအနေဖြင့် မကွေးမြို့နယ် ကြို့ပင်အင်းကျေးရွာရှိ မီးဘေးသင့်တောင်သူများကို သိပ္ပံနှမ်းနက်မျိုးစေ့ ၂၂ တင်း၊ ရှစ်ပြည်နှင့် မကွေးမြို့နယ်နှင့် မင်းဘူးမြို့နယ်များရှိ အကျိုးဆောင် တောင်သူများကို သိပ္ပံနှမ်းနက်မျိုးစေ့ ၂၈ တင်း၊ ရှစ်ပြည် ထောက်ပံ့ပေးနိုင်ခဲ့သည်။

စိုက်ပျိုးရေးဦးစီးဌာနသည် ဖြေလျှော့ပေးမှုလုပ်ငန်းစဉ်အနေဖြင့် သီးနှံများအလိုက် GAP လုပ်ငန်းဆောင်ရွက်ရာတွင် ဖြေလျှော့မှုအဖြစ် မြေစစ်ဆေးခြင်းတွင် Lead(PB) နှင့် Cadmium(Cd) (၂) မျိုးကိုသာ စစ်ဆေးခြင်း၊ သီးနှံများအပေါ် ပိုးသတ်ဆေးဓာတ်ကြွင်း စစ်ဆေးခြင်းနှင့် ရေကိုလိုအပ်မှ စစ်ဆေးခြင်း၊ ပိုးသတ်ဆေးအရောင်းဆိုင်နှင့် ဓာတ်မြေသြဇာ အရောင်းဆိုင် စစ်ဆေးခြင်းတို့ကို ပညာပေးကာလအဖြစ် သတ်မှတ်ဖြေလျှော့ ဆောင်ရွက်ထားပြီး ပညာပေးကာလကျော်လွန်မှသာ အရေးယူဆောင်ရွက်ခြင်းတို့ ပြုလုပ်ခဲ့ကြောင်း သိရသည်။



ရွေ့လျားစာကြည့်တိုက်ဖြင့် ပြည်သူများအား စာပေအသိပညာ ဝန်ဆောင်မှုပေးနေစဉ်။

**မကွေးတိုင်းဒေသကြီးအတွင်း နေထိုင်လျက်ရှိသည့် ချင်းတိုင်းရင်းသားလူမျိုးများ၏ စာပေနှင့် ယဉ်ကျေးမှု ဖွံ့ဖြိုးရေးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ချင်းစာပေ သင်ကြားပေးသည့် ဆရာ၊ ဆရာမများ ၅၅၀ ဖြင့် နွေရာသီ စာပေယဉ်ကျေးမှု သင်တန်း (၈)ကြိမ် ဖွင့်လှစ်ကာ သင်တန်းသား ၂၆၁၇ ဦးကို သင်ကြားပေးနိုင်ခဲ့**

### ပညာရေးကဏ္ဍ

တိုင်းဒေသကြီး အစိုးရအနေဖြင့် ဒေသတွင်းပြည်သူများ၏ လူမှုစီးပွားတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သကဲ့သို့ တိုင်းဒေသကြီးအတွင်း ပညာရေးအဆင့်အတန်း တိုးတက်ကောင်းမွန်စေရန်အတွက် အားထုတ်ဆောင်ရွက်လျက်ရှိသည်။

တိုင်းဒေသကြီးအတွင်း ကျောင်းအဆင့်တိုးမြှင့်ခြင်းအနေဖြင့် အခြေခံပညာအထက်တန်းကျောင်းခွဲမှ အထက်တန်းကျောင်းအဆင့်သို့ ၃၃ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းမှ အထက်တန်းကျောင်းခွဲ အဆင့်သို့ ၃၃၃ ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်းမှ အလယ်တန်းကျောင်းခွဲအဆင့်သို့ ၁၀၆ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်းမှ မူလတန်းလွန်ကျောင်းအဆင့်သို့ ၁၃၃ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်းခွဲမှ မူလတန်း ကျောင်းအဆင့်သို့ ၄၅ ကျောင်း၊ ကိုယ့်အား ကိုယ်ကိုးကျောင်းမှ မူလတန်းကျောင်းခွဲ အဆင့်သို့ ၁၃၆ ကျောင်း စုစုပေါင်း ၉၃၉ ကျောင်းကို ကျောင်းအဆင့်တိုးမြှင့် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

တိုင်းဒေသကြီးအတွင်းရှိ ကျောင်းနေအရွယ်ကလေးများ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးအတွက် အခြေခံပညာကျောင်း/ရုံး ၂၆၈ ဆောင် အသစ်ဆောက်လုပ်ခြင်း၊ ငွေလုံးငွေရင်း (ပရိဘောဂ) ခေါင်းစဉ်ဖြင့် စာသင်ခုံ (နိမ့်/မြင့်) ၄၀၂၉ စုံ ဖြည့်ဆည်းခြင်း၊ ပြင်ဆင်ထိန်းသိမ်းရေးစရိတ် ခေါင်းစဉ်ဖြင့် အခြေခံပညာကျောင်း/ရုံး ၇၈၆ ဆောင် ဆောက်လုပ်ခြင်းတို့ ပြုလုပ်ခဲ့သည်။

ထို့အတူ အခြေခံပညာကျောင်း ၁၂၁ ကျောင်းအတွက် မြေနီလမ်းခင်းခြင်း၊ ကွန်ကရစ်လမ်းခင်းခြင်း၊ အခြေခံပညာကျောင်း ၃၀၀၉ ကျောင်းအတွက် သန့်စင်ခန်း၊ သောက်သုံးရေ၊ ကျောင်းခြံစည်းရိုး ကာရံခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

### တိုင်းရင်းသားစာပေယဉ်ကျေးမှုဖွံ့ဖြိုးရေး

မကွေးတိုင်းဒေသကြီးအတွင်း နေထိုင်လျက်ရှိသည့် ချင်းတိုင်းရင်းသားလူမျိုးများ၏ စာပေနှင့်ယဉ်ကျေးမှု ဖွံ့ဖြိုးရေးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ချင်းစာပေ သင်ကြားပေးသည့် ဆရာ၊ ဆရာမများ ၅၅၀ ဖြင့် နွေရာသီစာပေယဉ်ကျေးမှုသင်တန်း (၈)ကြိမ် ဖွင့်လှစ်ကာ သင်တန်းသား ၂၆၁၇ ဦးကို သင်ကြားပေးနိုင်ခဲ့သည်။

၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ်တွင် ချင်းစာပေ သင်ကြားပေးသည့် ဆရာ၊ ဆရာမများ ၈၇၄ ဦးဖြင့် နွေရာသီစာပေယဉ်ကျေးမှုသင်တန်း (၁၀)ကြိမ် ဖွင့်လှစ်ကာ သင်တန်းသား ၁၄၅၃ ဦးကို သင်ကြားပေးနိုင်ခဲ့သည်။

တိုင်းရင်းသား အခွင့်အရေးဆိုင်ရာ ပညာပေးဟောပြောခြင်းနှင့် တိုင်းရင်းသားရေးရာ အခြေခံအချက်များ ကောက်ယူခြင်း အစီအစဉ်ကို ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ်အတွင်း မကွေးမြို့၊ ငဖဲမြို့၊ တောင်တွင်းကြီးမြို့နှင့် ဆောမြို့တို့တွင် ကျင်းပပြုလုပ်ခဲ့သည်။

၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ်တွင် ချင်းတိုင်းရင်းသားစာပေ သင်ကြားသည့် မြို့နယ်များရှိ ကျောင်းများကို မူလတန်းကြို KG တန်းများအတွက် အထောက်အကူပြု တိုင်းရင်းသားပုံပြ ပုံပြင်စာအုပ် ၂၃၉၅၈ အုပ်အား တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု အဖွဲ့များသို့ ပေးအပ်နိုင်ခဲ့သည်။


### ပြည်သူ့ဆက်ဆံရေးနှင့် အသိပညာဖွံ့ဖြိုးရေးကဏ္ဍ

လူထုအခြေပြုဗဟိုဌာန (Community Centre)များကို စာဖတ်ဝိုင်းများ၊ ဆွေးနွေးပွဲများ၊ သင်တန်းများ၊ ပြပွဲပြိုင်ပွဲများ ပြုလုပ်ခြင်းဖြင့် ဒေသခံလူမှုအသိုင်းအဝိုင်းများ အသုံးပြုနိုင်သော အများသုံးနေရာများအဖြစ် တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဖော်ဆောင်ပေးလျက်ရှိသည်။

ထို့ပြင် ဒီမိုကရေစီ အလေ့အကျင့်ကောင်းများ ဖွံ့ဖြိုးစေရန်ရည်ရွယ်၍ ပြည်သူ့စကားဝိုင်း (Public Talk) များကိုလည်း ကျင်းပပြုလုပ်ပေးလျက်ရှိသည့်အပြင် ကလေးစာပေပွဲတော်များကို ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် သရက်ခရိုင်နှင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် ဂန့်ဂေါခရိုင်တို့တွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။

အလားတူ လူငယ်များ ဗလငါးတန် ဖွံ့ဖြိုးစေရန် ရည်ရွယ်၍ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မကွေး)ကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်မှ ၁၆ ရက်အထိ သုံးရက်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက်ချီးမြှင့်ပေးခဲ့သည်။

မကွေးတိုင်းဒေသကြီး စာကြည့်တိုက်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီအနေဖြင့် ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၉ ခုနှစ်အတွင်း ကျေးရွာစာကြည့် တိုက် ၁၄ တိုက်ကို စာအုပ်စာစောင်နှင့် ပရိဘောဂများ ထောက်ပံ့ပေးနိုင်ခဲ့သည်။




မန်းရွှေစက်တော်အပန်းဖြေဆင်စခန်းမှ ဆင်လိမ္မာလေးများ ကပြဖျော်ဖြေနေစဉ်။

### e-Government လုပ်ငန်းများ အကောင်အထည်ဖော်မှု

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့သည် e-Government လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၈ ခုနှစ်မှစတင်၍ သင်တန်းများကို ဖွင့်လှစ်ပေးခဲ့ရာ ၂၀၂၀ ပြည့်နှစ်တွင် e-Government အခြေခံသင်တန်း၊ Web-content သင်တန်းတို့ကို လည်းကောင်း၊ ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် Government Personal Management System (GPMS) စနစ်ဖြင့် Electronic Document Management System (EDMS) သင်တန်းကို လည်းကောင်း၊ ရုံးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ Online မှ ဝန်ဆောင်မှုပေးနိုင်ရန်အတွက် Data Center များ ဖွင့်လှစ်ခြင်း၊ Software များ ရေးသားထည့်သွင်းခြင်း၊ e-Government ဆက်စပ်ပစ္စည်းအသုံးပြုနည်း၊ Website ပေါ်တွင် သတင်းရေးသားနည်း၊ Internet Of Things (IOD) နည်းပညာသင်တန်းများကို လည်းကောင်း စာတွေ့လက်တွေ့ သင်ကြားပို့ချပေးလျက်ရှိသည်။

တိုင်းဒေသကြီးအတွင်းရှိ ခရိုင် ငါးခရိုင်သို့ ခရိုင်တစ်ခရိုင်လျှင် e-Government အထောက်အကူပြုပစ္စည်းများ ဖြစ်သော ကွန်ပျူတာ တစ်စုံ၊ Network Switch တစ်ခုစီ ဖြန့်ဝေပေးနိုင်ခဲ့ပြီး ယနေ့အထိ Tablet အလုံး ၁၀၀၊ Printer အလုံး ၁၀၀ နှင့် Router ၃၅ လုံး ဖြစ်သည်။

### မန်းရွှေစက်တော်ရာ ပြုပြင်မွမ်းမံ

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့သည် ယခုနှစ်တွင် မင်းဘူးမြို့နယ် မန်းရွှေစက်တော်ရာ ဘုရားကြီးရှိ ကိုးခန်းကြီးတန်ဆောင်းတော်ကြီးကို နိုင်ငံတစ်ဝန်းရှိ ရဟန်းရှင်လူပြည်သူများ အေးချမ်းစွာဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ပြုပြင်ဆောင်ရွက်ခဲ့သည်။

"မန်းရွှေစက်တော်ဘုရားကြီးရှိ ကိုးခန်းကြီး တန်ဆောင်းတော်ကြီးကို ငွေကျပ်သိန်း ၅၀၀၀ ကျော် အကုန်အကျခံ ပြင်ဆင်ခဲ့ပါတယ်။ ကြမ်းခင်းနဲ့ မျက်နှာကြက်တွေကို မြန်မာမှု ဗိသုကာပုံစံအတိုင်း ပြင်ဆင်ထားပါတယ်။ မြတ်စွာဘုရားရဲ့ ခြေတော်ရာအစစ်ကို ငုံပြီး တည်ထားတဲ့ စေတီတော်ကို ထီးတော်အသစ် တင်လှူနိုင်ခဲ့ပါတယ်" ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောသည်။

### ကျန်းမာရေးကဏ္ဍ

မကွေးတိုင်းဒေသကြီးသည် ဧရိယာ စတုရန်းမိုင်ပေါင်း ၁၇၃၀၅ ဒသမ ၆၂ မိုင် ကျယ်ဝန်းကာ အိမ်ထောင်စု ၉၂၅၄၂၄ စုနှင့်

*အချပ်ပို(ဃ)သို့*

*အချပ်ပို(ဂ)မှ*

လူဦးရေ ၄၁၇၆၄၄၁ ဦး နေထိုင်ပြီး ခရိုင် ငါးခရိုင်၊ မြို့ပေါင်း ၃၀၊ ကျေးရွာအုပ်စု ၁၅၃၅ အုပ်စုနှင့် ကျေးရွာပေါင်း ၄၈၀၃ ရွာဖြင့် ဖွဲ့စည်းထားသည်။ တိုင်းဒေသကြီးအတွင်းရှိ လူဦးရေ ၄၁၇၆၄၄၁ ဦးကို ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံနိုင်အောင် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကြိုးပမ်းလျက်ရှိသည်။

တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနအနေဖြင့် ၂၀၁၆ – ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အဆောက်အဦရန်ပုံငွေမှ ဆောက်လုပ်သည့် လုပ်ငန်းဖြစ်သော မျက်စိဆောင်တွင် မီးစက်အိမ် ဆောက်လုပ်ခြင်း လုပ်ငန်းကို ခွင့်ပြုရန်ပုံငွေကျပ် ၁၈ သိန်းဖြင့် ဆောင်ရွက်နိုင်ခဲ့ပြီး ရန်ပုံ ငွေကျပ် ၄၉၈၃၉၀၀ ဖြင့် ရေရယူသုံးစွဲမှုအဆင်ပြေစေရန် ရေတိုင်ကီ အဟောင်း ၁၀ လုံးအား Fiber Tank အသစ် လဲလှယ်၍ ရေပိုက်များ အသစ်ပြုပြင်ခြင်း လုပ်ငန်းကို ဆောင်ရွက်နိုင်ခဲ့သည်။

ထို့ပြင် ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာရေးနှစ် တွင် မကွေးမြို့ သင်ကြားရေးဆေးရုံကြီး၌ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၃၀၀ ဖြင့် အလျား ၁၈၄ ပေ၊ အနံ ၄၃ ပေရှိ သံကူကွန်ကရစ်အမျိုးအစား ရှစ်ခန်းတွဲ လေးထပ် တည်ဆောက်နိုင်ခဲ့ပြီး ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုရန်ပုံငွေကျပ် ၁၅၇ ဒသမ ၆ သန်းဖြင့် အလျားပေ ၁၅၀၊ အနံ ၂၆ ပေရှိ သံကူကွန်ကရစ် အမျိုးအစား နှစ်ထပ်ဆောင် ကျန်းမာရေး ဝန်ထမ်းအိမ်ရာကို ဆောက်လုပ်လျက်ရှိသည်။

**လူထုအခြေပြုခရီးသွားလုပ်ငန်း (CBT)**

မကွေးတိုင်းဒေသကြီးအတွင်း ပတ်ဝန်းကျင် ထိခိုက်မှုမရှိစေဘဲ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတစ်ရပ်အနေဖြင့် လူထုအခြေပြုခရီးသွားလုပ်ငန်း(CBT) လုပ်ငန်းများကို တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ဖော်ဆောင်လျက်ရှိသည်။

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်အတွင်း မြိုင်မြို့နယ် အင်းယောင်းကျေးရွာနှင့် မကွေးခရိုင်အတွင်း ချောက်မြို့နယ် မကျီးကန်ကျေးရွာတို့တွင် လူထုအခြေပြုခရီးသွားလုပ်ငန်း(CBT) များ စတင်ဖော်ဆောင်မှုမှ တစ်ဆင့် ဒေသခံပြည်သူလူထု၏ အလုပ်အကိုင် အခွင့်အလမ်းနှင့် ဝင်ငွေများတိုးပွားရရှိစေခဲ့သည်။

လူထုအခြေပြု ခရီးသွားလုပ်ငန်းများ အောင်မြင်လာသည့်အတွက် (၄)နှစ်တာကာလအတွင်း ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ထန်းပင်ကုန်းကျေးရွာနှင့် ပခုက္ကူခရိုင် ပခုက္ကူမြို့နယ် ကျွန်းကလေးကျေးရွာတို့ တွင် လူထုအခြေပြုခရီးသွားလုပ်ငန်း (CBT)များကို တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။




မကွေးတိုင်းဒေသကြီးလွှတ်တော်အစည်းအဝေး ကျင်းပနေမှုကို တွေ့ရစဉ်။

**မူးယစ်ဆေးဝါးဖမ်းဆီး**

တိုင်းဒေသကြီးရဲတပ်ဖွဲ့အနေဖြင့် စတုတ္ထ(၁)နှစ်တာကာလအတွင်း တိုင်းဒေသကြီးအတွင်း၌ မူးယစ်ဆေးဝါးဖမ်းဆီးနိုင်မှု ၄၃ မှု ဖမ်းဆီးနိုင်ခဲ့ပြီး မူးယစ်ဆေးဝါး အလေးချိန် ဂရမ် ၄၅၅ ဒသမ ၅၉ ဂရမ်၊ စိတ်ကြွဆေးပြား အရေအတွက် ၁၆၀၀၀၀ ကျော် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးအတွင်း လူကုန်ကူးမှု တားဆီးကာကွယ်ရေးအနေဖြင့် အဓမ္မလက်ထပ်ခြင်း၊ အဓမ္မခိုင်းစေခြင်းနှင့် လုပ်အားခ ခေါင်းပုံဖြတ်ခြင်း စသည့်အမှု ၁၂ မှုကို ကြိုတင်ကာကွယ် တားဆီးနိုင်ခဲ့သည်။

ထို့ပြင် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ရဲတပ်ဖွဲ့ဝင်များ အဆင်ပြေစွာ နေထိုင်နိုင်ရေးအတွက် ၂၀၁၇–၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်အထိ အိမ်ရာစုစုပေါင်း ၁၉၅ လုံးကို ငွေကျပ် ၉၅၅ သန်း သုံးစွဲ၍ ပြုပြင်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**မီးဘေးနှင့် သဘာဝဘေးများ တုံ့ပြန်**

မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီးအတွင်း ပြည်သူများ မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာပါက လျင်မြန်စွာ တုံ့ပြန်ဖြေရှင်း ဆောင်ရွက်ပေးနိုင်ရေးအတွက် ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၃၃၈ ဒသမ ၈၈၄ သန်းဖြင့် မကွေးခရိုင် မီးသတ်စခန်း အဆောက်အဦ အလျား ၁၁၃ ပေ၊ အနံ ၅၂ ပေ၊ အမြင့် ၂၆ ပေရှိ အာရ်စီ နှစ်ထပ် အဆောက်အဦ ဆောက်လုပ်ခြင်း၊ ရေစကြိုမြို့နယ် မီးသတ်စခန်းတွင် ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၅၆ ဒသမ ၈၀၀ ဖြင့် အလျားပေ ၄၀၊ အနံပေ ၄၀၊ အမြင့် ပေ ၄၀ ရှိ နှစ်ခန်းတွဲ အာရ်စီလေးထပ် အဆောက်အဦ တည်ဆောက်ခြင်း၊ သရက်ခရိုင် မီးသတ်စခန်းတွင် ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၃၃၈ ဒသမ ၈၈၄ သန်းဖြင့် အလျား ၁၁၃ ပေ၊ အနံ ၅၂ ပေ၊ အမြင့် ၂၆ ပေရှိ အာရ်စီ နှစ်ထပ်ဆောက်လုပ်ခြင်း၊ ထီးလင်းမြို့နယ် ရေမြက်နီနယ်မြေမီးသတ်စခန်းတွင် ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၁၇ ဒသမ ၆၀၀ ဖြင့် အလျားပေ ၄၀၊ အနံပေ ၄၀၊ အမြင့် ပေ ၃၀ ရှိ ဝန်ထမ်းနေအိမ်ပါ နှစ်ခန်းတွဲ အာရ်စီ သုံးထပ်ဆောက်လုပ်ပေးခြင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့ပြင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ(၄)နှစ်တာကာလအတွင်း မီးငြိမ်းသတ်ယာဉ် ခြောက်စီး၊ အုပ်ချုပ်မှုယာဉ် ၁၈ စီး၊ ရေသယ်ယာဉ် ခြောက်စီး၊ အထောက်အကူပြုယာဉ် နှစ်စီး၊ မီးသတ်စက်ယာဉ် လေးစီး၊ Ambulance ယာဉ်သုံးစီးနှင့် ရှာဖွေ ကယ်ဆယ်ရေးယာဉ်နှစ်စီးတို့ကို ထောက်ပံ့ပေးနိုင်ခဲ့သည်။

**ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးနိုင်မှု**

တိုင်းဒေသကြီးအတွင်းရှိ ဝန်ထမ်းများ နေထိုင်ရေးအဆင်ပြေစေရန် ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်တွင် မင်းလှမြို့နယ်၊ မြိုင်မြို့နယ်နှင့် ဆိပ်ဖြူမြို့နယ်တို့တွင် (၈)ခန်းတွဲ ငါးထပ် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်လျက်ရှိပြီး ၂၀၂၀ –၂၀၂၁ ဘဏ္ဍာနှစ်တွင် ခရိုင် ငါးခရိုင်ဖြစ်သည့် သရက်ခရိုင်၊ ပခုက္ကူခရိုင်၊ မင်းဘူးခရိုင်၊ မကွေးခရိုင်နှင့် ဂန့်ဂေါခရိုင်သာမက အောင်လံမြို့၊ ပွင့်ဖြူမြို့နှင့် စလင်းမြို့တို့တွင် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

**နိုင်ငံတကာအဖွဲ့အစည်းများနှင့်
ပူးပေါင်းဆောင်ရွက်မှု**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့သည် တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

(၄)နှစ်တာကာလအတွင်း USAID အဖွဲ့နှင့် Key Issues in Economic Reporting Training သင်တန်းတွင် SME လုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးခြင်း၊ Actionaid Myanmar နှင့်ပူးပေါင်းပြီး သက်မွေးပညာနှင့် စီးပွားရေးအထောက်အကူပြုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း၊ HELVETAS MYANMAR နှင့် ပူးပေါင်း၍ S4RLD နှင့် S4E Project များ ဆောင်ရွက်ခြင်း၊ Canadian Executive Service Organization (CESO) ပူးပေါင်း၍ နတ်မောက်မြို့နယ်တွင် လျှော်ဖြူခြံနှင့် စလင်းမြို့နယ်တွင် ကြာချည်ထုတ်လုပ်မှု လေ့လာခြင်းတို့ကို ပူးပေါင်းဆောင်ရွက်ခဲ့သည်။

**လွှတ်တော်ကဏ္ဍ**

ဒီမိုကရေစီ နိုင်ငံထူထောင်ရန်အတွက် မရှိမဖြစ်လိုအပ်သည့် ဥပဒေပြုရေးမဏ္ဍိုင် ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီး လွှတ်တော်အဆောက်အအုံကို ၂၀၁၉ ခုနှစ် ဇူလိုင်လတွင် တည်ဆောက်ပြီးစီးခဲ့သည်။ ဒုတိယအကြိမ် မကွေးတိုင်းဒေသကြီး လွှတ်တော်တွင် ယနေ့အထိ ဥပဒေ ၂၁ ခုနှင့် နည်းဥပဒေ ၁၀ ခုတို့ကို အတည်ပြုပြဋ္ဌာန်းပေးနိုင်ခဲ့သည်။

**တိုးတက်ပြောင်းလဲမှုများ၏
အကျိုးသက်ရောက်မှုများ**

မကွေးတိုင်းဒေသကြီးအတွင်း စတုတ္ထ (၁) နှစ်တာကာလ အပါအဝင် (၄)နှစ်တာကာလအတွင်း လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လျှပ်စစ်မီးလင်းရေး စသည့်ပြည်သူ့အကျိုးပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဘက်စုံအချိုးညီစွာ ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် အကောင်အထည်ဖော်ခဲ့ပြီး မြို့ပြမှသည် ကျေးရွာများအထိ ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဆောင်ရွက်မှုမှတစ်ဆင့် သိရှိနိုင်သည်။

တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်သည့် စိုက်ပျိုးရေး၊ လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တည်ဆဲဥပဒေများအရ ရရှိနိုင်သည့် အခွင့်အရေးများ၊ ကာကွယ်ပေးမှုများကို တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ အပြည့်အဝခံစားခွင့်ရရှိရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဆက်လက်ကြိုးပမ်းဖော်ဆောင်သွားမည်ဟု ယုံကြည်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။



မကွေးပြည်သူ့ဆေးရုံ ငါးထပ်ဆောင်ကြီးကို တွေ့ရစဉ်။